www.burmeseclassic.com

မောင်နှင်းဆွေ

BURMESE CLASSIC .com



# နဂါစိမ်းသခင်မနှင့် အဆိပ်တစ်ထောင်ဓား

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် ♦ ၅၀၀၉၉၅၀၈၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ♦ ၅၀၁၅၃၈၁၂၀၇
ပုံနှိပ်ခြင်း ♦ ဧပြီလ၊ ၂၀၀၈–ခုနှစ်
တန်ဖိုး ♦ ၈၀၀ ကျပ်
အုပ်ရေ ♦ ၅၀၀
အတွင်း+အဖုံးပုံနှိပ်သူ ♦ ဒေါ်ခင်စန်းမြင့် (၀၀၅၆၄၉)
ဟသ်ာပုံနှိပ်တိုက်
၁၁၊ ၁၂၅–လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ထုတ်ဝေသူ ♦ ဦးနှင်းဆွေ (၀၉၈၃)
ပန်းလက်ဆောင်စာပေ
၅၁၆/ခ၊ ပုလဲ(၄)လမ်း၊
၅–ရပ်ကွက်၊ မ/ဥက္ကလာပ၊
ရန်ကုန်မြို့။

BURMESE CLASSIC .com

## မောင်နှင်းဆွေ

# နဂါးစိမ်းသခင်မနှင့် အဆိပ်တစ်ထောင်ဓား

www.burmeseclassic.com

www.burmeseclassic.com



## သံမဏိတောင် လူသတ်ကုန်း

မစည်ကားအပ်သော အရပ်ဌာနသုံးခုတွင် သုသာန်ကုန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်၏။ သို့သော် သံမဏိတောင် လူသတ်ကုန်း၌ကား ထိုနေ့အဖို့ ထူးထူးခြားခြား စည်ကားသိုက်မြိုက်လျက်ရှိ၏။

အချိန်မှာ နေချစ်ချစ်တောက်ပူလျက်ရှိသည့် နေလယ်ခင်းဖြစ်၏။

လက်နက်မျိုးစုံကိုင်ဆောင်ထားကြသော သိုင်းလောကသားများကား တစ်စုတစ်ဝေးတည်း ရောက်ရှိနေကြလေပြီ။ ယောက်ျား မိန်းမ ပျို့ပျို့အိုအို၊ ရှေသေ၊ ဘုန်းကြီး မယ်သီလရှင်စသည်ဖြင့် သိုင်းသမားပေါင်းစုံ ရောက်ရှိနေကြလေတော့၏။



ဂိုဏ်းပေါင်းစုံ၊ သိုင်းပေါင်းစုံတို့မှ အုပ်သင်းဖွဲ့ကာ လာရောက်ကြသူတွေလည်း မနည်းလှပေ။

ဤမျှ အော်းအော်ကြီးကျယ်ကျောင်းသော ထိုသုသာန်ကုန်း၌ အဘယ်သို့သော ကိစ္စမျိုး လျှင် ဖြစ်ပေါ်နေခြိမ့်သနည်း။

တောင်ဖွယ်နေ့ကြွယ်လျှင် ထိုလူသတ်ကုန်းပေါ်၌ လူတစ်ယောက်ကို သတ်ပေတော့မည်။ ထိုလူမှာ သာမန်လူတစ်ယောက်မဟုတ်ကြောင်း လူသတ်ပွဲသို့ လာရောက်ကြည့်ရှုသူများအားလုံးသိသိပင် သိကြပေ၏။

ဝင်ခမ်း ဆိုသူကား လူငယ်တစ်ယောက်မျှသာတည်း။

"တောင်ဖွယ်နေ့ကြွယ်ရင် သူ့ကိုသတ်တော့မယ်ဆိုတာ အမှန်ပဲလား"

လူအုပ်ကြားထဲမှ ထွက်ပေါ်မေးမြန်းလာသော အသံတစ်သံဖြစ်သည်။ ထိုလူမှာ ဝတ်စုံစိမ်းကို ဝတ်ဆင်ထားသည်။

"ဟုတ်တယ် အင်မတန်စွမ်းရည်ထက်မြက်တဲ့ လူငယ်ဥာဏ်စေယောက်ပဲ၊ ကြည့်စမ်းပါဦး သူ့လည်ပင်းပေါ်မှာ ရစ်ပတ်ထောင်ထားနေတဲ့ အကြော့စိမ်းကြီး တစ်ခုဟာ လက်မလောက်ရှိတယ်။ မြွေစိမ်းကြီးတစ်ကောင် ရစ်ပတ်အာနံ့ထောင်နေတာနဲ့ မတူဘူးလား"

ဝတ်စုံနက်ဝတ်ထားသော လူရွယ်တစ်ယောက်က မြေ... ရှေ့သို့ခြေတစ်လှမ်းတိုး၍ ပြောလိုက်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ လက်မလောက်ရှိတဲ့ သူ့လည်ပင်းပေါ်က အကြောစိမ်းကြီးဟာ အတွင်းအားကောင်းတဲ့ သိုင်းသမားတစ်ယောက်ဆိုတာ မမေ့အပ်သိနိုင်တဲ့ ပြရုပ်တစ်ခုပဲဗျ"

ဝတ်စုံပြာနှင့်လူက အထက်ပါအတိုင်းပြောပြီး ဝတ်စုံစိမ်းနှင့် ဝတ်စုံနက်တို့အကြား ရုတ်တရက် ခုန်ဝင်လိုက်၏။

"အလို ဆရာကျူပဲဟုတ်ပါလား၊ ခင်ဗျားက ဘယ်လိုလုပ်ပြီး ဒီသံမဏိတောင် လူ့သတ်ကုန်းကို ရောက်လာတာလဲ။ ကျုပ်တို့က ခင်ဗျားခုလိုချက်ချင်းကြီး ရောက်လာလိမ့်မယ်လို့ မထင်ဘူးဗျ၊ ခင်ဗျား တော်တော်အနံ့ခံကောင်းတဲ့လူပဲ ဟား・・・ဟား・・・ဟား"

ဝတ်စုံစိမ်းနှင့်လူက နောက်ရောက်လာသော ဝတ်စုံပြာနှင့်လူကို တအံ့တဩ မေးလိုက်သည်။ ဝတ်စုံပြာနှင့်လူက ခေါင်းကို တဆတ်ဆတ်ညိတ်ကာ ပြုံးနေ၏။ ပြီးမှ ဝတ်စုံစိမ်းနှင့်လူကို အောက်ပါအတိုင်း ပြောလိုက်၏။

"အစ်ကိုကြီးဝမ်ဖုန်းလည်း ကျွန်တော့်ထက် လျင်ပါတယ်ဗျာ။ အစ်ကိုဖုန်းလည်း သူ့ကိုမမြင်ဘူးလို့ လာကြည့်တာပဲ မဟုတ်လား"

"မှန်လိုက်လေ ဆရာကျူရှာ။ ဆရာကျူရဲ့ဗိုက်ထဲမှာ ဗေဒင်ဟောနိုင်တဲ့ သန္ဓေသားလေး ရှိနေတယ်နဲ့တူတယ်"



"ဟား・・・ဟား・・・ဟား"

လူ့သတ်ကုန်း၌ လူတွေများပြားတိုးကြိတ်နေသလို၊ နေရှိန်သည်လည်း ဟစ်စထက်တစ်စ ရင့်အိုမြင့်တက်လာနေပြီ ဖြစ်၏။

ထိုစဉ်မှာပင် အသက်ရှစ်ဆယ်အရွယ်ရှိ အဘိုးအိုတစ်ဦးသည် အသွားနှစ်ဘက်ပါသော လှံမားတစ်ချောင်းကို ဆွဲကိုင်လျက် လူအုပ်ကြားမှ တိုးဝှေ့လျှောက်လှမ်းလာ၏။

ထိုအဘိုးအိုမှာ ကျန်းမာရေးသိပ်ကောင်းဟန် မတူပေ။ ချောင်းတဟွတ်ဟွတ်ဆိုးလျက် တိုးဝှေ့လာရာ ဝတ်စုံညို သိုင်းသမားငါးယောက်က အဘိုးအိုအနားသို့ ပြေးလာကာ ဟန့်တားပိတ်ဆို့လိုက်ပေ၏။

"ဟဲ့တ်・・・အဘိုးကြီး၊ ခင်ဗျား ရှေ့ကိုသိပ်မတိုးနဲ့။ အခုချိန်မှာ ထိုရှိအနားကို ဘယ်သူမှကပ်ခွင့်မရဘူး။ ကပ်တဲ့လူ သေဒဏ်ပဲ နောက်ဆုတ်"

ဝတ်စုံညိုများ ဝတ်ဆင်ထားကြသော သိုင်းသမားငါးယောက်အနက်မှ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးနှင့် လူတစ်ယောက်က ပြောလိုက်၏။

"အဟွတ်・・・ဟွတ်・・・ဟွတ်"

အသွားနှစ်ဘက်ပါသော လှံမားကိုင်အဘိုးအိုသည် ထို

www.burmeseclassic.com

www.burmeseclassic.com



ပိန်ပိန်ပါးပါး ရှည်ရှည်နှင့်လူကို တစ်ချက်လှမ်းကြည့်လိုက်ပြီး စကားပြန်ပြောမည်အပြု စကားသံထွက်ပေါ်မလာတဲ့ ချောင်းသံက တဟွတ်ဟွတ်ဖြင့် ထွက်ပေါ်လာပေ၏။

ထိုအဘိုးအိုမှာ အသက်အရွယ်အားဖြင့် ကြီးရင့်အိုမင်းနေပြီးဖြစ်သော်လည်း ၎င်း၏လှုပ်ရှားမှုမှာမူ လျင်မြန်ဖျတ်လတ်သွက်လက်ပုံရှိ၏။

အဘိုးအိုသည် တစ်ဘက်မှ အမိန့်သံကို နားခံခြင်းမရှိဘဲ ရှေ့သို့ နှစ်လှမ်းတက်၍ နောက်သို့ လှည့်ပြောလိုက်သည်။

"ငါ···ထိရီဆိုတဲ့ကလေးကို မြင်ချင်လို့ ရှေ့တက်ကြည့်တာပဲကွ။ ဒီကလေးက နေဝင်ရင်သေတော့မှာပဲ၊ မသေခင် သူ့ရုပ်ကို ၎သေသေချာချာ ကြည့်ပါရစေကွာ"

"ဟိတ်···အဘိုးကြီး၊ ခင်ဗျား ပြောလို့မရဘူးလား ပြောလို့မရရင် ကျုပ်တို့က အမိန့်ကိုဖီဆန်မှုနဲ့ ခင်ဗျားကို သတ်ရလိမ့်မယ်"

စောစောက ပိန်ပိန်နဲ့လူကပင် ဆက်ပြောသည်။ ဓားကိုလည်း ဓားအိမ်အတွင်းမှ ရွှမ်းခနဲ လျင်မြန်စွာထုတ်လိုက်၏။

အဘိုးအိုသည် မျက်မှောက်ကိုကြုတ်လျက် ထိုသူကို မကျေနပ်စွာဖြင့် တစ်ချက်စိုက်ကြည့်လိုက်၏။

ထိုအဘိုးအို၏ ချောင်းသံကမူ တဟွတ်ဟွတ်ဖြင့် ထွက်



ပေါ်လျက်ရှိနေပေ၏။

"နေစမ်းပါဦး···မင်းတို့က ဘယ်အဖွဲ့ကလဲ"

အဘိုးအိုက မေးလိုက်သည်။

"ကျုပ်တို့က ဂူတန်ဂိုဏ်းက။ ဒီလူသတ်ကုန်းမှာ အခမ်းတာဝန်ယူရတဲ့ အဖွဲ့ပဲ"

"ဒီမှာ လူတွေစည်ကားနေတာ ထိရီကို လာကြည့်ကြတဲ့ လူတွေပဲ မဟုတ်လား"

အဘိုးအိုက ဆက်မေးလိုက်သည်။

"ဟုတ်တယ်၊ ဒီလူသတ်ကုန်းပေါ်မှာ သိုင်းဂိုဏ်း ၁၆ဂိုဏ်းရှိတယ်။ ကျုပ်တို့ဂူတန်ဂိုဏ်းက အချုပ်ပဲ၊ ခင်ဗျား နောက်ဆုတ်ပါ"

"နေဦး မင်းနာမည်က ဘယ်လိုခေါ်သလဲ"

အဘိုးအိုက မေးလိုက်ရာ ထိုလူပိန်သည် အလွန်မကျေနပ်ဖြစ်သွားပြီး···

"ခင်ဗျား ဘာလို့သိချင်ရတာလဲ၊ သေချင်လို့ ကျုပ်နာမည်ကို မေးနေတာလား"

ဟု လေသံမာမာဖြင့် မေးလိုက်၏။

"လူသေတာမဆန်းပါဘူးကွာ။ သိချင်တာ မသိရတာက ဆန်းတာ။ ကျုပ် အခုကသိချင်တာက ထိရီအကြောင်းပဲ။ ထိရီက

www.burmeseclassic.com



ဘာဖြစ်လို့ လူသတ်ကုန်းကို ရောက်လာရတာလဲ။ သူမှာ ဘာအပြစ်တွေ ရှိလို့လဲ"

အဘိုးအိုသည် ကားစင်တင်ထားသော ထိရိုကို တစ်ချက် လှမ်းကြည့်လိုက်ပြီး တိုင်ပိန်ကို လှမ်းမေးလိုက်သည်။

ထိရိုသည် အဘိုးအိုနှင့် လူငါးယောက် အချေအတင် စကားပြောနေကြသည်ကို လှမ်း၍မြင်နေရသော်လည်း ၎င်းတို့ ဘာတွေပြောဆိုနေကြမှန်း မသိပေ။

လူပိန်လေးက အဘိုးအို၏ အမေးကို အောက်ပါအတိုင်း ဖြေဆိုလိုက်လေ၏။

"ထိရိုဆိုတဲ့ကောက်ကာ အင်မတန်တော်တဲ့ သိုင်းသမား တစ်ယောက်ပဲ။ သူရှိနေရင် ကျုပ်တို့ဂူတန်သိုင်းအဖွဲ့ကြီး ဂုဏ်ရှိန် ကျတယ်။ သူသေမှ ကျုပ်တို့ဂုဏ်ရှိန်တက်မှာမို့လို့ ခုလို သူ့ကိုဖမ်းပြီး သတ်ရတာ။ ကိုင်း ခင်ဗျားသိချင်တာ သိရပြီမဟုတ်လား နောက်ဆုတ်တော့"

"ဟုတ်တယ် ကျုပ်သိချင်တာ သိရပြီ။ ဒါကြောင့် နောက် မဆုတ်တော့ဘူး"

အဘိုးအိုသည် ပြောပြောဆိုဆိုဖြင့် ရှေ့သို့လှမ်းခနဲ ခုန်တက်လိုက်လေ၏။

× × ×



"ဟိတ်...ဟိတ်...ဒီအဘိုးကြီးကိုဖမ်းပြီး ဂုဏ်ချပ်ကြီး ဆီပို့ကြစမ်း"

ရုတ်တရက် ခုန်တက်ထွက်သွားသော အဘိုးအိုကိုဖမ်း ဆီးရန် လူပိန်သိုင်းသမားလေးယောက်က အော်ဟစ်အမိန့်ပေး လိုက်ရာ ချက်ချင်းဆိုသလိုပင် ဝတ်ရုံညိုများ ဝတ်ဆင်ထားကြ သော ဂူတန်ဂိုဏ်းသားများသည် ညာသံပေး၍ အဘိုးကြီးနောက် သို့ ပြေးလိုက်သွားကြလေတော့၏။

အဘိုးအိုမှာ ချောင်းတဟွတ်ဟွတ်ဆိုးလျက် ကားစင် တင်ထားသော ထိရိုအနားသို့ ရောက်သွားပြီး...

"ဟိတ်...ချာတိတ်လေးထိရို။ မင်းကိုငါ ကယ်မယ်။ ဘယ်နှယ်လဲ ကျေနပ်ရဲ့လား"

ဟူ၍ မေးလိုက်ရာ။ ထိရိုက ခေါင်းကိုယမ်းခါ၍...

"မကျေနပ်ဘူး"

ဟု အော်၍ပြောလိုက်၏။ အဘိုးအိုသည် တစ်ချက်တွန့် သွားပြီး ထိရိုကို တအံ့တဩလှမ်းကြည့်ကာ...

"မင်းဟာ အရူးတစ်ယောက်ပဲ။ ကယ်တာကို မကျေနပ် ဘူးဆိုတာ လူကောင်းတွေပြောတဲ့ စကားမဟုတ်ဘူး။ အရူးတွေ ပြောတဲ့စကားပဲ။ မင်း နေအလှမ်းခံထားရလို့ ရူးသွားပြီလား"

ဟု မေးလိုက်၏။

www.burmeseclassic.com



ထိုအခါ ထိရိက ခေါင်းကိုယမ်းခါလိုက်ပြီး…

"ကျုပ် မရူးဘူး။ ဒီနေလောက်ကို [illegible]ဘူး။ ရဲမီး ကန့်ထဲ ကျုပ်ကို စိမ်ထားလည်း ကျုပ်က မရူးဘူး၊ ဘာမှ မဖြစ်ဘူး မဟုတ်ဘူး။ အင်း တစ်ခုတော့ရှိကယ်။ ကံကုန်ရင်တော့ ဘာ ကောင်ပဲဖြစ်ဖြစ် တစ်နေ့သေရမှာပဲ။ ဒါကိုတော့ ကျုပ် ကောင်း ကောင်းကြီး သိထားတယ်"

ထိရိစကားမှာ လူကောင်းတစ်ယောက် ပြောနေသကဲ့သို့ ရှိ၏။ လူရူးတစ်ယောက်၏ ဦးတည်ရာမဲ့စကားမျိုးလည်း မဟုတ်။

ထို့ကြောင့် အဘိုးအိုမှာ နားလည်ရခက်သော လူတစ် ယောက်ဟု နားလည်လိုက်စဉ်မှာပင် ထိရိက လှမ်းအော်လိုက် သည်။

ဟိတ်…အဘိုးကြီး၊ ခင်ဗျား လေရှည်မနေနဲ့။ ခင်ဗျား နောက်မှာလူတွေ ခင်ဗျားကိုသတ်ဖို့လာနေကြပြီ လွတ်အောင်ပြေး တော့"

အဘိုးအိုသည် ထိရိ၏စကားကို ကြားလိုက်သည်နှင့် တဟားဟားဖြင့် ရယ်မောလိုက်သည်။

"ကျုပ်က သေရမှာမကြောက်လို့ သံမဏိတောင်လူသတ် ကုန်းကို တစ်ယောက်တည်း ထွက်လာတာ။ နောက်ကလူတွေ မပြောနဲ့ ဆင်တွေ၊ ကျားတွေလိုက်လာလည်း ကျုပ်က မကြောက်



ဘူး၊ ဘာကြောင့်စမ်းပါစေ၊ ကျုပ်အစွမ်း ကောင်းကောင်းကြီးပြလိုက်မယ်"

"ဟာ…ဒီအဘိုးကြီး၊ ခင်ဗျားက ကျုပ်ကို ရူးတယ်လို့ ပြောတယ်။ အမှန်က ခင်ဗျားရူးနေတာ။ ဂူတန်ဂိုဏ်းသားတွေက ဆင်တွေ၊ ကျားတွေထက် ပိုဆိုးတယ်။ လူမဆန်တဲ့ ဂိုဏ်းသား တွေကြောင့် ကျုပ် အခုလိုကားတင်ခံထားရတာ၊ ခင်ဗျားလည်း ကား စင်တင်ခံချင်လို့လား။ ကိုင်း ပြောနေကြာတယ်။ ဒီချိန်သိပ် မရှိဘူး ခင်ဗျားပြေးတော့"

"ဟိတ်…ငါတစ်သက်လုံး မပြေးဘူးကွ။ ငါ့နားကပ်တဲ့ ကောင်တွေ အားလုံးမသာဖြစ်သွားမယ်"

အဘိုးအို၏စကားဆုံးသည်နှင့် ကြွေးကြော်အော်ဟစ်သံ များ ဆူညံစွာ ပေါ်ထွက်လာပြီး ဂူတန်ဂိုဏ်းသားဆယ်ယောက်တို့ က အဘိုးအိုကို ဝိုင်းရံထားလိုက်ပေ၏။

"ဟိတ်…မင်းတို့ ဘာကောင်တွေလဲ။ ငါ့ကို တိုက်ခိုက် ဖို့ ရောက်လာတာလား။ ဒါဆိုရင် မင်းတို့နဲ့ မတိုက်ဘူး။ မင်းတို့ ဘိုးအေ…ဂိုဏ်းချုပ်ကြီးကိုသွားခေါ် မင်းတို့ဂိုဏ်းချုပ်ကြီးနဲ့ ငါ တိုက်မယ်"

အဘိုးအိုက လုံးအားကိုအသင့်ကိုင်လျက် အော်ပြောလိုက် သည်။ အဘိုးအို၏ အော်သံမှာ သာမန်အော်သံမျိုး မဟုတ် အမှတ်ငါးသံစဉ်မျိုး ဖြစ်သည်။ ထိုသံစဉ်မှာ လူတစ်ယောက်၏

www.burmeseclassic.com

www.burmeseclassic.com



ပွဲကြည့်ပရိသတ်တို့သည် အထိပ်တလန့်အကြောက် အရွံ့ဖြင့် ဝရုန်းသုန်းကား တိမ်းရှောင်ထွက်ပြေးကြရာ လူသတ် ကုန်း၌ ဂိုဏ်း ၁၆ဂိုဏ်းနှင့် အဘိုးအိုတို့သာ ကျန်ရစ်ခဲ့ကြတော့ ၏။

"ဟိတ်···ဒီ ပြဿနာကောင် အဘိုးကြီးကို အရှင်ဖမ်း ကြဟေ့"

"မင်းတို့ ငါ့ကို အရှင်ဖမ်းလည်းမရဘူး၊ အသေဖမ်းလည်း မရဘူး။ ငါ့နာမည်က မာဒင်ရှင်တဲ့ဟေ့။ ကိုင်းသတ္တိရှိတဲ့ကောင် ရှေ့တိုးခဲ့ကြ"

အဘိုးကြီးမာဒင်ရှင်သည် လှံတားကို ဝှေ့ယမ်းလိုက်ပြီး တိုက်ခိုက်ရန် အသင့်ပြင်လိုက်၏။

ထိုစဉ် အလင်းတန်းငါးခုသည် အဘိုးကြီးမာဒင်ရှင်ထံသို့ တဝုစ်ဝုစ်ဖြင့် အော်မြည်ကာ ပြေးဝင်လာလေ၏။

"ဟိုင်း"

"ဒလန်···လန်···လန်"

ပြေးဝင်လာသော အလင်းတန်းငါးခုကို အဘိုးအိုက ၎င်း ၏လှံတားဖြင့် ရိုက်ခတ်ထုတ်ပစ်လိုက်သည်။

"ဒန်း"

"အား"



"အိုး"

အဘိုးအို၏ ဝှေ့ယမ်းလှုပ်ရှားနေသော လှံတားချက်သည် ဂူတန်ဂိုဏ်းသားအုပ်ထဲသို့ တစ်ရှိန်ထိုး ပြေးဝင်သွားလေ၏။

ဂူတန်ဂိုဏ်းသား လေးယောက် လှံတားချက်မိပြီး လွင့်စဉ် သေဆုံးသွား၏။

"ဟိတ်···အဘိုးကြီး လှံပျံ့ တိမ်တိုးသိုင်းကွက် ငါးကွက် ကိုမသုံးနဲ့၊ ခင်ဗျားသွေးကြောတွေ ပေါက်ထွက်သွားမယ်။ ဥယျာဉ် ပန်းခူးသိုင်းကွက်ထဲက စတုတ္ထသိုင်းကွက် ဥယျာဉ်မှူးပန်းခြွေသိုင်း ကွက်ကိုသုံး"

ကားစင်တင်ခံထားရသော ထိရီက အဘိုးအို၏သိုင်း ကွက်ကိုကြည့်ပြီး လိုအပ်ချက်များကို ဖြည့်စွက်ညွှန်ကြားကာ တိုက်စစ်တိုက်ကွက်ကို ပြင်ဆင်ပေးလိုက်၏။

"အဘိုးကြီး ခင်ဗျားပါးစပ်ထဲက သွေးတွေထွက်ကျနေ တယ်။ လှံပျံ့တိမ်တိုးတိုက်ကွက်ကို ဆက်မသုံးနဲ့၊ ကျုပ် ပြောတဲ့ သိုင်းကွက်နဲ့ ဆက်တိုက်"

ထိရီက ဆက်၍ အော်ပြောလိုက်ပြန်သည်။

အဘိုးအိုသည် ထိရီ၏စကားသံကို ကြားသော်လည်း ရန်သူအင်အားများသဖြင့် လှံပျံ့တိမ်တိုးသိုင်းကွက်ကိုပင် ဆက်သုံး ကာ ရန်သူများကို ဆက်တိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပွဲကြည့်ပရိသတ်တို့သည် အထိပ်တလန့်အကြောက်အလန့်ဖြင့် ဝရန်းသုန်းကား တိမ်းရှောင်ထွက်ပြေးကြရာ လူသတ်ကာန်း၌ ဂိုဏ်း ၁၆ဂိုဏ်းနှင့် အဘိုးအိုဝဠုံသာ ကျန်ရစ်ခဲ့ကြတော့၏။

"ဟိတ်…ဒီ ပြဿနာကောင် အဘိုးကြီးကို အရှင်ဖမ်းကြဟေ့"

"မင်းတို့ ငါ့ကို အရှင်ဖမ်းလည်းမရဘူး၊ အသေဖမ်းလည်းမရဘူး။ ငါ့နာမည်က မာဒင်ရှင်တဲ့ဟေ့။ ကိုင်းသတ္တိရှိတဲ့ကောင်ရှေ့တိုးခဲ့ကြ"

အဘိုးကြီးမာဒင်ရှင်သည် လှံတားကို ဝှေ့ယမ်းလိုက်ပြီး တိုက်ခိုက်ရန် အသင့်ပြင်လိုက်၏။

ထိုစဉ် အလင်းတန်းငါးခုသည် အဘိုးကြီးမာဒင်ရှင်ထံသို့ တဝှစ်ဝှစ်ဖြင့် အော်မြည်ကာ ပြေးဝင်လာလေ၏။

"ဟိုင်း"

"ဒလန်…လန်…လန်"

ပြေးဝင်လာသော အလင်းတန်းငါးခုကို အဘိုးအိုက ၎င်း၏လှံတားဖြင့် ရိုက်ခတ်ထုတ်ပစ်လိုက်သည်။

"ဒန်း"

"အား"



"အိုး"

အဘိုးအို၏ ဝှေ့ယမ်းလှုပ်ရှားနေသော လှံတားချက်သည် ဂူတန်ဂိုဏ်းသားအုပ်ထဲသို့ တစ်ရှိန်ထိုး ပြေးဝင်သွားလေ၏။

ဂူတန်ဂိုဏ်းသား လေးယောက် လှံတားချက်မိပြီး လွင့်စဉ်သေဆုံးသွား၏။

"ဟိတ်…အဘိုးကြီး လှံပျံ တိမ်တိုးသိုင်းကွက် ငါးကွက်ကိုမသုံးနဲ့၊ ခင်ဗျားသွေးကြောဖောက် ပေါက်ထွက်သွားမယ်။ ဥယျာဉ်ပန်းခူးသိုင်းကွက်ထဲက စတုတ္ထသိုင်းကွက် ဥယျာဉ်မှူးပန်းခြွေသိုင်းကွက်ကိုသုံး"

ကားစင်တင်ခံထားရသော ထိရိက အဘိုးအို၏သိုင်းကွက်ကိုကြည့်ပြီး လိုအပ်ချက်များကို ဖြည့်စွက်ညွှန်ကြားကာ တိုက်စစ်ဘိုက်ကွက်ကို ပြင်ဆင်ပေးလိုက်၏။

"အဘိုးကြီး ခင်ဗျားပါးစပ်ထဲက သွေးတွေထွက်ကျနေတယ်။ လှံပျံတိမ်တိုးတိုက်ကွက်ကို ဆက်မသုံးနဲ့၊ ကျုပ် ပြောတဲ့ သိုင်းကွက်နဲ့ ဆက်တိုက်"

ထိရိက ဆက်၍ အော်ပြောလိုက်ပြန်သည်။

အဘိုးအိုသည် ထိရိ၏စကားသံကို ကြားသော်လည်း [illegible]အားများသဖြင့် လှံပျံတိမ်တိုးသိုင်းကွက်ကိုပင် ဆက်သုံးကာ [illegible]သူများကို ဆက်တိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လုံပျံတိမ်တိုးသိုင်းကွက်မှာ အလွန်ပြင်းထန်သော တိုက်ကွက်သိုင်းစဉ်ဖြစ်၏။ လူ့ခန္ဓာကိုယ်မှာ အတွင်းအားများကို အစွမ်းကုန်ထုတ်သုံးရသော ပညာဖြစ်သည်။

ထိရှိညွှန်ကြားသော ဥယျာဉ်မှူးသိုင်းကွက်မှာ အပျော့သိုင်းကွက် ဖြစ်၏။ လူ့ခန္ဓာကိုယ်မှာ တွန်းအားကို လိုသလောက်သာ သုံးစွဲတိုက်ခိုက်ရသော ပညာရပ်မျိုး ဖြစ်သည်။

ဂူတန်ဂိုဏ်းသားများသည် အဘိုးအို၏ လုံပျံတိမ်တိုးတိုက်ကွက်ကို မခံနိုင်သဖြင့် တစ်ယောက်ပြီးတစ်ယောက် လုံချက်မိပြီး အတုံးအရုံး သေနေကြစဉ်မှာပင် အဘိုးအိုမှာလည်း ချောင်းတဟွတ်ဟွတ်ဆိုးကာ သွေးများပါးစပ်ထဲက မြင်မကောင်းအောင်ကျဆင်း၍ နေပေတော့၏။

များမကြာမီ တိုက်ပွဲကား ပြီးဆုံး၏။

ဂူတန်ဂိုဏ်းသားများ အတုံးအရုံး သေကြေသွားခဲ့သလိုလွတ်မြောက် ထွက်ပြေးသွားမှုတွေလည်း မနည်းပေ။

နောက်ဆုံး အဘိုးအိုမှာသာ ဟတ်ထိုးလဲမတတ် မောပန်းနွမ်းနယ်လျက် ကျန်ခဲ့၏။

ယခုဆိုလျှင် သံမဏိတောင် လူသတ်ကုန်း၌ လူနှစ်ယောက်သာ ကျန်ခဲ့သည်။

တစ်ယောက်ကား ထိရှိ။



နောက်တစ်ယောက်ကား အဘိုးကြီး မာဒင်ရှင်ပင် ဖြစ်လေ၏။

× × ×

## ကတိပေးသူနှင့် ကတိခံယူသည်။

"ခင်ဗျားကြီး တော်တော်ညံ့သေးတာပဲ။ သိုင်းလောကမှာခင်ဗျားလောက်ညံ့တဲ့လူ ကျုပ် တစ်ခါမှ မမြင်ဘူးသေးဘူး"

ကမူတစ်ခုပေါ်၌ မောပန်းနွမ်းနယ်စွာ ထိုင်နေသော အဘိုးအိုကြီး မာဒင်ရှင်ကိုကြည့်ကာ ကားစင်တင်ခံရသော ထိရှိကပြောလိုက်၏။

အဘိုးအိုသည် ထိရှိကို တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"မင်းက ငါ့ကို ဘာလို့ညံ့တယ်လို့ ပြောနိုင်တာလဲ"

"ခင်ဗျား ဘာကြောင့်ညံ့လို့ ကျုပ် ပြောနိုင်တာပေါ့ဗျာ။ ခင်ဗျားတိုက်ကွက်တွေက ကိုယ့်ကိုယ်ကို ပြန်သတ်နေတဲ့ တိုက်ကွက်တွေပဲ။ ခင်ဗျားလည်း မကြာပါဘူး။ သေမယ့်လူပဲ"

အဘိုးအိုသည် ထိရှိကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ရယ်မောလိုက်၏။

"ဟား...ဟား...ဟား...ဟား မင်းဟာ တကယ်တော့ အရူးတစ်ယောက်ပဲ။ မင်းတကယ်ရူးနေမှန်း အခု ငါသိသွား

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ဒါပေမဲ့ ငါ့အနေနဲ့ မင်းကို ကယ်မှာပါ။ လူတစ်ယောက်ရဲ့ အသက်ကို ကယ်တင်ပေးခြင်းဟာ အင်မတန်မွန်မြတ်ပြီး ဘုရားကြိုက်တဲ့ လုပ်ရပ်တစ်ခုပဲ"

"ဟား…ဟား…ဟား…ဟား"

အဘိုးအို၏ စကားဆုံးသည်နှင့် ထိရိက အားပါးတရ ရယ်မောလိုက်သည်။ ရယ်မောရင်းမှ…

"ဘုရားပဲကြိုက်ကြိုက် ခင်ဗျားပဲကြိုက်ကြိုက် ကျုပ်ကတော့ မကြိုက်ပါဘူး။ ခင်ဗျားအနေနဲ့ ကျုပ်ကို ကယ်တင်လိုက်လို့လည်း ကျုပ်ကတော့ ခင်ဗျားကို ကျေးဇူးမတင်ဘူး"

"ဘာကွ၊ မင်းဘာပြောတယ်"

အဘိုးအို၏လေသံက မာသည်။ ထိရိ၏ တုံ့ပြန်ပြောဆိုချက်အပေါ် မကျေနပ် ဖြစ်သွားပုံလည်းရ၏။

"ကျုပ်ပြောတာ ရှင်းရှင်းလေးပဲ။ ကျုပ်ကို ကယ်ကယ်၊ မကယ်ကယ် ကျုပ် ဘယ်လိုမှ မခံစားဘူး။ ကျေးဇူးတင်ခြင်း၊ မတင်ခြင်းဆိုတာ ကျုပ်လောကမှာ မရှိဘူး။ ကျုပ်ဘဝမှာ နှစ်ခါ မသေနိုင်ဘူးဆိုတာ ကျုပ်ယုံတယ်။ ခုမသေလည်း တစ်ချိန်မှာ ကျုပ်သေရမှာ အမှန်ပဲ။ ခင်ဗျားကတော့ နောက်တစ်နေ့ နေထွက်ချိန်တောင် မြင်မယ့်လူ မဟုတ်ဘူး။ ကျုပ် သိပါတယ်။"

ထိရိသည် ပြောပြီး အဘိုးအိုမျက်နှာကို အကဲခတ်ကြည့်လိုက်၏။



အဘိုးအို၏ လည်ပင်းပေါ်မှ အကြောသည် သွေးရောင်သန်းလျက်ရှိ၊ ထိုသွေးရောင်သန်းနေသော အကြောသည် ပေါက်ထွက်ရန်အတွက် တာစူနေ၏။ ယင်းအခြေအနေနှင့် အနေအထားကို ကောင်းစွာသိနေသော ထိရိက ယခုကဲ့သို့ အဘိုးအိုသိအောင် ကြိုတင်နိမိတ်ဖတ် ပြောဆိုလိုက်ခြင်း ဖြစ်ပေသည်။

"ကိစ္စမရှိပါဘူး။ မင်းထင်တာတွေ တစ်ခုမှ မမှန်ဘူးဆိုတာ ငါသိတယ်။ မင်းဟာ စိတ်မှန်တဲ့ လူတစ်ယောက်မှ မဟုတ်ဘဲ၊ မင်းသတင်းနဲ့ နာမည်ကျော်ကြားမှုကို ငါသိသလို သိုင်းလောကတစ်ခုလုံးကလည်း မင်းသတင်းကို ကောင်းကောင်းကြီးသိခဲ့ပြီးပြီပဲ။ အကျော်ကြားဆုံးရဲ့ ဘေးနားမှာ ကျဆုံးမှုဆိုတာ ကပ်ပြီးရှိနေတတ်တာပဲ။ မင်းရဲ့ ကျော်ကြားမှုတွေဟာ အခု ဒီမှာ ကုန်ဆုံးသွားပါပြီ ထိရိ"

"သိပ်မှန်တဲ့စကားပေါ့ဗျာ။ ကျုပ် မကျော်ကြားချင်ဘူး။ ကျော်ကြားခြင်းရဲ့ ပတ်ဝန်းကျင်မှာ အနှောင့်အယှက်တွေ အမြဲရှိတတ်တာပဲ မဟုတ်လား။ ဒါကြောင့် ကျုပ် မကျော်ကြားချင်တာ။ ရန်များတဲ့အလုပ်ကို ကျုပ် မလုပ်ချင်ဘူး။ ဒါပေမဲ့ ရန်များအောင်ဖန်တီးတဲ့လူတွေကြောင့် ကျုပ် ရန်များခဲ့ရတာကို လူတော်တော်များများ မသိကြဘူး။ ဖားအော်သံကြားပြီး ဖားကို အပြစ်တင်နေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူတချို့ဟာ မြွေကိုက်လို့ ဖားအော်တာကို မသိကြဘူးလေ။ ကျုပ်ဘဝကလည်း ဒီအတိုင်းပါပဲ။ ကျုပ်ဆရာအတွက် ကျုပ် လှုပ်ရှားနေတာ"

"မင်းဆရာက ဘယ်သူလဲ"

မာဒင်ရှင်က မေးလိုက်၏။

"ကျုပ်ဆရာက လန်ပေါင်း"

"လန်ပေါင်း ဟုတ်လား။ မင်းဆရာ"

အဘိုးအိုကြီး မာဒင်ရှင်သည် အလွန်အမင်း ထိတ်လန့်အံ့သြ၍ သွားလေ၏။

လန်ပေါင်းမှာ လွန်ခဲ့သော အနှစ်ငါးဆယ်လောက်က သေဆုံးသွားသော ဓားပိုင်ဘုရင်ကြီးတစ်ပါးဖြစ်ကြောင်း အားလုံးသိ၏။

ထိရီမှာ အသက် ၂၀ မျှသာရှိသေး၍ ဆရာကြီးလန်ပေါင်းနှင့် မည်သို့ပတ်သက်နိုင်ပါမည်နည်း။

မဖြစ်နိုင်သော။

ယုတ္တိမတန်သော။

ထိရီ၏ ထိုစကားရပ်များကြောင့် အဘိုးအိုမာဒင်ရှင်သည် တအံ့တသြ ဖြစ်သွားရခြင်းဖြစ်ပေ၏။

"မင်း အရူးဆိုတာ ငါ [illegible]ခဲ့သွားပြီ။ ဘာဖြစ်လို့လဲဆို တော့ မင်းအသက်နဲ့ ဆရာကြီးသေဆုံးခဲ့တဲ့ နှစ်ငါးဆယ်ကအချိန်



ကို တိုင်းတာကြည့်ရင် အဲဒီတုန်းက မင်းဟာ လူတောင်ဖြစ်သေးမှာ မဟုတ်ဘူး။ မင်း ရူးသွားပြီ ထိရီ"

အဘိုးကြီး၏စကားအဆုံးတွင် ထိရီသည် တဟားဟားဖြင့် ရယ်မောလိုက်လေ၏။

ရယ်မော၍ပြီးမှ ထိရီက စကားဆက်သည်။

"တချို့ အဘိုးကြီးတွေဟာ အသက်ကြီးပြီး အချိန်မစီးဘူး။ အဲဒီအဘိုးမျိုးထဲမှာ ခင်ဗျားလည်း တစ်ယောက်အပါအဝင်ဖြစ်တယ်ဆိုတာ ကျုပ်ယုံသွားပြီ။ ဆရာကြီးလန်ပေါင်းကို ကျုပ် မမြင်ဘူးပေမယ့် ဆရာကြီးရဲ့ အဆင့်မြင့်ပညာတွေ ကျုပ်ရထား ဘယ်ဆိုရင် ခင်ဗျား ဘာပြောမလဲ။ သူ့ပညာကိုရရင် သူ့ကိုမြင်ဖူးသည်ဖြစ်စေ၊ မမြင်ဘူးသည်ဖြစ်စေ သူဟာ ကျုပ်ရဲ့ဆရာပဲ ခင်ဗျား ဘာငြင်းမလဲ"

ထိရီ၏စကားကြောင့် အဘိုးအိုကြီးမာဒင်ရှင်သည် စကားအရ တေဒက မဟာက်နိုင်တော့ဘဲ ငြိမ်၍သွားလေတော့၏။

ခဏကြာမှ အင်းဟု သက်ပြင်းချရင်း...

"အေး...မင်းပြောတာ မှန်နိုင်တယ်။ ဆရာကြီးလန်ပေါင်း မြုစုခဲ့တဲ့ သိုင်းကျမ်းစာအုပ်ကြီး ပျောက်နေတယ်ဆိုတာ မင်း ရ အားလို့နေမှာပေါ့"

"သိပ်ဟုတ်တာပေါ့။ ကျုပ် ရခဲ့ဖူးတာ ဒီနေ့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ရင် မင်းဆီမှာ ဆရာကြီးလန်ပေါင်းရဲ့ သိုင်းကျမ်းစာအုပ်ကြီး ရှိနေတယ်ပေ့ါ။ ဟုတ်လား"

"မဟုတ်ဘူး . . . မရှိတော့ပါဘူး"

"ဘယ်လို"

"ဆရာကြီးလန်ပေါင်းရဲ့ သိုင်းကျမ်းစာအုပ်ကြီး ကျုပ်မှာ မရှိတော့ပါဘူး။ ကျုပ် ကျေညက်အောင်လေ့လာပြီး မီးရှို့ပြာချလိုက်ပြီ။ ဆရာကြီးလန်ပေါင်းနဲ့ ဆရာကြီးရဲ့ သိုင်းပညာရပ်တွေ ကျုပ်ဗိုက်ထဲမှာ ရာသက်ပန်ကိန်းဝပ်သွားပြီ။ ဟား . . . ဟား . . . ဟား . . . ကိုင်း ခင်ဗျားကြီး လိုရာခရီးကို သွားပေတော့"

"ဟင် . . . မင်းက ဒီလူသတ်ကုန်းမှာ တစ်ယောက်တည်း ဘာလုပ်နေဦးမှာလဲ"

"ဝင့်ကြွေးရှိသလောက်ခံပြီး တောင်စွယ်နေကွယ်တဲ့အထိ နေလုံးကြီးကို ကြည့်နေဦးမယ်လေ"

"ဟာ . . . မင်း တော်တော်လက်ပေါက်ကတ်တဲ့ ကောင်ပဲ။ ကဲ . . . ကဲ ပြောနေကြာတယ်"

အဘိုးအိုသည် ပြောပြောဆိုဆိုဖြင့် ထိရီ၏ကိုယ်မှ ချည်နှောင်ထားသော ကြိုးများကို ဖြည်ပေးလိုက်လေ၏။

"ကိုင်း . . . မင်းကို ငါ ကယ်လိုက်ပြီ"

"အဲဒီအတွက် ခင်ဗျားကိုလည်း ကျုပ်က ကျေးဇူးမတင်



ပါဘူး"

"ပတင်ရင်လည်းနေပါ။ မင်း အခု ဘယ်ကိုသွားမလဲ"

"ခင်ဗျားကရော အခု ဘယ်သွားမလဲ"

ထိရီက ပြန်မေးသည်။

"ကျုပ်က လီကျားရွာကို သွားမလို့"

"ဟာ . . . ဒါဖြင့် ခင်ဗျား ဆက်မသွားနဲ့တော့"

"ဘာဖြစ်လို့လဲ"

"လီကျားရွာက အဝေးကြီးပဲ။ ရှေ့မှာ ဂူတန်တောင်ကို ကျော်ဖြတ်ရဦးမယ်။ ခင်ဗျားလည်း အဲဒီ ဂူတန်တောင်ကို ကျော်ဖြတ်လို့ မရနိုင်တော့ဘူး။ ခင်ဗျားရဲ့ ကိုယ်ခန္ဓာထဲမှာ သွေးကြောတွေ တော်တော်များများ ပျက်စီးသွားပြီ။ ခင်ဗျားမှာရှိတဲ့ အတွင်းအားနဲ့ ကိုယ်ဖော့စွမ်းရည်တွေ သိပ်အားမကောင်းတော့ဘူး။ ကျုပ်စကားကို နားမထောင်ဘဲ ခင်ဗျား ခရီးဆက်ရင် လိုရာခရီးမရောက်ဘဲ လမ်းခုလပ်မှာ သေပွဲဝင်သွားလိမ့်မယ် အဘိုးကြီး"

ထိရီ၏စကားကြောင့် အဘိုးအို မာဒင်ရှင်သည် နှာခေါင်းကို တစ်ချက်ရှုံ့လိုက်ပြီး . . .

"ငါ မသေနိုင်သေးဘူး။ ဒီတစ်တောင်ကို မပြောနဲ့ နောက်ထပ် ဆယ်တောင်ကျော်လည်း ငါ ဘာမှမဖြစ်နိုင်ဘူး"

"ခင်ဗျားဟာ ကျုပ်ပြောတဲ့စကားကို ဘာလို့မယုံတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ခင်ဗျားကို လုပ်ကြံပြီးပြောနေတယ်လို့ ထင်နေလို့လား”

“ဟုတ်တယ်···မင်း ငါ့ကို လုပ်ကြံပြီးပြောနေတာပါ။ ငါဟာ ကြံ့ခိုင်တဲ့ လူတစ်ယောက်ပဲ။ ခြောက်တိုင်းလည်း မကြောက်တတ်သလို မြှောက်တိုင်းလည်း မမြောက်တတ်တဲ့ လူတစ်ယောက်ပါပဲ”

“ဒါဆိုလည်းပြီးရောဗျာ။ ခင်ဗျားကို ကျုပ် ဘာမှဆက်မပြောချင်တော့ဘူး။ ပြောလည်း ခင်ဗျားက လက်ခံမှာမှ မဟုတ်တာ။ ကိုင်း···ကျုပ် အရင်သွားနှင့်မယ်။ ခင်ဗျားအတွက် ကျုပ် အကောင်းဆုံးဖြစ်အောင် လုပ်ထားမယ်”

ပြောပြီး ထိရီသည် နောက်သို့နှစ်လှမ်းဆုတ်လိုက်ပြီး အတွင်းအားကို စုစည်းထားလိုက်၏။

“ဟေ့ကောင်လေး ခဏနေဦး”

အဘိုးအိုက လှမ်းတားလိုက်သည်။

“ခင်ဗျား ဘာပြောချင်လို့လဲ”

“မင်း ငါ့ကို မစောင့်တော့ဘူးလား”

“ကျုပ် အရင်သွားပြီး ခင်ဗျားအလာကို တောင်ခြေက စောင့်နေမယ်လေ”

× × ×



ဂူတန်တောင်ခြေတွင် လေတဟူးဟူး တိုက်ခတ်လျက်ရှိ၏။ တောင်ခြေရှိ ဝါးရုံတောအုပ်များဆီ၌ ဝါးရွက်ခတ်သံများကို ဘာခြွမ်းခြွမ်း တရှမ်းရှမ်း ကြားနေရသည်။

ငှက်မြည်သံများကိုမူ အဆက်မပြတ် ကြားနေခြင်းမရှိ။ တစ်ခါတစ်ရံသာ ကြားရပြီး ဘာငှက်အမျိုးအစားများ အော်မြည်တွန်ကျူးနေမှန်း မသိပေ။

စောစောပိုင်း ချစ်ချစ်တောက်ပူနေသော နေပြင်းမှာလည်း နေရိပ်ခိုရ၍သွားပေပြီ။

ထိရီသည် ဂူတန်တောင်၏ ဟိုဘက်ခြမ်းတောင်ခြေတွင် အလျား ခြောက်ပေ၊ အနံ သုံးပေအကျယ်ရှိသော တွင်းတစ်တွင်းကို တူး၍ တွင်း၏နံဘေးတွင်ထိုင်လျက် အဘိုးအိုမာဒင်ရှင်အလာကို စောင့်ကြို့လျက်ရှိပေသည်။

အလျား ခြောက်ပေ၊ အနံ သုံးပေနှင့် ဇောက်အနက် လေးပေးခန့်ရှိသော တွင်း်ကြီးတစ်တွင်းကို ထိရီ ဘာကြောင့်တူးထားရသနည်း။

ယင်းသို့ တူးထားရခြင်းမှာ ထိရီ၌ တစ်စုံတစ်ရာသော အကြောင်း;အရာသည် ခိုင်လုံစွာ ရှိနေပုံရ၏။

မှန်ပေသည်။

ထိရီ ဤတွင်းကို တူးဖော်ထားရခြင်းမှာ အဘိုးအိုမာဒင်

www.burmeseclassic.com

www.burmeseclassic.com



ရှင်အတွက် အဆင်သင့်ဖြစ်စေရန် တူးဖော်ထားခြင်း ဖြစ်ပေသည်။

အဘိုးအိုရောက်လာလျှင် မြှုပ်နှံသင်္ဂြိုဟ်ရန်အတွက်ဖြစ်၏။

အဘိုးအို၏ အခြေအနေအရပ်ရပ်ကို ထိရီသည် ကောင်းစွာရိပ်စားမိထားဟန် တူသည်။

ထိုစဉ်မှာပင် အရိပ်သဏ္ဌာန်တစ်ခုကို လှစ်ခနဲ တွေ့လိုက်ရသည်။

ထိုအရိပ်သဏ္ဌာန်မှာ အဘိုးအို မာဒင်ရှင်ပင် ဖြစ်လေ၏။

အဘိုးအို မာဒင်ရှင်သည် ထိရီကို လှမ်းကြည့်လိုက်ပြီး အေ့ခနဲ ပျို့အန်လိုက်ရာ ပါးစပ်တွင်းမှ သွေးစိမ်းရှင်ရှင်များ ထွက်အန်ကျလာသည်။ အဘိုးအို၏ မျက်နှာပြင်မှာလည်း သွေးဆုပ်နေသဖြင့် ဖြူဖတ်ဖြူရော်ဖြစ်၍ နေလေသည်။ အဘိုးအိုသည် စိတ်ကိုထိန်းချုပ်၍ ငြိမ်သက်နေပြီးနောက် ထိရီကို ကျေးဇူးတင်စကား ပြောလိုက်လေ၏။

"အေးကွာ မင်းကို ငါအများကြီး ကျေးဇူးတင်သွားပြီ။ တကယ်လို့ မင်းသာ ဒီတွင်းကြီးကိုကြိုပြီး တူးမထားခဲ့ရင် ငါဟာ ငါ့ဝေဒနာအတွက် အများကြီးခံစားနေရဦးမှာပဲ။ ခုတော့ အဆင်သင့်ဖြစ်နေပြီ။ မင်းတူးထားတဲ့ တွင်းထဲကို ငါ ဝင်အိပ်လိုက်ရင်



ငါ့ ဘဝရဲ့နောက်ဆုံးအချိန်ဟာ ကာလတိုတိုကလေးအတွင်းမှာ သိပ်ကိုအဆင်ပြေသွားလိမ့်မယ်။ ကျေးဇူးတင်တယ် ထိရီ"

"ကျွန်တော် နားလည်ပါတယ် အဘ"

ထိရီ၏လေသံသည် ယခင်ကကဲ့သို့ မဟုတ်တော့ဘဲ အနည်းငယ် နူးညံ့ယဉ်ကျေးသောသကဲ့သို့ ရှိလေ၏။ အဘိုးအိုကိုလည်း ကြင်နာသနားသွားပုံရသည်။

"ငါ မင်းဆီက ကတိတစ်လုံး ယူချင်တယ် ထိရီ။ အဲဒါ မင်း ကူညီနိုင်မလား"

"ပြောပါအဘ ကျွန်တော်တတ်နိုင်တဲ့ကိစ္စဆိုရင် ကူညီပါ့မယ်။ အခုအချိန်မှာ အဘအတွက် ကျွန်တော့်အနေနဲ့ ကူညီနိုင်လိမ့်မယ်လို့လည်း ထင်ပါတယ်"

"အေးကွယ် ထပ်ပြီး မင်းကို ကျေးဇူးတင်ပါတယ်။ ဒီလိုပါ ထိရီ"

အဘိုးအိုသည် စကားကို ဆက်၍မပြောနိုင်သဖြင့် ပြောလက်စ စကားကို ခဏမျှတန့်၍ ထားလိုက်ရှာ၏။ ပြီးမှ အောက်ပါအတိုင်း တစ်လုံးချင်းဆက်၍ ပြောလေ၏။

"ဒီလိုပါထိရီ။ ကွမ်းဝိုက်မြို့မှာ ငါ့မိန်းမကျန်ခဲ့တယ်။ သူ့နာမည်က လွီရှင်ရှင်လို့ခေါ်တယ်။ သူ့ဆီမှာ အဆိပ်တစ်ထောင်ဓားတစ်လက်ရှိတယ်။ ငါ့မိန်းမနဲ့ အဲဒီဓားကိုယူပြီး ကျွန်[illegible]ရွာ

www.burmeseclassic.com

www.burmeseclassic.com



သုမိဘာဆီ ပို့ပေးပါလို့ ငါ မင်းဆီက ကတိတစ်လုံးတောင်းချင်တယ်။ အဲဒါ ဘယ်လိုသဘောရသလဲ၊ ငါ့ကို မ[illegible]ညီနိုင်မလား”

ထိရီသည် ချက်ချင်းပင် အဖြေပေးလိုက်ပေ၏။

“ဟုတ်ကဲ့ ကျွန်တော် ကူညီနိုင်ပါတယ် အဘ”

အဘိုးအိုသည် ကျေနပ်စွာ တစ်ချက်ပြုံးလိုက်ရာ ပါးစပ်၊ နှာခေါင်းနှင့် နားနှစ်ဘက်တို့မှာ သွေးများ ယိုစီးထွက်ကျလာလေ၏။

အဘိုးအို၏ဝေဒနာမှာ လွန်စွာ ပြင်းထန်ကြောင်း ထိရီသိသည်။ ဝေဒနာကို ကြိတ်မှိတ်တင်းခံနေရကြောင်းလည်း ကောင်းစွာနားလည်၏။

သံမဏိတောင် လှိုဏ်ကုန်း၌ အဘိုးအိုထုတ်သုံးခဲ့သော သိုင်းကွက်များမှာ အလွန်အတွင်းအားသုံးရသော လုံ့ပုံ့တိမ်ထိုးတိုက်ကွက်များဖြစ်သည်။ ထိုသိုင်းကွက်ကို ထုတ်သုံးလိုက်သဖြင့် အဘိုးအိုမှာ အတွင်းအားများ ဆုတ်လျော့ကာ သွေးကြောစုများ ပြတ်တောက်သွားခဲ့ရခြင်း ဖြစ်ပေသည်။

ယခု ထိုအဘိုးအိုသည် သွေးကြောစုများ ဖောက်ပြန်ပျက်စီးသွားသည်ကို ပြန်လည်ကုစားနိုင်စွမ်း မရှိတော့ပေ။

“ကိုင်း…ထိရီ၊ ငါ တွင်းထဲဝင်တော့မယ်”

အဘိုးအိုသည် ပြောပြောဆိုဆိုဖြင့် တွင်းထဲသို့ ကိုယ်ကို



လိမ့်ချလိုက်ရာ အလိုက်သင့်ပင် ချောမောညီညွတ်စွာ တွင်းထဲသို့ ရောက်သွားလေ၏။

တွင်းထဲသို့ ရောက်သွားသည်နှင့်ပင် အဘိုးအို၏ မျက်စိနှစ်ကွင်းလည်း အလိုလိုပိတ်၍သွားတော့၏၊ အသက်ရှူလည်း ရပ်သွားတော့၏။

အဘိုးအိုမှာဒင်ရှင်ကား ဇီဝိန်ချုပ်ငြိမ်းသွားပြီ ဖြစ်လေသည်။

ထိရီသည် အဘိုးအို၏ ဇီဝိန်ချုပ်ငြိမ်းသွားသော ခန္ဓာကိုယ်ကို ကောင်းစွာမြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်၏။

ထိုစဉ် နေသည် တောင်စွယ်သို့ ငုပ်လျှိုးပျောက်ကွယ်၍ သွားကာ အမှောင်ရိပ်များ သန်း၍လာလေသတည်း။

× × ×

## ထူးဆန်းသောမိန်းမချောလေးနှင့် အဆိပ်တစ်ထောင်မား

ကွမ်းဂိုက်မြို့အဝင်၌ အလွန်ထင်ရှား ကျော်ဇောသော စားသောက်ဆိုင်တစ်ဆိုင် ရှိသည်။

ထိုဆိုင်၏အမည်မှာ လမင်းတစ်ရာ စားသောက်ဆိုင်ဖြစ်

ထိုစားသောက်ဆိုင်အတွင်း၌ နေရာယူ၍ထိုင်လိုက်စဉ်

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးကောင်လေးတစ်ယောက် အနားသို့ရောက်လာသည်။

"အစ်ကိုလေး ဘာသုံးဆောင်မလဲ ခင်ဗျာ"

"အရက်တစ်အိုးနဲ့ ခေါက်ဆွဲကြော်တစ်ပွဲ အမြန်ဆုံးလုပ်ပေးပါကွာ"

"ဟုတ်ကဲ့ အခုချက်ချင်း ဆောင်ရွက်ပေးပါ့မယ်ခင်ဗျား"

ပြောပြီး စားပွဲထိုးကောင်လေးသည် အနားမှ လှစ်ခနဲပြေးထွက်သွားလေသည်။

ထိရီသည် စားပွဲထိုးအလာကိုစောင့်ရင်း တစ်ဆိုင်လုံးရှိ အခြေအနေကို အကဲခတ်လိုက်၏။

ထိရီထိုင်နေသော စားပွဲ၏ညာဘက်ခြမ်းတွင် စားပွဲတစ်လုံးရှိသည်။ သို့သော် ထိုစားပွဲ၌ လူမရှိ။ ဝဲဘက်စားပွဲ၌မူ လူသုံးယောက်ဝိုင်းထိုင်ကာ သောက်စားနေကြသည်။

ထိရီ၏ရှေ့တူရူ စားပွဲ၌ လူတစ်ယောက်ထိုင်နေသည်။ ထိုလူ၏ပုံပန်းသဏ္ဌာန်မှာ သိုင်းသမားတစ်ယောက်ကဲ့သို့ ထင်ရ၏။ အသက် လေးဆယ်ကျော်ငါးဆယ် ရွယ်ခန့်ရှိပြီး မုတ်ဆိတ်ကျင်စွယ်နှင့်ဖြစ်သည်။

ဝတ်စုံနက်ကို ဝတ်ဆင်ထားပြီး ကျောတွင် ဆောင်ဓားတစ်လက်ကို တွေ့ရ၏။

ထိုလူသည် တစ်ချက်တစ်ချက် ထိရီကို အကဲခတ်ကြည့်



နေ၏။ ထိရီမှာ မျက်နှာစိမ်းညှော့သည့်တစ်ယောက်ပင် မဟုတ်ပါလား။

ထိရီ၏ကျောဘက်စားပွဲတွင် မည်သူတစ်စုံတစ်ဦးမျှ မရှိပေ။

တစ်ဆိုင်လုံး ရှင်းလင်းငြိမ်သက်နေသကဲ့သို့ ရှိ၏။

တစ်ခဏမျှကြာသော် စားပွဲထိုးလေး ပြန်ရောက်လာပြီး ထိရီမှာသော အစားအသောက်များကို စားပွဲပေါ်၌ချပေးပြီး ပြန်ထွက်သွားလေ၏။

ထိရီသည် အရက်တစ်အိုးကို မြှောက်၍ တစ်ငုံ စုပ်သောက်လိုက်သည်။

ပြီးမှ ခေါက်ဆွဲကြော် ပန်းကန်ထဲမှ ဝက်သားတုံးတစ်တုံးကို တူဖြင့်ညှပ်၍ ပါးစပ်ထဲထည့်ကာ တမြုံ့မြုံ့ဝါးချေလိုက်သည်။

"အဟမ်း"

ရုတ်တရက် ချောင်းဟန့်သံတစ်ခုကြောင့် ထိရီ ဆက်ခနဲမော့ကြည့်လိုက်ရာ စောစောက အကဲခတ်လိုက်ရသော တူရူစားပွဲမှ ဝတ်စုံနက်နှင့်ပုဂ္ဂိုလ်မှန်း ကောင်းစွာသိလိုက်ရသည်။

ထိုလူက ချောင်းဟန့်သံပေးပြီးနောက်...

"မိတ်ဆွေက ညှော့သည်နဲ့တူတယ်"

ဟု စကားချီကာ ထိရီ၏ရှေ့ရှိ ခုံလွတ်တစ်လုံးပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



စွေ့ခနဲ ဝင်ထိုင်လိုက်၏။

"ဟုတ်ပါတယ်။ ကျွန်တော်ညွှဲ့သည်ပါ"

"ကျုပ်နာမည်က ကျူဖောင်းလို့ခေါ်တယ်။ မိတ်ဆွေရဲ့ နာမည်က..."

ဝတ်စုံနက်နှင့်လူက စပ်စုလာသဖြင့် လိုက်လျောညီထွေပင် ထိရီက ပြန်ဖြေလိုက်၏။

"ကျုပ်နာမည်က ထိရီလို့ခေါ်တယ်"

"ဘာ...ထိရီ ဟုတ်လား"

"ဟုတ်တယ်...ကျွန်တော့်နာမည် ထိရီပါ"

ဝတ်စုံနက်နှင့်လူသည် မယုံကြည်နိုင်ဖွယ် အံ့ဩသွားဟန်ဖြင့် ထိရီကို စိုက်ကြည့်နေပေ၏။

"မင်း ထိရီ ဟုတ်နိုင်ပါ့မလား"

"ဘာဖြစ်လို့လဲခင်ဗျာ"

"ထိရီဆိုတဲ့လူငယ်ကို သံမဏိတောင်လူသတ်ကုန်းမှာ ဒီနေ့ပဲ ကားစင်တင် သတ်ပစ်လိုက်ကြပြီဆို။ ငါ့ညီက ထိရီဆိုတော့ နာမည်တူများဖြစ်နေမလားကွာ"

"နေ့လယ်က သံမဏိတောင်လူသတ်ကုန်းကို အစ်ကို မရောက်ဘူးထင်တယ်"

"ဟုတ်တယ် မရောက်ဘူး။ ဘာထူးသို့လဲ"



"သိပ်ထူးပြီးလားဗျာ။ အခု အစ်ကိုနဲ့စကားပြောနေတဲ့ လူဟာ လူသတ်ကုန်းမှာ ကားစင်တင်ပြီး အသတ်ခံရမယ့်လူပဲ။ ဒါပေမဲ့ ခုတော့ မသေနိုင်တော့ပါဘူး။ သောက်ပါဦး အစ်ကို"

ထိရီကား အရက်အိုးကို ရှေ့သို့ထိုးပေးလိုက်သည်။

"အစ်ကိုမသောက်တော့ဘူး။ ညီလေးပဲသောက်ပါ"

ထိရီသည် အရက်အိုးထဲမှ အရက်တစ်ပက်ကို မနားတမ်း မော့၍ သောက်ချလိုက်လေ၏။

"ဟာ...အရက်က တော်တော်ကောင်းတာပဲဗျာ။ တစ်အိုးတည်းနဲ့တင် လုံသောက်သွားနိုင်တယ်"

"ဟုတ်တယ် ကွမ်းဝိုက်မြို့ထွက် အရက်ကောင်းပဲ။ ငါတို့ တစ်အိုးကုန်အောင် မသောက်နိုင်ဘူး။ အရက်ကသိပ်ပြင်းတယ်။ ငါ့ညီက သိုင်းသမားအကျော်အမော်ဆိုတော့ တစ်အိုးမကဘူး။ သုံးလေးအိုးဆို သောက်နိုင်လိမ့်မယ် ထင်တယ်"

"ကောင်းပါပြီ"

"ဒါဆက် ငါ့ညီကို တစ်ခုလောက်မေးပါရစေ"

"မေးပါအစ်ကို"

"မင်း သိချင်တာလား"

"ကျွန်တော့်ကို အစ်ကိုကမယုံလို့လား"

ထိုလူသည် ထိရီကိုစိုက်ကြည့်ပြီး စဉ်းစားနေ၏။ ပြီးမှ·

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ညီဟာ ထိရီအစစ်ဆိုရင် ကွမ်းဂိုက်မှာ အကြာကြီး မနေဖို့ အစ်ကိုသတိပေးပါရစေ"

"ဘာဖြစ်လို့လဲ အစ်ကို"

"ဂူတန်ဂိုဏ်းသားတွေ ကွမ်းပိုက်မှာ ခြေရှုပ်နေလို့ပေါ့။ မင်းမှာ အန္တရာယ်ရှိတယ် ငါ့ညီ"

"အစ်ကိုက ဘယ်ဂိုဏ်းကလဲ"

"အစ်ကို့မှာ ဂိုဏ်းမရှိပါဘူး။ တေလေသိုင်းသမားတစ်ယောက်ပါ။ ငါ့ညီသတင်းကို အစ်ကိုကြားပါတယ်။ ဒါထက် ငါ့ညီက လူသတ်ကုန်းက ဘယ်လိုလုပ်ပြီး လွတ်မြောက်လာခဲ့တာလဲ"

ထိရီသည် ရုတ်တရက် အဖြေမပေးဘဲ ထိုလူကို အကဲခတ်၍ ကြည့်လိုက်သည်။

ထိုလူက···

"ငါ့ညီ အစ်ကို့ကိုယုံပါ။ တတ်နိုင်လို့ရှိရင်လည်း အစ်ကို ငါ့ညီကို ကူညီပါ့မယ်"

"အစ်ကို ကျွန်တော်ကို တကယ်ကူညီမလား"

ထိရီက သွေးတိုးစမ်းလိုက်သည်။

"ငါ့ညီက ထိရီပဲ။ အစ်ကို ကူညီမှာပေါ့"

"ဒီလိုဆိုရင် ကျွန်တော်လည်း အစ်ကို့ကို အမှန်အတိုင်း ပြောပါ့မယ်"



"ဒါဆို ငါ့ညီ အရင်ပြော"

"ငါ့ညီ လူသတ်ကုန်းက ဘယ်လိုလွတ်လာတာလဲ"

ထိရီက အကျိုးအကြောင်း အမှန်အတိုင်းကို ပြောပြလိုက်လေ၏။ အဘိုးအိုမာရင် ဓားဆုံးခဲ့ရသည့်အထိ ဖြစ်သည်။

"ဟာ···ဒီလိုဆိုရင် ဆရာကြီးဆုံးပြီပေါ့"

"ဟုတ်တယ် အစ်ကို။ ကဲ···ကျွန်တော့်အပိုင်းကတော့ ပြောပြီးပြီ အစ်ကို့အပိုင်းပဲ ကျန်တော့တယ်။ အစ်ကို ကျွန်တော် မေးတာကို မှန်မှန်ဖြေနော်"

"စိတ်ချပါ အစ်ကိုဖြေပါ့မယ်"

"ကျွန်တော့်ကို အဘမာဒင်ရှင်အိမ်ကို လမ်းညွှန်ပေးပါ။ ကျွန်တော် အဲဒီကိုသွားချင်လို့"

"အဘမာဒင်ရှင်မှ မရှိတော့တာ။ မင်းသွားလို့ ဘာအကြောင်းလူ ... လဲ"

"ထူးတာ မထူးတာအကြောင်းမဟုတ်ပါဘူး အစ်ကို။ ကျွန်တော့်ကိုသာ လမ်းညွှန်ပေးပါ"

"လမ်းညွှန်ပြဖို့ မလိုတော့ပါဘူးကွ။ မင်းရဲ့ခရီးဟာ ဒီမှာ တင်ဆုံးသွားပြီ"

ထိုစကားကိုပြောလိုက်သူက ထိရီနှင့် စကားလက်ဆုံကျနေသော ကျိုဖောင်းဆိုသူ၏ စကားမဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ရှတ်တရက် ဆိုင်တွင်းသို့ ပြေးဝင်လာသော ခွေးဘီလူး ရုပ်ပိုင်ရှင် သိုင်းသမားကြီး ကုဖုန်းဆိုသူဖြစ်သည်။

"အလို . . . အစ်ကိုကုဖုန်းပါလား"

ကျူဖောင်းဆိုသူက လေးသနပ်ဖက်ကိုသုပ်ပွေး၍ အရှိ အသေပေးကာ နှုတ်ခွန်းဆက်စကား ပြောလိုက်သည်။

"မင်းက ဘာကောင့်မို့လို့ မာဒင်ရှင်အိမ်ကို သွားချင်ရ တာလဲ။ လွှီရင်ရင်ကို လိုချင်လို့လား"

ကုဖုန်းက ကျူဖောင်းဘက်လှည့်မကြည့်ဘဲ ထိရှီကို ဟိန်းဟောက် ပြောဆိုလိုက်သည်။

ထိရှီသည် ခွေးဘီလူးရုပ်ပေါက်နေသော ကုဖုန်းကို တစ် ချက်စိုက်ကြည့်လိုက်ပြီး . . .

"ခင်ဗျားက ဘာစကားပြောတာလဲ၊ ကွမ်းတိုက်က လူတွေ ဒီလိုပဲ မိုက်မိုက်ရိုင်းရိုင်း ဆက်ဆံတတ်သလား။ အဘာမာဒင်ရှင်ရဲ့ မိန်းမ အဘွားကြီးကို ကျုပ်က ဘာလုပ်ရမှာလဲ"

ထိရှီ၏ စကားအဆုံး၌ တဟားဟားဖြင့် ရယ်မောလိုက် သူက ကုဖုန်းဖြစ်သည်။

"မင်းက လွှီရင်ရင်ကို မြင်ဖူးလို့လား"

"မမြင်ဖူးဘူး"

"မမြင်ဘူးဘဲနဲ့ လွှီရင်ရင်ကို မင်းက ဘာပြုလို့ အဘွားကြီး



လို့ ပြောရတာလဲ"

"အဘာမာရှင်ရဲ့ အသက်နဲ့ယှဉ်ပြီး ကျုပ်ပြောလိုက်တာ။ ကျုပ်ပြောတာမှာ ဘာအမှားတွေပါသွားလို့လဲ"

"နေပါဦး . . . ခင်ဗျားက ဘယ်သူလဲ။ အဘာမာဒင်ရှင်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"ကျုပ် ဘယ်သူလဲဆိုတာ သိဖို့မလိုဘူး။ မင်း လွှီရင်ရင် အိမ်ကိုလည်း သွားစရာမလိုဘူး"

"ခင်ဗျားက ကျုပ်ကို ဟန့်တားနေတာလား"

"ဟုတ်တယ်"

"ဒါဆို . . . ခင်ဗျားကို တိုက်ခိုက်ပြီး ကျုပ်သွားရမှာပဲ"

"မင်း ဒီကထွက်လို့ မရတော့ပါဘူး"

ထိရှီက တစ်ချက်ပြုံးလိုက်ပြီး . . .

"ကျုပ် ထွက်လို့ရရင် ခင်ဗျား ဘာပေးမလဲ"

"အရက်တစ်အိုး ပေးမယ်"

"ဟင့်အင်း . . . မလိုချင်ဘူး"

"ဒါဖြင့် . . . ဓားတစ်လက်ပေးမယ်"

"ဒါလဲ ကျုပ်မလိုချင်ဘူး"

"ဒါဖြင့် . . . မင်းက ဘာလိုချင်တာလဲ"

"ခင်ဗျားအသက်ကို လိုချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်စမ်း"

ကျူဖောင်းသည် ထိရီညွှန်ပြသည့်အတိုင်း ကုဖုန်း၏ လည်ပင်းကိုကြည့်လိုက်ရာ ကုဖုန်း၏ လည်ပင်းပတ်ပတ်လည်တွင် သွေးများ စီးယိုကျဆင်းလာကာ ရုတ်တရက်ပင် ကုဖုန်း၏ ခန္ဓာကိုယ်ကြီးသည် ဝုန်းခနဲ ကြမ်းပေါ်သို့ ပြိုလဲကျသွားလေတော့သတည်း။

"အလို"

ကျူဖောင်းသည် နှုတ်မှ အာမေဍိတ်ဖြင့် ရုတ်တရက် အော်လိုက်ပြီး ထိတ်လန့်စွာ နောက်သို့ဆုတ်လိုက်လေသည်။

"ကျွန်တော့်ဓားကို ဓားအိမ်ထဲက ဆွဲထုတ်လိုက်ကတည်းက သူ့လည်ပင်းကိုဖြတ်ပြီး ပိုင်းပြီးသား။ အရိပ်မဲ့သိုင်းစဉ်ထဲမှာ ဒီဓားချက်ကို ပျံလွှားငှက်တောင် မရှောင်နိုင်ဘူး။ ကဲပါဗျာ . . . ကျွန်တော်တို့ အဘာမာဒင်ရှင်အိမ်ကို သွားကြစို့"

ထို့နောက် နှစ်ယောက်သား လမင်းတစ်ရာစားသောက်ဆိုင်မှ ထွက်လာခဲ့ကြတော့သတည်း။

"ဟိုရှေ့မှာ လှမ်းတွေ့နေရတဲ့အိမ်ဟာ ဆရာကြီးဟာဒင်ရှင်ရဲ့အိမ်ပဲ ညီလေး"

ထိရီ လှမ်းကြည့်လိုက်ရာ အတန်အသင့်ကောင်းသော အိမ်တစ်အိမ်ကို လှမ်း၍မြင်တွေ့လိုက်ရသည်။ အတွင်းပိုင်း၌ မီးထွန်းညှိထားပုံရ၏။ ပြူးအန်ထွက်လာသော မီးအလင်းရောင်က အပြင်သို့တိုင် လျှံထွက်ဖြာလင်းနေပေ၏။



"ကျေးဇူးပဲ အစ်ကို အစ်ကိုသွားချင်ရင် သွားနိုင်ပါပြီ"

"ဒါဖြင့် . . . အစ်ကို့ကို ခွင့်ပြုပါဦး ညီလေး"

"ဟုတ်ကဲ့ အစ်ကို"

ကျူဖောင်းသည် ထိရီကို နှုတ်ဆက်ပြီး ထွက်ခွာသွားရာ များမကြာမီအတွင်း အမှောင်ရိပ်အောက်ဝယ် ပျောက်ကွယ်၍သွားလေ၏။

ထိရီသည် ပတ်ဝန်းကျင်အနံ့ကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး အဘာမာဒင်ရှင်၏အိမ်သို့ တစ်ချက်ချင်းလျှောက်လာခဲ့လေတော့၏။

အိမ်ရှေ့သို့ရောက်သော် ခဏမျှရပ်နေလိုက်ပြီး၊ ဘေးဆီဝဲယာနှင့် အိမ်၏အတွင်းပိုင်းကို အကဲခတ်ကြည့်လိုက်သည်။

ညဉ့်အတန်နက်ပေပြီ။

အကာလ ညအခါမို့ အပြင်လောက ပတ်ဝန်းကျင်တွင် ငြိမ်သက်လျက်ရှိ၏။ သို့ရာတွင် ညဉ့်၏ ပိုးကောင် မွှားကောင်တို့၏အသံကိုမူ တစ်ချက်တစ်ချက် ကြားနေရ၏။

အဘာမာဒင်ရှင်၏ အိမ်အတွင်း၌ကား မီးအလင်းရောင်မှတစ်ပါး အခြားဘာသံကိုမျှ မကြားရပေ။

www.burmeseclassic.com

www.burmeseclassic.com



"အဘ မာဒင်ရှင်ရဲ့နီး လှိုရင်ရှင်များ အိပ်ပျော်နေသလား မသိဘူး"

ထိရီသည် အိမ်အတွင်းပိုင်းကို တစ်ချက်ကြည့်လိုက်ပြီး တွေးလိုက်၏။

"အဘတတ်နိုင်ဘူး။ အိပ်ပျော်နေရင်လည်း နှိုးပြီး အကျိုးအကြောင်းတော့ ပြောပြရမှာပါပဲ"

ထိရီသည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး တံခါးမကြီးကို လက်ဖြင့် တဒေါက်ဒေါက် ခေါက်လိုက်ပေ၏။

တံခါးခေါက်သံကြောင့် အိမ်အတွင်းပိုင်းမှ အသံတစ်သံ ထွက်ပေါ်လာလေသည်။

"ဘယ်သူလဲ"

"ကျွန်တော်ပါ အမေ"

ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိ၍ ပါးစပ်ထဲရှိရာကို ချက်ချင်း ထုတ်ဖော်ပြောကြားလိုက်ရသည်။

ထိရီ၏ ကျွန်တော်ပါအမေဟု ဖြေကြားသံကြောင့် ထပ်ဆင့်မေးခွန်းတစ်ခု အိမ်တွင်းပိုင်းမှ ဆက်လက်ထွက်ပေါ်လာပြန်သည်။

"ကျွန်တော်ဆိုတာ ဘယ်သူလဲ။ နာမည်ပြောပါ"

"ဟုတ်ကဲ့အမေ။ ကျွန်တော်နာမည် ထိရီပါ။ အဘမာဒင်



ရှင်ရဲ့ မိတ်ဆွေတစ်ယောက်ပါ"

ထိရီ၏အဖြေကြောင့် ခစ်ခနဲရယ်သံတစ်ခုကို အံ့ဩဖွယ်ရာ ကြားလိုက်ရပေ၏။

ထိုခစ်ခနဲရယ်မောသံကြောင့် ထိရီမှာ အူကြောင်ကြောင် ဖြစ်၍သွားသည်။

"ရှင် ကျွန်မယောကျ်ားရဲ့ သူငယ်ချင်းလား"

"ဟုတ်ပါတယ် ခင်ဗျား"

ထိရီက ပြောလိုက်သည်။ သို့သော် တံခါးမကြီးကမူ ယခင်ပုံစံအတိုင်း ပိတ်လျက်ပင် ရှိပေ၏။

"ကျွန်တော့်ကို တံခါးဖွင့်ပေးပါအမေ"

"ကျွန်မ ရှင့်ကို တံခါးဖွင့်ပေးလို့မဖြစ်ဘူး။ ရှင် ကျွန်မယောကျ်ားရဲ့ သူငယ်ချင်းဆိုတာ ဘယ်လိုလုပ်ပြီး အထောက်အထားပြနိုင်မလဲ"

"ဒါတော့ ပြနိုင်မယ်မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဘမာဒင်ရှင်နဲ့သိရတာ ရက်တော်င်မကူးသေးလို့ပါခင်ဗျား။ ခင်ဗျား ကျွန်တော့ကိုယုံရင် တံခါးဖွင့်ပေးပါ။ မယုံရင်တော့ ကျွန်တော့် အခွပ်နဲ့ကျွန်တော် အိမ်ထဲကို ရောက်အောင်လာရလိမ့်မယ်"

"အဲလို ရှင် အတင့်ရဲသူပါလား။ ကျွန်မ ခွင့်ပြုချက်မရဘဲ ရှင် အိမ်ပေါ်တက်လာရင် ရှင် နကွဲရောက်သွားနိုင်တယ်ဆိုတာ မစဉ်း

www.burmeseclassic.com

www.burmeseclassic.com



စားမိဘူးလား"

"စဉ်းစားနေစရာ မလိုဘူးလေ၊ ယွန်းလောလော ဆုံးဖြတ်ချက်ချပြီးရင် ပြန်ပြင်ရိုးထုံးစံမရှိတဲ့ကောင်ပဲ။ ကဲ . . . အဘမာဒင်ရှင် ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်မှာ ပြောစရာတွေပါလာတယ်။ အခု စကားပြောနေတာ လွီရင်ရင်လား"

"ဟုတ်ပါ လွီရင်ရင်အစစ်ပါရှင်"

"ဒါဖြင့် ဘာဖြစ်လို့ ကျွန်တော့ကို နထီ တံခါးမဖွင့်ပေးသေးတာလဲ"

"ဒါကတော့ အရှင်းကလေးပဲရှင့်။ ရှင့်ကို ကျွန်မ မယုံလို့ပေါ့ရှင်"

"ဟာ . . . ဒုက္ခပါပဲဗျာ၊ ကျွန်တော် စိတ်ညစ်သွားပြီ၊ ခင်ဗျားမဖွင့်ရင် ကျုပ်နည်းကျုပ်ဟန်နဲ့ ဝင်ရတော့မှာပဲ"

"ဒါကတော့ ရှင့်သဘောပဲလေ"

ထီရိသည် အကြီးအကျယ်စိတ်ညစ်သွားပြီးနောက် ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်လေတော့၏။

ယင်းဆုံးဖြတ်ချက်မှာ မရ ရတဲ့နည်းဖြင့် အိမ်ထဲအရောက်ဝင်ရန်သာ ဖြစ်လေတော့သတည်း။

"ကဲ . . . အမေလွီ ကျုပ်ဝင်လာတော့မယ်"

အသံပေးပြီး တံခါးမကြီးကို ဝုန်းခနဲရိုက်ကာ တစ်နေရာ



သို့ ကူးပြောင်းရွေ့လျားလိုက်သည်။ ယင်းလုပ်ဆောင်ချက်မှာ လွီရင်ရင်ကို လှည့်စားလိုက်ခြင်းသာဖြစ်၏။

ပင်စစ် ထီရိသည် အိမ်ထဲ ဟာစ်နည်းတစ်ဟန်ဖြင့်အရောက်ဝင်ရန် ပရိယာယ်ဆင်လိုက်ခြင်းဖြစ်သည်။

လွီရင်ရင်က ဓားလွတ်ကိုကိုင်၍ နေရာမှ မရွေ့ဘဲ တံခါးမကြီး၏ တစ်လက်ကွာ ထဲဘက်ထောင့်တွင် နေရာယူကာ အသင့်ပြင်ဆင်ထားလိုက်၏။

ထီရိသည် အိမ်ခေါင်မိုးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။ ပြီးနောက် အုတ်ကြွပ်တစ်ချပ်ကို ခွာလိုက်၏။ တစ်ကိုယ်စာ ဝင်ပေါက်ရသည်နှင့် အိမ်တွင်းသို့ ကြောင်တစ်ကောက်လို ခုန်ဆင်းချလိုက်၏။

လွီရင်ရင်သည် တံခါးမကြီးပွင့်လာရင် ရန်သူဝင်လာမည်။ ခန်သူကိုမြင်ရသည်နှင့် ဓားဖြင့် အလစ်ဝင်ခုတ်မည်။ ဤရည်ရွယ်ချက်ဖြင့် တံခါးမကြီးမှမခွာဘဲ အသင့်ပြင်ဆင်ကာ ရန်သူအလာကို စောင့်ဆိုင်းလျက်ရှိနေပေ၏။

ထိုစဉ် လွီရင်ရင်အနားသို့ အရိပ်သဏ္ဍာန်တစ်ခုသည် လေတိုက်သလို ဝှစ်ခနဲရောက်ရှိ၍လာပြီးလျှင် လွီရင်ရင်၏ လက်ဆံမှအား ဆတ်ခနဲလှမ်းယူလိုက်လေ၏။

တိုးလှမ်းယူလိုက်သော အရိပ်သဏ္ဍာန်ရှင်ပုဂ္ဂိုလ်ကား ထီရိ

www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်ပေသတည်း။

"အို‥ရှင် ရှင် ဘယ်လိုလုပ်ပြီး အိမ်ထဲကို ဝင်လာတာလဲ"

"ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ ခေါင်မိုးကိုဖောက်ပြီး ဝင်လာတာပေါ့ဗျာ"

လွှီရင်ရင်သည် ထိရိ၏လက်တွင်းမှ အတင်းရုန်းကန်နေသော်လည်း ကျွတ်လွတ်သွားခြင်းမရှိပေ။ ထိရိ၏ အချုပ်အဖမ်း သန်စွမ်းမှုကို သူမအနေဖြင့် မလွန်ဆန်နိုင်တော့သောကြောင့်ဖြစ်၏။

"ခင်ဗျား ဘယ်သူလဲ။ အဘမာဒင်ရှင်နဲ့ ဘာတော်စပ်သလဲ"

ထိရိက သူမမျက်နှာကို သေသေချာချာ စူးစူးစိုက်စိုက်ကြည့်၍ မေးလိုက်သည်။ အဘယ်ကြောင့်ဆိုသော် သူမ၏အသက် အရွယ်မှာ လွန်စွာငယ်နုပျိုနေသောကြောင့် ဖြစ်သည်။

အများဆုံးရှိလှ သူမ၏အသက်မှာ ဆယ့်ရှစ်ဆယ့်ကိုး ထက်မပို။

အလွန်လှပချောမောသော မိန်းမပျိုတစ်ယောက်ပင်။ ထိရိသည် သူမကိုကြည့်၍ လွန်စွာအံ့ဩထိတ်လန့်၍ သွားလေ၏။

"ကျွန်မ အစ်ကိုကြီးမာဒင်ရှင်ရဲ့ မိန်းမပါ"

"ဗျာ"



"ခုလိုပြောလိုက်ရင် ရှင် သိပ်အံ့ဩသွားသလား"

ထိရိ မဖြေဘဲ ခေါင်းကိုညိတ်ပြလိုက်သည်။ လွှီရင်ရင်သည် ထိရိကိုကြည့်၍ ပြုံးလိုက်၏။ ပြီးမှ သူမက ထိရိကိုမေးလိုက်သည်။

"ရှင့်လာရင်းကိစ္စ ပြောနိုင်ပါတယ်။ တစ်ခုခုစားသောက်ပြီး ဧည့်ခန်းမှာ စကားပြောကြရအောင်ပါ"

"ဟုတ်ကဲ့"

လွှီရင်ရင်သည် ထိရိကို ဦးဆောင်၍ ဧည့်ခန်းသို့ ခေါ်သွားသည်။ ဧည့်ခန်း၌ ထိုင်မိကြသောအခါ လွှီရင်ရင်က ဧည့်ဝတ်ကျေစွာ အရက်တစ်အိုးနှင့် ဝက်သားပေါက်စီများ ချပေးသည်။

"သုံးဆောင်ပါရှင်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် လွှီ။ ကျွန်တော် ခင်ဗျားကိုတွေ့တော့ သိပ်ကိုအံ့ဩသွားတယ်ဗျာ"

ထိရိက ရင်ထဲအမှန်တကယ် ဖြစ်ပေါ်ခံစားမိသော ခံစားချက်ကို ရိုးသားပွင့်လင်းစွာ ပြောလိုက်သည်။ ထိုအခါ သူမက ထိရိကိုကြည့်လျက် ဟက်ခနဲပြုံးလိုက်လေသည်။

"ရှင် သိပ်အံ့ဩသွားလိမ့်မယ်ဆိုတာ ကျွန်မတကယ်ပဲ သိကြည့်ပါတယ်။ ရှင့်စိတ်ထဲမှာ ကျွန်မနဲ့ အစ်ကိုကြီးမာဒင်ရှင်ကို သင်မယားလို့ မထင်နိုင်အောင် ဖြစ်နေတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်လို့ ခုတော့ ခင်ဗျားကိုယ်တိုင် ဝန်ခံပြော ဆိုနေတော့ မယုံရင် ကျွန်တော့်အမှားပဲ ဖြစ်တော့မှာပေါ့။ ကျွန်တော့်ကို အရက်သောက်ခွင့်ပြုပါ"

"သောက်ပါရှင်။ ရှင့်အတွက် ကျွန်မ ညှော်ခံတဲ့ပွဲမှာ အရက်လည်း ပါပါတယ်။ ဟောဒီမှာ ပေါက်စီတွေလည်း ကြိုက်သလောက် သုံးဆောင်နိုင်ပါတယ်ရှင်"

ထိရီ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး အရက်အိုးကို လှမ်း ကိုင်ကာ မော့သောက်လိုက်သည်။

"ဟာ ဒီအရက်လည်း အမှန်ကောင်းတာပါပဲဗျာ။ ကွမ်း ဝိုက်မြို့ကထွက်တဲ့အရက်တွေဟာ အားလုံးလိုလို ကောင်းတာ ချည်းပါပဲလား"

"အစ်ကိုအထင်တွေ မှားသွားပြီ။ ဒီအရက်က ကွမ်းဝိုက် ထွက်အရက် မဟုတ်ပါဘူး။ မြောက်ပိုင်းပြည်နယ်က ထွက်တဲ့ အကောင်းစား ရွှက်စိမ်းအရက်ပါ။ ကွမ်းဝိုက်အရက်နဲ့ အရသာ ချင်း အများကြီးကွာပါတယ်"

"ဩော်…ဟုတ်လား"

"ဟုတ်ပါတယ်။ ဒါထက် အစ်ကို့နာမည်က…"

"ထိရီပါ"

"ရှင်…"



ထိရီဟူသော အသံကိုကြားလိုက်သည်နှင့် လို့ရှင်ရင်သည် ထိုင်နေရာမှ ရုတ်တရက် ထလိုက်သည်။

"ထိုင်ပါ ကျွန်တော်ဟာ လို့ရဲ့ ရန်သူမဟုတ်ပါဘူး။ မိတ်ဆွေကောင်းတစ်ယောက်ပါ"

"ရှင်…ရှင်…လူသားစင်စစ်နော်"

"ဟုတ်ပါတယ်၊ ကျွန်တော် လူသားစင်စစ်ပါလို့။ ကျွန်တော် ဝိညာဉ်အဖြစ်နဲ့ လို့ဆီလာပြီး အနှောင့်အယှက်ပေးနေတာ မဟုတ်ပါဘူး"

"ဒီနေ့ပဲ ရှင့်ကို ဝူတန်ဂိုဏ်းကပုဂ္ဂိုလ်တွေဖမ်းပြီး လူ သတ်ကုန်းမှာ သတ်တော့မယ်လို့ ကျွန်မကြားတယ်။ အဲဒီသတင်း ဟုတ် မဟုတ် သေချာအောင်ဆိုပြီး, အစ်ကိုကြီးမာဒင်ရှင်လည်း အဲဒီနေ့မှာပဲတောင် လူသတ်ကုန်းကို ထွက်သွားလေရဲ့"

"ဟုတ်ပါတယ်၊ အဲဒီသံမဏိတောင် လူသတ်ကုန်းမှာပဲ အဘမာဒင်ရှင်နဲ့ ကျွန်တော် တွေ့ဆုံပြီး မိတ်ဆွေဖြစ်ခဲ့တာပါ။ ကျွန်တော် ဒီကာစ္စတွေအားလုံး ရှင်းပြပါ့မယ်၊ လို့ သေသေချာချာနဲ့ ယုံယုံကြည်ကြည် လက်ခံနားထောင်ပါနော်"

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်မနားထောင်ပါမယ်"

လို့ရှင်ရင်သည် ထိရီကို ယုံကြည်သွားဟန်ဖြင့် နေရာ တွင် ပြန်၍ထိုင်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိရီက လက်ကျန်အရက်ကို အနည်းငယ်သောက်ပြီး အရက်အိုးကို စားပွဲပေါ်၌ ပြည့်ချထားလိုက်ကာ အဘမာဒင်ရှင်နှင့် တွေ့ကြုံရင်းနှီးခဲ့ပုံတို့ကို ပြောပြလိုက်လေ၏။

“ဟင် အစ်ကိုကြီးမာဒင်ရှင် ဆုံးပြီဟုတ်လား”

“ဟုတ်ပါတယ်လွီ။ ကျွန်တော်ကိုယ်တိုင်ပဲ သူ့အလောင်းကို ကောင်းကောင်းမွန်မွန် မြှုပ်နှံခဲ့ပြီး လွီဆီလာခဲ့တာပါ။ ကျွန်တော့်တာဝန်နဲ့ ကတိကတော့ ခင်ဗျားဆီက အဆိပ်တစ်ထောင်တားကိုယူပြီး လွီချန်းရွှာကိုလိုက်ပို့ပေးဖို့ တာဝန်နဲ့ ရောက်လာတဲ့လူပါ။ အဘမာဒင်ရှင်ကိုယ်တိုင် ကျွန်တော့်ကို ပေးခဲ့တဲ့ကတိပါ။ ကျွန်တော်အမိုင်းက ငြင်းဆိုလိုက်ရင် ကျွန်တော်ဟာ လူလိမ်လူညာတစ်ယောက် ဖြစ်သွားလိမ့်မယ်လွီ။ လွီ့ကို ကူညီဖို့ တာဝန်နဲ့ လာတဲ့ကျွန်တော်ကို လွီခိုင်းပါ။ သေသူအဘမာဒင်ရှင်အတွက် ကျွန်တော်တာဝန်ကျေပါရစေ”

ထိရီ၏စကားအဆုံး၌ အင့်ခနဲ ငိုရှိုက်သံကိုကြားလိုက်ရ၏။ လွီရင်ရင်၏ ငိုရှိုက်သံဖြစ်သည်။

“စိတ်ကိုထိန်းပါလွီ။ ကျွန်တော်ဟာ အင်မတန်ရန်သူများတဲ့ လူတစ်ယောက်ပါ။ ဖြစ်နိုင်မယ်ဆိုရင် ဒီညတွင်းချင်း ခရီးဆက်ကြရင် ကောင်းမယ်ထင်တယ်”

လွီရင်ရင်သည် ငိုရှိုက်[illegible]မှတန့်၍ ဖျတ်ခနဲ ထိရီကို



မော့ကြည့်လိုက်သည်။ ပြီးနောက်...

“ဟုတ်ပါတယ် အစ်ကို။ အစ်ကို့ကို ကျွန်မယုံကြည်ပါတယ်။ အစ်ကို့မှာ ရန်သူတွေဝိုင်းနေတယ်ဆိုတာလည်း ကျွန်မကြားပါတယ်”

ပြောပြီး လွီရင်ရင်သည် ထိုင်ရာမှ ထလိုက်သည်။ ပြီးနောက် အခန်းတစ်ခုအတွင်းသို့ဝင်၍ ဓားနှင့်ဓားအိမ်တွဲလျက်ထားသော ဓားတစ်လက်ကိုယူ၍ ပြန်ထွက်လာသည်။

“အစ်ကို့ဘက်က အဆင်သင့်ဖြစ်ပြီဆိုရင် သွားနိုင်ပါပြီ အစ်ကို”

“လွီ ဘာလုပ်ချင်သေးလဲ”

“ကျွန်မအတွက် လုပ်စရာဘာမှမရှိပါဘူး။ အစ်ကို အရက်သောက်ချင်သေးတယ်ဆိုရင် ဆက်သောက်ပါ အစ်ကို။ ကျွန်မစောင့်နိုင်ပါတယ်”

“အရက်က ဘယ်မှာသောက်သောက်ရပါတယ်လွီ။ အချိန်နဲ့ ကာလကသာ ဘယ်လိုဆွဲထား ဆွဲထား မရနိုင်တာပါ။ ကိုင်း...အဆင်သင့်ဖြစ်ရင် သွားကြမယ်”

လွီသည် မီးအိမ်မှ မီးများကို ငြိမ်းသက်လိုက်သည်။ တစ်အိမ်လုံး အမှောင်တိုက်အတွင်းသို့ ရောက်သွားချိန်မှာ ထိရီနှင့် လွီရင်ရင်တို့သည် အိမ်ပြင်သို့ ထွက်လာခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အပြင်လောက၌ ဝိုးတဝါးအလင်းရောင်များ ဖျော့တော့အားနည်းလျက်ရှိသည်။

× × ×

## ၀ူတန်ဂိုဏ်းချုပ်ကြီးနှင့် ပါးမည်းညီနောင်နစ်ဖော်

လဝန်းဝါသည် တိမ်ထဲဝင်လိုက်၊ ပြန်ထွက်လိုက်ဖြင့် စိတ်မငြိမ်သော အရူးတစ်ယောက်လို လှုပ်ရှားနေသည်။ လေရူးသည် တိုက်ချင်သလို တိုက်နေ၏။

ထိုအချိန်၌ ထိရီသည် လွီရင်ရင်၏ လက်တစ်ဘက်ကို ဆွဲ၍ ကွမ်းဂိုက်မြို့နှင့် အတန်အလှမ်းကွာသော ဆင်ခြေဖုံးရပ်ကွက်တစ်ခုသို့ရှေ့ရှုကာလ ခရီးနှင်လျက်ရှိသည်။

"လွီ"

"ရှင်"

"တို့ ဒီအတိုင်းခရီးဆက်နေရင် လွီချန်းရွာကိုရောက်တော့မှာ မဟုတ်ဘူး"

"အဲဒီတော့ အစ်ကိုဘာလုပ်ချင်သလဲ"

"အစ်ကိုတို့ မြင်းတစ်ကောင်ဝယ်ပြီး ခရီးနှင်ရင် ပိုပြီးအဆင်ပြေလိမ့်မယ် လွီ"

"သိပ်မှန်တာပေါ့ အစ်ကို။ ဒါထက် မြင်းက ဘယ်မှာ



ဝယ်ရမှာလဲ"

"ဒီညတော့ ဝယ်လို့ဖြစ်မှာ မဟုတ်ဘူး။ မနက်ကျမှ အခြေအနေကြည့်ပြီး ဝယ်မှဖြစ်မယ်"

"အစ်ကိုကြိုက်သလိုလုပ်ပါ"

လွီရင်ရင်နှင့် ထိရီတို့ လျှောက်လာကြရာ များမကြာမီ စားသောက်ဆိုင်တစ်ခုသို့ ရောက်လာလေ၏။

၎င်းစားသောက်ဆိုင်မှာ ညလုံးပေါက်ဖွင့်သော စားသောက်ဆိုင်တစ်ဆိုင်ဖြစ်ကြောင်း လွီကပြောပြသည်။ လမင်းတစ်ရာ စားသောက်ဆိုင်ထက် မကြီးမကျယ် မခမ်းနားသော်လည်း အတန်အသင့်ကောင်းမွန်သော ဆိုင်တစ်ဆိုင်ဖြစ်၏။

ဆိုင်၏အမည်မှာ ပါးမည်းညီနောင် စားသောက်ဆိုင်ဟု ဆိုင်းဘုတ်တပ်ထားသည်။ စားပွဲ၊ ကုလားထိုင်များ ခင်းကျင်းထားပုံမှာ သန့်သန့်ပြန့်ပြန့် ရှင်းရှင်းလင်းလင်းရှိ၏။

စားပွဲတစ်ခုတွင် လွီနှင့်ထိရီတို့ နေရာယူထိုင်လိုက်သောအခါ စားပွဲထိုးကောင်လေးတစ်ယောက် အနားသို့ရောက်လာလျက်...

"ဘာသုံးဆောင်ကြမလဲ ခင်ဗျာ"

ဟု မေးသည်။

"လွီ...ဘာစားမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုထိ ကြိုက်တာမှာပါ"

"ညီလေးရေ ခေါက်ဆွဲကြော်နှစ်ပွဲနဲ့ အရက်တစ်အိုးပေးပါ"

စားပွဲထိုးကို လှမ်းမှာရင်းမှ လွှီဘက်လှည့်၍ . . .

"လွှီရော အရက်သောက်မလား"

ဟု ဆက်မေးလိုက်သည်။

"ဟင့်အင်း . . . ကျွန်မ အရက်မကြိုက်ပါဘူး။ ဒါပေမဲ့ အရက်သမားတွေကို ကျွန်မ မမုန်းတတ်ပါဘူးရှင်"

ဟု လွှီစကားကြောင့် ထိရီပြုံးလိုက်သည်။

"ဒါပဲ ညီလေး၊ လိုအပ်ရင် အစ်ကိုတို့ ဆက်မှာမယ်"

ထိရီက စားပွဲထိုးကို ပြောလိုက်ရာ စားပွဲထိုးကောင်လေးသည် "ဟုတ်ကဲ့"ဟု ခေါင်းညိတ်ကာ နေရာမှ ချက်ချင်းထွက်သွားလေသည်။

ပါးမည်းညီနောင် စားသောက်ဆိုင်အတွင်းတွင် လူသိပ်မများလှပေ။ ခရီးသွားများနှင့် မြို့ခံ၊ နယ်ခံလူများ လေးငါးခြောက်ယောက်ခန့် တွေ့သည်။

ထိုစဉ် ပါးမည်းညီနောင် စားသောက်ဆိုင်အတွင်းသို့ လူတစ်ယောက်ဝင်ရောက်လာသည်။ ထိုလူမှာ တောကျီးကန်းတစ်ကောင်ကဲ့သို့ အလွန်လူပ်လူပ်ရှားရှား ရှိလှ၏။



အရပ်အမောင်းကောင်း၍ အသက်လေးဆယ်ကျော်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။ ဆောင်းမားတစ်လက်ကို ပခုံး၌လွယ်လျက် ဝတ်စုံအနီရဲရဲကို ဝတ်ဆင်ထားသည်။

ထိုလူကို ထိရီ အကဲခတ်ကြည့်လိုက်ပြီး လွှီရင်ရင်ဘက်သို့လှည့်ကာ လေသံဖြင့် မေးလိုက်သည်။

"အခုဝင်လာတဲ့လူကို လွှီ သိလား"

"ဟင့်အင်း . . . အဲဒီလူကို ကျွန်မ မသိဘူး"

ဝတ်စုံနီနှင့်လူကြီးက ထိရီတို့ဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်သဖြင့် ထိရီက ရုပ်မပျက်မိအောင် ခေါင်းကိုငုံ့ထားလိုက်သည်။

ထို့နောက် ထိုလူသည် ပါးမည်းညီနောင်နှစ်ဖော်ရှိရာ ဒေါ့သိမ်းစားပွဲသို့ လျှောက်သွား၏။

"အဲဒီ ဝတ်စုံနီနဲ့ပုဂ္ဂိုလ်ကြီးဟာ ပေါ့ပေါ့တန်တန် ပုဂ္ဂိုလ်မဟုတ်ဘူး လွှီ၊ ဂူတန်ဂိုဏ်းက ဂူတန်ဂိုဏ်းချုပ်ကြီးပဲ"

"ဟုတ်လား ဒီလိုဆိုရင် အစ်ကို့ကို ဖမ်းလိုက်ရင် ဘယ်နှယ့်လုပ်မလဲ။ ဒုက္ခပဲ အစ်ကို့ကို သူမြင်သွားပြီလား မသိဘူး"

"ကြောက်စရာ မလိုပါဘူးလွှီရယ်။ ဂူတန်ဂိုဏ်းချုပ်ကြီးမကလို့၊ ရှောင်လင်ဂိုဏ်းချုပ်ကြီးပဲဖြစ်ဖြစ် အစ်ကိုမကြောက်ပါဘူး၊ အစ်ကိုရထားတဲ့ သိုင်းပညာရပ်ကို သူတို့မယှဉ်နိုင်ပါဘူး။ ဒါရာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးလန်ပေါင်းရဲ့ သိုင်းကွက်တစ်ထောင်ထဲမှာ အညံ့ဆုံးသိုင်းကွက်တစ်ကွက်တောင် သူတို့မတတ်ဘူး။ အဲဒီအညံ့ဆုံးသိုင်းကွက်ကိုလည်း သူတို့တတ်ကျွမ်းထားတဲ့ သိုင်းကွက်တွေနဲ့ ယှဉ်လို့မရပါဘူးလွှီ။ အဲဒီလိုပြောလိုက်လို့ လေကျယ်တယ်လို့ လွှီထင်ရင် လွှီအထင်တွေ သိပ်ကိုမှားသွားလိမ့်မယ်။ မယုံကြည့်နေ ဒီည ဆိုင်ထဲမှာ ပြဿနာတစ်ခုပေါ်လာလိမ့်မယ်။ အဲဒီပြဿနာရဲ့ အဓိကဇာတ်ကောင်က အစ်ကိုပဲဖြစ်လိမ့်မယ်"

"အစ်ကို တကယ်ပြောနေတာလား။ ဒီည ပြဿနာပေါ်ရင် ကျွန်မ ဘာလုပ်ရမလဲ။ ကျွန်မက သိုင်းပညာကောင်းကောင်းတတ်သေးတာမဟုတ်ဘူး။ ကျွန်မ ရှောင်နေရမလား"

"မလိုပါဘူး လွှီအနားမှာ အစ်ကိုရှိနေတာပဲ။ လွှီ့ကိုလွှီချန်းအထိပို့ပြီးမှ အစ်ကို့တာဝန်က ကျေမှာ။ ကတိဆိုထားခဲ့ပြီရင် အောင်မြင်အောင်လဲ ဆောင်ရွက်ပေးရတယ်။ ကတိမတည်တာဝန်မကျေတဲ့လူဟာ အလကားလူပဲ"

ထိရီ၏စကားကြောင့် တစ်အားတက်သွားရသူက လွှီရင်ရင်ဖြစ်သည်။ လွှီရင်ရင်သည် အလွန်ကျေနပ်အားတက်သွားဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်ကာ ပြုံးလိုက်လေသည်။

ထိရီတို့ စကားကောင်းနေစဉ်မှာပင် စားပွဲထိုးကောင်လေးရောက်လာပြီး စားစရာနှင့် အရက်တစ်အိုးကိုချပေးကာ ပြန်



ထွက် သွားလေသည်။

"လွှီ . . . စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ထားပြီး စားနော်"

"ဟုတ်ကဲ့ အစ်ကို"

လွှီ ခေါက်ဆွဲကြော်ကို စားနေစဉ်၌ ထိရီက အရက်အိုးထဲမှ အရက်ကို ငုံမိခံ့သောက်နေလေသည်။

ငွေသိမ်းစားပွဲ၌ ပါးမည်းညီနောင်နှစ်ဖော်နှင့် ဂူတန်ဂိုဏ်းချုပ်ကြီးတို့ နှစ်ကိုယ်ကြား စကားပြောနေသည်ကို ထိရီ အကဲခတ်မြင်နေသည်။

ဂူတန်ဂိုဏ်းချုပ်ကြီးက ပါးမည်းညီနောင်နှစ်ဖော်ကို တိုးတိုးကပ် ပြောလိုက်သော်လည်း ဂူတန်ဂိုဏ်းချုပ်ကြီး၏ ပါးစပ်အလှုပ်အရှားကြောင့် သူဘာပြောနေမှန်း ထိရီ ကောင်းစွာသိလိုက်၏။

"ဟိုစားပွဲမှာထိုင်နေတဲ့ မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေးတစ်ယောက်ကို ခင်ဗျားတို့ မြင်တယ်မဟုတ်လား"

"ဟုတ်ကဲ့ မြင်ပါတယ် ဂိုဏ်းချုပ်ကြီး"

"အဲဒီယောကျ်ားလေးကို သေသေချာချာကြည့်စမ်း သူ့ကို ခင်ဗျား ဘယ်သူလို့ထင်သလဲ"

ဂိုဏ်းချုပ်ကြီးက ပါးမည်းညီနောင်ကို မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သိုင်းဝိဇ္ဇာအကျော် ထိရီများဖြစ်နေမလား မသိဘူး ဂိုဏ်းချုပ်ကြီး"

"သိပ်ဟုတ်တာပေါ့။ ဒီကောင်လေးဟာ ထိရီ..စစ်ပဲ။ လူသတ်ကုန်းက လွတ်မြောက်သွားတဲ့ တစ္ဆေလေးတစ်ကောင်ပဲ။ ဒီည ဒီကောင်လေးကိုဖမ်းဖို့ အရေးကြီးတယ်"

ဂိုဏ်းချုပ်ကြီးက ပြောလိုက်သည်။

"ဂိုဏ်းချုပ်ကြီး သူ့ကိုဖမ်းလို့ လွယ်ပါ့မလား။ သူ့သိုင်းပညာက အရိပ်မဲ့သိုင်းကွက်တွေ အင်မတန်လျင်မြန်ဖျတ်လတ်တဲ့လေတွေကို လိုက်ဖမ်းသလို ဖြစ်နေဦးမယ်"

ပါးမည်းညီနောင်နှစ်ဖော်က အစ်ကိုကြီးဖန်ရှင်ကို ပြောလိုက်သည်။ ညီလေးဖန်ရှင်ကလည်း အစ်ကိုဖန်ပြောတာမှန်တယ်။ သူ့ကိုမဖမ်းမိဘဲ ဂိုဏ်းချုပ်ကြီး အဖမ်းခံလိုက်ရရင် ရာဇဝင်ရိုင်းနေဦးမယ်ဟု ဝင်ပြောလိုက်သဖြင့် ဝူတန်ဂိုဏ်းချုပ်ကြီး လိမ့်ထုံသည် မျက်နှာကြီးရဲတတ်သွားကာ ရှက်သွားလေသည်။

"ဝူတန်ဂိုဏ်းမှာ အဆင့်မြင့်သိုင်းကွက်တွေ တစ်ပုံကြီးရှိတာပဲ။ သူ့ကို ဘာလို့ကြောက်ရမှာလဲ။ ဖန်ရှင် တစ်ခုတော့ရှိတယ်။ မင်းတို့အနေနဲ့ ငါ့ကိုကူညီနိုင်မယ်ဆိုရင်တော့ ဒီညကိစ္စမှာ မိုးတောင်လင်းသွားမှာ မဟုတ်ဘူး"

"ကျွန်တော်တို့က ဂိုဏ်းချုပ်ကြီးကို ဘာအကူအညီပေးရမှာလဲ"

ဖန်ရှင်က မေးလိုက်သည်။

"ဒီကောင်ကို အရက်ထဲ အဆိပ်ခတ်ပြီးတိုက်လိုက်ရင် ဒီည မိုးမလင်းခင် ပွဲပြီးသွားမှာပေါ့ ညီလေးရေ"

ဝူတန်ဂိုဏ်းချုပ်ကြီး၏ စကားကြောင့် ပါးမည်းညီနောင်နှစ်ဖော်တို့ ခဏာပျူခဉ်းစားဟန်ဖြင့် ငြိမ်၍သွားလေသည်။ အတန်ကြာမှ . . .

"ကျွန်တော်တို့က အခုလိုကူညီပေးလိုက်တဲ့အတွက် အကျိုးအမြတ်ကိစ္စမှာ ဘယ်လိုခံစားခွင့်ရှိပါသလဲ ဂိုဏ်းချုပ်ကြီး"

ပါးမည်းညီနောင် နှစ်ဖော်မှာ အလွန်လောဘကြီးသော စီးပွားရေးသမားများ ဖြစ်ကြသည်။ ဤကဲ့သို့ လောဘကြီးမှန်းကိုလည်း ဝူတန်ဂိုဏ်းချုပ်ကြီး လိမ့်ထုံက သိထားခဲ့၏။ ထို့ကြောင့် လိမ့်ထုံက ဟက်ခနဲ တစ်ချက်ပြုံးလိုက်ပြီး . . .

"မင်းတို့ ညီအစ်ကိုနှစ်ယောက်ကို ဒီအတိုင်း ဘယ်ထားမလဲကွာ။ ငါ့ကိုကူညီရင် ငါကလည်း မင်းတို့ကိုပြန်ပြီး ကျေးဇူးဆပ်ရမှာပေါ့"

"ဂိုဏ်းချုပ်ကြီးက ကျွန်တော်တို့ကို ဘယ်လို ကျေးဇူးဆပ်မှာလဲ"

ပါးမည်းညီနောင်နှစ်ဖော်မှာ ကျေးဇူးဆပ်မည်ဟု လိမ့်ထုံ



www.burmeseclassic.com

www.burmeseclassic.com



ကပြောသောကြောင့် အလွန်သဘောကျလျက် ကျေနပ်နေကြသည်။

"မင်းတို့နစ်ယောက်ကို ရွှေတုံးအစိတ်နဲ့ ငွေတုံးငါးဆယ် ပေးမှာပေါ့"

"ဗျာ. . .တကယ်ပြောတာလား ဂိုဏ်းချုပ်ကြီး"

"လူကြီးစကားပဲကွာ၊ ငါက မင်းတို့ကိုလိမ်ညာပြီး ပြောပါ့မလား"

"ဒီလိုဆိုရင်တော့ အပြည့်အဝကူညီရမှာပေါ့ဗျာ။ နောက် တစ်အိုးသူမှာရင် ကျွန်တော်တို့ အရက်အိုးထဲ အဆိပ်ခတ်ပြီး ရောင်းချလိုက်ပါ့မယ်"

"ပိပိရိရိ လုပ်ကွာ"

"စိတ်ချပါ ဂိုဏ်းချုပ်ကြီး"

၎င်းတို့၏ တီးတိုးစကားရပ်များကို အလိုလို နားလည် လိုက်ပြီဖြစ်သော ထိရီသည် တစ်ချက်ပြုံးလိုက်ပြီး ခေါင်းကို ဆတ် ခနဲ ညိတ်လိုက်သည်။

"အစ်ကို ဘာပြုံးနေတာလဲ"

ထိရီကို တစ်ချိန်လုံးအကဲခတ်ကြည့်နေသော လွီရင်ရင် က ထိရီခေါင်းညိတ် ပြုံးနေသည်ကို မြင်လိုက်သဖြင့် ဤနှယ် မေးလိုက်ခြင်းဖြစ်သည်။



"လွီကို သတိပေးထားမယ်။ ဒီကောင်တွေ အစ်ကို့ကို ညစ်ပတ်ကြတော့မယ်။ ကြောက်စရာတော့ မလိုဘူး။ ဖြစ်လာ မယ့် ပြဿနာအားလုံးကို အစ်ကိုတာဝန်ယူတယ်"

လွီရင်ရင် ကြောက်မှာစိုး၍ ထိရီက သတိပေးလိုက်သည်။

ထိရီ သတိပေးလိုက်မှ လွီရင်ရင် ပို၍ကြောက်လာလေ သည်။

"အစ်ကို ကျွန်မတို့ အမြန်ဆုံး ဆိုင်ကထွက်သွားကြရင် ကောင်းမယ်ထင်တယ်"

"လွီ သိပ်ကြောက်နေသလား။ မကြောက်ပါနဲ့လွီ အစ်ကို သူတို့ကို သိုင်းကွက်သုံးကွက်တည်းနဲ့ အနိုင်တိုက်ခိုက်ပြလိုက်ပါ မယ်"

လွီရင်ရင်မှာ မျက်နှာအလွန်ပျက်နေပြီ ဖြစ်သည်။ ထိုစဉ် စားပွဲထိုးလေးပြန်ရောက်လာပြီး အရက်တစ်အိုး လာချပေးသဖြင့် ထိရီက. . .

"ဒီအရက်အိုးကို ဘယ်သူမှာတာလဲ၊ ငါလည်း မမှာ ပါဘူး"

ထိရီ၏ အမေးကြောင့် မျက်နှာပျက်သွားရသူက စားပွဲ ထိုးလေးဖြစ်သည်။

"ကျွန်တော့်ဆရာက ခိုင်းလိုက်လို့ပါ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးလေးက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြန်၍ဖြေလျှင် ထိရီက…

"မင်းတို့ဆရာက ဘယ်သူလဲ"

"ပါးမည်းညိုနောင်နှစ်ဖော်ပါ"

"ဘာကိစ္စနဲ့ မင်းကိုအပို့ခိုင်းတာလဲ"

"ကျွန်တော်မသိဘူး အစ်ကို"

"ဒါဖြင့် ဒီကိစ္စက တော်တော်ဆန်းတာပဲ။ မင်းပြောတဲ့ မင်းဆရာကို သွားခေါ်စမ်းပါဦး။ ဘာကိစ္စနဲ့ ငါ့ကို အရက်လာပို့တာလဲဆိုတာ မေးကြည့်ရအောင်"

"ဟုတ်ကဲ့ အစ်ကို"

စားပွဲထိုးလေး ပြန်ထွက်သွားသောအခါ ထိရီက…

"လွှို ဒီအရက်အိုးကို မထိနဲ့ ဒီအရက်အိုးထဲမှာ အဆိပ်ခတ်ထားတယ်"

"ရှင်"

လွှိုရင်ရင် လန့်သွားသည်။

"ဟုတ်ပါတယ် ဒါပေမဲ့ သိပ်ပြီးကြောက်စရာမလိုဘူး။ အိပ်ဆေး အဆိပ်တွေပါ။ အစ်ကိုတို့မသောက်ရင် ဖြစ်တာပဲ"

"ဒီ အရက်အိုးထဲမှာ အဆိပ်ပါတယ်ဆိုတာ အစ်ကို ဘယ်လိုလုပ် သိတာလဲ"



"သူတို့ စကားပြောသံကြောင့် သိတာပေါ့ လွှို"

"သူတို့စကားပြောသံလည်း ကျွန်မတို့ မကြားမိပါလား"

"လွှိုတော့ သိမှာတော့ မဟုတ်ဘူး။ အဆင့်မြင့်သိုင်းစဉ်ထဲမှာ အသံမဲ့ဆက်သွယ်ခြင်း အတတ်ပညာဆိုတာ ရှိတယ်။ အဲဒီ အသံမဲ့ဆက်သွယ်ခြင်း အတတ်ထက် တစ်ဆင့်နိမ့်တဲ့ ပါးစပ်လှုပ်ရှားမှု ဆက်သွယ်နားလည်ခြင်း အတတ်ဆိုတာ ရှိသေးတယ်။ သူတို့သုံးယောက် တီးတိုးပြောဆိုနေတုန်း ပါးစပ်လှုပ်ရှားမှုတွေကို ကြည့်ပြီး အစ်ကိုနားလည် သဘောပေါက်လိုက်တာပဲ လွှို။ မယုံစောင့်ကြည့်နေ အဖြေပေါ်တော့မယ်"

ထိရီက အရက်အိုးထဲမှ အဆိပ်ရည်နှင့်ပတ်သက်ပြီး လွှိုရင်ရင်နားလည်သဘောပေါက်သွားစေရန် ရှင်းပြလိုက်၏။

ထိရီ ရှင်းပြချက်ဆုံးသည်နှင့် ပါးမည်းညိုနောင်နှစ်ဖော်တို့သည် ထိရီရှိရာ စားပွဲသို့ လျှောက်လာကြပြီး…

"ညီလေး ဘာအကူအညီ လိုချင်လို့လဲ"

ဟု ဖန့်ရှင်က မေးလိုက်၏။

"ဩော်…ဘာအကူအညီမှ မလိုချင်ပါဘူး အစ်ကို။ မရှင်းတာလေးတစ်ခုရှိလို့ အစ်ကိုတို့ကို မေးရအောင် ခေါ်လိုက်တာပါ"

"ဩော်…မေးပါညီလေး"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအရက်အိုးက ကျွန်တော်မမှာဘဲ ဘာဖြစ်လို့ ကျွန်တော့်ဆီ ရောက်လာရတာလဲဆိုတာ မေးချင်လို့ပါအစ်ကို"

"ဩော်. . .ဒါလား၊ အစ်ကိုတို့က ညီလေးနဲ့ ရင်းနှီးချင်လို့ မေတ္တာနဲ့ကူညီတိုက်ကျွေးတာပါ"

ဟက်ခနဲ ထိရီပြုံးလိုက်ပြီး. . .

"ကျွန်တော့်ကို မေတ္တာနဲ့တိုက်ကျွေးတဲ့အတွက် အစ်ကိုတို့ကို ဟိုလူကြီးက ဘယ်လောက်များ ကျေးဇူးပြန်ပြုလိုက်ပါသလဲအစ်ကို"

ထိရီက ဂူတန်ဂိုထားချုပ်ကြီး လိမ့်ထုံကို တစ်ချက်လှမ်းကြည့်မေးဆက်ပြုကာ ဖန်ရှင်ကို မေးလိုက်သည်။

ဖန်ရှင်သည် မျက်နှာတစ်ချက်ပျက်သွားပြီး. . .

"ဘယ်လောက်မှ မရပါဘူး ညီလေး"

ဖန်ရှင်က လေသံမတည်မငြိမ်ဖြင့် ပြန်၍ဖြေကြားလိုက်လျှင် ထိရီက ဟက်ခနဲပြုံး၍. . .

"ဘယ်လောက်မှ မရဘူးဆိုတော့ နည်းနည်းပါးပါးတော့ ရလိုက်တယ်ဆိုတဲ့ သဘောလား။ နည်းနည်းပါးပါးရလိုက်တယ်ဆိုရင်လည်း ဘယ်ရွေ့ဘယ်မျှဆိုတာ ညီလေးသိအောင် ပြောပြပါလား အစ်ကို"

"ညီလေးက ဘာဖြစ်လို့ ဒီကိစ္စကို သိချင်ရတာလဲ"



ဖန်ရှီက ရုတ်တရက် ဝင်မေးလိုက်သည်။

"အဲဒီပုဂ္ဂိုလ်ကြီး ပေးတာထက် ကျွန်တော်က ပိုပြီး အဲဒီအရက်ကို သူ့ကိုတိုက်ကျွေးချင်လို့ပါ။ ဟဲ. . .ဟဲ. . .ဟဲ"

ပါးမည်းညီနောင်နှစ်ဖော်ပဲ့သည် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

"ညီလေးက ဒီအရက်အိုးထဲမှာ အဆိပ်ခတ်ထားတယ်လို့ ထင်နေလို့လား. . .ညီလေး"

"ဟုတ်တယ် အဆိပ်ခတ်ထားတယ်လို့ ကျွန်တော်ထင်တယ်"

"ဒါဆို ညီလေး အထင်မှားသွားပြီ"

"ညီလေး အထင်မှားတယ်ဆိုရင် အစ်ကိုတို့ နှစ်ယောက်အရင်သောက်ပြပါ။ ပြီးမှ ကျွန်တော် သောက်မယ်လေ ဘယ်နှယ်လဲ အစ်ကို"

ပါးမည်းညီနောင်နှစ်ဖော်သည် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး မကြုံတတ်အောင် ဖြစ်သွားလေတော့၏။

"ဟား. . .ဟား. . .ဟား"

ထိရီသည် ထိုင်နေရာမှထ၍ ရယ်မောလိုက်လေ၏။

ဂိုထားချုပ်ကြီးလိမ့်ထုံသည် အခြေအနေ အရပ်ရပ်ကို အကဲခတ်၍ ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့ ပီးမည်းညီနောင်နှစ်ဖော်ကို ကျွန်တော် ဆုံးမရတော့မယ်။ ကျွန်တော့်နာမည် ထိရီဆိုတာ ကြားဖူးမှာပေါ့။ သေရွာပြန် ထိရီဆိုပါလေ။ ဟား···ဟား···ဟား"

ထိရီ သဘောကျစွာ ရယ်မောလိုက်စဉ်မှာပင် အလင်းတန်းတစ်ခုသည် ထိရီထံ ဝုန်ခနဲအော်မြည်ကာ ပြေးဝင်လာသည်။

ထိုအလင်းတန်းမှာ ငွေအပ်ကလေးတစ်ချောင်း ဖြစ်သည်။ ငွေအပ်ဆိုသော်လည်း အလွန်တရာမှ အဆိပ်ပြင်းထန်သော အဆိပ်လူး ငွေအပ်ကလေးတစ်ချောင်း ဖြစ်ပေသည်။

ထိုငွေအပ်ကလေးဖြင့် ပစ်ခတ်လိုက်သူမှာ ပူတာန်ဂိုဏ်းချုပ်ကြီး လိမ့်ထုံပင်ဖြစ်ပေ၏။

အလင်းတန်းလေး လျှပ်ရှားပြေးဝင်လာစဉ်မှာပင် ထိရီက အရိပ်မဲ့လက်ဝါးသိုင်းကွက်ဖြင့် လေကိုရိုက်ထုတ်ပစ်လိုက်၏။ လေကွဲပျက်စင် သိုင်းကွက်ဖြစ်သည်။

"ဝုစ်···"

လေကွဲပျက်စင် သိုင်းကွက်ကြောင့် ငွေအပ်ငယ်သည် ရှေ့မတိုးနိုင်ဘဲ ဘေးသို့ လွင့်စဉ်သွားကာ ဖန်ရှင်အား ထိခတ်သွားလေ၏။

"အား"

ဖန်ရှင်သည် ငွေအပ်မှုးကာ ချက်ချင်းပင် လဲကျသေဆုံး



သွားလေ၏။

ဖန်ရှင် လဲကျသေဆုံးသွားသည်နှင့် ညီအငယ်ကောင် ဖန်ရီသည် လျှပ်လျှပ်ရှားဖြစ်၍သွားကာ နောက်ကြောင်းပြန်လှည့်ပြေးရန် ပြင်သည်။

"ဟိတ်···မပြေးနဲ့"

ထိရီက လှမ်းအော်တားလိုက်သည်။

ဖန်ရီသည် နေရာတွင် တုံ့ခနဲရပ်သွား၏။

"ဒုတ်···"

"အင့်···"

တုံ့ခနဲရပ်သွားသော ဖန်ရီကို လက်ဖြင့်ကော်၍ အကြောတစ်ချောင်းကို ပိတ်ပစ်လိုက်သည်။

ဖန်ရီသည် မလှုပ်မရှားနိုင်တော့ တောင့်တောင့်ကြီးရပ်ကာ ငြိမ်သက်နေတော့၏။

ပူတာန်ဂိုဏ်းချုပ်ကြီး လိမ့်ထုံသည် အဆိပ်ငွေအပ်များကို ထုတ်ယူ၍ ထိရီကို ပစ်ခတ်တိုက်ခိုက်ပြီး ပြတင်းပေါက်တံခါးမှ ခုန်ထွက်ပြေးသွားသဖြင့် ထိရီ ဆက်မလိုက်တော့ပေ။

အဆိပ်အပ်သုံးချောင်းမှာ ထိရီကို မထိခတ်ဘဲ အရက်အိုးကို ထိမှန်ကာ ကွဲသွား၏။

ထိုအရက်အိုးမှာ အဆိပ်ခတ်ထားသော အရက်အိုးပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။

လွှီရင်ရင် အနားသို့ရောက်လာပြီး ထိရိကို မေးလိုက်သည်။

"အစ်ကိုထိ ဘာဖြစ်သွားသေလဲ"

"အစ်ကို ဘာမှမဖြစ်ဘူး"

"ဆိုင်ထဲမှာ လူတွေ ကျွန်မတို့ကို ကြည့်နေကြတယ်"

"ကိစ္စမရှိဘူး။ ဒီလူတွေက အစ်ကိုတို့ရဲ့ ရန်သူတွေ မဟုတ်ဘူး။ ခရီးသွားကုန်သည်တွေ"

"ကျွန်မတို့ ခရီးဆက်ကြစို့အစ်ကို"

"မြင်းရအောင် ရှာရမယ်။ မြင်းမရှိရင် ညီမလေး ခရီးသိပ်ပန်းလိမ့်မယ်"

"ကျုပ် ခင်ဗျားတို့ကို မြင်းတစ်ကောင်လှူပါမယ်။ ညီလေးတို့ လင်မယားလက်ခံပါ"

ခရီးသွားကုန်သည်တစ်ဦး ရောက်လာပြီး စေတနာပြုသောကြောင့် ထိရိနှင့်လွှီရင်ရင်တို့ တအံ့တသြဖြစ်သွားရသလို ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်သွားရပေသည်။

သို့သော် ထိုကုန်သည်က လွှီရင်ရင်နှင့် ထိရိကို လင်မယားထင်မှတ်နေပုံရသည်။

လွှီ မျက်နှာပျက်သွားရသလို ထိရိမှာလည်း လွှီရင်ရင်ကို အလွှန်အားနာ၍ သွားပေ၏။



တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ရဲအောင် ဖြစ်သွားပြီးမှ လွှီရင်ရင်က···

"ကျေးဇူးတင်ပါတယ် ဦးလေး"

ဟု ကုန်သည်ကြီးအား ကျေးဇူးတင်စကားပြောလိုက်လေသည်။

ထို့နောက် ထိရိဘက်သို့လှည့်၍ လွှီရင်ရင်က ဆက်ပြောလိုက်ပြန်၏။

"အစ်ကို ဖန်ရီအကြောင်းပိတ်နေတာ ဘယ်လိုလုပ်မလဲ။ ဒီအတိုင်းပဲ ထားခဲ့မလား"

"ရပါတယ် နောက်တစ်နေ့ဆို ဖန်ရီ အကြောတွေပြန်ပြေပြီး အရင်အတိုင်း လူကောင်းတစ်ယောက်လို ပြန်ဖြစ်သွားမှာပါ။ စိုးရိမ်စရာမရှိပါဘူး လွှီ"

"ဒါဆို သွားကြမယ်လေ"

"နေဦး···မြင်းတစ်ကောင် ယူသွားဦးလေ"

"ဟုတ်ကဲ့ ဦးလေး ကျေးဇူးအများကြီးတင်ပါတယ်"

ကုန်သည်ကြီးပေးသော မြင်းတစ်ကောင်ဖြင့် လွှီရင်ရင်နှင့် ထိရိတို့သည် ထိုညတွင်းချင်း၌ပင် ခရီးစတင် ထွက်ခဲ့ကြပြန်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## စားရာဇဝင်နှင့်စားအန္တရာယ်

ညသည် လရောင်ဖြင့် မှုန်ဝါးဝါးလင်းလက်လျက် ရှိသည်။ ကွမ်းပိုက်မှ အတော်လှမ်းလှမ်း ခရီးတစ်ခုသို့ ရောက်လာကြသည်။

ရှေ့မှ တောင်တန်းတစ်ခုကို လှမ်းတွေ့ရ၏။ ထိရီက လှိုင်ကို လှမ်းမေးလိုက်သည်။

"တို့ တောတန်းထဲမှာ အိပ်ကြရင်ကောင်းမယ်ထင်တယ်"

"အစ်ကို့သဘောပဲလေ"

"အဲ့ဒီတောတန်းထဲမှာ ကျားတွေ၊ ဆင်တွေတော့ရှိမယ်မထင်ဘူး။ လှိုင်ရင်ရင် မအိပ်ရဲရင်ပြောနော်"

"အစ်ကိုက ကျွန်မ မကြောက်အောင် ဘာလုပ်ပေးမှာလဲ"

ထိရီက ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။ ကုန်သည်ပေးသောမြင်းမှာ အလွန်ထွားကျိုင်းပေ၏။ လူနှစ်ယောက်ကို ကောင်းစွာသယ်ဆောင်နိုင်သော အင်အားလည်းရှိပေ၏။

အလွန်လည်း ယဉ်ပါးသွက်လက်လှပေသည်။

တောတွင်းရှိ သစ်ပင်ကြီးတစ်ပင်အောက်သို့ ရောက်သော် လှိုင်ရင်ရင်ကို မြင်းပေါ်မှချပေးပြီး…

"ဒီသစ်ပင်အောက်မှာ အိပ်ရရင်တော့ အဆင်ပြေလိမ့်



မယ်ထင်တယ်"

"အစ်ကို့သဘောပဲ"

သစ်ပင်ချုံပုတ်များ ထူပြောသောကြောင့် လရိပ်ကင်းလျက် အမှောင်ရိပ်တို့က ကြီးစိုး၍နေ၏။

ပိုးကောင်မွှားကောင်းတို့၏ အော်မြည်သံကို အဆက်မပြတ်ကြားနေရသည်။

"လှိုင်…အစ်ကို့ကို ယုံရဲ့လား"

ထိရီအမေးကြောင့် လှိုင်ရင်ရင် ထိရီကို ဆက်ခနဲ မော့ကြည့်လိုက်သည်။ ချက်ချင်း တုံ့ပြန်ချက်မပြုဘဲ အတန်ကြာနေပြီးမှ…

"အစ်ကို့ကို ညီမ ဘာလို့မယုံရမှာလဲ။ အစ်ကိုကြီးမာခင်ရှင်ရဲ့ မိတ်ဆွေပဲဟာ။ ကျွန်မရဲ့ မိတ်ဆွေပါပဲ၊ နောက်ပြီး…"

စကားကို ဆိုင်းရပ်ထားလိုက်သဖြင့် ထိရီက…

"ဆက်ပြောလေ…နောက်ပြီး ဘာဖြစ်သလဲ"

"အစ်ကိုဟာ သစ္စာရှိတဲ့ ယောက်ျားတစ်ယောက်လို့ ကျွန်မထင်ပါတယ်"

ထိရီ ပြုံးလိုက်သည်။ လှိုင်ရင်ရင်ကို တစ်ချက်စိုက်ကြည့်လိုက်၏။

နှစ်ယောက်သား အတန်ကြာ ငြိမ်သွားကြသည်။ လေ

www.burmeseclassic.com

www.burmeseclassic.com



ခတ်သံနှင့် သစ်ရွက်လှုပ်ခတ်သံတို့ကို ကြားနေရ၏။ တစ်ချက်တစ်ချက် ခပ်ဝေးဝေးဆီမှ ခွေးအများ အော်သံကိုကြားရသည်။

"အစ်ကို့ကို ကျွန်မ တစ်ခုမေးပါရစေ"

အတန်ကြာ ငြိမ်နေပြီးမှ လှိုင်ရင်ရင်က မေးလိုက်သည်။

"လှိုင် ဘာမေးချင်လို့လဲ မေးလေ"

"အစ်ကိုက ဘယ်ဂိုဏ်းကလဲ။ အစ်ကို့ နာမည်သတင်းကြီးနေတာ ကြားတယ်"

"အဟုတ်"

ထိရီသည် ဟက်ခနဲ ရယ်မောလိုက်သည်။

"နာမည်ကြီးတာ မကောင်းပါဘူး။ အန္တရာယ်များပါတယ်။ အစ်ကို့မှာ ဂိုဏ်းရယ်လို့ သီးသန့်မရှိပါဘူး"

"ဒါပေမဲ့ အစ်ကို့မှာ ဆရာတော့ရှိမှာပေါ့"

"ဆရာတော့ရှိတယ်"

"အစ်ကို့ဆရာ ဘယ်သူလဲဆိုတာ ကျွန်မ မေးလို့ရမလား"

"သည်းခံပါ လှိုင်၊ အစ်ကို့မှာ ပြောခွင့်မရှိသေးပါဘူး။ ဒါပေမဲ့ တစ်နေ့ကျရင် အစ်ကို လှိုင်သိအောင် ပြောပြပါ့မယ်။ အစ်ကို့မှာ ဆရာတွေ အများကြီးရှိခဲ့ဖူးပါတယ်။ လှိုင် အိပ်တော့"

စကားကို အဆုံးသတ်လိုက်ပြီးနောက် ထိရီက လှိုင်ရင်ရင်



ကို အိပ်စက်အနားယူနိုင်ရန် မြက်ခင်းပြင်ကို သန့်ပေးသည်။

"အစ်ကိုရော မအိပ်ဘူးလား"

"အစ်ကို အိပ်လို့ဘယ်ဖြစ်မလဲ။ နှစ်ယောက်လုံး အိပ်လိုက်ရင် အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေမှာပေါ့"

"ဒါဖြင့် ကျွန်မလည်း မအိပ်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"အစ်ကိုနဲ့ ညီမ တစ်ညလုံးစကားပြောမယ်။ မနက်လင်းမှ ခရီးဆက်ကြတာပေါ့"

လှိုင်ရင်ရင် စကားအဆုံးမှာ ထိရီက ပြုံးလိုက်သည်။

"မအိပ်ဘဲ စကားတွေပြောကြမယ်ဆိုရင် လှိုင် အစ်ကို့ကို မညာဘဲ အရေးကြီးတဲ့စကားရပ်တွေကို ပြောပြနိုင်ပါ့မလား"

"အစ်ကိုက ဘာစကားတွေကို နားထောင်ချင်လို့လဲ"

"အစ်ကိုမေးမှာပါ"

"ဘာမေးမှာလဲ"

"ညီမလေးရဲ့ ယောကျ်ားဒေဘာဝမ်ရင်နဲ့ အဆိပ်တစ်ထောင်ဓားကြီးအကြောင်း မေးချင်လို့ပါ"

လှိုင်ရင်ရင် ဟက်ခနဲ ရယ်မောလိုက်လေ၏။ လှိုင်ရင်ရင် ရယ်မောလိုက်သောကြောင့် ထိရီက…

"ဘာရယ်တာလဲ လှိုင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်ပေ၏။

"အစ်ကိုကြီးဝမ်ရင်ဟာ ကျွန်မ[illegible]ဆိုပေမယ့်။ သူနဲ့ကျွန်မဟာ လင်မယားပုံစံ မရှိခဲ့ပါဘူး အစ်ကို"

"လွှို ဘာကိုဆိုလိုတာလဲ။ လွှို ပြောတဲ့စကားတွေကို အစ်ကို နားမလည်ဘူး"

"ဟုတ်ကဲ့ အစ်ကို နားရှုပ်သွားမယ်လို့ ကျွန်မထင်ပါတယ်။ ဒီလိုပါ အစ်ကို...အစ်ကိုကြီးဝမ်ရင်ဟာ ကျွန်မရဲ့ကျေးဇူးရှင်တစ်ယောက်ပါ။ လင်ယောကျ်ားမဟုတ်ပါဘူး။ ကျွန်မနဲ့ ပတ်သက်ပြီး အချိန်မရွေး အန္တရာယ်ကျရောက်နိုင်တဲ့အတွက် အစ်ကိုကြီးဝမ်ရင်က ကျွန်မကို သူ့မယားလို့ လူများသိအောင် သတင်းဖြန့်ထားတာပါ။ ဒါကြောင့်လည်း ကျွန်မ အခုထိ အန္တရာယ် မဖြစ်သေးတာပေါ့"

လွှိုရင်ရင်စကားကြောင့် ထိရီ သူမ၏မျက်နှာကို စိုက်ကြည့်လိုက်သည်။ စူးရှထက်မြက်သော ထိရီ၏ မျက်စိအကြည့်ဓာတ်၌ လွှိုရင်ရင်၏ အလှမျက်နှာကို ကောင်းစွာမြင်တွေ့လိုက်ရသည်။

"ထားပါတော့ အဆိပ်တစ်ထောင်တားအကြောင်းနဲ့ ပတ်သက်ပြီး လွှိုရင်ရင် ဘယ်လိုပတ်သက်ခဲ့တယ်ဆိုတာ ပြောစမ်းပါဦး"



ထိရီက စကားကိုဖြတ်တောက်၍ သိချင်နေသော အကြောင်းအရာကို မေးလိုက်၏။

"အင်မတန်လျှို့ဝှက်တဲ့ ကိစ္စတစ်ရပ်ဆိုပေမယ့် အစ်ကို့ကိုတော့ ယုံကြည်စိတ်ချလို့ ကျွန်မပြောပြပါ့မယ်။ ဒီလိုပါ အစ်ကို"

လွှိုရင်ရင်က အဆိပ်တစ်ထောင်တားအကြောင်းနှင့် ဝမ်ရင်အကြောင်းကို အောက်ပါအတိုင်း မိတ်ခင်စားဖွယ် ပြောပြလေ၏။

× × ×

လွှိုရင်ရင်၏ဖခင်ကြီး လွှိုဟန်သည် ဝမ်ရင်အလာကို စောင့်ကြိုလျက်ရှိ၏။

ထိုနေ့ကား ခုနစ်လပိုင်း ရှစ်ရက်နေ့ည ဖြစ်သည်။ နှင်းမိုးများ ရပ်တရက် ရွာချလိုက်သောကြောင့် အမှောင်ရိပ်နှင့် အအေးဓာတ်များ ပိုမို၍ သိပ်သည်းလာ၏။

လွှိုဟန်သည် မီးသင်းဖိုဘေးတွင်ထိုင်လျက် မီးလှုံနေသည်၊ အဆိပ်တစ်ထောင်တားကြီးကို ကလေးငယ်တစ်ယောက်လို လွှိုဟန် ထွေးပိုက်ထား၏။

ထိုနေ့ည ဝမ်ရင် ရောက်မလာခဲ့လျှင် ဝမ်ရင်ထံ လွှိုဟန်သွားရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထို အဆိပ်တစ်ထောင်တားနှင့် ပတ်သက်ပြီး အန္တရာယ်က ကျရောက်နေပြီဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါလား။

လှိုင်ဟန်ထံမှ ၎င်း အဆိပ်တစ်ထောင်ဖားကြီးကို ဂိုဏ်းကြီးသုံးဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးသုံးယောက်ပေါင်းပြီး ထိုည လာရောက် လုယူတော့မည် ဖြစ်၏။

ထို့ကြောင့် လှိုင်ဟန်သည် သဲကြီးမဲကြီး ဝမ်ရင်ကို စောင့်ကြို့နေခြင်းဖြစ်သည်။

ဝမ်ရင်သည် အလွန်ထက်မြက်သော သိုင်းပညာရှင်တစ်ဦးဖြစ်၏။ လှိုင်ဟန်၏ သိုင်းညီအစ်ကိုလည်း ဖြစ်ပေ၏။

မြင်းခွာသံသဲ့သဲ့ကို ကြားလိုက်ရသောအခါ လှိုင်ဟန်သည် ထိုင်ရာမှ ဖြုတ်ခနဲထလိုက်ပေ၏။

မြင်းခွာသံက ပို၍ သဲကွဲလာသောအခါ လှိုင်ဟန်သည် မီးလင်ဖိုနဘေးမှ ခွာထွက်လိုက်သည်။

"ဟော...ဝမ်ရင်လာပြီနဲ့တူတယ်"

လှိုင်ဟန်၏ အိမ်ရှေ့၌ မြင်းခွာသံ ရပ်သွားပြီးနောက် တံခါးခေါက်သံကို ကြားလိုက်ရသည်။

"ဒေါက်...ဒေါက်"

"ညီလေးဝမ်လား"

လှိုင်ဟန်က အိမ်တွင်းမှ လှမ်းမေးသည်။ တံခါးကိုမူ ချက်ချင်း ဖွင့်မပေးသေးပေ။



"ညီလေးဝမ် မဟုတ်ဘူးဟေ့။ တံခါးဖွင့်ပေးစမ်း"

ညီလေးဝမ်မဟုတ်ကြောင်း သိသည်နှင့် လှိုင်ဟန်သည် အလွန်အမင်း စိုးရိမ်ကြောင့်ကျ၍သွားကာ နောက်သို့ ခြေနှစ်လှမ်း ဆုတ်သွားလေသည်။

"ဒေါက်...ဒေါက်"

"တံခါးမြန်မြန်ဖွင့်ပေးစမ်း။ တံခါးမဖွင့်ပေးရင် ငါတို့ တံခါးရိုက်ချိုးပြီး ဝင်ခဲ့မှာနော်၊ ဒါပဲ"

"ဒေါက်...ဒေါက်"

အပြင်ဘက်၌ ခြိမ်းခြောက်သံနှင့် တံခါးခေါက်သံက အဆက်မပြတ် ထွက်ပေါ်၍နေသည်။

လှိုင်ဟန်သည်ရင်ခွင်မှာပိုက်ထားသော အဆိပ်တစ်ထောင်ဖားကို တစ်ချက်ငုံ့ကြည့်ပြီး ဓားလွတ်ကို ဓားအိမ်အတွင်းမှ ရွှမ်းခနဲ ဆွဲထုတ်လိုက်၏။

ပြီးမှ အပြင်ဘက်သို့ အော်၍ပြောလိုက်သည်။

"ဟိတ်...တံခါးမဖွင့်ပေးဘူးကွာ။ မင်းတို့ အစွမ်းရှိရင် မင်းတို့ဘာသာဖွင့်ပြီးဝင်ခဲ့၊ ငါ့လက်နဲ့တော့ မဖွင့်ပေးဘူး"

"ကောင်းပြီး ဒါဖြင့် တို့ဝင်ခဲ့မယ်"

"ဝုန်း" ဟူသော အသံတစ်သံ ထွက်ပေါ်လာပြီး တံခါးရွက်ကြီး ကျိုးပျက်သွားကာ လူရိပ်သုံးခု အိမ်ထဲသို့ လွှားခနဲ

www.burmeseclassic.com

www.burmeseclassic.com



ခုန်ဝင်လာသည်။

"ဟား...ဟား...ဟား...ညီလေးလှိုင်က ဓားကြီးနဲ့ ငါတို့ကို ခုခံဖို့နဲ့တူတယ်"

အဖွဲ့သုံးယောက်ထဲမှ တစ်ယောက်က ဓားကိုအသင့်ကိုင်ကာ ပြောလိုက်၏။ ၎င်းပုဂ္ဂိုလ်ကြီးမှာ ရှောင်လင်ဂိုဏ်းမှ ဘုန်းတော်ကြီးအောင်တာဖြစ်သည်။ ဝတ်စုံဝါကို ဝတ်ဆင်ထား၏။ ခြေကန်အား အလွန်ကောင်းသူဖြစ်၏။ ပိတ်ထားသော တံခါးရွက်ကို ကန် ဖွင့်ဝင်လာသူမှာ ၎င်းရှောင်လင်ဘုန်းကြီး အောင်တာဖြစ်လေသည်။

ကျန်နှစ်ယောက်မှာ ဝတ်စုံညိုကို ဝတ်ဆင်ထားကြ၏။ တစ်ယောက်သော ပုဂ္ဂိုလ်မှာ ဝူတန်ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးလျူဖေ့ဖြစ်၍ ကျန်တစ်ယောက်မှာမူ ကျားကြီးကိုးကောင်ဂိုဏ်းမှ ကျင်ဖုဖြစ်သည်။

"ခင်ဗျားတို့ ကျုပ်ကို တိုက်ခိုက်ဖို့လာကြတာပဲ။ ခင်ဗျားတို့တိုက်ခိုက်ရင် ကျုပ်ကလဲ ပြန်ပြီးခုခံတိုက်ခိုက်ရမှာပေါ့"

"ဟုတ်တယ်၊ ညီလေးလှိုင်ပြောတာ မှန်တယ်။ ငါတို့က မင်းကိုတိုက်ခိုက်ရင် မင်းကလည်း ငါတို့ကို ပြန်တိုက်ခိုက်ရမှာပေါ့၊ အဲဒါမှ တရားနည်းလမ်းကျတော့မှာပေါ့ ညီလေး။ အေး တစ်ခု တော့ရှိတယ်။ ငါတို့က မင်းကို မတိုက်ခိုက်ဘဲ အသာတကြည်နဲ့



အဆိပ်တစ်ထောင်ဓားကြီးကို တောင်းခံမယ်ဆိုရင်ကော မင်းအပိုင်းက လျှော့လျှော့လျှုလျှုနဲ့ လက်ခံပြီး ပေးနိုင်မလား"

ဝူတန်ဂိုဏ်းချုပ်ကြီးလျူဖေ့က လေသံပျော့ဖြင့် လှိုင်ဟန်ကို လှမ်းမေးလိုက်သည်။

"ဒါတော့ လုံးဝမဖြစ်နိုင်ဘူး။ ဒီအဆိပ်တစ်ထောင်ဓားဟာ ကျုပ်တို့ရဲ့ ဘိုးစဉ်ဘောင်ဆက် အမွေပိုင်ဓားကြီးပဲ။ ကျုပ် ဘယ်နည်းနဲ့မှ မပေးနိုင်ဘူး"

"မပေးနိုင်ဘူးဆိုရင်တော့ ကျုပ်တို့က ရတဲ့နည်းနဲ့ယူရတော့မယ်"

ရှောင်လင်ဘုန်းတော်ကြီး လျူဖေ့သည် ပြောပြောဆိုဆို ဓားကိုတစ်ချက်ဝင့်လိုက်ပြီး လွှားခနဲ လှိုင်ဟန်ဆီ ခုန်ဝင်လိုက်သည်။

လျူဖေ့၏လက်တွင်းမှ ဓားရောင်က ပြိုးပြိုးပျက်ပျက် လင်းလက်၍သွားသည်။

လှိုင်ဟန်သည် အဆိပ်တစ်ထောင်ဓားဖြင့် ခုခံကာကွယ်လိုက်သည်။

"ဒန်း...ဒန်း"

ဓားနှစ်လက် ထိခတ်သွားသည်။ လျူဖေ့၏ဓားချက်က ပြင်းထန်သောကြောင့် လှိုင်ဟန်နောက်သို့ နှစ်လှမ်းဆုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစွမ်းအစချင်းပြိုင်ပြီး ရယူခြင်းဟာ ယောက်ျားကောင်းတို့ရဲ့ လုပ်ဆောင်ချက်ပဲ။ ဒါပေမဲ့ တစ်ယောက်တည်းကို သုံးယောက်က အနိုင်ကျင့်ပြီး ရယူခြင်းကတော့ မိန်းမတွေရဲ့ အလုပ်ပဲ"

ထိုစကားကိုပြောလိုက်သူမှာ ဝမ်ရင်ဖြစ်သည်။ ရုတ်တရက် ဝမ်ရင်ရောက်လာသောကြောင့် လှိုဟန်မှာ အားတက်သရောဖြစ်၍သွားလေ၏။

လျူဖေ့သည် လှိုဟန်ကို တိုက်ခိုက်နေရာမှ ဝမ်ရင်ကို ရုတ်တရက် မြင်လိုက်ရသောအခါ အထိတ်တလန့် ဖြစ်၍သွားလေသည်။

ဝမ်ရင်မှာ ပြိုင်ဘက်ကင်းသော ဓားသမားတစ်ယောက်ဖြစ်ရုံမက အတွင်းအားကောင်းသူတစ်ယောက် ဖြစ်ကြောင်းကို လျူဖေ့ ကောင်းစွာသိထားသောကြောင့် ဖြစ်သည်။

"အစ်ကိုဝမ် ဘာကိစ္စနဲ့ ရောက်လာတာလဲ။ ညီလေးတို့ကို ကူညီပေးဖို့ ရောက်လာတာလားခင်ဗျား"

ကျားကြီးကိုးကောင်အဖွဲ့မှ ကျင်ဖုဆိုသူက မေးလိုက်လေသည်။

"မင်းတို့ကို ဘာကိစ္စနဲ့ ငါကကူညီရမှာလဲ၊ ငါ့သိုင်းအစ်ကိုကြီး လှိုဟန်ကို ငါကူညီဖို့လာတာ။ မင်းတို့ အေးအေးဆေးဆေး



ပြန်သွားကြမယ်ဆိုရင်တော့ ငါတို့ အေးအေးဆေးဆေး မင်းတို့ကို ခွင့်ပြုတယ်"

"ဟား . . . ဟား . . . ဟား . . . အစ်ကိုဝမ်က ဒီလိုပြောသလား"

လျူဖေ့က ဝင်ပြောလိုက်သည်။

"ကျုပ်ပြောတာ တရားနည်းလမ်းကျတဲ့ စကားပဲ၊ ခင်ဗျားတို့ အားလုံးပြန်သွားကြပါ။ အဆိပ်တစ်ထောင်ဓားဟာ ခင်ဗျားတို့နဲ့ မတန်ပါဘူး"

"ဘာဗျ . . . ခင်ဗျား ဘာပြောလိုက်တာလဲ"

ထိုစကားကို ရုတ်တရက် ဝင်ပြောလိုက်သူမှာ ဂူတန်ဂိုဏ်းချုပ်ကြီး လျူဖေ့ပင်ဖြစ်၏။

"ငါပြောတဲ့စကားက အဆိပ်တစ်ထောင်ဓားဟာ ခင်ဗျားတို့နဲ့ မတန်ဘူးဆိုတာ ပြောနေတာပဲ။ ငါ့စကားမှာ ဘာများမရှင်းတာ ပါနေလို့လဲ"

ဝမ်ရင်က လျူဖေ့ကို စေ့စေ့ကြည့်ပြီး ပြောလိုက်၏။

လျူဖေ့သည် ရုတ်တရက် ဓားကို တစ်ချက်ဝင့်လိုက်ပြီး ဝမ်ရင်ကို ဝင်ပိုင်းလိုက်၏။

"ဝှစ်"

ဓားချက်ကိုငုံ့ရှောင်၍ ဝမ်ရင်နောက်သို့ တစ်လှမ်းခုန်

www.burmeseclassic.com

www.burmeseclassic.com



ဆုတ်လိုက်သည်။

"မင်းက ပြောလို့မရတဲ့ကောင်ပဲ။ မြို့ဘက်ကင်း ဓားသမားဝမ်ရင်အကြောင်းကို မင်းသိအောင်ပြရတာပေါ့ကွာ"

ဝမ်ရင်သည် ဓားချက်တစ်ချက်ဖြင့် လျူဖေ့ကို အကဲစမ်းလိုက်သည်။

ဓားချက်မှာ အရိပ်မဲ့ဓားချက်ဖြစ်၏။ မြွေပေါက်သလို မြန်ဆန်လွန်းသဖြင့် လျူဖေ့၏သိုင်းကွက်ဟန်ချက်များ ပျက်၍သွားလေသည်။

ထိုစဉ်မှာပင် ကျောင်ဖုသည် လှီဟန်ကို အလစ်၌ ဓားဖြင့်ဝင်ပိုင်းသည်။ အလင်းတန်းတစ်ခု လှီဟန်ဇက်ပေါ်သို့ ကျလာသဖြင့် လှီဟန်ဘေးသို့ ခုန်ရှောင်ပေးလိုက်သည်။ ကျောင်ဖု၏ဓားချက် လွဲချော်သွားသည်။

ဘေးသို့ ခုန်ရှောင်လိုက်သော လှီဟန်ကို ရှောင်လင်ဘုန်းကြီးဟောင်ဗှာက ဓားဖြင့် ခုတ်ထည့်လိုက်ပြန်သည်။

နှစ်ယောက်နှင့် တစ်ယောက်ဖြစ်နေသောကြောင့် လှီဟန်မှာ ဖရိုဖရဲဖြင့် သိုင်းကွက်များလျက် ခံအားနည်းစပြုလာသည်။

"အား…"

ကျောင်ဖု၏ ဒုတိယဓားချက်က လှီဟန်၏ နံကြားထဲသို့ စွပ်ခနဲဝင်သွားသည်။ လှီဟန် မဟန်နိုင်တော့ဘဲ ကြမ်းပေါ်သို့ ဝုန်းခနဲ ကျသွားသည်။

ယင်းမြင်ကွင်းကို မြင်လိုက်ရသူက ဝမ်ရင်ဖြစ်၏။

"အစ်ကိုလှီ"

ဟု အော်ဟစ်လိုက်ပြီး ဝူတန်ဂိုဏ်းချုပ်ကြီး လျူဖေ့ကို အရိပ်မဲ့သိုင်းစဉ်အမှတ်ငါးဖြင့် ဝမ်ရင်တိုက်ခိုက်လိုက်၏။

ဝမ်ရင်၏ အရိပ်မဲ့ ဓားချက်သုံးချက်ကို မရှောင်နိုင်သဖြင့် လျူဖေ့ဓားချက်ကိုထိပြီး လဲကျသေဆုံးသွားသည်။

ကျန်နှစ်ယောက်မှာ ဝမ်ရင်ဓားချက်ကို မြင်နေသဖြင့် ဝမ်ရင်ထံ မတိုးကပ်ဝံ့ဘဲ အခြေအနေကို စောင့်ကြည့်နေသည်။

လှီဟန်မှာ ဓားချက်ထိပြီး သွေးအိုင်ထဲ၌ လဲကျနေသည်။

"မင်းတို့နှစ်ယောက် ငါ့အစ်ကိုကို အနိုင်ယူလိုက်ပေမယ့် ငါ့ကိုတော့ မင်းတို့ အနိုင်တိုက်လို့ မရဘူးဟေ့"

ဝမ်ရင်သည် အံတစ်ချက်ကြိတ်လိုက်ပြီး ရုတ်တရက် ဝုန်းခနဲ ဝင်တိုက်သည်။

"ဒန်း…"

"ဒလန်း…လန်း"

ဝမ်ရင်၏ အရိပ်မဲ့ဓားချက်များမှာ လွန်စွာပြင်းထန်လွန်းသဖြင့် မရှောင်နိုင်ဘဲ ဓားချက်များထိကာ နှစ်ယောက်စလုံးသဲကျ သေဆုံးသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သွေးအိုင်တွင်း၌ ညည်းသံကြားသည်။ လှိုင်ဟန်၏ ညည်းသံဖြစ်သည်။ ဝမ်ရှင် ပြေးထူသည်။

"အစ်ကိုလှိုင် . . . အစ်ကိုလှိုင်"

"ညီလေးဝမ်၊ အစ်ကိုတော့ မနေရတော့ဘူးကွာ။ ဒီဓားနဲ့ ငါ့သမီးလေးကို စောင့်ရှောက်ဖို့ မင်းကို ငါတာဝန်ပေးခဲ့ပါရစေ"

"အစ်ကိုလှိုင် ဘာမှမဖြစ်နိုင်ပါဘူး"

"ငါသိတယ် ညီလေးဝမ်။ ငါ့သမီး ခရီးသွားနေတယ်။ မနက်ဖြန် သူရောက်လာလိမ့်မယ်။ သမီးလေးရောက်လာရင် ဓားနဲ့ သမီးကို စောင့်ရှောက်ပြီး တစ်နေရာမှာ ပုန်းလျှိုးကွယ်လျှိုးနေကြပါ။ ငါမနေရတော့ဘူး ညီလေးဝမ်။ အင့် . . . အင့်"

ပြောရင်း လှိုင်ဟန် ဇက်ကျိုးကျသွားလေတော့သတည်း။

"အဖြစ်ကတော့ ဒါပါပဲအစ်ကို။ ကျွန်မ နောက်တစ်နေ့ မနက်လင်းတော့ အိမ်ရောက်တယ်။ အဖြစ်သနစ်အစုံကို အစ်ကိုကြီးဝမ်က ကျွန်မကို အစအဆုံးပြောပြတယ်။ ဒီဓားဟာ အင်မတန်ရန်များတဲ့ဓားတစ်လက်ပဲ။ ဒီဓားရာဇဝင်ကို ဒီလောက်သိရရင် အစ်ကိုကျေနပ်ပြီလို့ ကျွန်မထင်ပါတယ်"

"အစ်ကိုကျေနပ်ပါတယ် လှိုင်။ ကဲ ညီမလေးအိပ်တော့"

"အစ်ကိုရော"

"အစ်ကို မအိပ်ဘူး။ ညီမလေးအတွက် ကင်းစောင့်ပေးမယ်"



"ဟင့်အင်း"

မိုးတောင်လင်းတော့မယ်။ အားရှိသွားအောင် ခဏလောက်အိပ်လိုက်ပါ ညီမရယ်"

ထိရီ၏စကားကို နားထောင်၍ လှိုင်ရင်ရင် မြက်ခင်းပြင်ပေါ် ကျောခင်း၍ လဲလျောင်းချလိုက်လေ၏။

× × ×

## ခါးပိုက်နှိုက်သိုင်းသမား

သိုင်းလောက၌ နာမည်ကြီးနေသော ဟူဖေးသည် အဆင့်မြင့်ခါးပိုက်နှိုက် သိုင်းသမားတစ်ယောက်ဖြစ်၏။

သူသည် နယ်တကာလှည့်၍ သိုင်းလောကရှိ သိုင်းသမားတို့အပေါ် အညွန့်ခူးစားနေခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်သည်။

ထိုနေ့သည်း သတင်းတစ်ခုကြောင့် စားသောက်ဆိုင်တစ်ခုသို့ရောက်လာကာ သူသည် သတင်းတစ်ခုကို စုံစမ်းလျက်ရှိ၏။

ထိုသတင်းမှာ အဆိပ်တစ်ထောင်ဓားတစ်လက်ကို လူနှစ်ယောက်က ယူ၍ ခရီးနှင်လာသည်ဟူသော သတင်းပင်ဖြစ်လေသည်။

ဟူဖေးသည် စားသောက်ဆိုင်အတွင်း စားပွဲတစ်လုံးတွင်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကာ အရက်တစ်အိုးကုန်သည်အထိ ထိုခရီးသွားညှော်သည့် နှစ်ယောက်ကို ထိုင်စောင့်နေသည်မှာ ကြာပြီ။

သူတို့ကား ယခုတိုင် ရောက်မလာကြသေးပေ။

ထိုစဉ် ဝတ်စုံနက်ဝတ်ဆင်ထားသော သိုင်းသမားကြီးတစ်ယောက် ဝင်ရောက်လာသည်။

သူ့လက်တွင်း၌ ဘူးခြောက်အရက်အိုးတစ်လုံးပါသည်။ သူ၏မျက်နှာပြင်၌ အထူးခြားဆုံးသောအရာမှာ နှာခေါင်းဖြစ်သည်။ လုံးဝန်းသော နှာခေါင်းကြီးမှာ ရဲရဲနီတွတ်လျက်ရှိလေသည်။

ထိုလူသည် ခါးပိုက်နှိုက်သိုင်းသမား ဟူးဖေးကို မြင်တွေ့လိုက်သည်နှင့် လှမ်းနေသောခြေအစုံကို တုံ့ခနဲရပ်တန့်လိုက်ပေ၏။

"ဆက်လျှောက်ပါ အရက်သမားကြီးရဲ့ ဘူးခါးခြောက်ထဲမှာ မိကျောင်းပေါ်နေပြီနဲ့တူတယ်။ လက်တွေခြေတွေလည်း တုန်လို့ပါလားဗျား"

ခြေအစုံရပ်လျက် ဟူဖေးကိုစိုက်ကြည့်နေသော အရက်မူးသမား သိုင်းသမားကြီးသည် တော်တော်မကျေမနပ်ဖြစ်သွားပုံရသည်။

"ဟိတ်ကောင် ခါးပိုက်နှိုက်သိုင်းသမား၊ မင်းက နယ်ကျွံပြီး ဒီကို ဘယ်လိုရောက်လာရပြန်တာလဲ။ သတင်းထူး သတင်း



ဆန်းတွေကြားလို့ ရောက်လာတာမဟုတ်လား"

အရက်မူးသမား ပုဂ္ဂိုလ်ကြီးက လှမ်းမေးလိုက်သောအခါ ခါးပိုက်နှိုက်သိုင်းသမားက ဟက်ခနဲ ရယ်မောကာ ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

"ငါသိတယ်၊ မင်းဟာ အချောင်သမားတစ်ယောက်ပဲ"

ခါးပိုက်နှိုက်သိုင်းသမားကို မခံချင်အောင် ရိလိုက်သည်။

"အစ်ကိုလင် ခင်ဗျား စကားကိုကြည့်ပြောပါ"

"ဟေ့ . . . ငါ့ဘဝမှာ ဘယ်စကားကိုမှ မျက်စိမှိတ်ပြီး မပြောတတ်ဘူးကွ။ မင်းကိုလည်း ငါမြင်နေလို့ မင်းကိုကြည့်ပြီး စကားပြောနေတာပေါ့ကွ။ မမြင်ဘဲ စကားပြောတဲ့လူဟာ အရူးပဲ"

"ခင်ဗျားလည်း ဘာထူးလဲ အမူးသမား အရူးပဲမဟုတ်လား"

အရက်သမားကြီးလင်သည် စကားဆက်မပြောတော့ အရက်ရောင်းသော စားပွဲသို့သွား၍ အရက်တစ်အိုးဝယ်သောက်ပြီး ဘူးခြောက်ထဲသို့ အရက်ဖြည့်သည်။

ထို့နောက် ကျသင့်ငွေကိုပေးပြီး ခါးပိုက်နှိုက်ရှိရာ စားပွဲသို့ ပြန်လျှောက်လာပြီး . . .

"စောစောက တုန်နေတဲ့ ငါ့လက် ငါ့ခြေတွေ အခုပြန်ငြိမ်သွားပြီ၊ ကိုင်း . . . မင်းဘာပြောချင်သေးသလဲ တစ်နေ့ကုန်

www.burmeseclassic.com

www.burmeseclassic.com



ပြောမလား ရဟာယ်။ မကျေနပ်ရင် မင်းနဲ့ငါ တစ်နေ့ကုန် တိုက်နိုက်မလား ဖြစ်တယ်။ မင်းလည်း အင်မတန်တော်တဲ့ ခါးပိုက်နှိုက်တစ်ယောက်ပဲ။ ငါလည်း အရက်မှူးသိုင်းသမားတစ်ယောက်ပဲ တစ်ပွဲတစ်လမ်း အကဲစမ်းကြည့်လိုက်ရအောင်"

အရက်မှူးသိုင်းသမားက ပွဲတောင်းလိုက်သည်။

"အစ်ကိုလင်ကျူကို ကျွန်တော် မယှဉ်ရဲပါဘူး။ ခင်ဗျားက အရက်မှူးလေ သိုင်းကွက်တွေက ပိုကောင်းလေပဲ။ ကျုပ်က ခါးပိုက်နှိုက်သမားဆိုပေမယ့် ခါးပိုက်နှိုက်တာလောက်ပဲ တော်ပါတယ်။ တိုက်ရည်နိုက်ရည်က သိပ်အဆင့်မမြင့်ပါဘူး"

"ဟိတ်ကောင် အပိုတွေပြောမနေနဲ့ မင်း လူညွန့်ခူးစားတဲ့ အလုပ်ကို ငါမကြိုက်ဘူး။ ငါ့ရှေ့မှာ မဟုတ်တာတွေ့ရင်တော့ မင်းမလွယ်ဘူး။ မင်းကို အရင်နှိပ်ပစ်ရမှာပဲ"

"ကျွန်တော် လူညွန့်ခူးစားတယ်ဆိုပေမယ့် ခင်ဗျားကို ကျွန်တော် ဘယ်တော့မှ ဒုက္ခမပေးပါဘူး။ ဒါတော့ ခင်ဗျား သိတယ်မဟုတ်လား"

"သိတယ်။ ဒါပေမဲ့ မင်းလုပ်ရပ်တွေကို ငါမကြိုက်ဘူး။ မင်း ခုချက်ချင်း ဆိုင်ထဲက ထွက်သွားရင်ကောင်းမယ်"

"ဟုတ်ကဲ့ဗျာ။ အစ်ကိုကြီးလင်မကြိုက်ရင် ကျွန်တော် အခုပဲ ဆိုင်ထဲက ထွက်ပေးပါ့မယ်"



ခါးပိုက်နှိုက်သိုင်းသမားသည် ထိုင်ရာမှထ၍ ဆိုင်ပြင်သို့ ထွက်ခွာသွားလေ၏။

× × ×

ထိုစဉ် ထိရီနှင့် လွီရင်ရင်တို့သည် မြင်းတစ်ကောင်ကို နှစ်ယောက်အတူစီး၍ စားသောက်ဆိုင်တစ်ခုသို့ ဦးတည်၍ လာနေလေ၏။

ရှေ့တွင်တွေ့ရသော ဆိုင်တစ်ဆိုင်၊ ၎င်းဆိုင်မှာ ခါးပိုက်နှိုက် စောစောက စားသောက်ခဲ့သော နဂါးညီနောင် စားသောက်ဆိုင်ကြီး ဖြစ်သည်။

"ဟိုက်"

ရုတ်တရက် ထိရီ၏ အာမေဋိတ်သံကြောင့် လွီရင်ရင် လန့်၍သွားလေသည်။

"အစ်ကို ဘာဖြစ်တာလဲဟင်"

လွီရင်ရင် ယိုတိုးယိုတိလန့်လန့် မေးလိုက်၏။

"ငါးပါးတော့ မှောက်ပြီ လွီ"

"ကျွန်မ နားမလည်ဘူးအစ်ကို။ အစ်ကို ဘာကိုဆိုလိုသလဲ"

လွီရင်ရင် တာကယ်ပင်မသိပေ။

www.burmeseclassic.com

ထိရီမှာ မြင်းကို တုံ့ခနဲရပ်လိုက်ပြီး...

"ဓားပါသွားပြီလို့"

"အဆိပ်တစ်ထောင်ဓားပေါ့"

"ရှင်"

လို့ရင်ရင် ထိတ်လန့်သွားသည်။ ထိရီကို သမင်လည်ပြန်ကြည့်၍ စကားကို ဆက်၍ပြောလိုက်သည်။

"ကျွန်မတို့ အိမ်ကထွက်လာကတည်းက အဆိပ်တစ်ထောင်ပါလာခဲ့တာပဲ"

ထိရီက ဓားအိမ်ကို လို့ရင်ရင် မြင်သာအောင် လက်ဖြင့်ကိုင်၍ မြှောက်ပြလိုက်သည်။

"အလို...ဓားအိမ်ပဲ ရှိတော့တယ်။ ဓားလွတ် မတွေ့တော့ပါလား"

"ဟုတ်တယ် လို့၊ စောစောက တို့အနားက လူတစ်ယောက်ဖြတ်ပြေးသွားတယ်။ အဲဒီလူပဲ အစ်ကို့ဆီက အဆိပ်တစ်ထောင်ဓားကို နှိုက်ယူသွားတာပဲဖြစ်မယ်"

"ရှင်...အဲဒီလူကို ကျွန်မလည်း မမြင်လိုက်ပါလား"

"လို့ ဘယ်မြင်နိုင်မလဲ အဲဒီလူက ခါးပိုက်နှိုက်ပဲ။ ကိုယ်ဖော့ပညာ အင်မတန်ကောင်းတဲ့ အရိပ်မဲ့ခါးပိုက်နှိုက်တစ်ယောက်ပဲ လို့"



"အဲဒီတော့ ဘယ်လိုလုပ်ကြမလဲ အစ်ကို"

"ဓားပြန်ရအောင် ကြိုးစားရမှာပေါ့"

"လွယ်ကော လွယ်နိုင်ပါ့မလား။ ပြန်ရဖို့ မမြင်တော့ဘူးနဲ့ တူတယ်"

"စုံစမ်းကြည့်ရမှာပေါ့။ အဲဒီလူကို အစ်ကိုရအောင်ဖမ်းမယ်"

"အဲဒီခါးပိုက်နှိုက်က တော်တော်လျင်ပါလား။ သူ အစ်ကို့ဆီက ခါးပိုက်နှိုက်လိုက်တာ ညီမ လုံးဝမမြင်လိုက်ဘူး"

"ဘယ်မြင်မလဲ သူက ခါးပိုက်နှိုက်သိုင်းသမားတစ်ယောက်ပဲ။ ကိုင်း...တို့ရှေ့ကဆိုင်ထဲဝင်ပြီး ခါးပိုက်နှိုက်ကို စုံစမ်းကြမယ်"

ထို့နောက် ထိရီနှင့် လို့ရင်ရင်သည် ရှေ့မှမြင်နေရသော နဂါးညိုနောင် စားသောက်ဆိုင်သို့ ရှေ့ရှု၍ ထွက်ခဲ့ကြလေ၏။

နဂါးညိုနောင်စားသောက်ဆိုင်အတွင်းသို့ ထိရီတို့ ဝင်လိုက်ကြသောအခါ ဆိုင်ထဲတွင် ရန်ပွဲတစ်ပွဲကို တွေ့လိုက်ရလေ၏။

ထိုရန်ပွဲမှာ အရက်မူးသမားသိုင်းသမားနှင့် သိုင်းသမားသုံးယောက် ယှဉ်ပြိုင်တိုက်ခိုက်နေသော ရန်ပွဲဖြစ်သည်။

ထိရီသည် ထိုရန်ပွဲကို ဂရုမစိုက်ဘဲ စားပွဲတစ်လုံး၌

www.burmeseclassic.com



နေရာယူထိုင်လိုက်၏။ ထိုအခါ လို့ရှင်ရှင်က စိုးရိမ်ဟန်ဖြင့်…

"ထိုင်လို့ဖြစ်ပါမလား အစ်ကို။ ဟိုမှ…ကွဖြစ်နေကြ တယ်။ မတော်တဆ ကျွန်မတို့ကို ထိခိုက်မိရင် အမ…ာင်နာနေ ဦးမယ်"

"စိုးရိမ်စရာမလိုပါဘူး ညီမရယ်။ အစ်ကိုရှိပါတယ်။ မြေ ပြန့်သား အရက်မူးသိုင်းသမားသတင်းကို အစ်ကိုကြားဖူးတယ်။ ဒီပုဂ္ဂိုလ်ကြီးက အရက်မူးလေ သိုင်းကွက်ကောင်းလေ ဆိုပဲ။ ဗဟု သုတရအောင် အစ်ကိုလွှေ့လာကြည့်ချင်တယ်"

"ဟုတ်…"

"ဒုတ်…"

"အီး…"

ထိုရှိ စကားကိုတန့်၍ ရန်ပွဲကို လှမ်းအကဲခတ် ကြည့် လိုက်စဉ် အရက်မူးသိုင်းသမား၏ တိုက်ကွက်ဆန်းတစ်ခုကို တွေ့ လိုက်ရ၏။

တစ်ဘက်မှ ဓားဖြင့် ပြေးဝင်ခုတ်လာသော သိုင်းသမား တစ်ယောက်ကို အရက်မူးသိုင်းသမားက ပက်လက်လှန်လှဲချပြီး ဓားချက်ကို ရှောင်သည်။ ဓားချက်က အရက်မူးသိုင်းသမား၏ ကိုယ်ပေါ်မှ လွဲချော်သွားသောအခါ ရုတ်တရက် ကိုယ်ကိုပြန်မတ် ပြီး အရက်မူးသိုင်းကွက်ဖြင့် ပြန်တိုက်ခိုက်သော သိုင်းကွက်ဖြစ်



သည်။

အရက်မူးသိုင်းသမား၏ လက်ဆစ်များသည် အလွန်မြင်း သန် မာကျောပေ၏။

နှာနှကို ဒုတ်ခနဲတိုက်ခိုက်လိုက်ရာ တစ်ဘက်မှ ရန်သူ သိုင်းသမားသည် အီးဟု အော်ကာ ပစ်လဲကျသွားလေ၏။ ပြန်ကို မထနိုင်တော့ပေ။

"တွေ့လားလို့၊ အရက်မူးသိုင်းသမားရဲ့ သိုင်းကွက်က မဆန်းဘူးလား။ အရက်မူးသမားတစ်ယောက်ပဲဆိုပြီး သူ့ကို ပေါ့ ပေါ့ဆဆ တွက်ထားလို့မရဘူးဆိုတာ လက်တွေ့ပြလိုက်တဲ့သဘော ပဲ"

"ဟုတ်တယ်နော် အဲဒီ အရက်မူးသမားကြီးရဲ့ သိုင်းကွက် ကလည်း အဆန်းပဲ"

"လောကမှာ ဘယ်အရာကိုမှ ပေါ့ပေါ့တန်တန် တွက် ထားလို့မရဘူး။ ဘယ်အရာကိုမှ အထင်မသေးရသလို ဘယ်အရာ ကိုမှလည်း လက်လွတ်စပယ် အထင်မကြီးရဘူးဆိုတာ ဒီသဘော ပဲ လို့"

ထိုစဉ်၌ ဆိုးသွမ်းသိုင်းသမားသုံးယောက်ကို တိုက်ခိုက် အောင်မြင်လိုက်ပြီးနောက် အရက်မူးသိုင်းသမားကြီးသည် ယော ပန်းသွားဟန်ဖြင့် စားပွဲ၌ခဏနားကာ ဘူးခါးခြောက်အတွင်းမှ

www.burmeseclassic.com

www.burmeseclassic.com



အရက်ကိုမော့၍ သောက်နေလေသည်။

အမောပြေသွားသောအခါ အရက်မူးသိုင်းသမားကြီးသည် ထိုင်ရာမှ ထလိုက်ပြီး...

"ဘယ်ကောင်တွေ မိုက်သေးလဲ။ မိုက်တဲ့ကောင် ထွက်ခဲ့ဟေ့ လေ့ကျင့်ခန်း ဆင်းကြရအောင်"

အရက်မူးသမားကြီးက ဘူးခါးခြောက်အရက်အိုးကို မြှောက်၍ စိန်ခေါ်လိုက်သည်။

စိန်ခေါ်ရင်း အရက်မူးသိုင်းသမားကြီးက ယိမ်းထိုးယိမ်းထိုးဖြင့် ထိရီတို့ စားပွဲဝိုင်းသို့ ရောက်လာ၏။

ထိရီကို တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် မှတ်မိသွားဟန်ဖြင့်...

"ဟေ့...ညီလေး၊ မင်း ထိရီမဟုတ်လား၊ ငါက မင်းသေပြီလို့ ထင်နေတာ"

"ကျွန်တော် မသေသေးဘူး အစ်ကိုကြီး၊ အစ်ကိုကြီးက ကျွန်တော့်ကို သိနေသလား"

"မင်းကို ငါ သိပ်သိတာပေါ့ကွာ၊ လူသတ်ကုန်းမှာ မင်းကို သတ်လိုက်ပြီလို့ သတင်းကြားတယ်။ အဲဒီသတင်းကြားတုန်းကတောင် ငါလာပြီး မင်းကိုကြည့်ဦးမလို့၊ ဒါပေမဲ့ ငါ့မှာလည်း ပြဿနာတွေနဲ့ ရှုပ်နေလို့ လာမကြည့်ဖြစ်ဘူးကွာ၊ ခု မင်း မသေ



သေးဘူးဆိုတော့ ငါ သိပ်ကိုဝမ်းသာသွားတယ်"

"ဟုတ်ကဲ့ ကျွန်တော်လည်း သိုင်းလောကထဲဝင်လာပြီး သိပ်မကြာပါဘူး၊ အစ်ကိုကြီးရဲ့သတင်းကို ကြားပါတယ်။ လူချင်းမဆုံဖြစ်ပေမယ့် အစ်ကိုကြီးကိုတော့ ကျွန်တော် အများကြီးလေးစားပါတယ် ခင်ဗျား"

"ငါလည်း မင်းကိုလေးစားပါတယ်။ မင်းကို ငါ တစ်ခါမြင်ဖူးတယ်ထင်တယ်။ ရန်ပွဲတစ်ခုမှာ ဖြစ်လိမ့်မယ်။ မင်းရဲ့သိုင်းကွက်တွေက အင်မတန်ဆန်းကြယ်ပြီး အဆင့်လည်း အင်မတန်မြင့်ပါတယ်။ မင်း သိုင်းကွက်တွေကို ငါ မမြင်ဖူးဘူး။ အဲဒီတုန်းက မင်း သိုင်းသမားဆယ်ယောက်ကို သတ်လိုက်တယ်မို့လား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒီသိုင်းသမားတွေက လူကောင်းတွေပါ အစ်ကိုကြီး"

"ငါ သိပါတယ်။ မင်းစားပွဲမှာ ငါ ခဏထိုင်မယ်ကွာ"

"ထိုင်ပါ အစ်ကိုကြီး"

"မင်းသတင်းက အင်မတန်ကြီးတယ်။ လူတွေကိုသတ်လိုက်တာလည်း မနည်းမနောပဲ။ အဲဒီ လူသတ်မှု သတင်းတွေကြောင့် မင်းကိုကြောက်ပြီး သိုင်းလောကသားတွေက ဖမ်းဆီးပြီး သတ်ဖို့ကြိုးစားတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကိုကြီး၊ ဒါပေမဲ့ ကျွန်တော်သတ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူတွေက လူဆိုး လူချမ်းသာတွေပါ။ လူကောင်းတစ်ယောက်မှ မပါ ပါဘူး။ ကျွန်တော့်လုပ်ဆောင်ချက်တွေက မကောင်းသူပယ်၊ ကောင်းသူကယ်တဲ့ အလုပ်ပါ။ အစ်ကိုကြီး သဘောပေါက်ရင် ကျေနပ်ပါပြီ"

"အစ်ကိုကြီး သိပ်သဘောပေါက်တာပေါ့။ ဒါပေမဲ့ မရဘူးလေ။ လူအများ မိုးခါးရေသောက်ရင် မင်းလည်း လိုက်သောက်သင့်တာပေါ့"

ထိရီက ခေါင်းကိုယမ်းခါလိုက်သည်။

"ကျွန်တော် သူများရူးတိုင်း မရူးနိုင်ဘူး အစ်ကိုကြီး"

"အေး...ကောင်းတယ် ဆက်လုပ်"

"ကျွန်တော်ကတော့ ဆက်လုပ်မှာပဲ"

"အေး...ကောင်းတယ် ဆက်လုပ်ပါ။ ငါလည်း ကောင်းတယ်ထင်ရင် ဇွတ်လုပ်တာပဲ။ ကိုင်း...အရက်ရှိန်လေး မြှင့်လိုက်ဦးမယ်"

ပြောပြီး အရက်မှုးသိုင်းသမားကြီးက ဘူးခါးခြောက်ထဲမှ အရက်ကို လက်စသတ်လိုက်၏။

ထို့နောက်...

"ကုန်သွားပြီ...အရက်သွားဖြည့်လိုက်ဦးမယ်။ ပြီးရင် မင်းဆီ ငါမလာတော့ဘူး။ တစ်ခါတည်း ပြန်မယ်"



"ဟုတ်ကဲ့ အစ်ကိုကြီး"

အရက်မှုးသိုင်းသမားကြီးသည် ယိမ်းထိုး ယိမ်းထိုးဖြင့် ထိရီ၏ အပါးမှ ထွက်ခွာသွားလေတော့သတည်း။

× × ×

အရက်မှုးသိုင်းသမားကြီး ထွက်ခွာသွားပြီးနောက် များမကြာမီ စားသောက်ဆိုင်အတွင်းသို့ လူတစ်ယောက် ဝင်လာသည်။

ထိုလူမှာ ပျာယီပျာယာ နိုင်လှ၏။ သူ၏ အကြည့်များမှာလည်း တည်ငြိမ်မှုမရှိပေ။ တစ်စုံတစ်ခုကို ရှာဖွေနေပုံဟန်မျိုးဖြစ်သည်။ ထိုလူသည် စားပွဲဝိုင်း၌ထိုင်လိုက်ပြီးနောက် စားပွဲထိုးကောင်လေးကို လှမ်းခေါ်လိုက်သည်။

စားပွဲထိုးကောင်လေး အပြေးရောက်လာပြီး...

"အစ်ကိုလေး ဘာသုံးဆောင်မလဲ ခင်ဗျာ"

"အရက်တစ်အိုးနဲ့ ပေါက်စီနှစ်လုံး အမြန်ဆုံးလုပ်ပေးကွာ"

"ဟုတ်ကဲ့ အစ်ကိုလေး အမြန်ဆုံးဖြစ်အောင် ကျွန်တော်ဆောင်ရွက်ပေးပါ့မယ်"

စားပွဲထိုးကောင်လေးသည် အလွန်လျင်မြန်စွာဖြင့် ထိုလူ

www.burmeseclassic.com

www.burmeseclassic.com



ကြီး၏ အနားမှ ပြေးထွက်သွားလေသည်။

ထိရီသည် ပျာယီပျာယာနိုင်သော ထိုလူ့ကို အကဲခတ် ကြည့်နေသည်။

စင်စစ် ထိုလူမှာ ခါးပိုက်နှိုက်သိုင်းသမား ဟူဖေးဆိုသူပင် ဖြစ်လေသည်။

လို့ရင်ရင်သည် ထိရီကို လက်တို့ပြီး မေးလိုက်၏။

"အစ်ကို သူ့ကို ဘာလို့ကြည့်နေတာလဲ။ သူ့ကို အစ်ကို သိလို့လား"

"အစ်ကို သူ့ကို အကဲမရဘူး"

"ဒီလူဟာ တို့စားကိုခါးပိုက်နှိုက်သွားတဲ့ လူတစ်ယောက်ပဲ"

"သေချာရဲ့လား အစ်ကို"

"သေချာနိုင်ပါတယ်။ ဒီလူ တစ်ခုခုကို စိုးရိမ်နေပုံရတယ်။ ဘာကိုစိုးရိမ်နေမှန်းတော့ အစ်ကိုမသိဘူး"

လို့ရင်ရင်သည် ခါးပိုက်နှိုက်သိုင်းသမားကို တစ်ချက် အကဲခတ် ကြည့်လိုက်ပြီး အသံမဲ့ဆက်သွယ်ခြင်းဖြင့် ထိရီကို မေးလိုက်သည်။

"သူ့ကို ကြည့်ရတာ သံသယဝင်စရာပဲ။ အစ်ကိုထင်တဲ့ အတိုင်းများ ဖြစ်နေမလား မသိဘူး"



ထိရီသည် လို့ရင်ရင်၏ အသံမဲ့ဆက်သွယ်ခြင်းဖြင့် ပြောလိုက်သောစကားကို ကောင်းစွာနားလည်ပေ၏။

ထို့ကြောင့် ထိရီကလည်း အသံမဲ့ဆက်သွယ်ခြင်း စကားဖြင့် လို့ရင်ရင်ကို ပြန်ပြောလိုက်သည်။

"ဒါပေမဲ့ သူ့လက်ထဲမှာတော့ တို့ရဲ့ အဆိပ်တစ်ထောင်စားကြီး မတွေ့ရဘူး။ စားကို ဒီလူတစ်နေရာမှာဝှက်ပြီး ဒီကို ရောက်လာတယ်နဲ့ တူတယ်"

"အစ်ကိုထင်မြင်ချက်ပေးတာ မှန်နိုင်တယ်။ ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ဒီကောင့်ကို အေးအေးဆေးဆေး ပြောလို့ရမယ် မထင်ဘူး"

"အစ်ကိုက သူ့ကို ဘယ်လိုလုပ်မယ် စိတ်ကူးထားသလဲ"

"ရှိပါပြီ မေးရမှာပေါ့"

"ဖြစ်ပါ့မလား အစ်ကို"

"အစ်ကို့ဘဝမှာ ဖြစ်ပါ့မလားဆိုတာ မရှိဘူး။ မဖြစ်ဘူး ဖြစ်တယ်ပဲရှိတယ်။ ဒီပွဲမှာတော့ ဖြစ်ကိုဖြစ်ရမယ် လို့ ကြည့်နေ"

ထိရီသည် ထိုင်ရာမှထပြီး ဟူဖေးထံလျှောက်သွား၏။

ဟူဖေးအနားသို့ ရောက်သောအခါ ထိရီက ဟူဖေး၏

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ထွီခနဲ တံတွေးဖြင့် လှမ်းထွေးကာ ရန်စလိုက်၏။

ထိရီ၏ တံတွေးထွေးချက်မှာ အလွန်ပြင်းထန်၏။ အတွင်းအားဖြင့် တိုက်ခိုက်လာသောကြောင့် ဟူဖေးသည် တံတွေးစဉ်သွားသော မျက်နှာကို တစ်ချက်ပွတ်သပ်သုတ်၍ ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။

ထိုစဉ်မှာပင် စားပွဲထိုးကောင်လေးရောက်လာပြီး အရက်တစ်အိုးနှင့် ပေါက်စီများချပေးကာ ကြောက်အားလန့်အားဖြင့် ချက်ချင်းလှည့်ပြေးသွားလေ၏။

"ဘယ်လိုလဲ မိတ်ဆွေ ကျုပ်ကို တံတွေးနဲ့ထွေးပြီး ရန်စတဲ့သဘောလား။ တံတွေးစဉ်သွားတဲ့ ကျုပ်ပါးကိုကြည့်စမ်း။ ခဲလုံးမှန်သလို ယောင်ကိုင်းနေပြီ"

ဟူဖေးက ပါးကိုလက်ဖြင့်စမ်းရင်း ပြောလိုက်သည်။ မှန်သည်။ ဟူဖေး၏ပါးမှာ ယောင်ကိုင်းလျက်ရှိပေ၏။

"အဲဒါ ဘာဖြစ်သလဲ။ မင်းမကျေနပ်ရင် ငါ့ကိုပြန်တိုက်ခိုက်ပေါ့ကွ"

"ဘာကွ"

ဟူဖေး အကြီးအကျယ် ဒေါသထွက်လာပြီး ထိရီကို ရုတ်တရက် ဝင်တိုက်သည်။

သို့သော် ဟူဖေးမှာ များစွာနောက်ကျသွားပြီ ဖြစ်၏။



အလွန် လျင်မြန်သော ထိရီက ဟူဖေး၏ သွေးကြောကြီးသုံးကြောကို ရုတ်တရက် လှမ်းပိတ်လိုက်သည်။

ဟူဖေး မလှုပ်ရှားနိုင်တော့ပေ။

သွေးကြောပိတ် ခံလိုက်ရသောကြောင့် ဟူဖေးမှာ ထိရီကို တိုက်ခိုက်နိုင်ဖို့ဝေးစွာ၊ ကိုယ့်ကိုယ်ကိုပင် ဆောက်တည်နိုင်စွမ်းမရှိတော့ဘဲ တစ်ကိုယ်လုံး နတ်ဝင်သလို တဆတ်ဆတ်တုန်နေတော့၏။

"မှန်မှန်ပြောစမ်း…ငါ့ဓား ဘယ်မှာလဲ"

"ခင်ဗျား ဓားနဲ့ ကျုပ်က ဘာပတ်သက်နေလို့လဲ။ ကျုပ်မသိဘူး"

ဟူဖေးက ငြင်းဆိုလိုက်သည်။ ထိရီသည် ဟက်ခနဲရယ်မောလိုက်ပြီး…

"လိမ်မပြောနဲ့ မှန်မှန်ပြော။ မင်းလိမ်ရင် မင်းခံရလိမ့်မယ်။ ငါပိတ်ထားတဲ့ သွေးကြောသုံးကြောဟာ မင်းဘဝကို လူစဉ်မမီအောင် ပြောင်းလဲပစ်နိုင်တယ်ဆိုတာ မင်း နားလည်ထားစမ်း။ ကိုင်း…ငါ့ဓား ဘယ်မှာလဲ။ ပေးမလား မပေးဘူးလား ပြော"

ထိရီက ဒေါသဖြင့် အော်ပြောလိုက်သည်။

"ကျုပ်မှ မယူတာ။ ဘယ်လိုလုပ်ပြီး ကျုပ်က ပေးရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဒီလိုလား။ ရတယ်လေ မင်းကိုပိတ်ထားတဲ့ သွေးကြောဟာ သုံးရက်ကြာရင် မင်းအရပ်ဟာ အလိုလို ပုတို သွားလိမ့်မယ်။ အရပ်ခြောက်ပေလောက်ရှိတဲ့ မင်းအရပ်ဟာ သုံးရက်ကြာတာနဲ့ သုံးပေပဲ ကျန်ပါလိမ့်မယ်။ ငါ့လူ အဲဒါ မင်းစဉ်းစားပြီး ငါ့ကို အဖြေပေးဖို့လိုတယ်"

ဟူဖေးသည် ထိရီ၏စကားကြောင့် အလွန်အမင်း ကြောက်ရွံ့ ထိတ်လန့်၍သွားလေ၏။

"ခင်ဗျား ကျုပ်ကို ခြိမ်းခြောက်နေတာလား။ တကယ် ပြောနေတာလား မိတ်ဆွေ"

"မင်းကို ခြိမ်းခြောက်နေတာ မဟုတ်ဘူး။ ငါတကယ် ပြောနေတာ။ ငါ ပိတ်ထားတဲ့ သွေးကြောကို ဘယ်သိုင်းလောကသားမှ ဖြေပေးလို့မရဘူးဆိုတာလဲ မင်း နားလည်ထားဦး။ စဉ်းစားလေ။ မင်းဆီက အဖြေမရမချင်း မင်းသွေးကြောကို ငါလုံးဝ ဖြေပေးမှာမဟုတ်ဘူး"

ဟူဖေး ခဏစဉ်းစားလိုက်သည်။

"ကျုပ် မှန်မှန်ကန်ကန်ဖြေရင် ခင်ဗျား ကျုပ်သွေးကြောကို ပြန်ဖြေပေးမလား"

"ယောကျ်ားတွေပဲ မင်း မှန်မှန်ကန်ကန်ဖြေရင် ငါလည်း မှန်မှန်ကန်ကန် မင်းသွေးကြောကို ပြန်ဖွင့်ပေးမှာပေါ့"



"ဒါဆို ကျွန်တော်ဖြေမယ်"

"ဖြေ . . ."

"ခင်ဗျားဆီက နိုက်ယူခဲ့တဲ့ဓား ကျွန်တော့်ဆီမှာ မရှိတော့ဘူး"

"ဘာ . . . မင်းဆီမှာ မရှိတော့ဘူး ဟုတ်လား"

"ဟုတ်တယ် . . . ကျွန်တော့်ဆီမှာ မရှိတော့ဘူး။ ရှောင်လင်ဘုန်းကြီး လင်ရှောင်က ကျွန်တော့်ကို အနိုင်ကျင့်ပြီး ဓားကို ယူသွားတယ်"

"ရှောင်လင်ဘုန်းကြီး လင်ရှောင်က မင်းဆီကဓားကို လုသွားတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"မင်း ငါ့ကို တကယ်ပြောနေတာလား"

"ကျွန်တော် မညာပါဘူး။ တကယ်ပြောနေတာပါ။ ရှောင်လင်ဘုန်းကြီး လင်ရှောင်ဟာ အင်မတန် အဆင့်မြင့်တဲ့ သိုင်းသမားကြီး တစ်ဦးပဲ"

"မင်းဆီကဓားကို သူက ဘယ်လိုလုပ်ပြီး လုယူသွားတာလဲ"

"ကျွန်တော့်ကို သိုင်းကွက်သုံးကွက်နဲ့ အနိုင်တိုက်ပြီး လုယူသွားတာပဲ။ ကျွန်တော် သူ့ကို နိုင်အောင်မတိုက်နိုင်ခဲ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိရီ သက်ပြင်းရှိုက်လိုက်သည်။

လွှီရင်ရင် အနားသို့ရောက်လာသည်။

"အစ်ကို ဓားမရရင် ဘယ်လိုလုပ်မလဲ"

လွှီရင်ရင်က မေးလိုက်သည်။

"ဓားပြန်ရအောင် ကြိုးစားရမှာပေါ့"

"ဒါဖြင့် ကျွန်မတို့ ရှောင်လင်ဘုန်းတော်ကြီး လင်ရှောင်ဆီသွားရမှာပေါ့ ဟုတ်လား အစ်ကို"

"သွားရမှာပေါ့ လွှီ"

"သူ့ကိုရော ဒီအတိုင်းပဲ ထားခဲ့ရမှာလား"

လွှီရင်ရင်က ဟူဖေးကို တစ်ချက်လှမ်းကြည့်ပြီး ထိရီကို မေးလိုက်သည်။

"သူ့ကို ဒီအတိုင်းထားခဲ့ရင် သူ့ဘဝ လူစဉ်မမီဘဲဖြစ်သွားမှာပေါ့"

"အစ်ကိုလေး ကျွန်တော့် သွေးကြောကို ဖွင့်ပေးခဲ့ပါဦး"

ဟူဖေးက စိုးရိမ်တကြီး ထိရီကို အော်ပြောလိုက်၏။

"ဖွင့်ပေးမှာပေါ့"

ပြောပြောဆိုဆို ထိရီသည် ဟူဖေး၏ နားရွက်နှစ်ဖက်ကို လက်ဖြင့်တောက်လိုက်ရာ အကြောများပြန်ပြေကာ လူကောင်းပကတိအတိုင်း ပြန်ဖြစ်သွားလေ၏။



"ကျေးဇူးပဲဗျာ"

ဟူဖေးက ထိရီကို ကျေးဇူးတင်စကားပြောလိုက်သည်။

"ကိုင်း ကျုပ်တို့ကို ခွင့်ပြုဦး"

ထိရီသည် ဟူဖေးအား နှုတ်ဆက်၍ လွှီရင်ရင်နှင့်အတူ စားသောက်ဆိုင်အတွင်းမှ ထွက်ခဲ့သည်။

× × ×

## ရှောင်လင်ဘုန်းကြီးနှင့် သိုင်းကွက်ဆန်း

လင်ရှောင်သည် မီးရဲရဲတောက်နေသော ကြေးမီးအိုးကြီးကိုပိုက်လျက် သိုင်းလေ့ကျင့်နေသည်။

၎င်း၏သိုင်းကွက်များမှာ လွန်စွာဆန်းပြားပေ၏။ ကြေးမီးအိုးကြီးမှာ အလေးချိန် တစ်ရာနီးပါးခန့် ရှိပေသည်။

သိုင်းကွက် ငါးဆယ်ကျော် ကစားပြီးနောက် အနားယူလိုက်၏။

ကြေးမီးအိုးကို ကျောင်းရှေ့ခြံသို့ ကျောက်ရုပ်ကြီး၏ ကိုယ်ပေါ် လုံတင်ထားလိုက်ပြီး ခန္ဓာကိုယ်ကို ပျော့ချကာ လေကို ဝအောင်ရှူလိုက်သည်။

"ဟူး . . ."

တင်းကျပ်နေသော ခန္ဓာကိုယ်၏ အကြောအချင်များ

www.burmeseclassic.com

www.burmeseclassic.com



ပြေလျော့သွားသည်နှင့် လန်းလန်းဆန်းဆန်း ဖြစ်သွားဟန်ဖြင့် ကျောင်းရှေ့မှ တောင်တန်းဆီသို့ လှမ်းကြည့်နေလိုက်သည်။

ထိုစဉ် တောတန်းအတွင်းမှ လူနှစ်ယောက် ပြေးထွက်လာသည်ကို မြင်လိုက်ရသဖြင့် လင်ရှောင်က...

"ဟိတ်...ဘယ်သူတွေလဲ"

အော်မေးလိုက်သည်။

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျား သိဖို့မလိုဘူး"

တောတန်းအတွင်းမှ ပြေးထွက်လာသူနှစ်ဦးမှာ ထိရီနှင့် လွှီရင်ရင်တို့ ဖြစ်ကြ၏။

"မင်းတို့နှစ်ယောက် ဘာကိစ္စနဲ့ ငါ့ဆီရောက်လာတာလဲ"

"ဟူဖေးဆီက အနိုင်ကျင့်ပြီး လုယူထားတဲ့ အဆိပ်တစ်ထောင်ဓားကြီးကို ပြန်ယူချင်လို့ပေါ့ဗျာ"

ထိရီက အော်ပြောလိုက်သည်။ ရှောင်လင်ဘုန်းတော်ကြီး လင်ရှောင်သည် ထိရီကို စေ့စေ့စပ်စပ် မျက်မှောင်ကြုတ်ကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

"ဟား...ဟား...ဟား"

ရယ်မောပြီးနောက်...

"မင်းက ငါ့ဆီက အဆိပ်တစ်ထောင်ဓားကြီးကို ပြန်ယူချင်တယ်ပေါ့ ဟုတ်လား။ နေစမ်းပါဦး အဲဒီ အဆိပ်တစ်ထောင်



ဓားနဲ့ မင်းက ဘယ်လိုပတ်သက်နေလို့လဲ"

လင်ရှောင်က မေးလိုက်သည်။

"နေပါဦး...အဲဒီဓားက ကျုပ်နဲ့ ဘယ်လိုပတ်သက်နေတယ်ဆိုတာ ခင်ဗျားမမေးခင် ခင်ဗျားကို ကျုပ်က အရင်မေးစမ်းပါရစေ။ ခင်ဗျားက ခင်ဗျားနဲ့မဆိုင်တဲ့ အဆိပ်တစ်ထောင်ဓားကို ဘာဖြစ်လို့ အချောင်လိုချင်နေရတာလဲ"

"ဟား...ဟား...ဟား...အချောင်လိုချင်တယ် ဟုတ်လား။ ဒီဓားရာဇဝင်ကို မင်း ဘယ်လောက်သိလို့လဲ။ အဆိပ်တစ်ထောင်ဓားပိုင်ရှင်ဟာ သိုင်းလောကရဲ့ ကျော်စောတစ်ဆူဆိုတာရော မင်း သိရဲ့လား။ ဒီဓားနဲ့ ပတ်သက်ပြီး သိုင်းလောကသားတွေ ဘယ်လောက်ထိ လုပ်ရှားရှုပ်ပွေခဲ့တယ်ဆိုတာရော မင်းနားလည်ရဲ့လား"

လင်ရှောင်က မေးလိုက်သည်။

"ကျုပ် မသိဘူး။ ကျုပ်သိတာကတော့ ခင်ဗျားဆီကို ရောက်နေတဲ့ အဆိပ်တစ်ထောင်ဓားကြီးကို ဘယ်နည်းနဲ့ ပြန်ရအောင် လုပ်ရမလဲဆိုတာပဲ ကျုပ် နားလည်တယ်"

ထိရီက ရှေ့တစ်လှမ်းတိုး၍ မေးလိုက်သည်။

"အဆိပ်တစ်ထောင်ဓားကြီးကို မင်း တကယ်လိုချင်ရဲ့နေတာလား"

"ဟုတ်တယ်"

"ဒီဓားက မင်းနဲ့မှ မဆိုင်တာ"

"ဟုတ်တယ် ကျုပ်နဲ့မဆိုင်ဘူး။ ဒါပေမဲ့ ဆိုင်တဲ့လူရှိ တယ်"

"ဆိုင်တဲ့လူက ဘယ်သူလဲ"

"ဒီမှာ သူပဲ"

ထိရီက လွှိရင်ရင်ဘက်လှည့်၍ မေးဆက်ပြလိုက်သည်။ လင်ရှောင်သည် လွှိရင်ရင်ကို အကဲခတ်ကြည့်လိုက်ပြီး...

"သူက ဘယ်သူလဲ။ ဓားနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"သူက လွှိရင်ရင်ပဲ။ လွှိမျိုးဆက်ဆိုကတည်းက ခင်ဗျား သဘောပေါက်ဖို့ကောင်းပြီ"

"သူက လွှိမျိုးဆက်လား"

"ဟုတ်တယ်"

လင်ရှောင်သည် လွှိရင်ရင်ကို ထပ်မံအကဲခတ်လိုက်ပြီး မျက်နှာတစ်ချက် ပျက်သွားလေသည်။

ထို့နောက် ပျက်သွားသောမျက်နှာကို ပြန်ပြင်၍...

"ဒါဖြင့် သူဟာ လွှိဟာန်ရဲ့သမီးလေးပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"အလို· ·သူက လွှိဟာန်ရဲ့ သမီးလေးကို"



လင်ရှောင်က အာမေဋိတ်သံဖြင့်ပြောပြီး ထိရီကို မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။ ပြီးနောက် ထိရီဘက်သို့ ဆတ်ခနဲ လှည့်ကာ···

"ခင်ဗျားက လွှိမျိုးဆက်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"အရင်ကတော့ မပတ်သက်ဘူး။ အခုတော့ ပတ်သက်နေပြီဆိုပါတော့"

ထိရီက လွှိရင်ရင်ကိုကြည့်၍ လင်ရှောင်ကို ပြောလိုက်သည်။

"ဒီကောင်မလေးရဲ့ အကျိုးဆောင်ဆိုပါတော့ ဟုတ်လား"

"ဟုတ်တယ်"

"မင်း လွှိအကြောင်း သိလို့လား"

"သိစရာမလိုပါဘူး"

"မသိလို့ မရဘူး သိကိုသိရမယ်။ မင်းမသိရင် ငါပြောပြမယ်။ လွှိရင်ရင်ဟာ အဘိုးကြီးတစ်ယောက်ရဲ့ မိန်းမဆိုတာကိုရော မင်း သိရဲ့လား"

လင်ရှောင်၏စကားကြောင့် လွှိရင်ရင်မှာ ရှက်၍သွားလေ၏။ ဖွေးနုသော မျက်နှာပြင်တစ်ခုလုံး ရဲရဲတွတ်ကာ နီမြန်းသွားလေ၏။

"လွှိဟာ အဘဝမ်ရင်ရဲ့ မိန်းမမှန်း ကျုပ် သိသားပဲ။ အဲဒါ

www.burmeseclassic.com



ဘာဖြစ်သလဲ"

"ဘာမှတော့ မဖြစ်ပါဘူး။ ဝမ်ရှင်နဲ့ မင်း တွေ့ပြီးပြီလား"

"တစ်သက်လုံး ထပ်တွေ့စရာ မလိုတော့ဘူး"

"မင်းက လွှီကိုနိုးပြီး ဝမ်ရှင်ကိုရှောင်နေမယ်ဆိုတဲ့ သဘောမျိုးနဲ့ ငါ့ကို ပြောနေတာလား"

ထိရီ ခေါင်းကိုယမ်းခါလိုက်သည်။

"ခင်ဗျား ပြောတာတွေ တစ်ခုမှမဟုတ်ဘူး။ အဘဝမ်က သေသွားပြီဗျ။ ဒါကြောင့် သူ့ကို တစ်သက်လုံး ပြန်မတွေ့ရတော့ဘူး ပြောနေတာပေါ့"

"ဘာ ဝမ်ရှင် သေပြီ ဟုတ်လား"

"ဟုတ်တယ်"

"ဝမ်ရှင်ကို မင်း သတ်လိုက်တာတယ်ဆိုပါတော့"

"ကျုပ် မသတ်ဘူး။ သူ့ဘာသာ သေတာ"

လင်ရှောင်သည် ခဏစဉ်းစားဟန်ဖြင့် ငြိမ်နေလိုက်၏။ ပြီးမှ...

"အဆိပ်တစ်ထောင်ဓားမှာ လျှို့ဝှက်ချက်တွေရှိတယ်ဆိုတာ မင်း သိလား"

"မသိဘူး"

"ခက်တယ်။ ဒီဓားနဲ့ပတ်သက်ပြီး မီးနိုးကြွက်လျှောက်



ဖြစ်နေကြမယ်ဆိုတာ ငါ ကြိုပြီးသိထားတာ။ အခုတော့ မှန်နေပြီ ပေါ့။ အဆိပ်တစ်ထောင်ဓားမှာ လျှို့ဝှက်ချက်သိုင်းကွက်တစ် ထောင်ရှိတယ်ဆိုတာရော မင်း သိလား"

"မသိဘူး"

"အဲဒါ ခက်တာပေါ့"

"ခက်တာတွေ လွယ်တာတွေ ပြောမနေနဲ့။ ခင်ဗျားဆီက အဆိပ်တစ်ထောင်ဓားကြီး ပြန်ပေးမလား မပေးဘူးလား ဒါပဲပြော ပါ"

"ဒီလို လွယ်လွယ်နဲ့ တောင်းလို့ဘယ်ရမလဲ"

"ဒီလို လွယ်လွယ်နဲ့ တောင်းလို့မရရင် ကျုပ်က ဘယ် လိုလုပ်ပြီး တောင်းရမလဲ"

"မင်းနဲ့ ငါနဲ့ သိုင်းချင်းယှဉ်ပြိုင်ကြမယ်။ ငါ့ကို မင်းနိုင် အောင်တိုက်နိုင်ရင် မင်းလိုချင်တဲ့ ဓားရမယ်။ ဒါပဲ ဘယ့်နှယ်လဲ"

"သိပ်ကောင်းတဲ့ အပေးအယူသဘောပဲဗျာ။ ကျုပ်က လည်း ယောက်ျားပီပီ ဒါမျိုးပဲကြိုက်တယ်။ စိန်လိုက်လေ"

ထိရီက တစ်ဘက်မှ စိန်ခေါ်ချက်ကို သဘောတူလိုက် သောအခါ လွှီရင်ရင်မှာ ထိရီလက်ကိုဆုပ်ကိုင်ရင်း လေသံဖြင့်..

"အစ်ကို သတိထား၊ ရှောင်လင်သိုင်းကွက်တွေက သိပ် ပြီးအဆင့်မြင့်တယ်လို့ ကျွန်မ ကြားဖူးတယ်။ အစ်ကို သူ့ကို မှုဉ်

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်တိုက်ခိုက်လို့ နိုင်ပါ့မလား"

"အသာနေစမ်းပါ လှီ။ ရှောင်လင်သိုင်းကွက်တွေ ဘယ်လောက်ပဲအဆင့်မြင့်မြင့် အစ်ကိုရဲ့ သဲမှန်တိုင်းသိုင်းကွက်ကိုတော့ သူ ယှဉ်လို့ရမယ် မထင်ပါဘူး"

ထိရီသည် ပြောပြောဆိုဆိုဖြင့် လင်ရှောင်အား အကဲခတ်စမ်းသပ်လိုသဖြင့် မြေပေါ်မှ လက်တစ်ဆုပ်စာခန့်ရှိ ကျောက်ခဲတစ်လုံးကို ကောက်ယူလိုက်သည်။

ထိုသို့ ထိရီ ကောက်ယူလိုက်သော ခဲကို ရှောင်လင်က မျက်မှောင်ကြုတ်၍ စိုက်ကြည့်နေ၏။

"လှီရင်ရင်ကမူ...

"အဲဒီ ကျောက်ခဲက ဘာလုပ်မလို့လဲဟင်"

ဟု မေးလိုက်သည်။

"သူ့ အစွမ်းအစကို စမ်းသပ်ကြည့်မလို့လေ"

ပြောပြီး ထိရီက ကျောက်ခဲဖြင့် လင်ရှောင်အား လှမ်း၍ ပေါက်လိုက်သည်။

"ဒိုး..."

"ဗလတ်"

"ဖုတ်"

ပြေးလွှင့်သွားသော ကျောက်ခဲကို လင်ရှောင်က သူ၏



အင်္ကျီလက်မောင်းအိုးပွကြီးဖြင့် ယပ်ခတ်သလို ခတ်ထုတ်ပစ်လိုက်သည်။

ကျောက်ခဲသည် လေထဲ၌ တစ်လံကွာအရောက် တန့်ခနဲရပ်ကာ မြေသို့ ဖုတ်ခနဲကျသွားလေ၏။

"ဟာ...အစ်ကို၊ အတွင်းအားသိပ်ကောင်းတဲ့ ပုဂ္ဂိုလ်ပဲ အစ်ကို သူ့ကို ယှဉ်ပြိုင်လို့ရမယ် မထင်ဘူး"

"ဘယ်နယ်မရှာဘဲ နေပါ့မလဲကွာ။ ငါက သူ့အကဲကို စမ်းသပ်ကြည့်တာပါ။ သူ့အစွမ်းအစကိုသိရင် ဒီပွဲမှာ အစ်ကိုနိုင်ဖို့ သိပ်သေချာသွားပြီ"

"ဟိတ်ကောင်လေး...ဒီမှာကြည့် ငါ့ရဲ့ အတွင်းအား ဘယ်လောက်ကောင်းတယ်ဆိုတာ အခုပြမယ်"

လင်ရှောင်သည် ထိရီအား လှမ်းအော်လိုက်ပြီးနောက် ထန်းသီးလုံးလောက်ရှိသော ကျောက်ခဲတစ်လုံးကို မြေပြင်ပေါ်မှ လှမ်းကောက်ယူလိုက်၏။ ထို့နောက် လက်ကိုလွှဲ၍ လေထဲပစ်ခတ်ထုတ်လိုက်သည်။

"ဒိုး"

ထန်းသီးလုံးခန့်ရှိသော ကျောက်ခဲလုံးသည် အရှိန်အဟုန်ပြင်းထန်စွာဖြင့် လေထဲလွင့်စဉ် ပြေးထွက်သွားလေ၏။

လေထဲ လွင့်စဉ်ပြေးထွက်သွားသော ထန်းသီးလုံးခန့်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲသည် ပြင်းထန်စွာ လေကိုထိုးခွဲသွားသဖြင့် လေတိုး လေစားခံလိုက်ရသော နောက်ဆုံး လက်မသာသာခန့်သာ ကျန် တော့သည်။

ထို လက်မသာသာခန့်သာ ကျန်တော့သော ကျောက် ခဲသည် သစ်ပင်တစ်ပင်ကို ပြင်းထန်စွာ ထိခတ်သွားလေ၏။

"ဒုန်း"

"ဝုန်း"

သစ်ပင်ကြီးလဲကျသော မီးဟုန်းဟုန်း တောက်၍သွား လေ၏။

"အစ်ကို မြင်တယ်မို့လား။ အစ်ကို သူ့ကိုယှဉ်လို့ရမှာ မဟုတ်ဘူး။ ရန်များတဲ့ အဆိပ်တစ်ထောင်ဓားကြီးကိုလည်း ကျွန်မ မလိုချင်တော့ဘူးရှင်"

"လွှီ မင်း ဘာကိုပြောနေတာလဲ။ အစ်ကိုရဲ့ သံမှန်တိုင်း သိုင်းကွက်ကို လွှီကြည့်၊ အစ်ကို အခုပြမယ်"

ထိရီသည် မြေပေါ်မှ အုန်းသီးလုံးခန့်ရှိသော ကျောက်ခဲ တုံးကြီးကို ကောက်ယူ၍ လင်ရှောင်ထံ ပစ်လွှတ်လိုက်သည်။

"ဖုစ်"

"ရှီး"

ကျောက်ခဲတုံးကြီး မျက်စိအောက်၌ ပျောက်ကွယ်သွား



ပြီး သံမှန်တိုင်းတစ်ခု ဝုန်းခနဲ ကျရောက်လာလေ၏။

"ဝိုး...ဝိုး...ဝိုး"

လင်ရှောင်သည် သံမှန်တိုင်းကို ခုခံကာကွယ်ရန် မိုးကြိုး လက်ဝါးသိုင်းကွက်ဖြင့် ရိုက်ခတ်တားဆီးလိုက်၏။

"ဖောင်း"

"ဝိုး...ဝိုး...ဝိုး"

သို့သော် လင်ရှောင်၏ မိုးကြိုးလက်ဝါးသိုင်းကွက်များက ထိရီ၏ သံမှန်တိုင်းသိုင်းကွက်ကို ရိုက်ခတ်တားဆီးနိုင်စွမ်း မရှိပေ။

"ဟား"

"ဖောင်း"

"ဝိုး...ဝိုး...ဝိုး"

သံမှန်တိုင်းများ ကြီးကျယ်စွာ ရစ်ပတ်နှောင်ဖွဲ့လာသော အခါ လင်ရှောင်သည် တန့်မခံနိုင်တော့ဘဲ ရှောင်လင်ဘုန်းကြီး ကျောင်းတိုင်ကြီးကို အကာအကွယ်ယူကာ ဖက်တွယ်ထားလိုက် ၏။

လင်ရှောင်၏ ကိုယ်ပေါ်၌ လွှမ်းခြုံဝတ်ဆင်ထားသော ဝတ်ရုံကြီးမှာလည်း သံမှန်တိုင်းလေပြင်းများ ရိုက်ခတ်ထားသဖြင့် စုတ်ပြတ်သတ်ကာ နောက်ဆုံး အရှက်လုံရုံသာ ကျန်တော့၏။

သည်တော့မှ ရှောင်လင်ဘုန်းတော်ကြီး လင်ရှောင်သည်

www.burmeseclassic.com

www.burmeseclassic.com



အလွန်အမင်း ထိတ်လန့်၍သွားကာ···

"ဟော့···မင်းရဲ့ သဲမှန်တိုင်းသိုင်းကွက်ကို တားဆီးပေးပါ။ မင်းလိုချင်တဲ့အဖြေကို ငါ အတိအကျပေးမယ်"

ထိရီသည် လင်ရှောင်၏အသံကို သဲမှန်တိုင်းကြားမှ သဲကွဲစွာ ကြားလိုက်သည်။

"ခင်ဗျား လိမ်မယ်ကြံရင် အဲဒီမုန်တိုင်းအောက်မှာ အသက်ပျောက်သွားမယ်"

"ကျုပ် မလိမ်ပါဘူး။ သဲမုန်တိုင်းသိုင်းကွက်ကို အမြန်ဆုံး တားဆီးပေးပါ။ ကြာရင် ကျုပ် လေမွန်းပြီး သေလိမ့်မယ်"

"ကောင်းပြီ ကျုပ် တားဆီးပေးမယ်။ ပြီးရင်တော့ ခင်ဗျား ဘာလုပ်ပေးရမယ်ဆိုတာ ခင်ဗျား နားလည်ပါတယ်နော်"

"ကျုပ်နားလည်ပါတယ်။ မြန်မြန်သာ သဲမုန်တိုင်းကို စဲအောင် လုပ်ပေးပါ"

ထိရီသည် လေစုန်သို့ပြေးဆင်းသွားပြီး ဝှန်းခနဲ သဲမုန်တိုင်းကို ရိုက်ခတ်လိုက်သည်။ မုန်တိုင်းသည် ကတော့ထိုးနေရာမှ တန့်ခနဲ ရပ်တန့်သွားလေ၏။

"ဘယ့်နှယ်လဲ ကျုပ်ရဲ့ သဲမုန်တိုင်းသိုင်းကွက် အကြောင်း သိပြီမဟုတ်လား။ ကိုင်း···ဖြေပေးဖို့သာ ပြင်ပေတော့"

ထိရီက အော်ပြောလိုက်သည်။



လင်ရှောင်သည် မျက်နှာတစ်ချက်ပျက်သွားပြီး···

"ကျုပ် အမှန်အတိုင်းပြောမယ်။ အဆိပ်တစ်ထောင်စားကြီး ကျုပ်ဆီမှာ မရှိတော့ဘူး"

"ဘာ···ဘာပြောတယ်။ ခင်ဗျား ကျုပ်ကို လိမ်ပြောနေတာလား"

"ကျုပ် ခင်ဗျားကို အမှန်ပြောနေတာပါ။ ကျုပ် ခါးပိုက်နှိုက်သိုင်းသမားဆီက အနိုင်ကျင့်ပြီး ယူခဲ့တဲ့ အဆိပ်တစ်ထောင်စားဟာ အခု ကျုပ်လက်ထဲမှာ မရှိတော့ဘူး။ ကျုပ်ကို အနိုင်ကျင့်ပြီး လင်းဆွဲညီနောင်သုံးဖော် လုယူသွားတယ်။ ကျုပ် ပြောတာယုံပါ"

"အဲဒီ လင်းဆွဲညီနောင်သုံးဖော်က ဘယ်မှာလဲ။ ခင်ဗျား ကျုပ်ကို လမ်းညွှန်ပေးနိုင်ရင် ပေးပါ။ ကျုပ် အဲဒီကိုသွားပြီး ယူမယ်"

"လင်းဆွဲညီနောင်သုံးဖော်က ပီကင်းမှာ နေတယ်။ ဒါပေမဲ့ ဒီကောင်တွေဟာ ပီကင်းမှာလည်း ကြာကြာနေမှာ မဟုတ်ဘူး။ မြွေနဂါးတောကြီးထဲ ရောက်ချင်ရောက်နေမှာ။ လင်းဆွဲညီနောင်သုံးဖော်ဟာ တောကြီးထဲက သစ်ပင်ကြီးကြီးတွေပေါ်မှာ လင်းဆွဲကောင်တွေလို ချိတ်ပြီး တွယ်ပြီး နေတတ်တာများတယ်။ ကျုပ် အနေနဲ့ ဒီလောက်ပဲ လမ်းညွှန်ပေးနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



လင်ရောင် စကားဆုံးသည်နှင့် ထိရီသည် လွိုရင်ရင်၏ လက်ကိုဆွဲ၍ မြင်းရှိရာ တောတွင်းသို့ ခွေ့ခနဲ ခုန်ဝင်သွားလေ၏။

× × ×

## ပတ္တမြားမယ်စားသောက်ဆိုင်မှ သတင်းထူး သတင်းဆန်း တစ်ပုဒ်

ကျန်းနန်းကျေးရွာသို့ ထိရီတို့ ရောက်လာကြသောအခါ မိုးချုပ်စ ပြုပြီ။

ထိရီနှင့် လွိုရင်ရင်တို့သည် စားသောက်ဆိုင်တစ်ခုသို့ ဝင်ရောက်တည်းခိုရင်း ညစာကို ထိုဆိုင်မှာပင် အတူတကွ စားသောက်ကြလေသည်။

ထိုဆိုင်၏အမည်မှာ ပတ္တမြားမယ် စားသောက်ဆိုင်ဖြစ်သည်။ အစားအသောက်ကောင်းရုံတင်မက ကျန်းနန်းကျေးလက်ထွက် အရက်မှာလည်း အလွန်အဆင့်မြင့်ကာ ကောင်းမွန်ပေ၏။

အရက်တစ်အိုးကုန်သော် နောက်တစ်အိုး ထိရီမှာပြန်သည်။

"အစ်ကို မူးမယ်။ တစ်အိုးလောက်ဆို တော်ရောပေါ့"

"အစ်ကို မမူးတတ်ဘူး။ ဘယ်နှစ်အိုး သောက်သောက် အစ်ကို ဘာမှမဖြစ်ဘူး"



"အစ်ကို နှစ်အိုးပဲသောက်နော်။ နှစ်အိုးကုန်ရင် ထပ်မမှာနဲ့တော့"

"အင်းပါ၊ လွိုကို သီးသန့်အခန်းတစ်ခန်း ငှားပေးမယ်။ အစ်ကိုက တစ်ခန်း ဟုတ်လား"

"တစ်ခန်းတည်းပဲ ငှားပါလား။ ဘာဖြစ်လို့ နှစ်ခန်းငှားရတာလဲ"

"ဟင်"

ထိရီ အံ့ဩသွားသည်။ ပြီးမှ...

"တစ်ခန်းတည်း အတူနေလို့ ဘယ်ဖြစ်မလဲ၊ တစ်ယောက်တစ်ခန်းစီ နေမှပေါ့"

"ဒါဆို ငွေတွေ အရမ်းကုန်နေမှာပေါ့"

"ကုန်ကုန်ပေါ့ ဘာဖြစ်လဲ။ တစ်ခန်းတည်း အတူနေခဲ့ရင် လွိုနဲ့ အစ်ကို ပြဿနာတက်ကုန်မှာပေါ့"

ထိရီစကားကြောင့် လွိုရင်ရင် မျက်နှာတစ်ချက်ပျက်သွားသည်။ သို့သော် ချက်ချင်း မျက်နှာကိုပြန်ပြင်၍...

"အစ်ကိုက ကိုယ့်ကိုယ်ကိုမှ မယုံတာ"

"အစ်ကိုက ကိုယ့်ကိုယ်ကို ယုံပါတယ်"

"ဒါဖြင့် ကျွန်မက အစ်ကို့ကို ဖောက်ပြန်စော်ကားမှာကြောက်လို့ဆိုတဲ့ သဘောလား"

www.burmeseclassic.com

www.burmeseclassic.com



လွှီရင်ရင်က အငေါ့စကားဖြင့် ထိရီကို ပြန်ပြောလိုက်သည်။

"ဒီလိုလဲ မဆိုလိုပါဘူး။ ချိတ်နဲ့ မီးဟာ ဝေးနေတာပဲ ကောင်းတယ်။ နီးရင် ပျော့ပြီး တွယ်ကပ်တဲ့သဘောရှိတယ်လေ။ ညီမလေးအတွက် ပြောတာပါ။ လွှိရဲ့ ဂုဏ်သိက္ခာ ထိခိုက်မှာစိုးလို့ ပြောနေတာပါ"

"ကောင်းပြီလေ အစ်ကိုသဘောပဲ"

ထိုစဉ် စားပွဲထိုးရောက်လာပြီး အရက်တစ်အိုးချပေးကာ ပြန်ထွက်သွားလေ၏။

× × ×

ဝါးခေါက်သံ ဆယ့်နှစ်ချက်တိတိ ထွက်ပေါ်လာသည်။ တစ်ချက် တစ်ချက် ခွဲအုသံကို ကြားရ၏။ လေသည် ငြိမ်လျက်ရှိသောကြောင့် သစ်ရွက်လှုပ်ခတ်သံကို မကြားရပေ။

ထိရီသည် အိပ်မပျော်သေးပေ။ ဘေးချင်းကပ်အခန်း၌ လွှီရင်ရင်တစ်ယောက် အိပ်များပျော်နေပြီလားမသိ။ လွှီရင်ရင်၏ အခန်းမှာ ငြိမ်သက်လျက်ရှိ၏။

ထိုစဉ် ထိရီ၏ အခန်းရှေ့ အပြင်ဘက်၌ ခြေသံလိုလို ကြားရသဖြင့် ခဏ ငြိမ်၍အကဲခတ်သည်။ ခြေသံမှာ သူခိုးခြေသံ



ကဲ့သို့ ပုံသော်လည်း အကင်းပါးသော ထိရီကမူ လူတစ်ယောက် နိုးကြောင်နိုးဝှက် လှုပ်ရှားနေကြောင်း ကောင်းစွာ သိပေ၏။

ခြေသံမှာ လွှီရင်ရင် အခန်းသို့ ရောက်သွားပြီး ခဏ ငြိမ်သက်သွားပြန်၏။ လွှီရင်ရင် မဖြစ်နိုင်ကြောင်း ထိရီသိသည်။

လွှီရင်ရင် မဟုတ်လျှင်···

အခြား မည်သူဖြစ်နိုင်သနည်း။

ထိရီ စဉ်းစားနေသည်။ ထိုစဉ်မှာပင် လွှီရင်ရင်၏ အခန်းနားမှ ခြေသံသည် တစ်ဖန် ရွေ့လျားလာပြီး ထိရီအခန်းနား အရောက်မှာ တုံ့ခနဲငြိမ်သက်စွာ ရပ်တန့်သွားပြန်၏။

ထိရီသည် အိပ်စက်နေရာမှ ရုတ်တရက် ထလိုက်သည်။ ပြီးနောက် တံခါးမကြီးအနောက်သို့ ခြေသံလုံလုံဖြင့် လျှောက်လာ၏။ အပြင်ဘက်မှခြေသံသည် ငြိမ်သက်မြဲ ငြိမ်သက်လျက်ရှိပေ၏။

ထိရီသည် တံခါးကို ရုတ်တရက် ဖွင့်လိုက်သည်။ တံခါး ဖွင့်သွားသည်နှင့် အပြင်ဘက်မှ ခြေသံရှင်သည် အရိပ်သဏ္ဌာန် တစ်ခုကို လှစ်ခနဲ ပြေးထွက်သွားရာ ထိရီ မျက်ခြေအပြတ်မခံဘဲ ပြေးလိုက်သွားလေ၏။

"ဟိတ်···မပြေးနဲ့"

ထိရီက လှမ်းအော်သတိပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အရိပ်သဏ္ဍာန်ရှင်မှာ ဝတ်စုံနက်ကို ဝတ်ဆင်ထား၏။ လှေကားအဆင်း အလယ်ထစ်အရောက်တွင် အရိပ်သဏ္ဍာန်ရှင်ကို ထိရီ ခုန်အုပ်ဖမ်းဆီးလိုက်၏။

"ဝုန်း"

"ဒုတ်"

"အင့်"

ထိရီ၏ လက်ဝါးစောင်းတစ်ချက်က ထိုလူ၏ဇက်ပိုးပေါ်သို့ ဒုတ်ခနဲ ကျရောက်သွားသည်။

ထိုလူသည် အင့်ဟု တစ်ချက်ညည်းတွားကာ ပျော့ခွေလဲကျသွားလေ၏။

စင်စစ် ထိရီသည် ထိုလူ၏ သွေးကြောတစ်နေရာကို ရိုက်ပိတ်လိုက်ခြင်း ဖြစ်လေသည်။

သတိလစ်နေသော ထိုလူကို အကြောဖွင့်ပေးလိုက်သည်။ ထိုလူသတိရလာသောအခါ ထိရီက...

"မင်း ဘယ်သူလဲ။ ငါ့အခန်း ဘာကိစ္စနဲ့ ခိုးကြောင်ခိုးဝှက် လာပြီး ချောင်းရတာလဲ"

မေးလိုက်သည်။ ထိုအခါ ဝတ်စုံနက်နှင့်လူက...

"ကျုပ် လာချောင်းတာ မဟုတ်ဘူး။ ခင်ဗျားကို အင်မတန်အရေးကြီးတဲ့ သတင်းတစ်ခု ပေးချင်လို့လာတာ။ ခင်ဗျား ကျုပ်



ပေးမယ့် သတင်းကို မလိုချင်ဘူးလား"

"မင်းက ဘာသတင်း ပေးမှာလဲ"

"ခင်ဗျား အင်မတန် လိုချင်နေတဲ့ သတင်းတစ်ပုဒ်လေ။ သတင်းပေးခတော့ ခင်ဗျား ပေးရလိမ့်မယ်"

"ကျုပ်က သတင်းခ ဘယ်လောက်ပေးရမလဲ"

"ငွေစ ငါးတုံး-မို့ ဖြစ်ပါတယ်"

"ကဲ...သတင်းပေး"

"ဒီလိုပေးလို့ ဘယ်ဖြစ်မလဲ။ အောက်ထပ်မှာ တစ်ခုခုစားသောက်ပြီး အပေးအယူလုပ်ကြတာပေါ့"

ထိရိုသည် ထိုလူကို တစ်ချက်အကဲခတ် ကြည့်လိုက်သည်။ ထိုလူကလည်း ထိရိုကိုကြည့်၍ အကဲခတ်ကြည့်နေလေသည်။

"ကောင်းပြီ တစ်ခုခုစားသောက်ပြီး အပေးအယူလုပ်ကြတာပေါ့။ ကျုပ် ဒကာခံပါ့မယ်"

ထိရိက ပြောပြီး ရှေ့ကဦးဆောင်ကာ စားသောက်ဆိုင်အတွင်းသို့ ဝင်လိုက်၏။ ထိုလူက အနောက်က လိုက်လာ၏။ စားပွဲထိုးမိလျှင် အရက်နှစ်အိုးနှင့် ခေါက်ဆွဲကြော်နှစ်ပွဲကို ထိုလူက မှာလိုက်သည်။

အရက်နှစ်အိုးနှင့် ခေါက်ဆွဲကြော်နှစ်ပွဲ ရောက်လာလျှင်

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက အရက်အိုးကို လှမ်းဆွဲယူကာ အငတ်ရေငတ်ဘဝကျသကဲ့သို့ တကျိုက်ကျိုက်ဖြင့် အသက်မရှူဘဲ ဆက်တ[illegible]က်လိုက်သည်။

အရက်အိုးထဲမှ အရက်တစ်ဝက်ခန့်ကုန်မှ အရက်အိုးကို စားပွဲပေါ်ပြန်တင်ပြီး ခေါက်ဆွဲကို ဆက်စားသည်။

ထိရီက ထိုလူ၏ အရိပ်အခြည်ကို အကဲခတ်ကာ ကြည့်နေလေသည်။

"အဟမ်း"

ထိရီက စကားစရန် ချောင်းဟန့်လိုက်သည်။

ထိုစဉ်မှာပင် ထိုလူက ဦးဆောင်စကားစလိုက်သည်။

"ကျုပ်နာမည်က လှုံကြူမင်းလို့ ခေါ်တယ်။ အလုပ်အကိုင်ကတော့ သတင်းရောင်းမယ်။ အဲဒီသတင်းက သတင်းထူးသတင်းဆန်း တစ်ပုဒ်ပဲ"

"ပြောပါအစ်ကိုလှုံ ခင်ဗျားစိတ်ကြိုက်ပဲ ကျုပ်ပေးမယ်လို့ ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်။ ဒါကြောင့်လည်း ခင်ဗျားကို လက်ခံပြီး ဒီဝိုင်းမှာ ကျုပ် အရက်သောက်နေတာပေါ့ဗျာ"

"ကျုပ်က ရှေ့ပတ္တမြား ရှေ့နဂါးပဲ ကြိုက်တယ်။ အင့် ငွေစငါးတုံး"



ထိရီကပြောပြီး ငွေစငါးတုံးကို အင်္ကျီအိတ်ထဲမှ နှိုက်ထုတ်ယူကာ လှုံကြူမင်းဆိုသူအား လှမ်းပေးလိုက်၏။ လှုံကြူမင်းဆိုသူသည် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်၍သွားလေ၏။

"ကျုပ် အခုသတင်းပေးမယ့် စကားက လူ့လောကမှာ အင်မတန်ဖြစ်ခဲကြုံခဲ့တဲ့ ကိစ္စတစ်ရပ်ပဲ"

စကားကို ခဏရပ်ပြီး လှုံကြူမင်းက လက်ကျန်အရက်ကို ကျိုက်ခနဲ မော့သောက်လိုက်သည်။

ထိရီက စိတ်ဝင်စားစွာ နားထောင်နေ၏။ လှုံကြူမင်းက စကားကို ဆက်ပြောသည်။

"လူ့လောကမှာ လူတစ်ယောက်သေသွားပြီးတဲ့နောက် အဲဒီလူ ပြန်ရှင်လာတယ်ဆိုရင် ခင်ဗျားယုံနိုင်ပါ့မလား"

လှုံကြူမင်းက လိုရင်းသတင်းကို ချက်ချင်းမပြောသေးဘဲ ပရိကံတွေ နိဒါန်းတွေ ချီနေသည်။ ထိရီသည် လှုံကြူမင်းကို မကျေမနပ်ဖြစ်၍ သွားလေသည်။

"ခင်ဗျား တော်တော်လေရှည်တဲ့ လူတစ်ယောက်ပဲ။ ပြောမယ့်စကား ပြောတာမဟုတ်ဘူး။ လနဲ့ချီပြီး ခင်ဗျားနိဒါန်းတွေကို စောင့်နားထောင်နေရမှာလား"

ထိရီစကားအဆုံးမှာ ထိုလူက ဟက်ခနဲ ရယ်မောလိုက်သည်။ ရယ်မောရင်းမှာ . .

www.burmeseclassic.com

www.burmeseclassic.com



"သေရွာပြန် လူတစ်ယောက်အကြောင်းနဲ့ အဲဒီလူရဲ့ သတင်းဆိုတာ အင်မတန်ကြားရခဲတဲ့ သတင်းပါဗျာ။ မိတ်ဆွေ စိတ်ရှည်မှပေါ့"

"ကျွန်တော် စိတ်မရှည်ဘူး။ ဘယ်အလုပ်မဆို ကျုပ်က မြန်မြန်ပဲလုပ်တတ်တယ်။ ခင်ဗျားပေးမယ့်သတင်း မြန်မြန်ပေးစမ်းဗျာ"

"ကောင်းပြီး ကျုပ်သတင်းပေးတော့မယ်။ ခင်ဗျား ဝမ်ရင်ကိုသိလား"

"သိတယ်။ ဝမ်ရင်သေပြီ အဲဒါဘာဖြစ်သလဲ"

"အဲဒါ ဘာမှမဖြစ်ဘူး။ သေသွားတဲ့ဝမ်ရင် အခု အသက်ပြန်ရှင်သွားပြီ"

"ဒီမယ်မိတ်ဆွေ၊ မဖြစ်နိုင်တာတွေ မပြောနဲ့ဗျာ။ အကောင်းဆုံးကတော့ ဖြစ်နိုင်တာကိုပဲ ခင်ဗျားပြောပါ"

"ကျုပ်ပြောပြီးပြီ၊ ဝမ်ရင်သေရာက ပြန်ရှင်လာတယ်ဆိုတာ ခင်ဗျားမှမယုံဘဲ။ ကျုပ် ခင်ဗျားကို ပေးမယ်ဆိုတဲ့သတင်းဟာ ဒီသတင်းပဲ"

ထိရီ အူကြောင်ကြောင်ဖြစ်၍ သွားလေသည်။ လုံ့ကြူမင်းဆိုသူ၏စကားမှာ ယုတ္တိမတန်သကဲ့သို့ရှိ၏။ သေပြီးလူ ပြန်ရှင်သည်ဆိုသောစကားသည် အလွန်ရယ်ရွှင်ဖွယ်ကောင်းသော စကားဖြစ်၏။



ထို့ကြောင့် ထိရီ မယုံချေ။

"အထောက်အထားရှိလို့ ပြောနေတာပေါ့ဗျာ"

"ခင်ဗျား ဝမ်ရန်ကိုသိလို့လား"

ထိရီက မေးလိုက်သည်။ လုံ့ကြူမင်းက ခေါင်းကိုတစ်ချက်ညိတ်လိုက်ပြီး...

"ကျုပ် ဝမ်ရင်ကို ကောင်းကောင်းသိတာပေါ့ဗျာ"

"ဟုတ်တယ် ကျုပ် တကယ်သိတယ်"

"ဒါဖြင့် ကျုပ် ခင်ဗျားကိုမေးမယ်"

"ခင်ဗျား ဘာမေးချင်လို့လဲ၊ မေး"

"လို့ရင်ရင်ကို ခင်ဗျားသိလား"

"သိတယ်။ လို့ရင်ရင်ဟာ ဝမ်ရင်ရဲ့ မိန်းမပဲ"

လုံ့ကြူမင်း၏ မှန်ကန်သောအဖြေစကားကြောင့် ထိရီ မြို့၍သွားလေ၏။ လုံ့ကြူမင်းကို မျက်မှောင်ကြုတ်ကြည့်ပြီး...

"ဝမ်ရင်ရဲ့မိန်းမ လို့ရင်ရင်ကိုသိရင် ဝမ်ရင်နဲ့ လို့ရင်ရင်တို့ရဲ့ အသက်တွေကို ကစ်ဆိတ်လောက် ပြောပြစမ်းပါဗျာ"

ပို၍သေချာအောင် ထိရီကမေးလိုက်သည်။

"ဝမ်ရင်ရဲ့အသက်ဟာ ရှစ်ဆယ်နီးပါးရှိမယ်လို့ ထင်တယ်။ လို့ရင်ရင်ကတော့ ဘာရှိဦးမှာလဲ၊ သူ့အသက်ရှိလှ နှစ်ဆယ်ပေါ့"

www.burmeseclassic.com



ထိရီ ခေါင်းညိတ်လိုက်သည်။ လျှံကြူမြင်းဓါးစကားကို လက်ခံသွားပုံရ၏။

"ခင်ဗျားပေးတဲ့သတင်းက ဒါလား"

"ဟုတ်တယ်"

"အဘဝမ်ရင် သေရွာကပြန်လာနိုင်ပါ့မလားဗျာ"

"ဒါတော့ ကျုပ်မသိဘူး။ အဲဒီသတင်းနဲ့ ပတ်သက်ပြီး သိုင်းလောကသားတွေ တော်တော်လှုပ်ရှားသွားတာတော့ အမှန်ပဲ"

"ဘာ့ကြောင့်လဲဗျာ။ ဆိုစမ်းပါဦး"

"သိုင်းလောကသားတွေ လှုပ်ရှားသွားတာကတော့ သူ့ဆီမှာ အဲဆိပ်တစ်ထောင်စားကြောင့်ပဲပေါ့"

"အဆိပ်တစ်ထောင်စား ဟုတ်လား"

ထိရီ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ အဆိပ်တစ်ထောင်စားအကြောင်း ပါလာသောကြောင့် ဖြစ်သည်။

ထိရီ ခဏငြိမ်နေပြီးနောက်...

"ခင်ဗျား ဒီသတင်းကို ဘယ်လိုရလာတာလဲ"

"မနေ့က ကျုပ် လူတစ်ယောက်ဆီက ရခဲ့တာ။ အဲဒီလူရဲ့နာမည်က ရွှေလက်ချောင်းသိုင်းသမား ရီဖန်လို့ခေါ်တယ်"

"ကျုပ် ရွှေလက်ချောင်းသိုင်းသမား ရီဖန်ကို ကောင်းကောင်းသိတာပေါ့။ ဒီလူက ကောင်းတဲ့လူမှ မဟုတ်ဘဲ။ ခင်ဗျားလိုပဲ သတင်းအရောင်းအဝယ် လုပ်ကိုင်စားသောက်နေတဲ့ လူတစ်ယောက်ပဲ မဟုတ်လား"



ထိရီက မေးလိုက်သည်။

"ဟုတ်တယ်။ ရီဖန်ဟာ ကျုပ်ဆရာပဲ သိုင်းပညာလည်း အင်မတန်ထက်မြတ်တယ်။ လက်သိုင်းပညာရှင်တစ်ယောက်မို့ ရွှေလက်ချောင်းသိုင်းသမားဘွဲ့ကို ရခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ"

"ကျုပ် သူ့သတင်းကိုကြားဖူးပါတယ်။ လူချင်းသာမဆုံဖူးတာပါ။ ဒါထက် အဘဝမ်ရင်သေရွာက ပြန်ရှင်လာတယ်ဆိုတာ သူပေးတဲ့သတင်းလား"

"ဟုတ်တယ်။ ကျုပ် သူ့ဆီသွားပြီး ခင်ဗျားဆီကရတဲ့ ငွေတုံးငါးတုံးထဲက တချို့တစ်ဝက်ကို ခွဲပေးရဦးမယ်"

"ဒါကတော့ ခင်ဗျားလုပ်ရမယ့် အလုပ်ပဲ။ လုပ်ပေါ့"

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

"ကျုပ်နာမည် ထိရီ"

"ဗျာ...ခင်ဗျားနာမည် ထိရီဟုတ်လား"

"ဟုတ်တယ်။ ခင်ဗျား ကျုပ်ကိုသိလို့လား"

"ဒါဖြင့် သံမဏိတောင် လူသတ်ကုန်းမှာ အသာတ်ခံရတဲ့ ထိရီဆိုတဲ့ပုဂ္ဂိုလ်လား။ အဲဒီပုဂ္ဂိုလ်ဆိုရင်တော့ ကျုပ်သိတယ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဲဒီပုဂ္ဂိုလ်ပဲ"

လှုံကြူမင်းသည် ငွေတုံးငါးတုံးကို စားပွဲပေါ်ပြန်ချလိုက်ပြီး . . .

"ကျုပ် ခင်ဗျားဆီက သတင်းပေးခ မယူတော့ဘူးဗျာ။ ခင်ဗျားငွေစတွေ ခင်ဗျားပြန်ယူတော့"

"ဘာကြောင့် အပြောင်းအလဲကလည်း မြန်လှချည်လား။ ဘာဖြစ်လို့လဲ။ ဘာကြောင့် ခင်ဗျားငွေစတွေ မယူတာလဲ"

"ထိရီဆိုတဲ့ပုဂ္ဂိုလ်ဟာ သိုင်းလောကရဲ့ ပြိုင်ဘက်ကင်း သိုင်းသမားတစ်ယောက်ပဲ။ ကျုပ် လေးစားတဲ့ သိုင်းသမားတစ်ယောက်မို့လို့ ကျုပ် မယူတာပါ"

"အလုပ်သဘောအရ ကျုပ်ကလည်းပေးတာပါ။, ယူပါ ကျုပ် စေတနာနဲ့ပေးတာပါ"

"ဟင့်အင်း ကျုပ် မယူပါရစေနဲ့"

"ဒါဆိုရင် ခင်ဗျားကို ကျုပ် တစ်မျိုးထင်သွားလိမ့်မယ်"

"ကျုပ်ကို ဘယ်လိုထင်မှာလဲ"

"ခင်ဗျားပေးတဲ့သတင်းဟာ အလကားသတင်း၊ မမှန် သတင်းလို့ ယူဆလိုက်မှာ"

ထိရီစကားကြောင့် လှုံကြူမင်း ပျာပျာသလဲ ဖြစ်၍သွားသည်။



"သတင်းရေးရာနဲ့ပတ်သက်ပြီး ကျုပ်က နာမည်ရထားတဲ့ လူတစ်ယောက်ပဲ။ ကျုပ်ဘဝမှာ သတင်းမှားတွေလည်း အရောင်းအဝယ် မလုပ်ခဲ့ဖူးဘူး။ ကျုပ်ပေးတဲ့သတင်းဟာ သတင်းအမှန်ပါ။ ခင်ဗျား လုံးဝယုံကြည်လိုက်စမ်းပါ"

"ကောင်းပြီလေ။ အဘာဝမ်ရင်ကို ကျုပ် ဘယ်မှာသွားတွေ့ရမလဲ"

ထိရီက မေးလိုက်သည်။

"ဒါတော့ ကျုပ်မသိဘူး"

လှုံကြူမင်းက ပြန်ပြောသည်။ ဆိုင်အတွင်း၌ စားသောက်သူများရှင်းလျက်ရှိသည်။ တစ်ဆိုင်လုံးမှ လူငါးယောက်ထက်မပို။ ဆိုင်ရှင်ကြီး ဟွားရီသည် ငွေသိမ်းစားပွဲပေါ် မေးတင်လျက် ငိုက်မြည်းနေ၏။

အချိန်မှာ မနည်းတော့။ ခပ်ဝေးဝေးတောအုပ်ဆီမှ တောကြက်တွန်သံကိုပင် တစ်ချက် တစ်ချက်ကြားသည်။

"ဂူတန်တောင်ခြေမှာ အဘာဝမ်ရင်ကို ကျုပ်ကိုယ်တိုင်မျက်စိနဲ့ သဲ့သဲ့ဖျတ်ဖျတ်တွေ့ခဲ့တာပဲ။ ယေရာက ပြန်ရှင်လာတယ်ဆိုတော့ တော်တော်ထူးဆန်းတဲ့ ကိစ္စတစ်ရပ်ပဲ။ ခင်ဗျားပြောလို့သာ ကြားရတယ်၊ ကျုပ်ဖြင့် ယုံရမှာခက်ကယ်"

"ဒီသတင်းက မဟုတ်ဘဲ ထွက်လာနိုင်မယ့် သတင်းမျိုး

www.burmeseclassic.com

www.burmeseclassic.com



မှ မဟုတ်ဘဲ။ တကယ်ဟုတ်လို့ ထွက်ပေါ်လာတာပဲ ဖြစ်ရမယ်။ ပိုပြီး သေချာချင်ရင်တော့ ခင်ဗျားကိုယ်တိုင် ဝမ်ရင်ကို မြှုပ်နှံခဲ့တဲ့ ပုတန်တောင်ခြေကို သွားပြီလေ့လာကြည့်ပေါ့ဗျာ"

"ကောင်းပြီလေ ခင်ဗျားစကားကို ကျုပ် လက်ခံပါတယ်။ ကျုပ်ပေးတဲ့ ငွေစတွေကိုလည်း ခင်ဗျား ပြန်ပြီးလက်ခံလိုက်ပါ။ ပြီးရင် အရက်ဝအောင်သောက်ပါ။ ခေါက်ဆွဲကြော်လည်း ဗိုက် ပြည့်အောင်ဖြည့်ပါ။ ဒါဆိုရင်တော့ ခင်ဗျားနဲ့ကျုပ် အပေးအယူ မျှသွားပြီလို့ ကျုပ် ယူဆတယ်ဗျာ"

လုံ့ကြျုမင်းသည် အတန်ကြာ စဉ်းစားလိုက်ပြီး နောက် ခေါင်းကိုညိတ်၏။ ထိရိပေးသော ငွေစကိုလက်ခံယူပြီး အရက်နှင့် ခေါက်ဆွဲကြော်ကို စားသည်။ ပြီးနောက် ထိရိကို နှုတ်ဆက်ကာ ဆိုင်တွင်းမှ ထွက်ခွာသွားလေ၏။

× × ×

လုံ့ကြျုမင်း နှုတ်ဆက်ထွက်သွားပြီးနောက် ထိရိသည် ဆိုင်တွင်း၌ ခဏထိုင်ကာ စဉ်းစား၏။ လုံ့ကြျုမင်း၏ သတင်းပေး ချက်အပေါ် ပြန်လည်သုံးသပ် ဆင်ခြင်နေမိ၏။

"အင်း . . . တော်တော်ထူးဆန်းတဲ့ သတင်းတစ်ရပ်ပဲ။ အဘဝမ်ရင်သေပြီး ပြန်ရှင်လာတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။



အရေးထဲ အဆိပ်တစ်ထောင်အားကြီးကလည်း လင်းခွဲညှိနှောင် သုံးဖော် လက်ထဲပါသွားပြီ။ ငါ ဘယ်ကိစ္စကို အရင်ဆောင်ရွက်ရင် ကောင်းမလဲ"

ထိရိ ဝဦးစားနေသည်။ ရှေ့တွင်ရက် သာကို အရောင်ဆောင် ရွက်ရမှန်း မသိအောင်မြစ်နေမိလေသည်။ ချက်ချင်း ခုံးဖြတ် ချက်ချရန် ခက်ခဲနေသည်။

အရက်တစ်အိုး ထပ်မှာလိုက်သည်။ ဆိုင်ရှင်မှာ ထိရိကဲ့ အရက်ဆက်ရောင်းချင်စိတ် မရှိတော့။ အချိန်လည်း နှောင်းပြီ ညဉ့်အတန်နက်ပြီမဟုတ်လား။

"ဦးမယ် မိတ်ဆွေ တစ်ဆိုင်လုံးမှာ ခင်ဗျားတစ်ယောက် ပဲရှိတော့တယ်။ အရက်သိပ်သောက်ချင်ရင် မနက်ဖြန် စောစော ကျမှာပဲ သောက်ပါတော့။ ကျုပ် အနားယူချင်ပြီ"

ဆိုင်ရှင်က ငွေသိမ်းစားပွဲမှ မခွာဘဲ ထိရိကို လှမ်းပြော လိုက်သည်။

"ခင်ဗျားဆိုင်က မိုးလင်းဖွင့်တဲ့ဆိုင် မဟုတ်လား"

"ဟုတ်တယ်။ ဒါပေမဲ့ ဒီည လူသိပ်မဝင်လို့ ဆိုင်ပိတ် တော့မယ်ဗျာ။ ခင်ဗျား မနက်ကျမှဘဲ သောက်ပါတော့"

"ကောင်းပြီလေ တစ်ခုတော့ မေတ္တာရပ်ခံပါရစေ။ အရက် တစ်အိုးထပ်ယူပြီး ကျုပ်အခန်းမှာ သောက်ရင်ကော ဖြစ်မလား"

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်သည် ခဏ စဉ်းစားလိုက်ပြီး…

"အစဉ်အလာတော့ မရှိဘူး။ ခင်ဗျားကိုတော့ ခွင့်ပြုပါ့မယ်။ ဒါပေမဲ့ မှုလောကနဲ့ဖိုး အရက်တစ်အိုးထက် သုံးဆပိုပေးနိုင်ရင်တော့ ကျုပ် ခွင့်ပြုပါ့မယ်"

ဆိုင်ရှင်၏စကားကြောင့် ထိရီသည် ဟက်ခနဲရယ်မောလိုက်သည်။

"ခင်ဗျား တော်တော် အမြတ်စားတဲ့လူပဲ"

"ဒါတွေ မပြောပါနဲ့။ မိတ်ဆွေ ပေးနိုင်မလား မပေးနိုင်ဘူးလား ဒါပဲပြောပါ"

ထိရီ ဟက်ခနဲ ရယ်လိုက်ပြန်၏။

ရယ်ရင်းမှ…

"ခင်ဗျားက အခန်းဖိုးလည်း ပိုတောင်းတယ်။ ဒါပေမဲ့ ကျုပ် လက်ခံခဲ့တယ်။ ခု အရက်ဈေးတွေ အရမ်းတင်ပြီး စားသုံးသူကို နှိပ်စက်ပြန်ပြီ၊ ကျုပ် ဘာလုပ်ရမလဲ"

"မင်း လုပ်ချင်သလို လုပ်ပေါ့"

ဆိုင်ရှင်၏ လေသံက မာကြောခက်ထန်လာ၏။

"ကျုပ် လုပ်ချင်သလိုလုပ်ရင် ခင်ဗျားဆိုင် ပျက်စီးသွားမှာပေါ့"

ဆိုင်ရှင်သည် ထိရီစကားကြောင့် ထိုင်ရာမှ ဝေါက်ခနဲ



ထပြီး ကြေးမောင်းကို နှောင်ခနဲထုလိုက်၏။

ကြေးမောင်းသံ နှစ်သံထွက်ပေါ်သွားပြီးနောက် လုံ့နစ်ယောက် မြေလှိုးမိုးပျံကျလာသလို ဆိုင်ရှင်ကြီးရှေ့သို့ ဝုန်းခနဲကျရောက်လာ၏။

ထိုလူနှစ်ယောက်မှာ လူသန်ကြီးနှစ်ယောက်ဖြစ်ကြောင်း ထိရီ အကဲခတ်လိုက်၏။

"ဟိတ်…ဟောင်တွာ ညီနောင်၊ ဒီကောင့်ကို ဆိုင်ထဲက အွဲထုတ်ပစ်လိုက်စမ်းကွာ"

လူသန်ကြီးနှစ်ယောက်ကို ဆိုင်ရှင်က အမိန့်ပေးလိုက်သည်။

လူသန်ကြီးနှစ်ယောက်သည် ထိရီကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး ရှေ့သို့ တိုးတက်လိုက်သည်။

"ဒီမယ် ဆိုင်ရှင်ကြီး၊ ခင်ဗျားဆီမှာ ကျုပ် အခန်းငှားပြီးနေ နေတယ်ဆိုတာ ခင်ဗျား မေ့သွားပြီလား။ ခင်ဗျား ကျုပ်ကိုနှင်ထုတ်ချင်ရင် ကျုပ်ပေးထားတဲ့ ငွေတွေ ပြန်အမ်းပေးမှ တရားမှာ ကျုပ်ဘာမှာပေါ့"

ထိရီက လှမ်းအော်ပြောလိုက်သည်။

"မင်းကို ဘာလို့ပြန်အမ်းရမှာလဲ၊ မအမ်းဘူး မင်းကိုလည်း မထားဘူး။ ဟိတ်ကောင် ဟောင်ဟွာ၊ လုပ်စရာရှိတာ ဆက်လုပ်

www.burmeseclassic.com



လေ၊ ခွေးကောင်လေးကို နံရိုးကျိုးအောင် ဆွဲလွှင့်ပစ်လိုက်စမ်း"

ဟောင်ဟွာညီနောင်သည် ရုတ်တရက် လှုပ်ရှားလိုက်၏။

"ဒုတ်"

"ဒုတ်"

တုနှစ်ချောင်း ဟောင်ဟွာညီနောင်နှစ်ဖော်ထံ လွှင့်စဉ် ပြေးသွားသည်။ ထိရီပစ်လွှင့်လိုက်သော တုနှစ်ချောင်းမှာ ဟောင်ဟွာညီနောင်၏ သွေးကြောများကို ပိတ်ပစ်လိုက်ပြီ ဖြစ်သည်။

ဟောင်ဟွာညီနောင်သည် သွေးကြောများပိတ်ကာ ကြမ်းပေါ်သို့ ဝုန်းခနဲလဲကျသွား၏။

ထိရီသည် ဆိုင်ရှင်ကြီးအနားသို့ လွှားခနဲ ခုန်ဝင်လိုက်သည်။ ထို့နောက် ဆိုင်ရှင်၏အင်္ကျီစကို ဆုပ်ကိုင်ကာ···

"ခင်ဗျား တော်တော်လူပါးဝတဲ့လူပဲ။ ကျုပ်အကြောင်း မသိသေးဘူးနဲ့တူတယ်"

"ဖျန်း"

"အား"

ထိရီ၏ လက်ဝါးရိုက်ချက်တစ်ချက်က ဆိုင်ရှင်၏ပါးပြင်ပေါ်သို့ ဖျန်းခနဲကျရောက်သွားသည်။ ရိုက်ချက်ပြင်းထန်သောကြောင့် ဆိုင်ရှင်မှာ တစ်ပတ်လည်ထွက်သွားပြီး ကြမ်းပေါ်သို့ လဲကျသွားလေသည်။



"ခင်ဗျား လူပါးဝလို့ ကျုပ် ဆုံးမလိုက်တာ။ ရောင်းသူဝယ်သူဆိုတာ ပြေပြေပြစ်ပြစ်ရှိရတယ်ဗျ။ ခင်ဗျားက သိပ်မိုက်ရိုင်းတော့ ကျုပ်ကလည်း ပြန်ပြီးမိုက်ရိုင်းရတာ။ လူသဘောဆိုတာ ဒါပဲ"

ဆိုင်ရှင်ကြီး ကြောက်ရွံ့နေသည်။ ပါးပြင်၌ လက်ငါးချောင်းရာထင်ပြီး သွေးများစို့ထွက်နေ၏။ ထိရီသည် ဆိုင်ရှင်ကြီးကို လက်ညှိုးထိုး၍···

"ခင်ဗျားကိုလည်း သွေးကြောပိတ်ထားခဲ့မယ်။ ခင်ဗျားတို့ သုံးယောက် နောက်တစ်နေ့ညနေကျမှ သွေးကြောပြန်ဖွင့်ပြီး လှုပ်ရှားကြတော့။ မနက်ပိုင်းဆိုင်ပိတ်ထားတဲ့ သဘောပေါ့ဗျာ"

ထိရီသည် ဆိုင်ရှင်ကြီးကို သွေးကြောပိတ်၍ ဆိုင်အပေါ်ထပ်သို့ တက်သွားရာ···

မိမိ၏အခန်းရှေ့၌ အရိပ်သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရသည်။

"ဟိတ် ဘယ်သူလဲ"

ထိရီက လှမ်းမေးလိုက်သည်။

"အစ်ကိုလား ကျွန်မ လှိုင်ပါ"

"ဟင်"

ထိရီ အံ့သြသွားသည်။ မထင်မှတ်ဘဲ လှိုင်ရင်ရင်ကို မိမိ

www.burmeseclassic.com

www.burmeseclassic.com



အခန်းရှေ့၌ တွေ့လိုက်ရသောကြောင့်တည်း။

"အစ်ကို အောက်ထပ်မှာ ဘာသွားလုပ်တာလဲ။ ကျွန်မကြောက်လို့ ခုပဲ အစ်ကို့ဆီလာတော့မလို့"

"လူတစ်ယောက်က သတင်းပေးမယ်ဆိုလို့ သူနဲ့စကားသွားပြောနေတာ။ အစ်ကို့အခန်းကို ခေါက်ကြည့်သေးလား"

"ခေါက်ကြည့်တယ်။ အထဲကအသံမပြုလို့ အောက်ဆင်းကြည့်မလို့ လုပ်တုန်း အစ်ကိုနဲ့ခုလို့တွေ့တာ"

ထိရီ ခေါင်းညိတ်လိုက်သည်။

ပြီးမှ...

"လွှီ အိပ်တော့။ မနက်စောစော အစ်ကိုတို့ ခရီးဆက်ကြမယ်"

လွှီသည် ထိရီကို စိုက်ကြည့်နေသည်။

သူမ၏အကြည့်၌ အချစ်၏အငွေ့အသက်များကို တွေ့ရသည်။ ထိရီသည် စိတ်ကိုထိန်း၍ အခန်းတံခါးကိုဖွင့်ကာ ဝင်သွားသည်။

လွှီရင်ရင်၏ ပင့်သက်ချသံကို တံခါးတစ်ချပ်ခြားထား၍ ထိရီ ကြားနိုင်မည်မထင်ပေ။

× × ×



## ငွေဗျိုင်းဖြူကိုထမ်းသားလေးဖော်

ထိရီနှင့် လွှီရင်ရင်တို့သည် ကျွန်းနန်းကျေးရွာမှ မနက်လင်းအားကြီးအချိန်တွင် ထွက်ခွာလာခဲ့ကြသည်။ ဤသို့ထွက်ခွာလာခဲ့ကြရင်း လမ်း၌ လွှီရင်ရင်အတွက် မြင်းတစ်ကောင်ရလာသည်။

ယခင် နှစ်ယောက်တစ်ကောင် စီးရသည်ထက်စာလျှင် အလွန်အဆင်ပြေ၏။ ထိရီတစ်ကောင်၊ လွှီရင်ရင်တစ်ကောင်။

"လွှီ"

"ဘာလဲ အစ်ကို"

"အစ်ကိုတို့ ဗီကင်းကိုအရင်သွားရင် ကောင်းမလား။ ဒါမှမဟုတ် အဘဝမ်ရင်ကို မြှုပ်နှံသင်္ဂြိုဟ်ခဲ့တဲ့ ဂူတန်တောင်ဆီကိုပဲ အရင်သွားရင် ကောင်းမလား။ လွှီ ဘယ်လိုသဘောရသလဲ"

နှစ်ယောက်သား မြင်းချင်းယှဉ်စီးလာကြရင်းမှ ထိရီက မေးလိုက်သည်။ လွှီရင်ရင်သည် ချက်ချင်းအဖြေမပေးနိုင်ဘဲ ခဏစဉ်းစားလိုက်သည်။

စဉ်းစားရင်းမှ...

"အစ်ကို့ ဆန္ဒကရော ဘယ်လိုရှိသလဲ။ အစ်ကို့ဆန္ဒအတိုင်း ကျွန်မလိုက်လျောပါ့မယ်"

ထိရီသည် လွှီရင်ရင်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ဒီကိစ္စနှစ်ရပ်စလုံးဟာ အရေးကြီးတာချည်းပဲ။ အဆိပ်တစ်ထောင်မား အရေးကြီးသလို အသက်ပြန်ရှင်လာတဲ့ အဘဝမ်ရင်ကလည်း အရေးကြီးတာပဲ။ အစ်ကိုအနေနဲ့ ဘယ်ဟာကို ဦးစားပေးပြီး ဖြေရှင်းရမှန်းမသိဘူး"

"ကျွန်မအထင်တော့ အစ်ကိုကြီးဝမ်ရင် အသက်ပြန်ရှင်လာတယ်ဆိုတာ လုံးဝအယုံအကြည်မရှိဘူး။ အစ်ကိုရော အစ်ကိုကြီးဝမ်ရင် အသက်ပြန်ရှင်လာတယ်ဆိုတာ ယုံသလား"

"တစ်ခုတော့ရှိတယ် လို့"

ထိရိစကားကိုတန့်၍ လို့ရင်ရင်ကို တစ်ချက်လှမ်းကြည့်လိုက်ပြန်သည်။

မြင်းနှစ်ကောင်သည် ခွာလျက်မှန်မှန်ဖြင့် ကွင်းပြင်ကျယ်ကြီးတစ်ခုကို ဖြတ်ကျော်နေသည်။ နေရှိန်ရင့်စပြုလာသော်လည်း ကွင်းပြင်ကျယ်ကြီးကို ဖြတ်တိုက်လာသော လေတို့ကမူ တဟူးဟူးဖြင့် ပြင်းပြင်းထန်ထန်ရှိ၏။

ရှေ့မှ တောစပ်တစ်ခုကို တွေ့ရသော်လည်း အတန်ဝေးနေလေသေးသည်။

ထိရိက တန့်ထားသောစကားကို ပြန်ဆက်ပြောသည်။

"တစ်ခုတော့ရှိတယ် လို့၊ အဘဝမ်ရင်ဟာ အမှန်ပဲ အတွင်းအားလွန်ရောဂါနဲ့ သွေးလွန်ခဲ့တာတော့ အမှန်ပဲ။ သူ့ကို



သင်္ဂြိုဟ်မြေမြှုပ်ခဲ့တာလည်း မှန်တယ်။ မြေခံတတ်အားနဲ့ အတွင်းအားတွေ ပြန်ရှင်သန်လာရင်တော့ မသိဘူး"

"တကယ်ရော အဲဒီလို ဖြစ်နိုင်သလား"

"သာမန်လူအဖို့တော့ မပြောတတ်ဘူး၊ အဆင့်မြင့် သိုင်းသမားတွေ တော်တော်များများ ဂူအောင်းပြီး အသက်ရှည်အောင် အတွင်းအား ကောင်းအောင် လေ့ကျင့်တဲ့ကျင့်စဉ်မျိုးတော့ ရှိတယ်။ အဘဝမ်လည်း မြေတွင်းဂူအောင်း နည်းစနစ်နဲ့ အသက်ပြန်ရှင်သွားတာများလား။ စဉ်းစားစရာဖြစ်နေပြီ လို့"

ထိုမိတို့ စီးနင်းလာကြသော မြင်းနှစ်ကောင်သည် ဟိုမှာဘက်ကွင်းပြင်စပ်ကို ကျော်ဖြတ်သွားခဲ့ပြီ ဖြစ်သည်။ တောအုပ်စပ်နှင့် အတော်အတန် နီးကပ်လာပြီဖြစ်လေသည်။

"ကျွန်မတော့ နားမလည်တော့ဘူး အစ်ကို"

"ဟုတ်တယ် အစ်ကိုလည်း ဘယ်လိုမှ မစဉ်းစားတတ်အောင်ဖြစ်နေပြီ။ တောအုပ်ထဲရောက်မှ ခဏနားပြီး ဒီကိစ္စကို ဆက်ဆွေးနွေးကြတာပေါ့"

ထိရိတို့သည် တောအုပ်တစ်ခုအတွင်းသို့ ရောက်ခဲ့ကြလေသတည်း။

× × ×

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ခဏနားကြမယ် လွှီ"

တောအုပ်အတွင်း သစ်ပင်ကြီးတစ်ပင်အောက်သို့ အရောက်၊ မြင်းကို တန့်ခနဲရပ်ကာ ထိရိက လွှီရင်ရင်ကို ပြောလိုက်သည်။

"အေးစိမ့်နေတာပဲနော် အစ်ကို"

တောအုပ်ကြီးမှာ စိမ်းစိမ်းလန်းလန်း ထူထူပြောပြော ရှိလှသည်။ နေပျောက်များကင်းလျက် စိမ်းမှောင်နေ၏။

နှစ်ယောက်သား မြင်းပေါ်မှဆင်းလိုက်ကြပြီး၊ သစ်ပင်အောက် မြေပြင်၌ ထိုင်လိုက်ကြသည်။

"အစ်ကို ဟိုမှာကြည့်စမ်း"

လွှီရင်ရင်က သစ်ပင်တစ်ပင်ပေါ်မှ မျောက်အုပ်ကြီးကို လက်ညှိုးထိုးပြလိုက်သည်။

"ဟာ…မျောက်အုပ်ကြီးပါလား"

"များလိုက်တဲ့ မျောက်တွေ၊ ကျွန်မတို့ကို အန္တရာယ်ပြုမလား မသိဘူး"

"အန္တရာယ်ပြုလည်း ကြောက်စရာမလိုပါဘူး။ မျောက်သားကောင်းကောင်း စားရတာပေါ့"

ထိရိ စကားအဆုံးတွင် မျောက်တစ်ကောင်သည် လွှီရင်ရင်၏အနားမှ ဘွားခနဲပေါ်လာပြီး ကုတ်ခဲရန် ကြိုးစားလိုက်၏။



လွှီရင်ရင်အား ကုတ်ခဲရန် ကြိုးစားလာသော မျောက်ကြီးမှာ လွန်စွာကြီးမား ကြံ့ခိုင်ပေ၏။ ထိရိသည် မျောက်အမြီးကို ဆွတ်ခနဲဆွဲကာ လေထဲဝှေ့ယမ်းလိုက်သည်။

ထို့နောက် မျောက်ကြီး၏ကိုယ်ကို သစ်ပင်နှင့် လွှဲရိုက်ပစ်လိုက်၏။

"ဖောင်း"

"ကွီ"

မျောက်ကြီးသည် တစ်ချက်သာအော်နိုင်ပြီး သေဆုံးသွားလေ၏။

မျောက်ကြီးမှာ ခေါင်းဆောင်မျောက်ကြီးဟု ထင်ရသည်။ ထိုမျောက်သေဆုံးသွားသည်နှင့် ကျန်မျောက်များလည်း အလျိုလျို ပြေးလွှားပျောက်ကွယ်၍ သွားလေတော့၏။

"ကိုင်း…လွှီ၊ ဘယ့်နှယ်နေသေးလဲ"

"ဒီမျောက်ကြီးက ခေါင်းဆောင်နဲ့တူတယ်"

"သိပ်မှန်တာပေါ့၊ ခေါင်းဆောင်မျောက်ကြီး အရေးနိမ့်တာနဲ့ ကျန်မျောက်တွေလည်း လစ်ကုန်ကြပြီ။ ဒီနေ့အဖို့ မျောက်သားကင်နဲ့ ကျေနပ်ရတော့မယ်နဲ့တူတယ် လွှီ"

ထိရိက မျောက်သေကို အရေဆုတ်၍ မီးကင်ဖုတ်စားရန် ပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် များမကြာမီ မျောက်သားကင်ကို နှစ်ယောက်အတူစား၍ အပန်းဖြေနေကြစဉ် ခပ်လှမ်းလှမ်းမှ ခြေသံကိုကြားလိုက်ရသဖြင့်...

"လွှီ ခြေသံကြားတယ် ငြိမ်ငြိမ်နေ"

ခြေသံများ တဖြည်းဖြည်း နီးကပ်လာသည်။ ခြေသံများကို ထိရီ နားစွင့်အကဲခတ်လိုက်၏။

"လွှီ လူလေးငါးယောက်လောက်ရှိလိမ့်မယ် သတိထား"

လွှီရင်ရင်မှာ ထိရီသတိပေးစကားကြောင့် ထိတ်လန့်ကြောက်ရွံ့သွားသည်။

ထိရီသည် ဓားကို ဓားအိမ်အတွင်းမှ ထုတ်လိုက်ပြီး အသင့်ပြင်ထားလိုက်သည်။

ခြေသံများ နီးသထက်နီးကပ်လာရာမှ နောက်ဆုံး၌ လူလေးယောက်တို့သည် ထိရီတို့ရှေ့မှောက်သို့ ဘွားခနဲ ရောက်ရှိလာကြလေ၏။

"ဟိတ်...မင်းတို့က ဒီတောထဲ ဘာလာလုပ်တာလဲ"

လူလေးယောက်ထဲမှ ခေါင်းဆောင်ဟုထင်ရသူက ထိရီကို မေးလိုက်သည်။ ထိုလူမှာ ကျန်သုံးယောက်ထက် အသက်ကြီးပုံရသည်။ ဝတ်စုံနက်ပြာကို ဝတ်ဆင်ထား၏။ ဆောင်ဓားတစ်လက်ပါသည်။ ကျန်သူများမှာမူ ဝတ်စုံစိမ်းများကို ဝတ်ဆင်ထား



"လွှီ ရေချိုးချင်တယ်ဆို ရေတွင်း ရေအိုင် ဘယ်မှာရှိတယ်ဆိုတာ အစ်ကို လိုက်ရှာရမှာပေါ့"

"ကျွန်မ တစ်ယောက်တည်း မနေရဲဘူး။ အပ်ကိုနဲ့အတူ ကျွန်မလည်း လိုက်ခဲ့မယ်"

"လွှီ မနေရဲရင် လိုက်ခဲ့လေ"

ထို့နောက် နှစ်ယောက်သား တောတွင်းအနှံ့လျှောက်ရင်း ရှေ့ရှာကြသည်။

တစ်နေရာတွင် ရေအိုင်တစ်အိုင်ကို တွေ့လိုက်ရ၏။

"ဟော...ဟိုမှာ ရေ"

"ဟာ ရေအိုင်ကလည်း လူလုပ်ထားတဲ့အတိုင်းပဲ သိပ်သာယာတာပဲနော် အစ်ကို။ သဘာဝရေအိုင်လား လူလုပ်ထားတဲ့ရေအိုင်လားတော့ မသိဘူး။ ကျွန်မတော့ ချိုးမှာပဲ"

ရေအိုင်မှာ လွှီရင်ရင်ပြောသကဲ့သို့ အလွန့်ကိုသာယာနာပျော်ဖွယ် ကောင်းပေ၏။ ရေအိုင်၏ ဘေးပတ်လည်တွင် ဥယျာဉ်နန်းသဖွယ် ပန်းမာလာများ ဝေဆာပွင့်ဖူးနေကြသည်။

ရေဘဲ၊ ဟင်္သာနှင့် လိပ်ပြာ၊ ပိတုန်းငယ်ကလေးများ မြူးတူးပျော်ပါးနေကြ၏။

"လွှီ ရေချိုးရင် အစ်ကို ဘာလုပ်ရမလဲ"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကို"

"အဲဒါ ခက်ပြီ၊ ဒီတောတွင်းထဲမှာ ရေ ဘယ်လိုလုပ်ရှာလို့တွေ့နိုင်မလဲ။ မချိုးဘဲ နေလို့မရဘူးလား"

"မချိုးဘဲနေလို့တော့ ရပါတယ်။ ဒါပေမဲ့ နေရထိုင်ရတာ စိတ်ထဲမှာ သိပ်မလန်းသလိုပဲ။ နောက်ပြီး ခရီးကလည်းပန်းလာတော့ ရေချိုးလိုက်ရင် အပန်းလည်းပြေ စိတ်လည်းသိပ်ကို ကြည်လင်သွားမယ် ထင်လို့ပါ"

လှိုင်ရင်ရင်သည် ကလေးငယ်တစ်ယောက်လို သူ့ဆန္ဒရှိသည့်အတိုင်း ထိရီကို ပြောချလိုက်သည်။

ထိရီသည် လှိုင်ရင်ရင်၏ ကလေးဆန်သောစိတ်ကို အလွန်သဘောကျ၍ သွားလေ၏။

"ဒီတောထဲမှာ ရေတွင်းရေအိုင် မရှိနိုင်ဘူးလား အစ်ကို"

"ဒါတော့ အစ်ကိုလည်း ဘယ်သိနိုင်ပါ့မလဲ။ လှို သိပ်ရေချိုးချင်တယ်ဆိုရင်တော့ ရေရှာထွက်ရမှာပေါ့"

ထိရီသည် လှိုင်ရင်ရင်ကိုပြောရင်း ဆတ်ခနဲထိုင်ရာမှ ထလိုက်သည်။ ထိရီ ရုတ်တရက်ထလိုက်သောကြောင့် လှိုင်ရင်ရင်က...

"အစ်ကို ဘယ်လဲ"

ဟု မေးလိုက်သည်။



အလွန်စကားကြွယ်သော လှိုင်ရင်ရင်ကို ထိရီ အနိုင်မပြောနိုင်တော့ပေ။

ဤသို့ဖြင့် နေသည် တည့်မတ်နေရာမှ တဖြည်းဖြည်း အနောက်သို့ တိမ်းစောင်းရွေ့လျားသွားလေသတည်း။

× × ×

## အချစ်ည ရင်ခုန်သံ

ညနေစောင်းသွားသည်ဆိုသည်နှင့် တောတွင်း၌ မှောင်ရိပ်တို့ ပိုမိုသိပ်သည်း ကြီးစိုးစပြုလာသည်မှာ ဓမ္မတာပင်။

"အစ်ကို ကျွန်မ ရေချိုးချင်တယ်"

လှိုင်ရင်ရင် ဘာစိတ်ကူးပေါက်လာသည်မသိ၊ နေရင်းထိုင်ရင်း ရေချိုးချင်သည်ဟု ဆိုလာသည်။ ခရီးပန်းလာသူမို့ ရေချိုးချင်သည်ဟုဆိုလာခြင်းမှာ တကယ်တော့ အလွန်သဘာဝကျသော စကားပင်။

သို့သော် သည်တော သည်တောင်ကြီးအတွင်းမှာ ရေရှာဖို့ခက်သည်။ ထိရီ ကျွမ်းကျင်ခဲ့ဖူးသော တောကြီးလည်းမဟုတ်ခဲ့သောကြောင့် ရေတွင်း၊ ရေကန်နှင့် မြစ်ချောင်းကြီးငယ်တို့ ဘယ်ဆီဘယ်နား ရှိသည်မှန်း ထိရီ မသိနိုင်။

"လှို ရေချိုးချင်တယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်းမသိ ထိရီ၏နှုတ်မှ ဟုတ်ပါတယ်ဟု လွှတ်ခနဲ ထွက်သည်။

လွှီရင်ရင်သည် ထိရီကို စိုက်ကြည့်နေသည်။ ဤသို့ ကြည့်နေရင်းမှ လွှီရင်ရင်က စကားကို ဆက်လိုက်ပြန်၏။

"အစ်ကို့သဘောပါ စောစောက ကျွန်မ ပြောခဲ့ပြီးပြီပဲ။ အခုအချိန်မှာ အစ်ကိုဘုရားရာနောက်က ကျွန်မလိုက်ခဲ့ဖို့ အဆင်သင့်ပါ"

"ဘာပဲဖြစ်ဖြစ် အကြောင်းသိရအောင် သွားတော့ကြည့်သင့်တယ်လို့ အစ်ကိုထင်တယ်။ ပင်ပန်းတာကလွဲရင် ဒီထက် အကျိုးယုတ်စရာ မမြင်ပါဘူး လွှီ။ အဘဝမ်ဆီ သွားကြည့်ကြရအောင်ပါ"

"သွားကြည့်လေ ကျွန်မ မတားပါဘူး။ ကျွန်မလည်း အစ်ကိုနဲ့ အတူလိုက်ခဲ့မှာပဲဟာ"

"ဒီနေ့တော့ ဒီတောထဲမှာမဲ အချိန်ကို ကုန်လွန်လိုက်ရင် ကောင်းမလား မသိဘူး။ လွှီ ဘယ်လိုသဘောရသလဲ"

"အဲဒီကိစ္စလဲ အစ်ကို့သဘောပါပဲ အစ်ကို၊ တကယ်တော့ အစ်ကိုဟာ ဦးဆောင်သူပါ။ ကျွန်မက အစ်ကို့နောက်လိုက်။ အစ်ကိုကြိုက်သလို ဆောင်ရွက်နိုင်ပါတယ်ရှင်"

ထိရီ ပြုံးလိုက်သည်။



လွှီရင်ရင် ပြောလက်စ စကားကို ရပ်တန့်ထားသဖြင့် ထိရီက...

"ဆက်ပြောလေ နောက်တစ်ခုဆိုတာက ဘာ၊ ဒီဆိုလို ပြောချင်တာလဲ"

"ကျွန်မက အသက်ငယ်တယ်။ ရုပ်လည်းလှတယ်ဆိုတော့ အဲဒီတစ်ယောက်က ကျွန်မကို လိုချင်လို့နေမှာပေါ့" ,

လွှီရင်ရင်၏စကားကြောင့် ထိရီ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ သိသာထင်ရှားသော လှုပ်ရှားမှုတစ်ရပ်ကြောင့် ထိရီကို အကဲခတ်ရင်း လွှီရင်ရင် ယဲ့ယဲ့ပြုံးလေသည်။

ထိရီ ငြိမ်ချက်သားကောင်းနေသဖြင့် လွှီရင်ရင် ဆက်ပြောသည်။

"အစ်ကိုကြီးဝမ်ဟာ ကျွန်မကို မယားလို မဆက်ဆံပါဘူး၊ သမီးတစ်ယောက်လိုပဲ ဆက်ဆံတာ ကျွန်မ အသိဆုံးပါ။ အကြောင်းမသိ၊ ဓာတ်မသိတဲ့လူတွေကတော့ ကျွန်မနဲ့ အစ်ကိုကြီးဝမ်ကို လင်မယားလိုပဲ ထင်ခဲ့ကြတယ်။ ဒါလည်း တစ်နည်းအားဖြင့်တော့ ကောင်းပါတယ်။ ဒါမှလဲ ကျွန်မကို အနှောင့်အယှက်ပေးမယ့်လူတွေ ကင်းသွားတာပေါ့။ မဟုတ်ဘူးလား အစ်ကို"

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပထမခေါင်းဆောင်က ကျိုးစု။ အခု ကျိုးစု ဘယ်မှာ စခန်းချ လှုပ်ရှားနေတယ်ဆိုတာ အစ်ကို့ [illegible]။ [illegible]လောက ဟာ ကျဉ်းကျဉ်းလေးပါ။ တစ်နေ့နေ့ တစ်ချိန်ချိန် မဆုံဘဲနေလို့ မရပါဘူး။ ဆုံကိုဆုံဖြစ်ကြဦးမှာပါ"

"အစ်ကို"

"ဘာလဲ လှို"

"အခု ကျွန်မတို့ ဘယ်သွားကြမလဲ"

"ဝူတန်တောင်ခြေကိုသွားပြီး အဘဝမ်ကိစ္စ အရင်စုံစမ်းကြည့်ရင် ကောင်းမယ်ထင်တယ်"

"အစ်ကို့သဘောပဲ။ အစ်ကို ကြိုက်သလိုလုပ်။ အစ်ကို သွားရာနောက်ကို ကျွန်မလိုက်မယ်"

ထိရီသည် မျက်မှောင်လေးကြုတ်ကာ လှို့ရင်ရင်ကို အတန်ကြာ စိုက်ကြည့်နေမိလေ၏။

"အစ်ကို ညီမကို ဘာလို့ ဒီလောက်တောင် စိုက်ကြည့်နေတာလဲဟင်"

လှို့ရင်ရင်၏စကားကြောင့် ထိရီ လှုပ်လှုပ်ရှားရှားဖြစ်သွားရသည်။

"ဩော်…အင်း…ဘာရယ်မဟုတ်ပါဘူးကွာ"

ထိရီ ရှက်ကိုးရှက်ကန်းနှင့် ပြောပြီး အကြည့်ကိုလွဲပစ်



လိုက်၏။

လှို့ရင်ရင်က ထိရီ၏ ရှက်ကိုးရှက်ကန်းဖြစ်သွားဟန်ကို ကြည့်ကာ သဘောကျနေသည်။ ခပ်ယဲ့ယဲ့ပြုံး၍ ထိရီကို စိုက်ကြည့်နေလေသည်။

ထိရီမှာ လှို့ရင်ရင်ကို ဆက်မကြည့်ရဲတော့ပေ။ အတန်ကြာ သူတို့ချင်းငြိမ်နေကြရင်းမှ လှို့ရင်ရင်က အရင်စကားစလိုက်၏။

"အစ်ကိုကြီးဝမ် အသက်ပြန်ရှင်လာတယ်ဆိုတာ ကျွန်မတော့ လုံးဝမယုံဘူး။ တစ်စုံတစ်ယောက်ရဲ့ ပယောဂနဲ့ ကျွန်မကို အနှောင့်အယှက်ပေးမလို့များ ကြံစည်လိုက်တာလား မသိဘူး"

လှို့ရင်ရင်၏ ကြောင်းကျိုးဆက်စကားကြောင့် ခဏမျှ ထိရီ ငြိမ်သွားပြီး စဉ်းစားသည်။

ပြီးမှ…

"လှို့ရင်ရင်ရဲ့ ယူဆချက်လည်း မဆိုးဘူး။ အဲဒီအထင်လည်း မမှားနိုင်ပါဘူး။ ဒါပေမဲ့ အဲဒီ တစ်စုံတစ်ယောက်ဆိုတဲ့လူ လှို့နဲ့ ဘယ်လိုပတ်သက်ပြီး လှို့ကို ဘာကြောင့် အနှောင့်အယှက် ပြုမှာလဲ"

"အဆိပ်တစ်ထောင်ဓားကြောင့်ပဲ ဖြစ်မှာပေါ့။ နောက်တစ်ခုက…"

www.burmeseclassic.com

www.burmeseclassic.com



"အိုး"

ထိရီသည် ချီဟောင်၏ အာရုံကြော သွေးကြောများကို ရိုက်ခတ်ဖျက်ဆီးပစ်လိုက်သည်။

ထိုသွေးကြောများမှာ ချီဟောင်၏အတတ်ပညာများ ဖြစ်သော သိုင်းကွက်များကို ဖျက်ဆီးပစ်လိုက်ခြင်းပင် ဖြစ်လေသည်။

"ကိုင်း…ခင်ဗျား လိုရာခရီးကို သွားပေတော့"

ထိရီ၏ အမိန့်စကားဆုံးသည်နှင့် ချီဟောင်သည် ယိုင်တိယိုင်တိုင်နှင့် တောအုပ်အတွင်းမှ ထွက်ခွာသွားလေ၏။

"အစ်ကို သူ့ကိုဘယ်လိုလုပ်လိုက်တာလဲ"

ယိုင်တိယိုင်တိုင်ဖြင့် ထွက်ခွာသွားသော ချီဟောင်ကို လှမ်းကြည့်၍ လွီရင်ရင်က ထိရီကို မေးလိုက်သည်။

"သူတတ်ထားတဲ့ သူ့သိုင်းကွက်တွေကို အစ်ကိုရိုက်ပြီး ဖျက်ဆီးပစ်လိုက်တာလေ"

"ဒါဖြင့် သူ့သိုင်းပညာတွေ မတတ်တော့ပါဘူးပေါ့ ဟုတ်လား အစ်ကို"

"ဟုတ်တယ်"

"အို…သနားစရ အစ်ကိုရယ်"

"သနားစရာမကောင်းဘူး။ သူဟာ အင်မတန်ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပဲ။ ဒီလိုလုပ်လိုက်တဲ့အတွက်



သူဟာ အားနဲ့ အားငယ်တဲ့လူတွေကို ဘယ်တော့မှ အနိုင်မကျင့်တော့ဘူး။ ဒါကြောင့် လူတွေ အန္တရာယ်ကင်းသွားတာပေါ့လို့"

ထိရီ၏ ကြောင်းကျိုးညီညွတ်သောစကားကြောင့် လွီရင်ရင် သဘောပေါက်သွား၏။ ခေါင်းညိတ်ကာ ငြိမ်နေလိုက်သည်။

"ချီဟောင်ကို အစ်ကိုသိတယ်။ သူကသာ အစ်ကို့ကို မသိတာ။ သိုင်းလောကမှာ အလုပ်စုံလုပ်ပြီး လည်သလိုလုပ်စားနေတာ။ မုဆိုးအလုပ်လည်း လုပ်တယ်။ အခြေအနေပေးရင် ခရီးသွားပုဂ္ဂိုလ်တွေကို ဓားပြတိုက်တယ်။ အမျိုးကောင်း သားသမီးတွေကို ဖျက်စီးတယ်။ သိုင်းလောကမှာ နာမည်ပျက်နေတဲ့ ဆိုးသွမ်းသိုင်းသမားတစ်ယောက်ပဲ လို့။ လွန်ခဲ့တဲ့ သုံးနှစ်လောကဆို ပိုတောင်ဆိုးသေး။ သူတို့အဖွဲ့မှာ လူနှစ်ဆယ်ရှိတယ်။ အိမ်ထောင်စုတစ်စုကို ဓားပြဝင်တိုက်ပြီး လူတွေသတ်ခဲ့ဖူးတယ်။ အဲဒီအိမ်ထောင်စုက မိဘနှစ်ပါးကိုသတ်ပြီး အိမ်ရှင်သမီးကို မုဒိမ်းကျင့်ခဲ့ဖူးတယ်။ ချီဟောင်ဟာ အင်မတန်ယုတ်မာတဲ့ လူတစ်ယောက်၊ သူတို့အဖွဲ့က ငွေဖျိုင်းရှင်သိုင်းအဖွဲ့လို့ နာမည်ပတင်းကျော်ကြားခဲ့တယ်။ ငွေဖျိုင်းရှင်ဂိုဏ်းမှာ ချီဟောင်ဟာ ဒုတိယဂိုဏ်းခေါင်းဆောင်ပဲ"

"ဒါဖြင့် ပထမခေါင်းဆောင်က"

လွီရင်ရင်က ဖြတ်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း"

"အီး"

ထိရီ၏ကန်ချက်မှာ မြားပစ်သကဲ့သို့မြန်ပြီး ပြင်းထန်မှုဩလည်း အားကောင်းမောင်းသန် မြင်းကြီးတစ်ကောင်ကန်ကျောက်သကဲ့သို့ လွန်စွာပြင်းထန်ပေ၏။

ချီဟောင်၏ နောက်ဆုံးလက်ကျန် တပည့်သည် ထိရီ၏ ကန်ချက်မိပြီး ဖောင်းခနဲ လွင့်စဉ်ထွက်သွားသည်။ သစ်ပင်နှင့် မြေဆောင့်ရိုက်ခတ်မိ၏။ နေရာတွင်ပင် ပွဲချင်းပြီး ငြိမ်သက်သေဆုံးသွား၏။

ယခုတော့မှ ခေါင်းဆောင်ကြီး တစ်ယောက်သာ ကျန်တော့သည်။

"ဘယ့်နှယ်လဲ လှီကို သိမ်းပိုက်မယ်ဆို၊ သိမ်းပိုက်လေ၊ ရော့…ခေါ်သွား"

ထိရီက လှီရင်ရင်၏လက်ကိုဆွဲ၍ ချီဟောင်ထံ တွန်းပို့လိုက်သည်။

"အစ်ကို"

"ဟိုင်း"

ချီဟောက် လှုပ်ရှားရန် ဟန်ပြင်လိုက်သည်နှင့် ထိရီ၏ နဂါးအမြီးရိုက်သိုင်းကွက်က ချီဟောင်၏လည်မျိုကို ပတ်ခွေရိုက်

www.burmeseclassic.com



ခတ်လိုက်သည်။

"ဂုန်း"

"အား"

ချီဟောင်သည် လည်ကြီးစောင်း၍သွားကာ ပါးစပ်ထဲမှ ဝေါခနဲ သွေးများအန်ထွက်လာသည်။

"နဝါ"

သုံးကြိမ်မျှ သွေးအန်မိလိုက်သောအခါ ချီဟောင်၏အခြေအနေမှာ သိပ်မဟန်နိုင်တော့ကြောင်း ထိရီ သိလိုက်ပေ၏။

"ဝေါ"

"ဝေါ"

မျက်နှာဖြူဖပ်ဖြူရော် ဖြစ်လာသော ချီဟောင်ကို သနားငဲ့ညှာစွာဖြင့် သွေးကြောကို ပိတ်ပေးလိုက်သည်။

ထိရီပိတ်လိုက်သော သွေးကြောကြောင့် ချီဟောင်၏ သွေးအန်မှုမှာ ရပ်တန့်၍သွားလေသည်။

"ခင်ဗျားကို ကျုပ် သနားလို့ သွေးကြောပိတ်ပေးတာ။ ဒါပေမဲ့ ခင်ဗျားကို ဒီအတိုင်းတော့ ထားလို့မဖြစ်ဘူး။ တစ်သက်လုံး ပညာကုန်သွားအောင်တော့ လုပ်လိုက်ရမှာ။ ကိုင်း ပြောနေကြာတယ်"

"ဂုန်း"

www.burmeseclassic.com



ထိရီ၏ ပန်းခြွေခူးသိုင်းကွက်မှာ အလွန်ပြင်းထန်ပေ၏။ ရန်သူများ အရေးနိမ့်သွားသည်နှင့် ထိရီ သိုင်းကွက်ကိုမြှင့်၍ ဆက်တိုက်သည်။

ရန်သူနှစ်ယောက်သည် ထိရီ၏ဓားချက်ကိုထိပြီး "အား" "အင့်" ဟုအော်ကာ လဲကျသေဆုံးသွားလေ၏။

ကျန်နှစ်ယောက်မှာ တစ်ယောက်က အဖွဲ့ခေါင်းဆောင် ချီဟောင်ဖြစ်သည်။ ကျန်တစ်ယောက်က ချီဟောင်၏တပည့်ဖြစ်သည်။

"ဒန်း"

"ဟိုင်း"

ချီဟောင်မှာ ဓားရေးသိုင်းကွက်ကောင်းသော်လည်း ထိရီနှင့် အတွင်းအားချင်းယှဉ်လိုက်လျှင် များစွာကွာ၏။ ထိရီက အဆင့်လွန် အတွင်းအားပိုင်ရှင် ဖြစ်သည်။

ထိရီ၏ဓားချက်ကို ချီဟောင် ဆီးခံလိုက်သော်လည်း တောင့်ခံမထားနိုင်ဘဲ နောက်သို့ သုံးလှမ်းဆုတ်သွားရပြန်၏။

ဓားနှစ်လက်ထိခိုက်သံ၊ ဒန်းခနဲပေါ်ထွက်လာပြီး မီးများ လင်းလက်ဖြာထွက်လာသည်။

ထိရီသည် ချီဟောင်တပည့် ခုန်ဝင်လာသည်ကို ရှောင်တိမ်းခြင်းမပြုဘဲ ရင်ဆိုင်ကန်ထည့်လိုက်သည်။



ချီဟောင်သည် လဲနေရာမှ ပြန်ထလာပြီး ထိရီကို ဝင်တိုက်သည်။

ရန်သူလေးယောက်နှင့် ထိရီ တိုက်ခိုက်နေသော်လည်း ထိရီမှာ လက်ရေးမနိမ့်ဘဲ လက်ရေးသာလျက်ရှိပေ၏။

"ဒန်း"

"ဒလန်း . . . ဒန်း"

"အား"

အလင်းတန်းလေးတစ်ခုသည် ထိရီ၏ကိုယ်ပေါ်သို့ နေရာလေးနေရာမှ ဖြာကျလာသည်။

ရန်သူ့ဓားချက် လေးချက်ဖြစ်သည်။

ထိရီသည် ရန်သူ့ဓားချက် လေးချက်ကို "ပန်းခြွေခူးဓား" သိုင်းကွက်ဖြင့် ခုခံတိုက်ခိုက်လိုက်သည်။

ဓားချင်းခတ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး နောက် ချီဟောင်တို့လေးယောက်သည် မြင်းအကန်ခံလိုက်ရသလို နောက်သို့ သုံးလှမ်းခန့် ဆုတ်ခွာသွားလေ၏။

"ဒန်း"

"ဒလန်း"

"အား"

"အင့်"

www.burmeseclassic.com

www.burmeseclassic.com



သဘောရှိတယ် ညီလေး၊ အဲဒီကော့ မင်းရဲ့ မိတ်ဆွေလှိုင်ကို ငါ သိမ်းပိုက်ရမှာပဲ"

ချီဟောက်သည် ပြောပြောဆိုဆိုဖြင့် လှိုင်၏လက်တစ်ဖက်ကို ဖျတ်ခနဲ ဆွဲကိုင်လိုက်သည်။

"ဖောင်း"

"အား"

လှိုင်၏လက်တစ်ဖက်ကို ဆွဲကိုင်လိုက်သော ချီဟောင်ကို ထိရီဖျတ်ခနဲ ခြေဖြင့်ကန်ကြောက်ပစ်လိုက်သည်။

ကန်ချက်မှာ ပြင်းထန်၏။

ချီဟောင် အဝေးသို့ လွင့်စဉ်ကျသွားသည်။

ရုတ်တရက် ထိရီ၏တိုက်ကွက်ကို ခံလိုက်ရသော ချီဟောင်သည် အဝေးသို့ လွင့်စဉ်သွားသည်နှင့် ချီဟောင်၏နောက်လိုက် အဖွဲ့ဝင်များသည် လှုပ်လှုပ်ရှားရှား ဖြစ်၍သွားလေ၏။

"ဟိုင်း"

"ဖန်း...ဖလန်း"

ချီဟောင်၏ အဖွဲ့ဝင်သုံးယောက်က ထိရီကို ဝင်တိုက်သည်။ ရှန်သူစားချက် သုံးချက်ကို ထိရီက သူ၏ဓားဖြင့် ဖန်းခနဲ ခတ်ထုတ်ပစ်လိုက်သည်။

ရှန်သူသုံးယောက် နောက်သို့ နှစ်လှမ်းစီဆုတ်၍ သွား၏။



မိန်းမမရှိတော့ ပိုပြီးအဆင်ပြေသွားတာပေါ့"

အဖွဲ့ဝင်တစ်ယောက်က အားပေးအားမြှောက်ပြုကာ ပြောလိုက်သည်။

ထိုအခါ ချီဟောင်ဆိုသူက ထိရီဘက်သို့လှည့်၍...

"ကြားတယ်မဟုတ်လား ညီလေး"

ဟု မေးလိုက်သည်။

"ကျွန်တော်ကြားပါတယ်။ ဒီက အစ်ကိုတို့က ကျွန်တော်နဲ့ မိတ်ဆွေမဖွဲ့ချင်ဘူးဆိုတဲ့ သဘောလားခင်ဗျား"

ထိရီက မေးလိုက်သည်။

လှိုင်ရင်ရင်မှာ ကြောက်ရွံ့နေရာသဖြင့် ထိရီလက်မောင်းကို ဖက်တွယ်ထားလေသည်။

"မိတ်ဆွေဖွဲ့ဖွဲ့ မဖွဲ့ဖွဲ့ ဒါက အကြောင်းမဟုတ်ပါဘူး။ ညီလေးရဲ့အဖော်ကို ခေါ်သွားမယ်။ ညီလေး ကျေနပ်ရဲ့လား"

"မကျေနပ်ဘူး"

"ဘာလို့ မကျေနပ်တာလဲ"

"မတရားလို့၊ လှိုင်ကို ကျွန်တော် အသက်ပေးကာကွယ်ရမယ်"

"ဩော်...ဒီလိုလား။ ကိုယ်ကလည်း တောမှာဆိုးတာပဲ။ သားကောင်ရရင်ရ သားကောင်မရရင် လူကို အပိုင်သိမ်းတာတဲ့

www.burmeseclassic.com

www.burmeseclassic.com



လျက် ဆောင်စားကိုယ်စီကို ပခုံး၌ လွယ်ပိုး၍ထားသည်။

ခေါင်းဆောင်ဟုထင်ရသူကို ထိရီက စေ့စေ့ကြည့်၍...

"ကျုပ်တို့က ခရီးသွားဧည့်သည်တွေပါ၊ အစ်ကိုတို့က ဘယ်သူတွေလဲ။ ကျွန်တော်ကို့နဲ့ မိတ်ဆွေဖွဲ့နိုင်ပါတယ်"

"ကျုပ်နာမည်က ချီဟောင်ပါ။ သူတို့က ကျုပ်တပည့်တွေပါ။ ညီလေးနာမည်က ဘယ်လိုခေါ်သလဲ"

ချီဟောင်က မိတ်ဆွေဖွဲ့ဖို့ မဖွဲ့ဖို့ကို ရှေ့တန်းတင် မပြောသေးဘဲ ထိရီကို နာမည်မေးလိုက်၏။

"ကျွန်တော့်နာမည်က ထိရီ"

"သူကရော..."

"လှီရင်ရင်ပါ"

"မင်းနဲ့ ဘာတော်လဲ"

"ကျွန်တော့်မိတ်ဆွေပါ"

ထိရီကို ချီဟောင်က မျက်မှောင်ကြုတ်၍ စိုက်ကြည့်လိုက်သည်။ သူ၏ကြည့်ပုံရှုပုံမှာ အကဲမရလှပေ။

ထို့နောက် ချီဟောင်ဆိုသူက သူ့အဖွဲ့ဘက်သို့လှည့်၍..

"ဟိတ်ကောင်တွေ ဒီကညီလေးရဲ့အဖော်က တော်တော်လှတယ်ကွ။ ငါတို့ခေါ်သွားကြရင် မကောင်းဘူးလား"

"သိပ်ကောင်းတာပေါ့ ဆရာကြီး။ ဆရာကြီးမှာလည်း



ထိရီစကားကြောင့် လှီရင်ရင် အူကြောင်ကြောင်ဖြစ်သွားသည်။

"ကျွန်မ ရေချိုးရင် အစ်ကိုစောင့်နေပေါ့"

"ဟာ · · ·မဟုတ်တာ၊ မိန်းကလေးရေချိုးတာကို ယောကျာ်းလေးက ထိုင်စောင့်နေလို့ ဘယ်ဖြစ်မလဲ။ ရှောင်နေရမှာပေါ့"

ထိရီမှာ ထိုစကားကို မျက်နှာပူပူဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ ထိရီ ဘာကြောင့်သည်စကားပြောမှန်း လှီရင်ရင် သဘောပေါက်သည်။

"အစ်ကို အနားမှာမရှိရင် ကျွန်မ ရေချိုးရဲမှာ မဟုတ်ဘူး။ ဒီလိုလုပ်ပါလား အစ်ကို၊ ကျွန်မ ရေချိုးနေတုန်း အစ်ကိုက မျက်နှာလွှဲ ကျောပေးပြီး စောင့်နေပေါ့။ မကောင်းဘူးလား"

"ကောင်းတော့ ကောင်းပါတယ်။ ဒါပေမဲ့ ကျောမလုံဘူး"

"ဟာ···မဟုတ်တာဘဲ။ အစ်ကိုက ချောင်းကြည့်တာမှ မဟုတ်တာ"

"ဒါပေမဲ့ စိတ်ကတော့ သိနေလိမ့်မယ် ထင်တယ်"

"အဟက်"

ထိရီစကားကြောင့် လှီရင်ရင် ဘယ်လိုအဓိပ္ပာယ်များလည်သွားသည်မသိ၊ ဟက်ခနဲ ရယ်သည်။ ပြီးမှ···

www.burmeseclassic.com

www.burmeseclassic.com



“ကဲပါ အစ်ကိုရာ၊ အစ်ကို ဟိုဘက်လှည့်”

လှိုင်ရင်ရင် အမိန့်အတိုင်း ထိန်ရို ကျောခိုင်းထားလိုက်၏။

“လှည့်မကြည့်နဲ့နော်”

“ကြည့်ဆိုတောင် အစ်ကိုက မကြည့်ဘူး”

“အပဟက်”

လှိုင်ရင်ရင်က ရယ်လိုက်ပြန်သည်။ ထိန်ရို ကျောခိုင်းထားသဖြင့် လှိုင်ရင်ရင် ရေချိုးရသည်မှာ အလွန်အဆင်ပြေ၏။

လှိုင်ရင်ရင်၏ ရေချိုးသံကို ကြားနေရသည်။ ခဏကြာတော့ လှိုင်ရင်ရင်က ပြီးတော့မယ် လှည့်မကြည့်နဲ့ ဟု ဆိုသည်။

ရေချိုး၍ပြီးသော် လှိုင်ရင်ရင် ကုန်းပေါ်သို့ တက်လာပြီး အဝတ်အစား ပြန်ဝတ်သည်။ ထိန်ရိုမှာ ကျောကြီးခိုင်းလျက် ကျောက်ဆစ်ရုပ်နှယ် ငြိမ်သက်နေသည်။

“ကဲ အစ်ကို ပြီးပြီ ကြည့်တော့”

“လှို တကယ်ပြီးလို့လား။ သေချာမှ ပြောနော်”

ဆည်းလည်းသံနှယ် ရယ်သံကိုကြားသည်။

“မသေချာဘဲ ကျွန်မက ပြောပါ့မလား”

“မသေမချာ ဖြစ်နေမှာစိုးလို့ပါ”

ထိန်ရိုက ကျောခိုင်းထားရာမှ မျက်နှာချင်းဆိုင်လိုက်သည်။

“တော်ပါသေးရဲ့”



“ဘာ တော်ပါသေးရဲ့လဲ”

“အဝတ်အစားမှ လဲပါ့မလားလို့”

လှိုင်ရင်ရင် မျက်စောင်းတစ်ချက် ထိုးလိုက်သည်။ ထိန်ရိုက သဘောကျစွာ ပြုံးနေ၏။

“ကဲ အစ်ကို ရေချိုး”

“ဟင့်အင်း မချိုးဘူး”

“ဘာဖြစ်လို့လဲ အစ်ကို့ကို ညီမက ချောင်းကြည့်မှာစိုးလို့လား”

“ဟုတ်တယ်”

“အံမယ် မကြည့်ပါဘူး”

“မကြည့်ဘူးပြောတိုင်း ယုံရမှာလား”

“ဟင်” ကြည့်စမ်း၊ အစ်ကိုဟာလေ တကယ့်ကို မိန်းကလေးကျနေတာပဲ။ ချိုးပါ ကျွန်မ မကြည့်ပါဘူး”

“အစ်ကို မချိုးဘူး”

“အစ်ကို သိပ်ညစ်ပတ်တယ်”

“အစ်ကိုက ဘာညစ်ပတ်လို့လဲ”

“ရေမချိုးလို့ပေါ့၊ ကဲပါ ချိုးပါ။ ဒါနဲ့ပဲ မိုးချုပ်သွားတော့မယ်”

ထိန်ရိုက တကယ်လည်း ရေချိုးချင်၏။ လှိုင်ရင်ရင်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



မယုံ၊ လွှီရင်ရင် နိုးကြည့်မှာကို မလုံမလဲဖြင့် ရှက်ကြောက်နေသည်လည်း အမှန်ပင်။

နောက်ဆုံးတော့ လွှီရင်ရင် အတင်းတိုက်တွန်းသဖြင့် ရေချိုးဖြစ်သွားတော့၏။

"ကဲ…ကျွန်မ အစ်ကို့ကို ချောင်းကြည့်သလား"

"လွှီ တော်ပါတယ်။ ချောင်းများကြည့်ရင် အစ်ကိုတော့ ရေနစ်သေမှာ အမှန်ပဲ"

"ဘာဆိုင်လို့ အစ်ကိုက ရေနစ်သေရမှာလဲ"

"ရှက်ပြီး ရေငုပ်နေတော့ ရေမွန်းပြီး သေသွားမှာပေါ့"

လွှီရင်ရင် ရယ်မောလိုက်သည်။

"အစ်ကိုက ယောကျ်ားမဟုတ်တာကျနေတာဘဲ။ လာ သွားကြရအောင်"

နှစ်ယောက်သား မှလနေရာသို့ လျှောက်လာကြသောအခါ နေသည် တောအုပ်ကြီးအတွင်း၌ ပျောက်ကွယ်သွား၏။ အမှောင်ရိပ်များ သိပ်သည်းနက်ရှိုင်းလာ၏။

× × ×

တောအုပ်ကြီးအတွင်း၌ သားကောင်များကို စိုးရိမ်ရသဖြင့် မီးဖိုထားရသည်။



မီးဖိုဘေး၌ ထိရီနှင့် လွှီရင်ရင်တို့ ထိုင်နေကြသည်။ မီးအလင်းရောင်အောက်တွင် လွှီရင်ရင်၏ မျက်နှာအလှကို ကောင်းစွာမြင်တွေ့နေရသည်။

"လွှီ အိပ်တော့လေ"

"ဟင့်အင်း ကျွန်မ မအိပ်ချင်သေးဘူး။ အစ်ကိုလည်း မအိပ်နဲ့ ကျွန်မ ကြောက်တယ်"

လွှီရင်ရင် ပြောသကဲ့သို့ ကြောက်မည်ဆိုလည်း ကြောက်စရာပင်၊ တောအုပ်ကြီးမှာ ခြောက်ချားဖွယ် အလွန်ကောင်းပေသည်။

တစ်ခါတစ်ရံ ခပ်ဝေးဝေးဆီမှ ကျားဟိန်းသံနှင့် ခွေးဟောက်သံကို တစ်ချက်တစ်ချက် ကြားရသည်။

ပုစဉ်းရင်ကွဲအော်မြည်သံတို့ကမူ နားကွဲလုမတတ် ဆူညံလျက်ရှိ၏။

မီးဖိုထားသောကြောင့် အချမ်းအအေးဒဏ်ကို ကောင်းစွာ ခံနိုင်စွမ်းရှိလေသည်။

"အစ်ကို"

"ဘာလဲ လွှီ"

"မနက်လင်းရင် ကျွန်မတို့ ဂူတန်တောင်ခြေကို ခရီးဆက်မယ်မို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဒါဖြင့် ကျွန်မတို့ ဒီတစ်ညတော့ မအိပ်ဘဲမိုးလင်းသွားမှာ သေချာတယ်"

"လွှီ တစ်ရေးလောက် အိပ်သင့်တယ်"

"တစ်ရေးမအိပ်ရလည်း ကျွန်မ ဘာမှမဖြစ်နိုင်ပါဘူး"

"လွှီ အိပ်ရေးပျက်နေမှာစိုးလို့ပါ။ နှစ်ယောက်လုံးတော့ အိပ်လို့မဖြစ်ဘူး။ လူ့အန္တရာယ်နဲ့ တိရစ္ဆာန်အန္တရာယ်တွေကို အစ်ကို စောင့်ကြည့်နေမှဖြစ်မှာ လွှီ အိပ်ပါ"

"ရပါတယ် အစ်ကို၊ တစ်ညလုံး အစ်ကိုနဲ့ စကားပြောနေမယ်"

"လွှီဟာ တကယ့်ကို အပြောရခက်တဲ့ မိန်းကလေးတစ်ယောက်ပဲ"

"ပျင်းလို့ပါ အစ်ကို။ စကားမပြောဘဲ ငြိမ်နေရင် အိပ်ငိုက်သွားမှာပေါ့"

"လွှီ ဘာစကားတွေ ပြောချင်သေးလို့လဲ"

"ဘာရယ်မဟုတ်ပါဘူး။ အလာပသလာပ စကားတွေ ပြောကြတာပေါ့"

"အခုအချိန်မှာ အစ်ကို ဘာစကားမှ မပြောချင်ဘူး"

"အစ်ကိုမပြောလည်း ကျွန်မကတော့ ပြောရမှာပဲ။ နိုး



မဟုတ်ရင် ဘိတ်ဆိတ်ငြိမ်သက်ပြီး ကျွန်မတို့နှစ်ယောက်စလုံး ငိုက်မြည်းသွားလိမ့်မယ်"

ထိရီ သက်ပြင်းချလိုက်သည်။

လွှီရင်ရင်သည် ထိရိကို ပြုံး၍ကြည့်နေ၏။

"အစ်ကို့မှာ မိဘတွေရှိသေးလား"

လွှီရင်ရင် စကားစပြောသည်။ သူ ပြောမည်ဆိုသည့် စကားအတိုင်း သူ ပြောလာသည်။

အာဂ လွှီရင်ရင်ပင် ဖြစ်တော့သတည်း။

"အစ်ကို့မှာ မိဘနှစ်ပါးစလုံး မရှိတော့ဘူး"

"ဆွေမျိုးသားချင်းကော"

"မရှိဘူး"

"ဒါဖြင့် ရည်းစားကော"

"ဘယ်က ရည်းစားလဲ မသိဘူး"

"အစ်ကိုချစ်တဲ့ အစ်ကို့ချစ်သူကို ပြောတာ"

"အစ်ကို့မှာ ချစ်သူလည်းမရှိဘူး၊ မုန်းသူလည်း မရှိဘူး။ အစ်ကို့ဘဝမှာ အစ်ကိုတစ်ယောက်တည်းပဲ ရှိတယ်။ လွှီ မနက်လင်းတဲ့အထိ စကားပြောနေဦးမှာလား"

ထိရိက စိတ်မရှည်ဟန်ဖြင့် မေးလိုက်သည်။

"ဖြစ်နိုင်ရင်တော့ မနက်လင်းတဲ့အထိ စကားပြောနိုင်ရင်

www.burmeseclassic.com

www.burmeseclassic.com



တော့ အကောင်းဆုံးပဲ"

ထိရီ သက်ပြင်းချလိုက်ပြန်သည်။

"ဟင်း...မလွယ်ပါလား လွှီရှင်"

လွှီရှင်ရှင် ဟက်ခနဲ ပြုံးလိုက်၏။

"အစ်ကို့ဘဝမှာ အစ်ကိုတစ်ယောက်တည်းဆိုတော့ အထီးကျန်လွန်းပါတယ်။ တစ်ခုခုတော့ လုပ်ဆောင်သင့်တယ်"

"ဘာကို လုပ်ဆောင်သင့်တာလဲ"

"ဘာကို လုပ်ဆောင်သင့်တယ်ဆိုတာ အစ်ကို ဘာသာ စဉ်းစားကြည့်လေ"

မီးဖိုမှ မီးတောက်က တဖောက်ဖောက်မြည်နေသည်။

မီးသင့်ဝါးနှင့် ထင်းများ ပေါက်ကွဲသံဖြစ်သည်။

"အစ်ကိုမှ မစဉ်းစားတတ်တာ"

ထိရီက ထင်းစတစ်စ မီးဖိုထဲ ပစ်ထည့်ရင်း လွှီရှင်ရှင်ကို ပြောလိုက်သည်။

"အစ်ကို့အသက် ဘယ်နှစ်နှစ်ရှိပြီလဲ"

လွှီရှင်ရှင်က မေးလိုက်သည်။

"နှစ်ဆယ့်သုံးနှစ်ရှိပြီ"

"ကျွန်မထက် သုံးနှစ်ကြီးတာပဲ"



"အဲဒါ ဘာဖြစ်သလဲ"

"အစ်ကို အိမ်ထောင်ပြုမယ်ဆိုရင် ပြုနိုင်တဲ့အရွယ်ပဲ။ ဘာဖြစ်လို့ အိမ်ထောင် မပြုသေးတာလဲ"

ထိရီ ခေါင်းငြိမ်သွားသည်။

ပြီးမှ...

"အစ်ကို့ကို ချစ်မယ့်လူမှ မရှိတာ"

"ဒါတော့ မဖြစ်နိုင်ဘူး"

"သိပ်ဖြစ်နိုင်တာပေါ့။ မိန်းမဆိုတာ ယူချင်တိုင်း ယူလို့ရတဲ့ ကိစ္စမှမဟုတ်တာ။ ဓားတစ်ချောင်း ဝယ်လို့လွယ်ပေမယ့် မိန်းမတစ်ယောက်ရဖို့ဆိုတာက မလွယ်ဘူးလေ"

"အစ်ကို့အနေနဲ့ လွယ်မှာပါ"

"ဘာဖြစ်လို့ လွှီက ဒီလို ပြောနိုင်ရတာလဲ"

လေတစ်ချက် အခတ်မှာ သစ်ရွက်များ လှုပ်ခတ်ခါယမ်းသွားသည်။

မီးဖိုမှ မီးတောက်သည် ဝုန်းခနဲ ထတောက်သည်။

"အစ်ကိုက သိုင်းပညာလည်း ကောင်းတယ်။ နောက်ပြီး ရုပ်လည်းချောတယ်။ အရွယ်လည်း ရှိတယ်။ မိန်းမတွေ အစ်ကို့ကိုမြင်ရင် သိပ်ချစ်သွားမှာပါ"

လွှီရှင်ရှင် အမှန်အတိုင်းပြောသည်။ ထိရီကမူ မီးကို

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ရင်ရင် မြှောက်ပြောသည်ဟု ထင်သည်။

"လှိုင်ဟာ စကားလည်းကြွယ်တယ်။ အမြှောက်အပင့်လည်း ပြောတတ်တယ်နော်"

"ဘာလဲ ကျွန်မကို မြှောက်ပင့်ပြောနေတယ်လို့ ထင်လို့လား။ အစ်ကို့ကို ကျွန်မ တကယ်ပြောနေတာ။ အစ်ကိုသာလက်ခံမယ်ဆိုရင် ကျွန်မ အစ်ကို့ကို လက်ထက်မယ်"

"ဗျာ"

ထိရီ လန့်သွားသည်။ လှိုင်ရင်ရင်ကို ဖျတ်ခနဲကြည့်ပြီး..

"လှိုင် ဘယ့်နှယ်လုပ်ပြီး လက်ထက်လို့ဖြစ်မှာလဲ။ အဘဝမ်နဲ့"

ထိရီ ဆက်မပြောဘဲ စကားကို ရပ်လိုက်သည်။

"အစ်ကိုကြီးဝမ်နဲ့ ကျွန်မ ဘာမှမဆိုင်ဘူးလေ။ ဘယ်လိုမှလဲ ဆက်ဆံခဲ့ဖူးခြင်း မရှိပါဘူး"

"ထားပါတော့ အခု အဘဝမ် အသက်ပြန်ရှင်လာပြီပဲ"

"ဒါတော့ မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ"

"မဖြစ်နိုင်လို့ မဖြစ်နိုင်ဘူးလို့ ပြောတာပေါ့ အစ်ကို။ ကံကောင်းရင် ဖားလောင်းသာ ငါးဖြစ်ရင်ဖြစ်သွားမယ်။ အစ်ကိုကြီးဝမ် အသက်ပြန်ရှင်လာမယ်ဆိုတာတော့ လုံးဝမဖြစ်နိုင်ဘူး"



"လှိုင်စကားက တယ်ပြီးသေချာနေပါလား။ ကြည့်ဦးမယ်လေ"

"ဘာကိုကြည့်မှာလဲ"

"ပွတန်တောင်ခြေမှာ မြှုပ်နှံခဲ့တဲ့ အဘဝမ်ရဲ့အလောင်းကို တူးကြည့်မယ်လေ။ အဘဝမ်အလောင်း မရှိဘူးဆိုရင်တော့ အဘဝမ် အသက်ပြန်ရှင်သွားတာ ဖြစ်ကောင်းဖြစ်နိုင်လိမ့်မယ်"

ထိရီကိုယ်တိုင်လည်း အဘဝမ် အသက်ပြန်ရှင်သွားပြီဆိုတာ စိတ်ထဲ သိပ်မယုံချင်ပေ။ သတင်းပေးသူက ခိုင်ခိုင်မာမာ တိတိကျကျ အာမခံကာ ပြောဆိုသွားခဲ့သဖြင့် မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်ခဲ့ရသည်။

"အစ်ကိုကြီးဝမ် အလောင်းကိုတွေ့ရင် အစ်ကို ကျွန်မကို လက်ထပ်မလား"

လှိုင်ရင်ရင်၏ စကားကို ချက်ချင်းအဖြေမပေးသေးဘဲ ထိရီ စဉ်းစားနေသည်။

အတန်ကြာမှ...

"အဘဝမ် တကယ်သေတယ်ဆိုရင်တော့ အစ်ကို လှိုင့်ကို လက်ထပ်မယ်"

"အစ်ကို တကယ်ပြောတာနော်"

ထိရီစကားကို ကြားလိုက်ရသောအခါ လှိုင်ရင်ရင် အား

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာ၍သွားလေ၏။

"အစ်ကို မညာဘူး။ တကယ်ပြောနေတာ"

လွှီရင်ရင်၏ လက်တစ်ဖက်က ထိရီ၏လက်ကို လာရောက်ထိနိုက်လိုက်သည်။ ဆိတ်ကွယ်ရာအရပ်မှ ထိရီတစ်ကိုယ်လုံး ကျင်စက်မိသလို ထုံကျင်လှုပ်ရှားသွားရလေ၏။

ထိရီသည် လွှီရင်ရင်ကို စိုက်ကြည့်လိုက်သည်။ မီးအလင်းရောင်အောက်ဝယ် လွှီရင်ရင်၏ ရွှန်းစိုတောက်ပနေသော မျက်ဝန်းအစုံကို သဲကွဲစွာ မြင်တွေ့လိုက်ရသည်။

နှစ်ယောက်သား ခေတ္တမျှ ငြိမ်နေကြသည်။

ခဏကြာမှ လွှီရင်ရင်က လေသံတိုးတိုးဖြင့်...

"အစ်ကို့ကို ကျွန်မ ချစ်တယ်။ ချစ်တယ်ဆိုတာလည်း ခုမှချစ်တာ မဟုတ်ပါဘူး အစ်ကို။ အစ်ကို ကျွန်မအိမ်ရောက်စကတည်းက မြင်မြင်ချင်းချစ်ခဲ့ရတာ သိလား"

ပြောပြီး ထိရီနှင့် ကိုယ်ချင်းထိကပ်စွာ ပူးကပ်ပိုင်လိုက်သည်။

လွှီရင်ရင်၏ ကိုယ်သင်းနံ့များက ထိရီ နှာခေါင်းဝသို့ စိမ့်ဝင်သွား၏။

ထိရီ တစ်ကိုယ်လုံး ချွေးစေးများစိမ့်ယိုထွက်လာသည်။ ထိရီမှာ အတွေ့အကြုံမရှိသူမို့ အလွန် အနေရအထိုင်ရ ကျပ်လှုက်



ရှိနေလေ၏။

"အစ်ကို"

"ဘာလဲ လွှီ"

"အစ်ကို လွှီ့ကို ချစ်ရဲ့လားဟင်"

ထိရီ ငြိမ်နေသဖြင့် လွှီရင်ရင်က ထိုစကားကိုပင် ဆက်မေးသည်။

"အစ်ကို လွှီ့ကို ချစ်ရဲ့လားဟင်"

"ချစ်ပါတယ်"

လွှီရင်ရင်ထံမှ သက်ပြင်းမောတစ်ခု ထွက်ပေါ်သံကြားသည်။

ထိရီကိုယ်တိုင်လည်း မောနေ၏။

ဘာကြောင့် မောမှန်းလည်း ထိရီ ကိုယ်တိုင်ပင် မသိချေ။ မောတော့မောနေသည်သာ စိတ်ထဲက သိနေ၏။

"အစ်ကို"

လွှီရင်ရင်သည် လေသံဖြင့်ပြောပြီး ထိရီ၏ ရင်ခွင်ထဲတိုးဝင်လိုက်သည်။

ထိရီသည် ရင်ခွင်ထဲတိုးဝင်လာသော လွှီရင်ရင်၏လုံးကျစ်တင်းမာသော ခန္ဓာကိုယ်ကို တင်းကျပ်စွာ ဖက်ထားလိုက်မိ၏။

ထို့နောက်တော့...ထို့နောက်တော့...။

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုမှ မီးသင့်ဝါးများ ဖောက်ခနဲ ဖောက်ခနဲမြည်နေသံကို ကြားနေရလေသတည်း။

× × ×

## ပျောက်ဆုံးသွားသော ဝမ်ရင့်အလောင်း

ထိုနေ့ နေ့လယ်ခင်းအချိန်တွင် ဂူတန်တောင်ခြေသို့ ထိရီတို့ ရောက်လာကြသည်။

တောင်ခြေသို့ ရောက်သည်နှင့် တောင်ခြေတွင် ခဏနားပြီး ဝမ်ရင်အလောင်းမြှုပ်နှံခဲ့သော မြေပုံကို တူးဖော်ကြည့်ကြသည်။

"ဟင်"

ထိရီ၏ အံ့ဩတုန်လှုပ်သံကြောင့်...

"ဘာတွေလဲ အစ်ကို"

ဟု လွီရင်ရင်က မေးလိုက်သည်။

"ဘာမှ မတွေ့ဘူး။ အဘဝမ်အလောင်း မရှိတော့ဘူး"

"ရှင်"

"ဟုတ်တယ် လွီ၊ မှတ်မှတ်ရရ အဘဝမ်အလောင်းကို ဒီနေရာမှာ အစ်ကိုကိုယ်တိုင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့တာပဲ"

လွီရင်ရင်ကိုယ်တိုင် ဝမ်ရင့်အလောင်းကို မတွေ့သဖြင့်



အံ့ဩရေးဆန်း ဖြစ်သွားရသည်။

"အလောင်းပျောက်သွားပြီ လွီ"

"အလောင်းပျောက်သွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အစ်ကို ဘယ်လိုယူဆသလဲ။ ဘယ်လို ထင်မြင်ချက်ရှိသလဲဆိုတာ ပြောပါ"

ထိရီသည် အတန်ကြာ စဉ်းစားတိတ်ဆိတ်ငြိမ်သက်နေမိ၏။ ပြီးမှ...

"အစ်ကိုတော့ ဘယ်လိုမှ မစဉ်းစားတတ်တော့ဘူး"

"ဒါဖြင့် ကျွန်မအထင် ပြောမယ်"

"ပြောပါ လွီ"

"အစ်ကိုကြီးဝမ်ရင်အလောင်းကို တစ်စုံတစ်ယောက်က တူးဖော်ခိုးဝှက်ထားတယ်လို့ ကျွန်မ ထင်တယ်"

လွီရင်ရင်၏ စကားကြောင့် ဖျတ်ခနဲ လွီရင်ရင်ကိုကြည့်လိုက်ပြီး ထိရီက...

"လွီ ပြောတာ ဖြစ်နိုင်တာပဲ၊ ဒါပေမဲ့ အဘဝမ်ကိုယ်တိုင်ပဲ အသက်ပြန်ရှင်လာလို့ မြေပုံကိုဖောက်ခွဲပြီး တစ်နေရာကို ထွက်သွားတာလည်း ဖြစ်နိုင်တာပဲ"

လွီရင်ရင် ခေါင်းကို ယမ်းခါလိုက်သည်။

"မဖြစ်နိုင်ဘူး အစ်ကိုကြီးဝမ် အသက်ပြန်ရှင်လာရင်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာကို ထွက်သွားမှာ မဟုတ်ဘူး။ ကျွန်မဆီကိုပဲလာမှာ"

ထိရီ စဉ်းစားသည်။

လွှီရင်ရင်စကား တကယ်တော့ မှန်လောက်သောစကားမျိုးပင် အဘဝမ် အသက်ပြန်ရှင်လာသည်ဆိုလျှင်...

သူ ဘယ်မှသွားမည်မဟုတ်။ သွားခြင်းသွားလျှင် လွှီရင်ရင်ထံသာ သွားမည် သေချာသည်။

"အစ်ကိုကြီးဝမ်ဟာ ကျွန်မကို တစ်သက်လုံးစောင့်ရှောက်သွားရမယ့် လူတစ်ယောက်ပါ အစ်ကို။ ဖေဖေပေးခဲ့တဲ့ကတိကို သူ ဘယ်တော့မှ ဖျက်မှာမဟုတ်ဘူး။ ဒါကြောင့် သူ တကယ်ပဲ အသက်ပြန်ရှင်လာတယ်ဆိုရင် ကျွန်မဆီကို သူအရင်ပေါက်ချလာရမှာပဲ။ အခုတော့..."

"အခုတော့ ဘာဖြစ်လဲ လွှီ ဆက်ပြောလေ"

လွှီရင်ရင် စကားပြောနေရင်းမှ စကားတစ်ပိုင်းတစ်စနှင့် ပြတ်သွားသဖြင့် ထိရီက စကားဝင်ထောက်ပေးသည်။

"အစ်ကိုကြီးဝမ် အသက်ပြန်ရှင်လာတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကျွန်မတော့ တထစ်ချယုံကြည်တာပါ။ တစ်စုံတစ်ယောက်ရဲ့ ပယောဂလို့ ကျွန်မတော့ထင်တာပဲ အစ်ကို"

ထိရီ ခေါင်းညိတ်လိုက်သည်။ လွှီရင်ရင်၏ ထင်မြင်ယူဆချက်မှာ ခိုင်လုံသောယူဆချက်ဖြစ်ကြောင်း နားလည်လိုက်သည်။



ထို့ကြောင့် ထိရီက...

"ဟုတ်တယ် လွှီ့ ယူဆချက်မှန်တယ်။ အစ်ကို့တို့ကို အနှောင့်အယှက်ပေးမယ့် လူတစ်စုတော့ရှိနေပြီဆိုတာ နားလည်ထားဖို့လိုပြီ"

"ဒါဟာ အဓိကပဲ၊ အထူးသဖြင့် အဆိပ်တစ်ထောင်ဓားနဲ့ ပတ်သက်ပြီး အနှောင့်အယှက်တွေ အများကြီးကြုံလာဦးမယ်ဆိုတာ ကျွန်မတို့ ကြိုပြီးသတိထားနားလည်ထားဖို့လိုပြီ အစ်ကို။ ကဲ ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ"

"အဆိပ်တစ်ထောင်ဓားနဲ့ ပတ်သက်ပြီး အရင်ဆုံးလုပ်ရမယ့်အလုပ်ကတော့ လင်းခွဲညီနောင်သုံးဖော်ဆီ အရင်သွားပြီး ဓားရအောင်ယူရမယ်"

"ဒါအမှန်ဆုံးပေါ့ အစ်ကို။ ကဲ...ပြောနေကြာတယ်။ အခုပဲ ကျွန်မတို့ သွားကြစို့"

ထို့နောက် ထိရီနှင့် လွှီရင်ရင်တို့သည် ဂူဟန်တောင်ခြေမှ မြင်းကိုယ်စီ စီးလျက် ထွက်ခွာလာခဲ့လေတော့သတည်း။

× × ×

www.burmeseclassic.com

www.burmeseclassic.com



## လင်းဆွဲညီနောင်သုံးဖော်နှင့် အဆိပ်တစ်ထောင်မားပြုသနှာ

ပီကင်းမြို့သည် အလွန်စည်ကားသော မြို့ကြီးတစ်မြို့ဖြစ်လေသည်။ ပီကင်းသို့ ထိရီတို့ရောက်သွားချိန်၌ ဈေးနေ့ဖြစ်သဖြင့် ပို၍ စည်ကားသိုက်မြိုက်ပေသည်။

လင်းဆွဲညီနောင်သုံးဖော်၏ သတင်းကို မုံစမ်းရင်း ထိရီတို့ဈေးထဲ ရောက်လာကြသည်။ ထိရီမှာ အဘိုးအိုတစ်ယောက်လို ရုပ်ဖျက်ထားသကဲ့သို့ လှီရှင်ရင်မှာလည်း ယောကျ်ားလေးတစ်ယောက်လို ဝတ်စားဆင်ယင်ကာ ရုပ်ဖျက်ထားလေသည်။

ထိရီတို့သည် ဈေးအတွင်း၌ ဈေးဝယ်သူကဲ့သို့ ပါမှုသည်သည်မှဟို လျှောက်ပတ်ကြည့်သည်။ တကယ်တော့ လင်းဆွဲညီနောင်သုံးဖော်သတင်းကို လိုက်လံစုံစမ်းနေခြင်း ဖြစ်သည်။

ထိုစဉ် ဈေးအတွင်း၌ ရုတ်ရုတ်သဲသဲဖြစ်၍ သွားလေ၏။ ဈေးအတွင်းသို့ မြင်းစီးသမား ခုနစ်ယောက်ခန့် ဝင်ရောက်သောင်းကျန်းလိုက်သောကြောင့် ဖြစ်သည်။

ထိရီ သေသေချာချာ အကဲခတ်ကြည့်လိုက်သောအခါ မြင်းစီးသမား လူသောင်းကျန်း ခုနစ်ယောက်တိတိကို မြင်တွေ့လိုက်ရလေ၏။

ဝတ်စုံနီကို ဝတ်ဆင်ထားသော ရှေ့ဆုံးမှ မြင်းစီးသမား



မှာ ကြာပွတ်ကြီးကို ရှေ့ယမ်း၍ ဆဲဆိုကြိမ်းမောင်းနေလေသည်။

"ဟဲ့ဟဲ့ ဖယ်ကြစမ်း နဂါးစိမ်းမယ်တော် ကြွလာတယ်"

ဝတ်ရုံနီနှင့် ပုဂ္ဂိုလ်ကြီး၏နောက်ဝယ် မြင်းစီးသမား ခြောက်ယောက် လိုက်ပါလာကြသည်။ ၎င်းတို့ခြောက်ယောက်မှာမူ ဝတ်စုံပြာများကို ဆင်တူဝတ်ထားကြလေ၏။

ဈေးသူဈေးသားများ ဖရိုဖရဲဖြစ်နေကြသည်။ ဤသို့ ဈေးသူဈေးသားများ ရှုန်းရင်းဆန်ခတ်ဖြင့် ဖရိုဖရဲဖြစ်ကာ အရပ်လေးမျက်နှာ လွတ်ရာကျွတ်ရာသို့ ရှောင်တိမ်းပြေးလွှားနေစဉ် အဘွားအိုတစ်ယောက်မှာ ကြောက်အားလန့်အားဖြင့် ဈေးလမ်းအတိုင်း လျှောက်ပြေးနေလေသည်။

"ဟိုအဘွားကြီး ဖယ်ကြစမ်း"

ဝတ်ရုံနီနှင့်လူက လှမ်းအော်သည်။ အဘွားအိုမှာ ဘေးသို့မကပ်ဘဲ ဈေး၏လမ်းမိုးအတိုင်း ဆက်ပြေးနေသည်။

"သေတော့မယ် အဘွားကြီးတော့"

ပြောပြောဆိုဆို ဝတ်ရုံနီနှင့်လူကြီးသည် ကြာပွတ်ကို သေသေချာချာ ရှေ့ယမ်း၍ အဘွားအိုကို လှဲရိုက်ချလိုက်သည်။

"ခြိမ်း"

"အို"

www.burmeseclassic.com

www.burmeseclassic.com



"အား"

အဘွားအိုမှာ လမ်းရိုးအတိုင်း ဆက်ပြေးနေသည်၊ ဝတ်စုံနီနှင့်လူသည် ကြာပွတ်အလုခံရပြီး မြင်းထက်မှ ဝုန်းခနဲကျသွားသည်။

ဝတ်စုံနီနှင့်လူ၏ကြာပွတ်ကို ကြားခံ၍ ဝင်လုလိုက်သူမှာ အဘိုးအိုတစ်ဦးဖြစ်သည်။ ၎င်းအဘိုးအိုမှာ ရုပ်ဖျက်ထားသော ထိရီပင် ဖြစ်လေသည်။

ဝတ်စုံနီနှင့်လူကြီး မြင်းထက်မှကျသွားသည်ကို နောက်လိုက်ခြောက်ယောက်က မြင်လိုက်သည်။ ဝတ်စုံပြာနှင့် လူခြောက်ယောက်တို့သည် မြင်းကိုဒုန်းစိုင်း၍ ထိရီထံ ရောက်လာကြသည်။

ခြောက်ယောက်ထဲမှ ခပ်ဝ့ဝ့တစ်ယောက်က ဓားကို ချွမ်းခနဲ ဆွဲထုတ်ကာ...

"အဘိုးကြီး ခင်ဗျား ကျုပ်တို့အဖွဲ့ကို အနှောင့်အယှက်ပေးတာ ကျုပ်တို့အဖွဲ့ခေါင်းဆောင်ကို ဘာဖြစ်လို့ တိုက်ခိုက်ရတာလဲ"

ထိရီက ကြာပွတ်ခေါက်ကိုင်၍...

"ကျုပ် အနှောင့်အယှက်ပေးတာ မဟုတ်ပါဘူး။ မင်းတို့အဖွဲ့ခေါင်းဆောင်က အဘွားအိုတစ်ယောက်ကို မတရားအနိုင်ကျင့်



နေလို့ သူ့ကြာပွတ်ကို ခဏလုထားလိုက်တာပါ။ ကျုပ်က မင်းတို့ရဲ့ ရန်သူမဟုတ်ပါဘူး"

ထိရီ၏ တုံ့ပြန်စကားကို ခပ်ဝ့ဝ့ငနဲက လက်ခံချင်ပုံမပေါ်ချေ။ သူ့ လူများဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်ပြီး...

"ဟဲဟဲကောင်တွေ သခင်မလေးရဲ့ ဝေယျာဝစ္စတော်ကို ဂရုထားကြည့်နေကြ၊ ဒီအဘိုးကြီးကို ငါအပြတ်ရှင်းလိုက်ဦးမယ်"

ခပ်ဝ့ဝ့ဝတ်စုံပြာနှင့်ပုဂ္ဂိုလ်က ဓားကိုလေထဲ တစ်ချက်ဝှေ့ယမ်းလိုက်သည်။ ထိုစဉ်မှာပင် ကြာပွတ်အလုခံလိုက်ရပြီး မြင်းထက်မှ ခွေးကျဝက်ကျ ကျခဲ့သော ဝတ်စုံနီနှင့်လူသည် ရုတ်တရက်ပြန်ထလိုက်၏။

ထို့နောက် ဝတ်စုံနီနှင့်လူကပင် ဓားကို ဓားအိမ်အတွင်းမှ ဆွဲထုတ်လိုက်ပြီး ထိရီကို ရင်ဆိုင်ရန် ထိရီအနားသို့ ပြေးကပ်လိုက်သည်။

"ဟိတ်"

"ရွှမ်း"

"ရွှမ်း"

အလင်းတန်းနှစ်ခု ထိရီထံ ပြေးဝင်လာသည်။ ဓားချက်နှစ်ချက်ဖြစ်သည်။ ထိရိက ဓားချက်နှစ်ချက်ကို ကြာပွတ်ဖြင့် ဝှေ့ယမ်းတိုက်ခိုက် ထုတ်ပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဓားနှစ်လက်သည် ကြာပွတ်နှင့်ရစ်ပတ်ပါသွားပြီး မြေပေါ်သို့ လွင့်စဉ်ကျသွားလေသည်။

နောက်လိုက်များဖြစ်ကြသော ဝတ်စုံပြာနှင့်ပုဂ္ဂိုလ် ငါးယောက်တို့သည် ထိရိကို ဖြုံ၍သွားကာ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေကြသည်။

ထိုစဉ် နဂါးစိမ်းသခင်မလေး၏ ဝေါယာဉ်တော်သည် ထိရိတိုက်ပွဲခွင်သို့ ရောက်ရှိ၍လာတော့၏။ သခင်မလေးရောက်လာသည်ဆိုသည်နှင့် ဝတ်စုံနီနှင့်လူသည် သခင်အားရကျွန်ပါး၀ ထုံး နှလုံးပြု၍ မရဲသော်လည်း ပြေးခဲစေဆိုသကဲ့သို့ လက်နက်မပါ သိုင်းကွက်ဖြင့် ရုတ်တရက် ဝင်တိုက်လိုက်သည်။

"ဖောင်း"

"ဝုန်း"

"အီး"

ထိရိသည် ဗလာလက်ဖြင့် ဝင်လာသော ဝတ်စုံနီနှင့်ပုဂ္ဂိုလ်အား လက်နက်မဲ့ဖြင့်ပင် ပြန်တိုက်ခိုက်လိုက်လေ၏။ ရုတ်တရက် ခုန်ဝင်လာသော ဝတ်စုံနီနှင့်ပုဂ္ဂိုလ်အား ခြေဖြင့်ပင်ကန်လိုက်သည်။

ထိရိ၏ကန်ချက်မှာ ပြင်းထန်လွန်းသဖြင့် ဝတ်စုံနီနှင့်ပုဂ္ဂိုလ်မှာ တစ်လံခန့် လွင့်စဉ်၍သွားလေသည်။



"ဟိတ် . . . ရပ်လိုက်ကြစမ်း"

ဝေါယာဉ်တော်အတွင်းမှ အသံတစ်သံ ထွက်ပေါ်လာသော်လည်း ရုပ်သဏ္ဍာန်ကိုကား လုံးဝမမြင်ရချေ။ ဝေါယာဉ်တော်၏ ပိုးလိုက်ကာအတွင်းဘက်ဆီမှာ လူတစ်ယောက် ရှိနေမည်မှာ သေချာသည်။

ထိရိသည် လှံရှင်ရှင်ကို တစ်ချက်လှည့်ကြည့်ပြီး သတိပေးလိုက်သည်။ လှုပ်လှုပ်ရှားရှားမရှိစေရန် အချက်ပေးလိုက်ခြင်းဖြစ်သည်။

"မင်း ဘယ်သူလဲ"

ဝေါယာဉ်အတွင်းမှ အသံတစ်သံ ထွက်ပေါ်လာသည်။ ထိရိကို မေးလိုက်ခြင်းဖြစ်သည်။ ထိုအသံမှာ အလွန် သာယာနာပျော်ဖွယ်ရှိလှသည်။

"ကျုပ် ဘယ်သူလဲဆိုတာ သိဖို့မလိုပါဘူး။ ခင်ဗျားက ဘယ်သူလဲ"

ထိရိက မေးလိုက်သည်။

"အဟက်"

ရယ်သံလွင်လွင်လေး ပေါ်ထွက်လာသည်။ ပြီးမှ . . .

"ဩော် . . . သိဖို့မလိုဘူး ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်ကို သိဖို့မလိုဘူး။ ခင်ဗျားဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ယဲဆိုတာပဲ ကျုပ် သိချင်တယ်"

"အဟက်"

ရယ်မောသံ ထွက်ပေါ်လာပြန်၏။ ဝေါယာဉ်၏ ပိုးလိုက်ကာအတွင်းမှ လက်တစ်ဖက်ထွက်လာသည်။ ထို့နောက် ရုတ်တရက် လှုပ်ရှားသွားလေ၏။

"ဝှစ်...ဝှစ်"

"ဟိုင်း"

"ထန်း...ထန်း"

အဆိပ်အပ်နှစ်ချောင်း ထိရီထံ ပြေးဝင်လာသည်။ ထိရီက ထိုအဆိပ်အပ်နှစ်ချောင်းကို လက်နှစ်ဖက်ဖြင့် ဟောက်ထုတ်ရိုက်ခတ်ပစ်လိုက်သည်။ အပ်နှစ်ချောင်း ဝေါယာဉ်ဆီသို့ ပြန်ပြေးလွင့်စဉ်သွား၏။

"ဒုတ်...ဒုတ်"

ထို့နောက် ဝေါယာဉ်၏ပိုးလိုက်ကာ၌ သွားရောက်စိုက်ဝင်သွားလေ၏။

"ဟိတ်...အသင့်ပြင် သွားမယ်"

ဝေါယာဉ်အတွင်းမှ မိန်းကလေး၏အသံနှင့်အတူ လူနှစ်ယောက်က ဝေါယာဉ်ကိုထမ်း၍ ထိုနေရာမှထွက်ခွာသွားကြလေ၏။

"အစ်ကို ဝေါယာဉ်ထဲကလူက ဘာဖြစ်လို့ ကျွန်မတို့ကို



ဆက်မတိုက်ရတာလဲ"

လွှီရင်ရင်က မေးလိုက်သည်။ ထိရီက ချက်ချင်းမဖြေသေးဘဲ ဝေါယာဉ်တို့အဖွဲ့ကို အကဲခတ်ကြည့်နေသည်။ ဝေါယာဉ်အဖွဲ့ တော်တော်ဝေးဝေးသို့ရောက်မှ ထိရီက လွှီရင်ရင်ဘက်သို့ လှည့်၍...

"တို့ကို ဘာလို့ဆက်မတိုက်သလဲဆိုတာ အစ်ကိုလည်း စဉ်းစားလို့မရဘူး။ အစ်ကိုစိတ်ထင်တော့ အစ်ကိုတို့ကို မိတ်ဆွေဖွဲ့ချင်တဲ့သဘောလား။ ဒါမှမဟုတ် သူတို့မှာ အရေးကြီးတဲ့ကိစ္စရှိလို့ အစ်ကိုတို့ကိုမတိုက်ဘဲ ထွက်ခွာသွားတာလား။ တစ်ခုခုတော့ အရေးကိစ္စရှိနေလိမ့်မယ် ထင်တယ်"

"အစ်ကို့ကို အဆိပ်အပ်နှစ်ချောင်းနဲ့ပစ်ခတ်ပြီး အကဲစမ်းလိုက်တာမျိုးရော မဖြစ်နိုင်ဘူးလား။ အကဲစမ်းလို့မရဘဲ နိုင်ချေမပေါ်လို့ ထွက်ခွာသွားတာမျိုးကော မဖြစ်နိုင်ဘူးလား အစ်ကို"

လွှီရင်ရင်က သူ့ထင်မြင်ချက်ကို တင်ပြလိုက်သည်။

"လွှီ ထင်တာလည်း ဖြစ်နိုင်တာပဲ။ ဒါပေမဲ့ အစ်ကို့အထင်တော့ ဒီလိုမထင်ဘူး။ သူတို့မှာ အစ်ကိုနဲ့ပတ်သက်ပြီး အချိန်သိပ်မပေးနိုင်လို့ အရေးတကြီး ထွက်ခွာသွားတာပဲဖြစ်ရမယ်။ ကဲ...လွှီ တို့ကိစ္စအတွက် အချိန်ဖြုန်းနေလို့ မဖြစ်ဘူး။ သွားကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိရီတို့သည် ဈေးအတွင်းမှ လျှင်မြန်စွာ ထွက်ခွာသွား ကြလေတော့၏။

× × ×

လင်းဆွဲညီနောင်သုံးဖော်ကို ပီကင်းမြို့တွင်း မြှုပ်၍ လိုက်ရှာသည်။ ဘယ်လိုမှ သတင်းမရသေးသည့်အခါ ထိရီနှင့် လွှီရင်ရင်တို့သည် လက်လျှော့လိုက်ကြတော့၏။

"ဒီ လင်းဆွဲညီနောင်သုံးဖော်ကို မတွေ့တွေ့အောင် ရှာရမယ်"

ထိရီက မကျေမနပ်ဖြင့် ပြောလိုက်သည်။ လွှီရင်ရင်မှာ စိတ်ဓာတ်ကျဆင်းနေပုံရသည်။

"ကမ္ဘာကြီးက အကျယ်ကြီးပဲ။ သူတို့ ဘယ်မှာရှိနေပယ် ဆိုတာ ကျွန်မတို့ ဘယ်သိနိုင်ပါမလဲ။ ရှာလို့လည်းတွေ့မှာ မဟုတ်တော့ပါဘူး"

"လွှီက စိတ်ဓာတ်ကျ သိပ်လွယ်တယ်။ ဘာလို့မတွေ့ ရမှာလဲ။ ငွေဆိုတာ ဘယ်တော့မှ လျှော့ပေးလို့ကောင်းတာမျိုး မဟုတ်ဘူး။ အလျှော့ပေးလိုက်တာဟာ ငွေကို ရိုက်ချိုးပစ်လိုက်တာနဲ့ အတူတူပဲ။ အစ်ကိုကတော့ လိုချင်ရင် ပင်လယ်ထဲကျသွားတဲ့ အပ်တစ်ချောင်းပဲဖြစ်ဖြစ် မရရအောင် ရေငုပ်ပြီး ရှာယူမှာပဲ"

ထိရီကို မော့ခနဲကြည့်လိုက်သည်။ တက်ကြွသော သတ္တိရှိသော ယောက်ျားပီသသော အနေအထားကို မြင်သည်။

စိတ်ဓာတ်ကျနေသော လွှီရင်ရင်သည် ထိရီ၏စကားကြောင့် ပြန်လည်တက်ကြွ၍ လာလေ၏။

"ကဲ…အစ်ကို ကျွန်မတို့ သတင်းစုံစမ်းဖို့ ခရီးဆက်ကြဦးစို့"

"ဒီလိုမှပေါ့၊ ကမ္ဘာကြီး ဘယ်လောက်ကျယ်ကျယ် လူတွေရဲ့ ခြေဖဝါးအောက်မှာပဲ လွှီ၊ ကဲ သွားကြစို့"

ထိရီနှင့် လွှီရင်ရင်တို့သည် လင်းဆွဲညီနောင်သုံးဖော်ကို ရှာရန် ပီကင်းမှ ထွက်ခွာခဲ့ကြ၏။

တစ်ခုသော တောအုပ်အတွင်းသို့ ရောက်လာကြသောအခါ တောတွင်းသစ်ပင်ရိပ်အောက်၌ ခဏတစ်ဖြုတ် ထိုင်နားကြလေသည်။

ထိုတောအုပ်မှာ လင်းဆွဲညီနောင်သုံးဖော် ကျက်စားရာတောအုပ်ဖြစ်လေသည်။

"ဒီတောအုပ်ဟာ သတင်းအရဆိုရင် လင်းဆွဲညီနောင်သုံးဖော် ကျက်စားရာနယ်ပယ်ပဲ လွှီ"

ထိရီက တောအုပ်အတွင်းရှိ နေရာအနှံ့သို့ အကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း လွှိရင်ရင်ကို ပြောလိုက်သည်။

"အစ်ကို သတိထားနော်။ လင်းဆွဲညီနောင်သုံးဖော်က သိပ်ပြီး လျင်မြန်ဖျတ်လတ်တယ်လို့ ကြားတယ်။ ကျွန်မကာ သိုင်းကောင်းကောင်းတတ်တာ မဟုတ်တော့ ကျွန်မ အစ်ကို့ကို ကူညီပေးနိုင်မှာ မဟုတ်ဘူး"

"ရပါတယ် လင်းဆွဲညီနောင်သုံးဖော်မကလို့ အဖော်တစ်သိန်းပဲဖြစ်ဖြစ် အစ်ကို မကြောက်ပါဘူး"

"ရှီး"

ထိုစဉ် တောအုပ်အတွင်း တစ်နေရာမှ လေချွန်သံတစ်ခုကို ကြားလိုက်ရသဖြင့် လွှိရင်ရင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်၍သွားလေ၏။

"အစ်ကို ဘာသံလဲ နားထောင်ကြည့်စမ်း"

"လေချွန်သံပဲ လွှီ။ ဒီကောင်တွေ အချက်ပေးသံပဲ လွှီသတိထားနော်။ ဒီကောင်တွေ တို့ကိုတိုက်ခိုက်ရင် သစ်ပင်ပေါ်ကနေပြီး လင်းဆွဲတွေလို တိုက်ခိုက်ကြလိမ့်မယ်"

ထိရီက သတိပေးသည်။

"ရှီး"

"ရှီး"

"ရှီး"



ထိရီ စကားပင်မဆုံးသေး၊ လေချွန်သံသုံးခု ဆက်တိုက်ပေါ်ထွက်လာကြသည်။

"လေချွန်သံက တဖြည်းဖြည်းနီးလာသလိုပဲ အစ်ကို"

"ဟုတ်တယ် လွှီ၊ ဒီကောင်တွေ တို့အနားရောက်လာကြပြီ၊ အထူးသတိထားပေတော့"

"ရှီး . . . ဝိုး"

ကျယ်လောင်စူးရှသော လေချွန်သံနှင့်အတူ အရိပ်သဏ္ဍာန်တစ်ခုက ထိရီခေါင်းပေါ်မှ လေတိုက်သလို ဝိုးခနဲ လွင့်ပြေးသွား၏။

လင်းဆွဲညီနောင်သုံးဖော်တို့သည် သစ်ပင်၊ သစ်ကိုင်းမှနေ၍ ထိရီတို့ကို တိုက်ခိုက်နေသည်။

၎င်းတို့၏ တိုက်ကွက်မှာ လင်းဆွဲငှက်များကဲ့သို့ ခြေကို သစ်ကိုင်း၊ နွယ်ကြိုးတို့၌ ချိတ်ဆွဲ၍ တိုက်ခိုက်ကြခြင်းဖြစ်သည်။

"ရှီး . . . ဝိုး"

သုံးဖက်သုံးတန် နေရာအနှံ့မှ တိုက်ခိုက်နေသောကြောင့် ထိရီတို့မှာ ရှောင်လိုက် တိမ်းလိုက် ပြန်တိုက်လိုက်သဖြင့် မျက်စိရှင်ရှင် သတိရှိရှိ ရှိနေရ၏။

"အစ်ကို ကယ်ပါဦး"

ထိုစဉ်မှာပင် လင်းဆွဲညီနောင်သုံးဖော်ထဲမှ ညီအငယ်

www.burmeseclassic.com

www.burmeseclassic.com



ကောင် ဖုန်းကျိဆိုသူသည် လွှီရင်ရင်ကို ရတ်တရက် မချီခေါ်သွားပြီး သစ်ပင်ခွကြားပေါ် တင်ထားလိုက်သည်။

"ဟား…ဟား…ဟား…ဟား"

ညီအလတ်ကောင် ဖုန်းကျင်က ဖုန်းကျိ၏လုပ်ဆောင်ချက်ကိုကြည့်ပြီး သဘောကျစွာ ရယ်မောလိုက်လေသည်။

အစ်ကိုအကြီးဆုံး ဖုန်းဖန်က…

"ဟိတ်ကောင် ငါတို့နဲ့လည်းဆိုင်တယ်နော်။ မင်းတစ်ယောက်တည်း လောဘမကြီးနဲ့"

ဟု ညီအငယ်ကောင်ကို လှမ်းအော်ပြောလိုက်သည်။

ညီနောင်သုံးဖော်တို့သည် လင်းဆွဲငှက်များကဲ့သို့ ကိုယ်ကို ဖောက်ထိုးထားလျက် ထိရီကို ဆက်တိုက်နေကြသည်။

ထိရီမှာ ပိုင်ကွက် နိုင်ကွက်ကို စောင့်နေရသဖြင့် သူတို့ တိုက်ခိုက်လိုက်သည့် တိုက်ကွက်ကိုရှောင်ကာ အခြေအနေကို ကြည့်နေလေသည်။

"အစ်ကို ကျွန်မကို ကယ်ပါဦး"

သစ်ပင်ခွကြားထက်မှ လွှီရင်ရင် အော်ဟစ်အကူအညီတောင်းနေသော်လည်း ထိရီမှာ အကူအညီပေးနိုင်စွမ်း မရှိဘဲ ရန်သူ့တိုက်ကွက်ကို ရှောင်တိမ်းနေရ၏။

"လွှီ မကြောက်နဲ့။ ဒီကောင်တွေကို အစ်ကို နိုင်အောင်



တိုက်မယ်။ ပြီးမှ အစ်ကိုလာကယ်မယ်"

ထိရီက ဖုန်းကျိ၏ ရုတ်တရက်တိုက်ခိုက်လာမှုကို ရှောင်တိမ်းပြီး လွှီရင်ရင်ကို လှမ်းအော်အားပေးလိုက်သည်။

"ရှီး"

လင်းဆွဲညီနောင်သုံးဖော်က အဖွဲ့ခေါင်းဆောင်လည်းဖြစ်၊ အစ်ကိုအကြီးဆုံးလည်းဖြစ်သော ဖုန်းဖန်သည် နှယ်ကြိုးခိုကာ ကိုယ်ဖောက်ထိုးဆွဲလျက် ထိရီကို မချီလိုက်သည်။

သို့သော် ထိရီမှာ အတွင်းအားကောင်းသူမို့ ကိုယ်ကို အားထည့်တောင့်ထားလိုက်ရာ ဖုန်းဖန် မ,မနိုင်ဘဲ နှယ်ကြိုးပြတ်ကျပြီး မြေပေါ်သို့ ဝုန်းခနဲကျရောက်လာလေ၏။

ဖုန်းဖန် မြေပေါ်သို့ ကျရောက်လာသည်နှင့် ထိရီက ချက်ချင်း သွေးကြောကို ဖမ်းပိတ်လိုက်လေသည်။

"အီး"

ဖုန်းဖန်မှာ အီးဟု တစ်ချက်သာ ညည်းညူနိုင်လိုက်ပြီး သွေးကြောပိတ်ကာ တောင့်တောင့်ကြီးရပ်လျက် ရှိနေတော့၏။

"ဟား…ဟား…ဟား…ဟိတ် လင်းဆွဲနှစ်ကောင် မင်းအစ်ကိုကြီးကိုလည်း လာပြီးကယ်ကြပါဦး"

ထိရီက လှမ်းအော်ပြောလိုက်သည်။

လင်းဆွဲညီနောင်နှစ်ဖော်သည် ထိရီအား မီးကုန်ယမ်းကုန်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ရန် မြေသို့ ဆင်းချလာလေသည်။

"မင်းတို့နှစ်ယောက်က ငါ့ကို နိုင်အောင်တိုက်နိုင်လို့လား ကွ"

ထိရိက မေးလိုက်သည်။

"ခင်ဗျား ကျုပ် အစ်ကိုကြီးကို ဘာဖြစ်လို့ သွေးကြောပိတ်လိုက်ရတာလဲ။ သတ္တိရှိရင် ကျုပ်တို့တိုက်သလို တိုက်ပါလား"

ညီအလတ်ကောင်က ဒေါသဖြင့် ပြောလိုက်သည်။ ဖုန်းဖန်မှာ အခြေအနေအားလုံးကို မြင်နေရသော်လည်း ကိုယ်လက်အင်္ဂါ လှုပ်ရှားနိုင်ခြင်း မရှိသဖြင့် ညီနှစ်ယောက်အတွက် ဘယ်လိုမှ မကူညီနိုင်ဘဲ ထိုအတိုင်းသာ ကြည့်နေရတော့၏။

"မင်းတို့နှစ်ယောက်ကိုလည်း မင်းတို့အစ်ကိုကြီးလို သွေးကြောပိတ်ပစ်ရမှာပဲ"

ထိရိသည် ရုတ်တရက် လင်းဆွဲညီနောင်အနက်မှ အလတ်ကောင် ဖုန်းရှင်ကို တိုက်ခိုက်လိုက်ပြီး သွေးကြောကို ပိတ်ပစ်လိုက်လေသည်။

"ဒုတ်"

"အီး"

ညီအလတ်ကောင် သွေးကြောပိတ်သွားသည်နှင့် အငယ်



ဆုံးကောင်က ငှက်တစ်ကောင်လို ပျံခဲပြီး ထိရိကို တိုက်ခိုက်လေသည်။

"ဗိုး"

"ဖျန်း"

"အား"

ခေါင်းပေါ်သို့ ပျံခဲတိုက်ခိုက်လာသော ဖုန်းကျိ၏ကိုယ်ကို ပေါက်ဝါးဖြင့် တအားပိတ်ရိုက်ထည့်လိုက်သည်။ ဂုန်းဟူသောအသံဖြင့် ဖုန်းကျိ လွင့်စဉ်သွားပြီး သစ်ပင်နှင့် ပြေးဆောင့်ကာ သတိလစ်သွားတော့သည်။

ထိရိ၏ ပိုးပြိုလက်ဝါးသိုင်းကွက်မှာ အလွန်ပြင်းထန်ပေ၏။ လူတစ်ယောက်ကို ချက်ချင်းသေအောင် ရိုက်နိုင်သလို၊ မသေစေချင်လည်း ရိုက်နိုင်စွမ်းရှိလေသည်။

အပြင်ပလက်ရာမပေါ်ဘဲ အတွင်းဒဏ်ရာဖြင့် ရိုက်သတ်နိုင်စွမ်းလည်း ရှိပေသည်။

လေချို နှပ်ချိုပြီး တပြည်းပြည်း လုံးပါးပါးကာ သေသွားအောင်လည်း ထိရိ ရိုက်နိုင်သည်။

ယခု ဖုန်းကျိကို ရိုက်လိုက်ခြင်းမှာ သတိလစ်ရုံမျှ ရိုက်ထည့်လိုက်ခြင်း ဖြစ်ပေသည်။

"ကဲ မင်းတို့ကိစ္စတော့ ပြီးပြီ ငါ့ကိစ္စပဲ ကျန်တော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



လင်းဆွဲညီနောင်သုံးဖော်ကိုပြောပြီး လှိုင်ရင်ရင်ကို သစ်ပင်ခွကြားမှ မြေပေါ်သို့ပြန်ရောက်အောင် ထိရိုကိုယ်တိုင်ပဲ ဖွမ်းဆောင်ပေးလိုက်ပြီးနောက် လင်းဆွဲကြီးဖုန်းဖန်အား . . .

"မင်းတို့သုံးယောက်ကို ဒီအတိုင်းထားခဲ့ရင် နောက်သုံးရက်အတွင်း ဒုက္ခလှလှကြီးတွေ့တော့မယ်။ သေရင်သေ၊ မသေရင် အရူးပဲ။ ငါပိတ်ထားတဲ့ သွေးကြောကို ဘယ်သိုင်းပညာရှင်ကမှ မဖြေပေးနိုင်ဘူးဆိုတာ မင်းတို့ ကိုယ်တွေ့ကြုံမှ သိလိမ့်မယ်။ မင်းတို့အထဲမှာ ဟို အငယ်ဆုံးကောင် ဖုန်းကျိုတစ်ယောက်ပဲ မရူး မသေဘဲ ဒုက္ခိတဘဝနဲ့ တစ်သက်လုံးနေသွားရလိမ့်မယ်ဒါပဲ"

ထိရိုက ထိုသို့ပြောလိုက်ရာ လင်းဆွဲအစ်ကိုကြီး ဖုန်းဖန်မှာ အလွန်းအမင်း ထိတ်လန့်ကြောက်ရွံ့ တုန်လှုပ်သွားလေ၏။

"ကျုပ်တို့ကို ဒီအတိုင်းမထားခဲ့ပါနဲ့ဗျာ။ ကျုပ်တို့ညီအစ်ကိုတွေ သေလည်း မသေချင်သေးပါဘူး။ ရူးလည်း မရူးချင်သေးပါဘူး။ ဒုက္ခိတဘဝမျိုးနဲ့လည်း မနေချင်ပါဘူး။ ကျုပ်တို့ရဲ့ သွေးကြောတွေကို နောင်ကြီးပဲ ဖြေခဲ့ပေးပါဗျာ။ ကျုပ် အားလုံးကိုယ်စား မေတ္တာရပ်ခံ တောင်းပန်ပါတယ်"

ဖုန်းဖန်ကို မျက်မှောင်ကြုတ်ချက်ကြုတ်ပြီး ထိရိုက ပြောလိုက်သည်။



"ဒီမှာ မင်းတို့ဆီမှာ အဆိပ်တစ်ထောင်ဖားရှိလား။ အဲဒီဖားကြီး ဘယ်မှာလဲ"

"ဗျာ"

ထိရို၏ ထိုအမေးစကားကြောင့် လား . . . တသြဖြစ်၍ သွားလေ၏။ . . . ။ ဘာလဲ လှိုက အဲဒီ

"အဆိပ်တစ်ထောင်ဖားနဲ့ ပတ်သက်ရှိနေလို့လား ဘယ်လိုလုပ် သိနေတာလဲ"

ညီအလတ်ကောင် ဖုန်းရှင်က မေးသည်။

"အဟက် . . . ဟက် . . . ဟက်" ဟုကြွစို့

ထိရိုက ရယ်မောလိုက်သည်။ ရယ်ဇီအတိုင်း မထား

"ဘယ်လိုလုပ်သိရမှာလဲ။ ဖားပိုင်ရှင်ကို အနားမှာ ရှိနေမှပဲ။ သူလေ ဖားပိုင်ရှင်က သူပေါ့" လှမ်းအော်

လှိုင်ရင်ရင်ကို လက်ညှိုးထိုးပြီး ထိရိုက ပြော

"နောင်ကြီးပြောတဲ့အတိုင်း သူဟာ ဖားပိုင်ရှင်ဆိုရင်တော့ ကျုပ် ဝမ်းနည်းပါတယ်ဗျာ။ ခင်ဗျားတို့ဖား ကျုပ်တို့ဆီမှာ မရှိတော့ဘူး"

ဖုန်းဖန်က ပြောလိုက်သည်။

"ဖားက ဘယ်ရောက်သွားလို့ မင်းတို့ဆီမှာ မရှိတာလဲ"

"ခင်ဗျားဖား နဂါးစိမ်းမယ်တော်ဆီ ပါသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



ာ"

လင်း‌ အော်လိုက်သည်။

ခြားမှ မြေပေါ်နဲ့ညီနောင်ကို တိုက်ခိုက်ပြီး အဲဒီဓားကြီးကို လု

ပေးလိုက်ပြီးနော

"မင်းတို့ မင်းတကယ်ပြောနေတာလား"

ရက်အတွင်း ဒက္ခအောင် ထိရီက ချောက်လှန့်မေးသည်။

ရင် အရှုးပဲ။ ငါပိဂဘူး။ တကယ်ပြောနေတာပါ"

ကမှ မဖြေပေးနိုင်ဘူး၊ ဒါဖြင့် ကျုပ် နဂါးစိမ်းမယ်တော်ဆီ လိုက်

မယ်။ မင်းတို့အသွားမှာနေလဲ"

ပဲ မရှူး မသေစိမ်းတောင်ပေါ်မှာ နေပါတယ်"

ဒါပဲ" းစိမ်းတောင် ဟုတ်လား"

ဟုတ်ပါတယ်"

မှာ အ ထိရီ ခထာငြိမ်၍သွားလေ၏။

နဂါးစိမ်းတောင်မှာ အလွန်ဝေးရာမှ အန္တရာယ်ထူပြော

သော တောင်ကြီးတစ်တောင် ဖြစ်ပေသည်။

ဘယ်လိုပုဂ္ဂိုလ်၊ ဘယ်လိုသိုင်းသမားမှ ထိုတောင်သို့

မသွားဝံ့ကြချေ။ မြွေကင်းများ လွန်စွာထူပြော၏။

နဂါးစိမ်းမယ်တော်မှာ ထိုနဂါးစိမ်းတောင်ပေါ်၌ မင်းမှု

ကျက်စားနေမှန်း သိသော်လည်း သူ့ကို ထိရီ တစ်ခါမျှ မမြင်ဘူး



ခဲ့ပေ။

"အစ်ကို"

"ဘာလဲ လွီ"

"ကျွန်မတို့ အဲဒီကိုသွားလို့ ဖြစ်ပါ့မလား"

"ဖြစ်အောင်သွားရင် ဖြစ်မှာပေ့ါ လွီ။ ဘာလဲ လွီက အဲဒီ

နဂါးစိမ်းတောင်ကိုသွားဖို့ ဝန်လေး၊ ကြောက်ရွံ့နေလို့လား"

"ဟုတ်ကဲ့"

ဟုဆိုကာ လွီရင်ရင် ခေါင်းကိုညိတ်သည်။

"ကြောက်မနေပါနဲ့။ ကိုင်း . . . တို့သွားကြစို့"

"နေပါဦး . . . နေပါဦး ကျွန်တော်တို့ကို ဒီအတိုင်း မထား

ခဲ့ကြပါနဲ့ဗျာ"

ဖုန်းဖန်က ထွက်ခွာဟန်ပြုသော ထိရီကို လှမ်းအော်

ပြောလိုက်သည်။

"သွားချင်ဇောနဲ့ ခင်ဗျားတို့ကိုတောင် မေ့သွားတယ်။

စောစောက ကျုပ် မိုက်မိုက်ရိုင်းရိုင်း ဆက်ဆံခဲ့တာကို သည်းခံပါ

ဗျာ။ ကျုပ်က ခင်ဗျားတို့ရဲ့ ရန်သူမဟုတ်ပါဘူး။ ကဲ . . . ကျုပ်

သွေးကြောဖွင့်ပေးခဲ့မယ်။ ခင်ဗျားတို့ရဲ့ ညီအငယ်ဆုံးလည်း ဘာမှ

မဖြစ်နိုင်ပါဘူး။ ဒက္ခတဖြစ်သွားမယ်ဆိုတာ ကျုပ် ချောက်တာနဲ့

ပြောတဲ့ စကားပါ။ သူ မကြာခင် ပြန်သတိရလာလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ထိရီက လင်းဆွဲညီနောင်နှစ်ဖော်ကို သွေးကြော များ ပြန်ဖွင့်ပေးလိုက်ပြီး နှုတ်ဆက်ကာ လွှီရင်ရင်နှင့်အတူ ထွက်ခွာသွားလေ၏။

× × ×

## ခေါင်းနှစ်လုံးသိုင်းသမားနှင့် ဆောင်ကြာမြိုင်နန်း

ချင်းကျန်းမြစ်ကမ်းဆိပ်သို့ ထိရီတို့ ရောက်ရှိလာကြသည်။ ကူးတို့ဆိပ်၌ လှေများကို တွေ့မြင်ရသော်လည်း ဘယ်လှေမှ ငှားရမ်း၍မရသဖြင့် ထိရီ စိတ်ပျက်သွားသည်။

"လှေသမားအားလုံး သူဌေးတွေဖြစ်ကုန်ကြပြီနဲ့ တူတယ်"

"ဟုတ်ပါရဲ့ လှေသမားတွေကို ကြည့်ရတာ ကျွန်မတို့ကို အဖက်မလုပ်ချင်ကြသလိုဘဲ"

လွှီရင်ရင်ကလည်း လှေသမားတွေကိုကြည့်ပြီး စိတ်ထဲ မကျေမနပ်ဖြစ်ကာ မြည်တွန်တောက်တီးလိုက်၏။

"ရှင်တိုမြို့မှာ ဘယ်အထိ သောင်တင်နေဦးမယ် မသိဘူး။ အချိန်လည်းသိပ်မရှိတော့ဘူး လွှီ"

ထိရီတို့ ယခုရောက်ရှိနေသောမြို့မှာ ရှင်တိုမြို့ငယ်လေးတစ်ခုဖြစ်သည်။ လေးမျက်နှာမြို့ဟု အမည်ရသော စုချွမ်းမြို့ကို



သွားမည်ဆိုလျှင် လှေစီးရန်မလို၊ မြင်းဖြင့် ကုန်းကြောင်းခရီးမှ သွားနိုင်၏။

သို့သော် စုချွမ်းမြို့မှာ အလွန်ဝေးလွန်းသေးသည်။ ထိရီတို့၏ ခရီးစဉ်အမှန်မှာ ဖိန်အန်းမြို့ဖြစ်သည်။ ထိုမှ တောင်ကြားမြစ်ဟု အမိပ္ပာယ်ရသော ပါးစပ်ကျဉ်းမြစ်မှသည် ရီစမ်းတောင်ကို ခရီးဆက်ရမည်။ ရီစမ်းတောင်မှာ နဂါးစိမ်းတောင်ပင် ဖြစ်သည်။

အမှန်စင်စစ် ရီစမ်းတောင်ဟူသော အဓိပ္ပာယ်မှာ ကျောက်စိမ်းတောင်ဟု အမည်ရလေသည်။

"ကဲ…အစ်ကို ကျွန်မတို့ လှေငှားလို့မရရင်လည်း စုချွမ်းမြို့ကိုပဲ ခရီးဆက်ကြစို့"

စိတ်မရှည်တော့ဟန်ဖြင့် လွှီရင်ရင်က ပြောလိုက်သည်။

"စုချွမ်းမြို့က အဝေးကြီး၊ နေ့ချင်းပေါက်မှာ မဟုတ်ဘူး။ လမ်းမှာ ခရီးတစ်ထောင် နားရလိမ့်မယ်"

"ဘယ်တတ်နိုင်မလဲ အစ်ကို။ လှေမှ ငှားလို့မရတာ။ သွားရမှာပေါ့"

"လွှီ ပင်ပန်းမှာစိုးလို့ပါ"

"ကိစ္စမရှိပါဘူး အစ်ကို၊ ဒီလိုပဲ ကြိုးစားရမှာပေါ့။ အဆိပ်တစ်ထောင်အားကြီးကတော့ ကျွန်မတို့ကို ကောင်းကောင်း ဒုက္ခပေးနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



လွီရင်ရင်၏ မကျေမနပ် ညည်းတွားပြောဆိုလိုက်သော စကားကြောင့် ထိရီ လွီရင်ရင်ကိုကြည့်ပြီး သနားသွား၏။

"အမှန်တော့ ဓားက အစ်ကိုတို့ကို ဒုက္ခပေးတာ မဟုတ်ပါဘူး။ ဓားကို အချောင်လိုချင်တဲ့လူတွေက ဒုက္ခပေးနေတာပါ လွီ။ ဘယ်တတ်နိုင်မလဲ။ ဥစ္စာရှင်လို ဥစ္စာရှင်ခဲရတော့မှာပေါ့"

ထို့နောက် နှစ်ယောက်သား စချွမ်းမြို့ဘက်ဆီသို့ မြင်းကိုယ်စီနှင့် ထွက်ခွာလာခဲ့ကြတော့၏။

မနက် စောစော ခရီးထွက်လာကြရာ ညနေစောင်းတော့ ဟူနန်းချွန်းဟူသော ကျေးလက်တောရွာလေးတစ်ရွာသို့ ရောက်ရှိ၍လာသည်။

ထိုကျေးလက်ရွာလေးမှာ အိမ်ခြေရာခြေ သိပ်မများလှပေ။ ဆယ်အိမ်၊ ဆယ့်ငါးအိမ်မျှသာ တွေ့ရှိရ၏။

"ဟူနန်းမှာ ခဏတည်းခိုကြမလား"

ထိရီက လွီရင်ရင်ကို မေးလိုက်သည်။

"စချွမ်းက တော်တော် ဝေးသေးသလား"

"ဝေးတော့ ဝေးသေးတယ်။ ဒါပေမဲ့ ခပ်သုတ်သုတ်ခရီးနှင်ရင်တော့ မိုးမလင်းခင် ရောက်သွားနိုင်တယ်"

လွီရင်ရင် ခဏစဉ်းစားလိုက်သည်။

"မိုးသိပ်ချုပ်သွားရင် တည်းခိုဖို့ ခက်လိမ့်မယ်ထင်တယ်"



"စချွမ်းမှာ မိုးလင်းဆိုင်တွေ ရှိပါတယ်။ သိပ်ပြီး စိုးရိမ်စရာတော့ မလိုဘူး"

"ဒါဖြင့် သွားကြမယ် အစ်ကိုရာ"

နှစ်ယောက်သား မြင်းကိုယ်စီနှင့် ဟူနန်းချွမ်းရွာကလေးကို ဖြတ်ကျော်၍ သွားကြလေ၏။

မိုးကြီး အတော်ချုပ်သောအခါ စချွမ်းမြို့သို့ ရောက်သည်။ ခရီးပန်းလာကြသဖြင့် မိုးလင်းဆိုင်ကို သတင်းစုံစမ်းပြီး ဝင်ရောက်စားသောက် နားခိုကြ၏။

ဆိုင်အဝင်ဝ ထိပ်တည့်တည့်တွင် ဆိုင်းဘုတ်တစ်ခုကို သတိထားကြည့်ခဲ့မိသည်။

ဆိုင်၏အမည်မှာ အူ- ဆူး- ပိုင်ရီ ဟူ၍ ဖြစ်လေ၏။ အဓိပ္ပာယ်မှာ ကျား၊ ခြင်္သေ့၊ ကြိုးကြားဟု အဓိပ္ပာယ်ရလေသည်။

"လွီ၊ အစ်ကိုတို့ ဒီမှာ တည်းခိုကြရင် ကောင်းမယ်ထင်တယ်။ တစ်ညတန်တန်၊ နှစ်ညတန်တန်ပေါ့"

"ကောင်းသားပဲ အစ်ကို"

ထိရီသည် စားသောက်ဆိုင် တာဝန်ခံနှင့် သွားရောက်တွေ့ဆုံပြီး တည်းခိုဖို့ကိစ္စ ဆွေးနွေးသည်။

"ဟာ . . . ကျွန်တော်တို့ဆိုင်က စားသောက်ဆိုင်သက်သက်ပါ တည်းခိုခန်း မရှိပါဘူး။ အဲဒီအတွက် ကျွန်တော် ဝမ်းနည်း

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

ဆိုင်ရှင်က ထိရိကို အကဲခတ်ကြည့်ပြီး ပြောလိုက်သည်။

"ဒီလိုဆိုရင် တည်းခိုခန်းရှိတဲ့ စားသောက်ဆိုင်တစ်ခုခု ကို ညွှန်ကြားပေးပါလား ခင်ဗျား"

"အို . . . ရပါတယ်။ ရပါတယ် ရွာမှာ ဝိုးဆိုတဲ့ စားသောက်ဆိုင်တစ်ဆိုင် ရှိပါတယ်။ အဲဒီမှာတည်းခိုရင် အင်မတန် အဆင်ပြေပါလိမ့်မယ် ခင်ဗျာ"

ဆိုင်ရှင်ကြီးက စိတ်ရင်းသဘောကောင်းစွာဖြင့် ညွှန်ကြား လိုက်သည်။

"ကျေးဇူးပါပဲ ခင်ဗျား"

"ဝိုး စားသောက်ဆိုင်ဟာ အစားအသောက်လည်း အင်မတန်ကောင်းပါတယ်။ ဒါပေမဲ့ အဲဒီမှာ ခေါင်းနှစ်လုံးနဲ့လူကို တော့ မိတ်ဆွေ သတိထားရလိမ့်မယ်"

ခေါင်းနှစ်လုံးနှင့်လူဟု ဆိုသောကြောင့် ထိရိ ထူးဆန်းဆန်း ဖြစ်သွားပုံရ၏။

ဆိုင်ရှင်ကြီးပြောသော ဝိုးဆိုသော အဓိပ္ပာယ်မှာ ငန်းဖြူ ဟု အဓိပ္ပာယ်ရပေ၏။

"အဲဒီ ငန်းဖြူစားသောက်ဆိုင်မှာ အဲဒီလူ ဘာတာဝန် ကျလို့လဲ ခင်ဗျား"



"အဲဒီလူဟာ ငန်းဖြူ စားသောက်ဆိုင် ပိုင်ရှင်ပဲလေ"

"ဪ . . . ကျေးဇူးပါပဲ ခင်ဗျား"

"ခဏနေဦး မိတ်ဆွေ"

ထွက်ခွာဟန်ပြင်နေသော ထိရိကို ဆိုင်ရှင်ကြီးက လှမ်း တားလိုက်သည်။

"ဘာပြောချင်လို့လဲ။ ကျွန်တော်တို့က ခရီးသွားဧည့်သည် တွေပါ။ တတ်နိုင်မယ်ဆိုရင် အကောင်းဆုံးဖြစ်အောင် ကျွန်တော် တို့ကို ကူညီပါဗျာ"

"စိတ်ချပါ။ အခု သတိပေးနေတာကလည်း အကောင်း ဆုံး ကျွန်တော်အကူအညီပေးနေတဲ့ သဘောပါပဲ။ ငန်းဖြူစား သောက်ဆိုင်ဟာ တကယ်တော့ ဆောင်ကြာမြိုင်နန်းဖွင့်ထားတာ မို့ ခင်ဗျားအတွက်ကောင်းပေမယ့် ခင်ဗျား မိန်းမအတွက်တော့ ကောင်းလိမ့်မယ် မထင်ပါဘူး"

ထိရိ မျက်နှာတစ်ချက်ပျက်သွားသလို ဆိုင်ရှင်၏စကား ကို ကြားလိုက်ရသော လွှီရင်ရင်မှာလည်း မျက်နှာပျက်၍သွားကာ ခေါင်းကို ငုံ့ထားလိုက်မိသည်။

ဤအဖြစ်ကို မသိလိုက်သောဆိုင်ရှင်ကြီးက စကားကို ဆက်၍ပြောနေပေသည်။

"မိတ်ဆွေ စဉ်းစားပြီး ဆုံးဖြတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

ဆိုင်ရှင်ကြီးအနားမှ ထွက်ခဲ့ပြီး လို့ [illegible] ညစာ စားသောက်ကြပြီးနောက် ထိရီက...

"ဘယ်လိုသဘောရသလဲ လို့။ လို့ အဲဒီတည်းခိုခန်းမှာ တည်းခိုရဲပါ့မလား"

"အစ်ကိုသဘောပဲ"

"ဒီလိုမှ မတည်းခိုရင်လည်း အစ်ကိုတို့ တစ်ညလုံး ငုတ်တုတ်ကြီး ထိုင်နေရမှာ။ အနားယူအိပ်စက်ဖို့တော့ လိုတယ်လေ။ ဒီတစ်ညတော့ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် အဲဒီကိုသွားပြီး တည်းခိုရမှာပဲ လို့"

ထို့နောက် နှစ်ယောက်သား စားသောက်စရိတ်ရှင်းပေးပြီး ဆိုင်တွင်းမှ ထွက်ခဲ့ကြတော့၏။

× × ×

ကျား၊ ခြင်္သေ့၊ ကြိုးကြာ တည်းခိုနှင့် စားသောက်ဆိုင်တွင်းသို့ ထိရီတို့ ရောက်လာကြသည်။

ကျား၊ ခြင်္သေ့၊ ကြိုးကြားဟု အမည်တွင်သော ဆိုင်ကြီးမှာ အလွန်မှ ကြီးကျယ်ခမ်းနားသော ဆိုင်ကြီးတစ်ဆိုင်ဖြစ်ပေ၏။

ဆိုင်တွင်းသို့ ဝင်လိုက်သည်နှင့် ထူးဆန်းသောလူတစ်



ယောက်ကို ဦးစွာမြင်တွေ့လိုက်ရပေသည်။

ထိုလူမှာ ခေါင်းနှစ်လုံးနှင့်လူဟု ထိရီ ချက်ချင်းနားလည်လိုက်၏။

အမှန်တော့ ခေါင်းနှစ်လုံးနှင့်လူမှာ ခေါင်းနှစ်လုံး၊ မျက်လုံးလေးလုံး၊ ပါးစပ်နှစ်ပေါက်နှင့် နားရွက်လေးခုရှိသောလူကား မဟုတ်ပေ။

ခေါင်းနှစ်လုံးကဲ့သို့ အလားသဏ္ဍာန်တူသောကြောင့် လူအတော်များများက ထိုပုဂ္ဂိုလ်အား ခေါင်းနှစ်လုံးနှင့်လူဟု အမည်ပေး ခေါ်ဝေါ်ခြင်းဖြစ်သည်။

ထိုလူ၏ခေါင်းသည် သာမန်လူတစ်ယောက်၏ ခေါင်းထက် ပို၍ကြီးမားကြောင်း သိသာထင်ရှားသည်။ ခန္ဓာကိုယ်ဖွံ့စည်းပုံမှာလည်း သာမန်လူတစ်ယောက်ထက် ပိုမိုထွားကျိုင်းလေ၏။

ငင်းပုဂ္ဂိုလ်ကို မြင်မြင်ချင်း သိုင်းသမားတစ်ယောက်မှန်း ထိရီ အကဲခတ်မိသည်။ ဆိုင်ကြီး၏ လေးဘက်လေးတန်တွင် ဝတ်စုံနက်များ ဝတ်ဆင်ထားသော သိုင်းသမားများကို တွေ့ရ၏။ ခေါင်းနှလုံးနှင့် ပုဂ္ဂိုလ်ကြီး၏ တပည့်တပန်း လူဆိုးများဖြစ်လိမ့်မည်ဟု ထိရီထင်သည်။

ခေါင်းနှစ်လုံးနှင့်လူကြီးက ထိရီတို့ကို တွေ့လျှင်တွေ့ချင်း...

www.burmeseclassic.com

www.burmeseclassic.com



"လာ…လာ ကြွပါ၊ ကြွပါ"

ဟု ဖော်ဖော်ရွေရွေ ဖိတ်ခေါ်လိုက်သည်။

"ညီလေးတို့က ခရီးသွားဧည့်သည်တွေနဲ့ တူတယ်။ ဟုတ်လား ညီလေး"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့က ခရီးသွားရင်း မိုးချုပ်သွားလို့ ဒီမှာ ခဏတည်းတာပါ။ ကျွန်တော်တို့ကို တည်းခွင့်ပြုပါ အစ်ကိုကြီး"

"ရပါတယ်…ရပါတယ်"

ခေါင်းနှစ်လုံးနှင့်လူကြီးက ထိရီတို့ကို ဦးဆောင်ခေါ်သွားပြီး ဧည့်စာရင်းစာအုပ်တွင် စာရင်းသွင်း တည်းခိုခွင့်ပေးလိုက်၏။

တည်းခိုခွင့်ရပြီးနောက် ထိရီနှင့် လွှီရင်ရင်တို့သည် ကျသင့်ငွေပေးပြီး အခန်းရှိရာသို့ လျှောက်လာကြရာ တစ်ဘက်ခန်းမှ ယောကျ်ားသံနှင့် မိန်းမအသံကို ကြားလိုက်ရသဖြင့် ထိရီမှာ မိန်းမသားဖြစ်သော လွှီရင်ရင်ကို အားနာ၍သွားလေ၏။

ထိရီတို့ရလိုက်သောအခန်းနှင့် ဘေးချင်းယှဉ်ရက် အခန်းမှာလည်း ယောကျ်ား၊ မိန်းမတို့၏ ရယ်မောရွှင်ပျသံကို ကြားနေရလေသည်။

ဇိမ်ခန်းဖြစ်သဖြင့် မိန်းမရွှင်များနှင့် ယောကျ်ားပေါ်တို့ ပျော်ရွှင်မြူးတူး ကျီစယ်နေကြခြင်း ဖြစ်လေသည်။



"လွှီ"

"အင်"

"ဒီအခန်းမှာ တို့ မောင်နှမလို နေကြမယ်နော်။ အစ်ကို့ကို ဘာမှ မစိုးရိမ်နဲ့။ စိတ်ချလက်ချ အိပ်နိုင်တယ်"

ထိရီက လွှီရင်ရင်အိပ်ရဲအောင် အားပေးပြောဆိုလိုက်သည်။

"အစ်ကို့ကို လွှီ ယုံပါတယ်"

ထိရီတို့ ရရှိလိုက်သော တည်းခိုခန်းမှာ ခုတင်နှစ်လုံးရှိ၍ တစ်ယောက်တစ်လုံး အိပ်ခွင့်ရ၏။

"လွှီ အိပ်တော့လေ။ မနက် ခရီးထွက်ရဦးမယ် မဟုတ်လား"

"အစ်ကိုရော"

"အစ်ကိုလည်း အိပ်မယ်"

လွှီရင်ရင် သူ့ခုတင်ပေါ် တက်ခွေလိုက်သည်။ ထိုစဉ်မှာပင် တံခါးခေါက်သံကို ကြားလိုက်ရလေ၏။

"ခေါက်…ခေါက်"

"ဘယ်သူလဲ"

ထိရီက မေးလိုက်သည်။

"ကျွန်တော်တို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



တံခါး၏အပြင်ဘက်မှ အသံပြန်ပြုသည်။ ကျွန်တော်တို့ ပါဆိုသဖြင့် တစ်ယောက်ထက်မကဟု ထိရီ နားလည်လိုက်သည်။

"ကျွန်တော်တို့ဆိုတာ ဘယ်သူတွေလဲ။ ဘာကိစ္စရှိလို့လဲ မိတ်ဆွေ"

ထိရီက မေးလိုက်သည်။

လွှိရင်ရင်မှာ ထိတ်လန့်တကြားဖြင့် လုံခွေအိပ်နေရာမှ ရုတ်ခနဲ ထလိုက်သည်။

"ကျွန်တော်တို့ ဆိုင်ဝန်ထမ်းတွေပါ။ ဆိုင်ရှင်ကြီးကောင်းချင်က မိတ်ဆွေနဲ့ တွေ့ချင်လို့တဲ့"

"ကောင်းချင်ဆိုတာ ခေါင်းနှစ်လုံးလူလား။ ညဉ့်သိပ်နက်နေပြီဗျာ။ တွေ့ချင်တယ်ဆိုရင်လည်း မနက်မှ တွေ့ပါလို့တစ်ဆိတ်ကျေးဇူးပြုပြီး ခင်ဗျားပြောတဲ့ ကောင်းချင်ကို ပြောလိုက်ပါဗျာ"

"မရဘူးထင်တယ် မိတ်ဆွေ။ ခေါင်းနှစ်လုံးနဲ့ ကောင်းချင်အကြောင်း ခင်ဗျား မကြားဖူးသေးဘူးနဲ့ တူတယ်"

"ကြားစရာ သိစရာလည်း မလိုပါဘူးဗျာ။ ကျုပ်တို့ တည်းခိုခစရိတ်လည်း သူ့ကိုပေးပြီးပြီပဲ"

"ဒါဖြင့် ခင်ဗျား သူ့ကို ထွက်မတွေ့ဘူးပေါ့"

"ဟုတ်ကဲ့၊ ကျုပ်ပင်ပန်းလို့ အိပ်ပါရစေ"



"ဒါဆိုလည်း ကောင်းပြီလေ။ ဖြစ်ပေါ်လာမယ့် ပြဿနာတွေကို ခင်ဗျားဘာသာ ခင်ဗျားကြည့်ရှင်းပေါ့"

"ဘာပြဿလဲဗျာ"

"ပြဿနာက သေးသေးတော့ ဖြစ်ပေါ်လာမှာ မဟုတ်ဘူး။ အသက်ပေးချင်လည်း ပေးရလိမ့်မယ် ထင်တယ်"

"ဘယ်လိုဝုံးဗျာ။ ခင်ဗျားတို့ဉစ္စာက ကြောက်စရာ လန့်စရာတွေပါလား။ ကျုပ်ကို ခြိမ်းခြောက်နေတဲ့ သဘောလား။ နေပါဦး...ခင်ဗျားက ဘယ်သူလဲ"

"ခင်ဗျား အသံမကျက်မိဘူးလား"

"ကောင်းချင်ဆိုတဲ့ ခေါင်းနှစ်လုံးနဲ့လူလား။ ခင်ဗျား အသံဖျက်ပြီး ပြောနေတယ်ဆိုတော့ ခင်ဗျားရဲ့အသံကို ကျုပ် မကျက်မိဘူးလို့ဘဲ ဝန်ခံပါတယ်"

"ဟား...ဟား...ဟား"

ရယ်မောသံကို ကြားသည်။

"ကျုပ် ကောင်းချင်အစစ်ပါပဲဗျား။ မိတ်ဆွေ တံခါး ခလာ ဖွင့်ပေးပါ"

"ဘာကိစ္စရှိလို့လဲ အစ်ကိုကြီး"

"ပင်းနဲ့ အတူပါလာတဲ့ မိန်းကလေးကို တို့ ကြည့်ချင်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စနဲ့ ကြည့်ချင်တာလဲ။ အကြောင်းကိစ္စရှိရင် ပွင့်ပွင့်လင်းလင်း ကျွန်တော်နဲ့ ပြောနိုင်ပါတယ်"

"မင်းနဲ့ပြောချင်လို့ တို့က မင်းကိုတံခါးဖွင့်ခိုင်းနေတာပေါ့"

"နေပါဦး အစ်ကိုကြီးကောင်းချင်။ ကျွန်တော်က တံခါးမဖွင့်ပေးနိုင်ဘူးလို့ငြင်းရင် အစ်ကိုကြီးကောင်း ဘာလုပ်မလဲ"

ထိရိက သွေးတိုးစမ်းလိုက်သည်။

"ဒါတော့ လွယ်ပါတယ်။ တို့နည်း တို့ဟာနဲ့ တံခါးကို ဆောင့်ကန်ဖွင့်ပြီး ဝင်ရမှာပေါ့"

ပြဿနာပေါ်ပြီဟု ထိရိ ချက်ချင်းနားလည်လိုက်သည်။

ထို့ကြောင့် အခန်းတွင်းရှိ မီးတိုင်များကို ငြိမ်းသတ်လိုက်သည်။ တစ်ခန်းလုံး မှောင်သွား၏။

လှံဖျင်ရင်ကို ခုတင်အောက် ဝင်ပုန်းနေရန် လေသံဖြင့်မှာကြားလိုက်သည်။

"ဒါဆို အစ်ကိုကြီးကောင်း ကြိုက်သလို ဆောင်ရွက်ပေတော့ဗျာ"

အဆင်သင့်ဖြစ်သည်နှင့် ထိရိ စိန်ခေါ်လိုက်တော့၏။

"တို့က မင်း အခန်းထဲကို တကယ်ဝင်လာမှာနော်။ တို့ရောက်ရင် မင်းတို့နှစ်ယောက်စလုံး သက်သာမှာမဟုတ်ဘူး"



"အစ်ကိုကြီးကောင်း သိပ်လည်းခြိမ်းခြောက်မနေပါနဲ့ဗျာ။ ခင်ဗျားတို့ရဲ့ အကြံအစည်ကို ကျုပ် သိပါတယ်။ ကျုပ် ခင်ဗျားကို အခွင့်အရေး ပေးပြီးပြီပဲ။ ခင်ဗျားတို့ ကြိုက်သလိုဆောင်ရွက်နိုင်တယ်"

"ဝုန်း"

ထိရိ စကားသံဆုံးသွားသည်နှင့် တံခါးကို ဆောင့်ကန်ဖွင့်လိုက်သံ ကြားသည်။

တံခါးကြီး ဝုန်းခနဲ ကျိုးပဲ့ပွင့်ဟသွားသည်နှင့် လူသုံးယောက် အခန်းထဲ ပြေးဝင်လာသည်။

ကျင့်သားရနေသော ထိရိသည် အမှောင်တိုက်ကြားမှပင် လူသုံးယောက်ကို တိုက်ခိုက်လိုက်သည်။

"ဖောင်း"

"ဒုတ်"

"ခွပ်"

ဟူသော ရိုက်ခတ်၊ ထိုးကြိတ်သံများ ဆက်တိုက်ထွက်ပေါ်လာသလို၊ အား၊ အီး၊ အူးဟူသော နာကျင်စွာ ညည်းညူလိုက်သံကိုလည်း ကြားရလေ၏။

တစ်ဘက်ခန်း၌မူ ဇိမ်တွေ့နေကြဆဲရှိ၏။ မအိပ်နိုင်၊ မနားနိုင်ဘဲ အပျော်ကြီးပျော်လျက် ရှိနေကြလေ၏။

www.burmeseclassic.com



ထိရီသည် ကောင်းချင်တို့အဖွဲ့ကို သွေးကြောများပိတ်ထားလိုက်ပြီး လှီရင်ရင်ကို လှမ်းပြောလိုက်သည်။

"လှီ ကောင်းကောင်း အိပ်နိုင်ပြီ။ သူတို့ကို ပိတ်ထားတဲ့ သွေးကြောတွေက နောက်သုံးရက်ကြာမှ သူ့အလိုလို ပြန်ပွင့်မှာ။ အစ်ကို အိပ်တော့မယ်"

ထိရီသည် ပြောပြောဆိုဆိုဖြင့် ခုတင်ပေါ်တက်လှဲလိုက်ရာ မကြာမီ ဟောခေါခေါဖြင့် အိပ်ပျော်၍သွားလေတော့၏။

× × ×

"ကဲ ··· ဒအစ်ကိုကြီးကောင်း ကျုပ်တို့ကို ခွင့်ပြုပါဦး"

မနက်လင်းလျှင်လင်းချင်း သွေးကြော အပိတ်ခံနေကြသော ကောင်းချင်တို့အဖွဲ့ကို ထိရီက နှုတ်ဆက်စကားပြောလိုက်သည်။

"ကျုပ်တို့ကို သွေးကြောဖွင့်ပေးခဲ့ဦးလေ"

"ဝမ်းနည်းပါတယ် အစ်ကိုကြီးကောင်း။ ခင်ဗျားတို့ကို ကျုပ် သုံးရက်လောက်ပဲ ဒဏ်ခတ်ခဲ့တာပါ။ သုံးရက်နေ့ရင် သူ့အလိုလို သွေးကြောတွေ ပြန်ပွင့်ပြီး ကောင်းသွားမှာပါ။ ကိုင်းဗျာ သွားလိုက်ပါဦးမယ်"

"ဟိတ် ··· ဟိတ် ··· နေဦး"



ကောင်းချင်က လှမ်းခေါ်လိုက်သည်။ သွေးကြောအပိတ်ခံထားရသော ကောင်းချင်နှင့် သူ့အဖော်နှစ်ယောက်သည် စကားကို ကောင်းစွာပြောနိုင်သော်လည်း ကိုယ်လက်အင်္ဂါတို့မှာမူ လုံးဝ လှုပ်ရှားနိုင်ခြင်း မရှိတော့ပေ။

"ပြောချင်တဲ့စကားရှိရင် နောက်မှပဲပြောတော့၊ ကျုပ်တို့ ခရီးစဉ်က အချိန်ဆွဲလို့ မရဘူး။ သိပ်ကို အရေးကြီးနေတယ်။ သွားပြီဗျို့"

ထိရီနှင့် လှီရင်ရင်တို့သည် ဆိုင်အပြင်ဘက်သို့ လျှင်မြန်စွာ ပြေးထွက်သွားလေ၏။

× × ×

**ပင်လယ်ဓားပြနှင့် တွေ့ဆုံခြင်း**

တောင်ကြားမြစ်ဟု အမည်တွင်ရသော ပါးခမ်းကျွန်း မြစ်ဆိပ်တွင် ဖြစ်လေသည်။

ရိက္ခာ မရှိတော့သဖြင့် မြစ်ဆိပ်သို့ ထိရီတို့ဆင်းလာခဲ့ကြသည်။ မြစ်ဆိပ်ဈေး၌ ဈေးဝယ်ပြီး လှေတစ်စင်းငှားမည်၊ ပြီးလျှင် ဒိစမ်းတောင်သို့ ခရီးဆက်သွားမည်။

ထိရီတို့၏ရည်ရွယ်ချက်မှာ ထိုမျှသာ ဖြစ်သည်။

လှေဆိပ်၌ ရိက္ခာများဝယ်နေခိုက်မှာပင် ရွက်လှေကြီး

www.burmeseclassic.com

www.burmeseclassic.com



ဟာပ်စင်း ကမ်းသို့ ဆိုက်ကပ်လာပြီး လှေကြီးပေါ်မှ ဝတ်စုံနက်များ ဝတ်ဆင်ထားကြသော လူငါးယောက် ကမ်းပေါ်သို့ ခုန်ဆင်းချလိုက်ကြ၏။

သူတို့၏ လှုပ်ရှားမှုမှာ လုယက်အနိုင်ကျင့်တော့မည့် ပုံစံမျိုး ဖြစ်လေသည်။

ထင်သည့်အတိုင်းပင် အရောင်းဈေးသည်များဆီမှ လုယက်မှုကို စတင်လိုက်တော့၏။

"ဟိတ်···တစ်ယောက်မှ ခုခံမယ်မကြံနဲ့"

ဈေးဝယ်သူများနှင့် ဈေးသည်များ ရှန်းရင်းဆန်ခတ် ဖြစ်သွားကြတော့သည်။

လှေဆိပ်၌ ကပ်ဆိုက်ထားသော လှေသားများတစ်ယောက်မှ အကာအကွယ်ပေးခြင်းမပြု။ မိမိတို့နှင့် ဘာမှမဆိုင်သကဲ့သို့ ခက်မဆိတ်ပင် ရှိနေကြလေသည်။

ဝတ်စုံနက်များ ဝတ်ဆင်ထားကြသောလူများမှာ ပင်လယ်ဓားပြများ ဖြစ်ပုံရသည်။ ရိက္ခာပြတ်၍ ဦးရာဆိပ်ကမ်းသို့ကပ်ကာ ယခုကဲ့သို့ အနိုင်အထက် လုယက်အနိုင်ကျင့်ကြခြင်း ဖြစ်လေသည်။

ထိရီသည် ထိုသို့ အနိုင်ကျင့် မတရားမှုကို လက်ပိုက်ကြည့်နေတတ်သူမဟုတ်သဖြင့် ဝတ်စုံနက်နှင့်လူတစ်ယောက်ကို



အနားဖြတ်လာခိုက် ဖှုန်းခနဲ ရိုက်ထည့်ပစ်လိုက်သည်။

"အား"

ဝတ်စုံနက်ပင်လယ်ဓားပြသည် အားဟု အော်၍ နားနှစ်ဖက်မှ သွေးများယိုစီးကျကာ နေရာမှာပင် လဲကျသေဆုံးသွားလေတော့၏။

"ဟိတ်···မင်း ဘယ်သူလဲ"

အကြီးအကဲဟု ထင်ရသော ဝတ်စုံနက်ဓားပြတစ်ယောက်က အတင်းပြေးဝင်လာပြီး ထိရီကို မေးလည်းမေး၊ တိုက်လည်း တိုက်ခိုက်လေ၏။

"ဖောင်း"

ထိရီက ပြေးဝင်လာသော ခနဲကို မြင်းကန်သလို ကန်ပစ်လိုက်သည်။

"အား"

ထိုခနဲလည်း အားဟုအော်ကာ မြစ်တွင်းသို့ လွင့်စဉ်ကျသွားသေတော့၏။

ကျန်ဝတ်စုံနက်သုံးယောက်တို့မှာ ဘာဆက်လုပ်ရမှန်းမသိဘဲ ကြောင်နေစဉ်မှာပင် ထိရီက ရုတ်တရက် ထိုသုံးယောက်ကို ဝင်တိုက်လိုက်သည်။

အရိပ်မဲ့ဓားချက် သုံးချက်ဖြင့် သုံးယောက်စလုံးကို အပိုင်

www.burmeseclassic.com

www.burmeseclassic.com



တုံးအောင် ရှင်းပစ်လိုက်၏။

"ဒန်း"

"ဒလန်း . . . လန်"

"အား . . . အူး . . . အီး"

ထိရီ၏ဓားချက်မှာ အလွန်လျင်မြန်သော အရိပ်မဲ့ဓားချက်များဖြစ်၍ ရန်သူများခုခံနိုင်ခြင်းမရှိဘဲ ထိရီ၏ဓားချက်အောက်တွင် အသက်ပျောက်ကြတော့၏။

သည်တော့မှ ငြိမ်နေသော လေ့သမားများ တရုန်းရုန်းဖြင့် လှုပ်ရှားလာတော့သည်။

ရဲရင့်သော၊ သတ္တိရှိသော ထိရီကို အားကိုးယုံကြည်မှုကြောင့် ဖြစ်မည်ဟု ထိရီထင်သည်။

"ညီလေး အစ်ကိုတို့လည်း ညီလေးဘက်က ဝင်ကူမယ်။ ဒီဓားပြတွေ ခဏ,ခဏလာပြီး မိုလ်ကျနေတာကြာပြီ။ ဒီတစ်ခါတော့ အမျိုးကိုဖြုတ်ပစ်မယ်"

လေ့သမားများ လှုပ်ရှားလာကြသောအခါ ဓားပြလေ့ကြီးသည် မဟာန်တော့မှန်းသိသည်နှင့် ချက်ချင်းပင် ကမ်းမှခွာ၍ ရှက်လွှင့်ပြေးထွက်သွားလေတော့၏။

"ညီလေးက အင်မတန်တော်တဲ့ သူရဲကောင်းတစ်ယောက်ပဲ။ ညီလေးလက်ချက်နဲ့ ဓားပြငါးယောက်သေပြီ၊ ဒီကောင်တွေ



ဒီကို နောက် ဘယ်တော့မှလာမဲ့ပုံမှာ မဟုတ်ဘူး"

လေ့သားတစ်ယောက် လော့်တက်ကိုင်ပြီး ထိရီကို အားပါးတရ ပြောလိုက်သည်။

နောက် လေ့သားတစ်ယောက်ကမူ . . .

"ညီလေးနာမည် ဘယ်လိုခေါ်လဲ၊ ညီလေးကိုကြည့်ရတာ ဒီနယ်က မဟုတ်ဘူးထင်တယ်"

"ကျွန်တော့်နာမည် ထိရီလို့ ခေါ်ပါတယ်။ ကျွန်တော် ဒီနယ်က မဟုတ်ပါဘူး။ ရိက္ခာပြတ်သွားလို့ ဈေးဝယ်ရင်း ခလုတ်စင်း ကားမလို့ပါ"

"ဪ . . . ညီလေးက လှေငှားပြီး ဘယ်လိုသွားမလို့လဲ။ အစ်ကိုတို့ ပေတ္တာနဲ့ ကူညီပါ့မယ်။ ရိက္ခာအတွက်လည်း ဘာမှ မပူပါနဲ့။ အစ်ကိုတို့ပဲ စုပေါင်းပြီး ဝယ်ခြမ်းပေးလိုက်ပါ့မယ်"

"အို . . . အားနာစရာကြီး။ ကျွန်တော်တို့မှာ ငွေစတွေ ပါပါတယ်"

"ဘယ် . . . ဒီလိုလည်း ဟုတ်မလဲကွယ်၊ အစ်မကြီးတို့က နားလည်ရမှာပေါ့။ အစ်မကြီးတို့ အလကားပေးလိုက်ပါ့မယ်။ ဒီကောင်တွေ ရှုံးပြေးသွားပြီဆိုတာ ဖောင်လေးကို ကျေးဇူးတင်ရမှာ"

ဈေးသည်များကလည်း ထိရီကို တလေးတစားပြောဆို

www.burmeseclassic.com



ကာ ရိက္ခာစုံ ရိက္ခာခြောက်များ ပေးကမ်းကူညီကြသည်။

"ဟာ…တော်ပါပြီ။ သိပ်များနေပါပြီဗျာ။ ဒီအရက်အိုးတော့ ကျွန်တော် ငွေစနဲ့ပဲ ဝယ်ယူခွင့်ပြုပါ"

အရက်ရောင်းသော ဦးကြီးတစ်ယောက်က…

"ဘယ့်နှယ် ဝယ်ရမှာလဲ။ ကြိုက်သလောက် ယူသွား။ နိုင်သလောက် ယူသွား"

ဟုဆိုကာ အရက် သုံး၊လေး၊ငါးအိုးကို ကမ်းပေးနေသဖြင့်…

"တော်ပြီ…တော်ပြီ…ကျွန်တော် နှစ်အိုးပဲယူပါ့မယ်"

ဟု တောင်းတောင်းပန်ပန် ပြောရ၏။

ထို့နောက်တော့ ထိရီနှင့် လွီရင်ရင်တို့သည် ရိက္ခာများ အပြည့်အစုံရရှိသွားပြီးဖြစ်သဖြင့် လှေတစ်စင်းငှားရာ လှေသမား လူရွယ်တစ်ယောက်က…

"ငှားစရာမလိုပါဘူး ညီလေး။ အစ်ကို လိုက်ပို့လှော်ခတ်ပေးမယ်"

ဟု ပြောသဖြင့် အစစအရာရာ အဆင်ပြေ၍ သွားလေတော့၏။

×××



## နဂါးစိမ်းတောင် သို့မဟုတ် ရီစမ်းတောင်သို့ ခရီးစဉ်

ပါးခမ်းကျွန်းမြစ်သည် တောင်ကြိုတောင်ကြားကို ဖြတ်သန်းစီးဆင်းလာသောကြောင့် ရေစီးသန်၍ ကြမ်းလေသည်။

"အစ်ကို့နာမည် ဘယ်လိုခေါ်လဲ"

လှေကို ဂရုတစိုက်လှော်ခတ်နေသော လှေသမားကို ထိရီက မေးလိုက်သည်။

"အစ်ကို့နာမည်က ကျင့်လောင်လို့ ခေါ်တယ် ညီလေး"

"ဪ…ကျင့်မျိုးနွယ်ကကိုး"

"ဟုတ်တယ် ညီလေးကရော"

"ကျွန်တော်က ထိမျိုးနွယ်ကပါ။ ထိရီလို့ခေါ်ပါတယ် အစ်ကို"

"ဒီက ညီမလေးက"

လှေသမားကျင့်လောက်က မေးလိုက်သည်။

"ကျွန်မက လွီမျိုးနွယ်ပါ။ လွီရင်ရင်လို့ ခေါ်ပါတယ်"

"ဘာတော်ကြသလဲ"

လှေသမားက ထိရီကို အကဲတစ်ချက်ခတ်ပြီး မေးလိုက်သည်။ ထိရီကပြုံး၍…

"အင်း…ဟမ်ခုခုတော့ တော်ရမှာပေါ့လေ။ ဒါပေမဲ့ လောလောဆယ်တော့ ဘယ်လိုတော်ရမှန်းတောင် မသိသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိရီစကားကြောင့် ကျင့်လောင် အူကြောင်ကြောင်ဖြစ်၍သွားလေ၏။

ပြီးမှ ပြုံးရယ်ရှင်မှုစွာဖြင့်…

"သိပြီ…သိပြီ။ တစ်ခုခုတော့ တစ်ချိန်ချိန်မှာ တော်ရမှာပေ့ါ၊ ဒီလိုမဟုတ်လား"

"အစ်ကိုစကားအတိုင်းပါပဲ အစ်ကိုရာ"

လွီရင်ရင်မှာ ထိရီကိုကြည့်ပြီး ဟက်ခနဲ ပါးစပ်ပိတ်ရယ်သည်။

လှေသမားကြီးလည်း ဘာတွေကိုတိုက်ပြီး သဘောကျသွားမှန်းမသိ။ ခေါင်းတညိတ်ညိတ်ဖြင့် ရယ်ကျဲကျဲ လုပ်နေလေသည်။

ပါးစမ်းကျွန်းမြစ်၏ ဟိုမှာဘက်ကမ်းသို့ ရောက်သောအခါ ထိရီနှင့် လွီရင်ရင်တို့ ကမ်းပေါ်သို့ တက်လိုက်ကြသည်။

"ကျွန်တော်တို့ မြင်းနှစ်ကောင်ကိုတော့ အစ်ကိုပဲ ပြုစု ထိန်းသိမ်းထားလိုက်ပါဗျာ။ ကျွန်တော်တို့ ပြန်လာရဦးမှာပါ"

"စိတ်ချပါညီလေး၊ အစ်ကိုတို့ ငါ့ညီရဲ့ မြင်းနှစ်ကောင်ကို ကောင်းကောင်း ထိန်းသိမ်းထားပါ့မယ်"

"ကျေးဇူးပဲ အစ်ကို"

လှေသမားက နှုတ်ဆက်ပြီးပြန်သွားသည်။

ထိရီတို့သည် ရိက္ခာများကို နိုင်သလောက်ယူပြီး နဂါးစိမ်း



တောင်ရှိရာသို့ ထွက်ခွာလာခဲ့ကြတော့သတည်း။

× × ×

နဂါးစိမ်းတောင်မှာ လွန်စွာဝေးကွာပေသေး၏။ ထိရီနှင့် လွီရင်ရင်တို့သည် တဖြည်းဖြည်းချင်း လျှောက်လှမ်းသွားနေကြ၏။

ညနေစောင်းအချိန်သို့ရောက်သော် ကွင်းပြင်တစ်ခုကို ဖြတ်ရသည်။

ထိုမှတစ်ဖန် ညမိုးချုပ်စအပြုတွင် တောစပ်သို့ရောက်၏။

နဂါးစိမ်းတောင်မှာ သိပ်မဝေးတော့ပေ။ ယခုရောက်ရှိနေသောတောကို ဖြတ်ကျော်၍သွားနိုင်ခဲ့လျှင် နဂါးစိမ်းတောင်ကို ဘွားခနဲမြင်တွေ့နိုင်ပေတော့မည်။

"အစ်ကိုတို့ ဒီတောထဲမှာ ခရီးတစ်ထောက်နားပြီး အိပ်စက်ကြရလိမ့်မယ် လွီ"

တောတွင်းသို့ ရောက်သော် မိုးချုပ်သွားလေ၏။

ထိရီနှင့် လွီရင်ရင်တို့သည် အန္တရာယ်ကင်းရှင်းနိုင်မည်ဟု ထင်ရသောနေရာကို ရွေးချယ်၍ အနားယူလိုက်ကြသည်။

ထို့နောက် မီးဖိုကာ ပါလာသော ရိက္ခာခြောက်များကို မီးဖုတ်၊ မီးကင်၍စားသောက်ကြသည်။

ထိရီ လက်ဆောင်ရရှိခဲ့သော ဝါးရှက်စိမ်း အကြေအိုး

www.burmeseclassic.com

www.burmeseclassic.com



ကို ဘေး၌ချ၍ တစ်အိုးကို လွှီရင်ရင်အား သောက်သုံးရန်ပေးရာ လွှီရင်ရင်က…

"ကျွန်မ မသောက်ဘူး။ အစ်ကိုပဲ သောက်"

ဟုဆိုသဖြင့်…

"ဒီတောကအေးတယ်။ လွှီ မသောက်ရင် အဖျားဝင်ပြီး ခရီးမဆက်နိုင်ဘဲ ဖြစ်နေဦးမယ်"

ဟု ဆို၏။

"ကျွန်မ အရက်မကြိုက်ဘူး။ ဒါပေမဲ့ အစ်ကိုကျေနပ်အောင်တော့ နည်းနည်းသောက်မယ်"

"အစ်ကို ကျေနပ်ဖို့က အရေးမကြီးဘူး။ လွှီ နေမကောင်း ဖြစ်မှာစိုးလို့ ပြောနေတာ။ အင့်…နိုင်သလောက်သောက်"

အရက်အိုးကို ကမ်းပေးလိုက်သည်။ ထိရီကိုယ်တိုင်လည်း အရက်တစ်အိုးကုန်အောင် သောက်သုံးလိုက်လေသည်။

ဝက်သားခြောက်ကင်များ စားကြသည်။ လွှီရင်ရင်က အရက်တစ်အိုး မကုန်သော်လည်း တစ်ဝက်နီးပါးခန့် သောက်သုံးမိသဖြင့် မူးချင်ချင်ဖြစ်လာသည်။

"အစ်ကို…ကျွန်မ အရက်မူးပြီနဲ့တူတယ်"

"ဒါဖြင့် ဆက်မသောက်နဲ့တော့ လွှီ"

လွှီရင်ရင်၏လက်ထဲမှ အရက်အိုးကို လှမ်းယူရင်း ထိရီ



က ပြောလိုက်သည်။

"ဟင့်အင်း…ကျွန်မ မူးပေမယ့် စိတ်ထဲမှာ ပျော်နေသလိုပဲ။ ကျွန်မ ဆက်သောက်မယ်နော် အစ်ကို"

"လွှီ…ဖြစ်ပါ့မလား"

"အစ်ကိုတစ်ယောက်လုံး ရှိနေသားပဲ။ ကျွန်မကို စောင့်ရှောက်မယ် မဟုတ်လားဟင်"

အရက်မူးသဖြင့် လွှီရင်ရင် ပြောသည်။

"လွှီ့ကို အစ်ကို စောင့်ရှောက်မှာပေါ့"

"ဒါဖြင့် လွှီ ဆက်သောက်မယ်"

လွှီရင်ရင်သည် အရက်ကို တစ်အိုးကုန်အောင် မော့၍ သောက်ချလိုက်လေ၏။

"အင့်…လွှီ ဝက်သားခြောက်ကင် စားလိုက်ပါဦး"

လွှီရင်ရင်ကို ဝက်သားခြောက်ကင် လှမ်းပေးလိုက်သည်။

လွှီရင်ရင်မှာ မျက်လုံးမဖွင့်တော့ဘဲ မမြင်မကန်းနှင့် ထိရီလှပ်ပေးသော အသားကင်ကို လှမ်းယူသည်။

အယူနှင့်အပေး လွဲနေသဖြင့် ထိရီက တည့်မတ်ပေးရလာသည်။

"အစ်ကို ကျွန်မ သိပ်မူးသွားပြီ။ အသားကင်လည်း မစားနိုင်တော့ဘူး။ မျက်ခွံတွေလည်း အရမ်းလေးနေပြီ အစ်ကို။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ···ကျွန်မ"

စကားတစ်ပိုင်းတစ်စဖြင့် ရှေ့သို့ငိုက်ကျလာသဖြင့် ထိရီက လှမ်းထိန်းလိုက်ရသည်။

"လှို···အိပ်လိုက်တော့နော်"

"အစ်ကိုလည်း ကျွန်မနဲ့အတူ အိပ်မယ်မဟုတ်လား"

လှိုင်ရင် ဘာအဓိပ္ပာယ်နှင့် ပြောလိုက်မှန်းမသိ၍ ထိရီရင်မှာ ထိတ်ခနဲဖြစ်သွားသည်။

"လှို···အိပ်ပါ။ အစ်ကို လှို့ကို စောင့်ရှောက်ပါ့မယ်။ ကဲ···လှို အိပ်တော့"

လှိုင်ရင်ကို အိပ်ခိုင်းသည်။ လှိုက ဖက်သာကျုံးနေသည်။ ထိရီကိုမူ ဖက်ထားမြဲ ဖက်ထား၏။

လှို လက်နှစ်ဖက်ကို ဖြုတ်၍ အသာအိပ်ခိုင်းလိုက်သည်။

ခဏကြာသော် လှိုင်ရင်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်၍သွားလေ၏။

မနက် အရုဏ်တက်ချိန်သို့ ရောက်သော်···

လှိုင်ရင် နိုးလာ၏။

အိပ်ရေးဝသွားသဖြင့် လှိုင်ရင်မှာ လန်းလန်းဆန်းဆန်း တက်တက်ကြွကြွ ဖြစ်နေလေသည်။

ထိရီမှာမူ တစ်ရေးမှျပင် မအိပ်ရသေးပေ။ တစ်ညလုံး



လှိုင်ရင်ကို စောင့်ရှောက်နေရလေသည်။

"ဟင်···အစ်ကို"

"လှို···အိပ်ရေးဝရဲ့လားဟင်"

"ဝပါတယ်။ အစ်ကိုရော မအိပ်ရဘူးလား"

ထိရီက ခေါင်းကို ယမ်းခါပြလိုက်သည်။

"အစ်ကို အိပ်လို့ ဘယ်ဖြစ်မလဲ။ အစ်ကို လှို့နဲ့အတူ ပျော်အိပ်လိုက်ရင် အစ်ကိုတို့နှစ်ယောက်စလုံး အန္တရာယ်အတွင်း ကျရောက်သွားမှာပေါ့"

"ကြော်···အစ်ကိုရယ်"

ထိရီကိုကြည့်ပြီး လှိုင်ရင် စိတ်မကောင်းဖြစ်သွားလေသည်။

"တော်သေးတယ်···မီးဖိုထားလို့။ နို့မဟုတ်ရင် ကျားနဲ့ အစ်ကို နှာခေါင်းဟောက်နေရမှာ"

"ဟင်···ကျား လာတယ်···ဟုတ်လား"

"ဟုတ်တယ်···ဒါပေမဲ့ အနားမကပ်ရဲဘဲ လှည့်ပြန်သွားတယ်။ ကျားဆိုတဲ့သတ္တဝါက မီးကို ကြောက်တယ်လေ"

"အို···ကျွန်မ ဒါတွေ ဘာမှမသိဘူး"

"ဘယ်သိမလဲ···လှိုက အိပ်ပျော်နေတာကိုး"

"ဒို့ အိပ်ပျော်နေတာလား။ မူးတာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ခုစလုံး မှန်တယ်"

ထိရိက အပြုံးဖြင့် ပြောလိုက်သည်။ လွှီရင်ရင်မှာ ညက အရက်မူးသွားကြောင်း ပြန်သတိရသဖြင့် ရှက်ကိုးရက်ကန်းပြုံး နေလေသည်။

"ညက အရက်မမူးဘဲ လွှီ အိပ်ရေး မပနက် လွှဲ သနိုင် မှာမဟုတ်ဘူး"

"ဟင်…ဘာဖြစ်လို့လဲ အစ်ကို"

"ဒီတောက နက် သိပ်ပေါတယ်။ နက်သင့်ရင် လွှီ မလွယ်ဘူး"

"ဟုတ်လား အစ်ကို"

"ဟုတ်တယ်…လွှီ နဂါးစိမ်းတောင်ပေါ်ရောက်ရင် ဒီ ထက် မိုဆိုးဦးမယ်"

"နဂါးစိမ်းတောင်ပေါ်မှာ ဘာတွေရှိလို့လဲဟင်"

"မှင်တွေ။ ရေခဲတွေရှိလို့ပေါ့။ သိပ်အေးတော့ လွှီ ခံ နိုင်ရည်ရှိပါ့မလားလို့ တွေးပြီး အစ်ကို ပူမိတယ်"

"အစ်ကို"

"ဘာလဲ…လွှီ။ လွှီ ဘာပြောချင်လို့လဲဟင်"

"ကျွန်မတို့ စားကို မ…ဘဲ ပြန်ကြရင် ကောင်းမယ် ထင်တယ်။ အန္တရာယ်များပါတယ် အစ်ကိုရယ်၊ ကျွန်မကြောင့်



အစ်ကိုလည်း ပင်ပန်းနေပါပြီ"

ယိမ်ရီ ခေါင်းညိတ်ပြုံးလိုက်၏။

"လွှီ…စဉ်းစားကြည့်ဦးလေ။ အဆိပ်တစ်ထောင်အားနဲ့ ပတ်သက်ပြီး အန္တရာယ် အမျိုးမျိုး၊ အဆင့်အမျိုးမျိုး၊ အခက်အခဲ အမျိုးမျိုးတွေကို အစ်ကိုတို့ ဖြေရှင်းကျော်ဖြတ်ခဲ့ပြီးပြီ။ ဒီအဆင့် လေးတစ်ခု၊ အခက်အခဲလေး တစ်ခုကျမှ ဘာလို့ကြောက်နေရ မှာလဲ။ ဘာပြစ်ကို အနိုးပေးပြီး နောက်ပြန်လှည့်ရမှာလဲ၊ အစ်ကို ကမဘော့ လိုးဝလုံးပြတ်ပြီးပြီ လွှီ၊ အဆိပ်တစ်ထောင်မားကို ပြန် မရမချင်း မပြန်ဘူး…ဒါပဲ"

စိတ်ဓာတ်ပြင်းထန်သော ထိရိ၏စကားကို လွှီရင်ရင် သဘောကျသကျ ချင်တော့ပေ။ ထိရိ၏အကြောင်းကို လွှီရင်ရင် ကေ…ကောင်း သိခဲ့မှုပြီဖြစ်၏။

…ပြတ်ချက်တစ်ခု ချပြီးလျှင် ပြန်မရုတ်သိမ်းတတ်သော၊ ထိုဆုံးဖြတ်ချက်အတိုင်း မဖြစ်မနေ လုပ်ဆောင်တတ်သော၊ ရင် …ခိုင်ရဲသော ထိရိကို လွှီရင်ရင် ဘယ်လိုနည်းနှင့်မျှ မကန့်ကွက် ချင်တော့။ ကန့်ကွက်၍လည်း ရမည်မဟုတ်ပေ။

ထို့ကြောင့် နောက်ဆုံးတော့ လွှီရင်ရင်ကပင်…

"အစ်ကိုဆန္ဒအတိုင်း အစ်ကို ကောင်းမယ်ထင်သလို လုပ်ပါ အစ်ကို၊ ကျွန်မကတော့ အစ်ကိုရှိနေရင် ဘာအားမှ မငယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍သာ ပြောလိုက်မိပေတော့သတည်း။

×××

ရိစမ်းတောင်ခြေသို့ ထိရိတို့ ရောက်လာကြသည်။

"အစ်ကိုတို့ ဒီတောင်ပေါ်ကို တက်ရမယ် လွှီ"

ထိရိက လွှီရင်ရင်ကို တစ်ချက် အကဲခတ်ကြည့်ပြီး ပြောလိုက်သည်။

လွှီရင်ရင်က တောင်ထိပ်ဖျားကို မော့၍ကြည့်လိုက်ပြီး

"တောင်ကြီးကလည်း အရမ်းကို မြင့်တာပဲနော်"

"ဟုတ်တယ်···လွှီ။ ဒါပေမဲ့ ကြောက်စရာတော့ မလိုပါဘူး။ ဖြည်းဖြည်းနဲ့မှန်မှန်တက်သွားရင် မောလည်း မမောပါဘူး။ ရောက်လည်း ရောက်မယ်"

"နေ့ချင်းပေါက် ရောက်နိုင်ပါ့မလား အစ်ကို"

"နေ့ချင်းပေါက် ရောက်ဖို့တော့ မလွယ်ဘူး လွှီ။ နှင်းတွေ ရေခဲတွေ ဖုံးလွှမ်းနေတော့ တက်ရတာ နည်းနည်းတော့ ခက်လိမ့်မယ်။ ဒါပေမဲ့···ကိစ္စမရှိပါဘူး။ ဘယ်အချိန်ပဲ ရောက်ရောက် ရောက်ဖို့ပဲ အရေးကြီးတယ်"

"အစ်ကို့ကို ကျွန်မ အားကိုးပါတယ်"

လွှီရင်ရင်က ထိရိကိုမိုက်ကြည့်ပြီး ပြောလိုက်သဖြင့် ထိရိ



က ဟက်ခနဲ ရယ်၍···

"လွှီကိုကြည့်ရတာ ကြောက်နေသလိုပဲ။ ဘာမှ ကြောက်စရာမလိုဘူး လွှီ။ လူတိုင်း မွေးဖွားနေကြသလို လူတိုင်းလည်း သေနေကြတာပဲ။ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းဆိုတာ လူသားတွေအတွက် မေတ္တာလက်ဆောင်တွေပဲ။ အစ်ကိုနဲ့ လွှီတို့ဟာ နှမသေလည်း တစ်ချိန်ချိန်မှာ သေကြရမှာ အမှန်ပဲ။ အစ်ကိုကတော့ သေခြင်းတရားကို မကြောက်တော့ဘူး လွှီ။ အဲဒါ ဘာဖြစ်လို့လဲ သိလား"

"ဟင့်အင်း···ကျွန်မ မသိဘူး"

"အစ်ကိုသေရမှာကို သိထားလို့ပဲ လွှီ"

ထိရိက ပြောပြီး ဟက်ခနဲ ရယ်မောလိုက်သည်။

"လူ့ဘဝမှာ စာဇော်သေတာနဲ့ နောက်ကျပြီးမှ သေတာ ရယ်လို့ နှစ်မျိုးပဲရှိပါတယ်။ ဒီတောင်ပေါ်မှာ အစ်ကိုတို့ မသေရင် နောက်တစ်ချိန်ချိန်မှာ အစ်ကိုရော လွှီရော သေရမှာ အမှန်ပဲ။ သေရမယ့် အမှန်တရားကို သိရက်သားနဲ့ ဘာဖြစ်လို့ လွှီက ကြိုပြီး ကြောက်နေရတာလဲ၊ လောကကို အရဲတရား၊ သတ္တိတရား ရင်ဆိုင်တဲ့တရားတွေနဲ့ ပြေးပြီးတော့သာ ရင်ဆိုင်လိုက်စမ်းပါ လွှီ။ စိတ်ညစ်စရာတွေ စိတ်ပျက်စရာတွေ အကြောက်တရားတွေ အားလုံးကို အစ်ကိုတို့ဖြတ်ကျော်လာတဲ့ ပါးစမ်းကျန်းမြစ်ထဲကို

www.burmeseclassic.com

www.burmeseclassic.com



လှှင့်ပစ်လိုက်စမ်းပါ။ ကိုင်း . . . တောင်ခြေမှာ အစ်ကိုတို့ ခဏနားကြမယ်"

ထိရိက အားပေးစကားပြောပြီး တောင်ခြေကမှတစ်ခုပေါ်၌ ထိုင်ချလိုကသောအခါ လွှီရင်ရင်လည်း ထိရိအနား၌ ထိုင်ချလိုက်လေသည်။

တောင်ခြေတွင် လေအေးအေးတို့ တိုက်ခတ်နေကြသည့် တောပန်းရနံ့များ လှိုင်နေကြ၏။

"လွှီ"

"ပြောပါ အစ်ကို"

"လွှီ့ကို အစ်ကိုထမ်းပိုးပြီး တောင်ပေါ်ကို ကိုယ်ဖော့ပြီး တက်သွားရင် ခဏချက်ချင်း ရောက်တယ်"

"အိုး . . . ဒါနဲ့များ အစ်ကိုရယ် တက်ပါရောလား"

ထိရိက ဟက်ခနဲ ရယ်မောလိုက်ပြီး . . .

"တက်ပါလားဆိုတာက လွယ်ပါတယ် လွှီ။ ဒါပေမဲ့ လွှီ သေဆုံးသွားမှာကို အစ်ကို စိုးရိမ်လို့"

"ရှင်"

လွှီ နားမလည်။ ထိရိ ဘာဆိုလိုမှန်း မသိ၍ အူကြောင်ကြောင်ဖြင့် ထိရိကို မော့ခနဲ ကြည့်သည်။

"အစ်ကို ကိုယ်ဖော့ပြီးတက်ရင် လွှီ့နားထဲက ပါးဖပ်ထဲက နားခေါင်းထဲက သွေးယိုစိမ့်ပြီး စီးကျလိမ့်မယ်။ တောင်ကြော တစ်လျှောက်လုံး နှင်းတွေ ရေခဲတွေ ဖုံးလွှမ်းနေတယ်။ ပြီးတော့ အင်မတန် အေးစိမ့်တဲ့လေတွေလည်း အရမ်းတိုက်ခတ်နေတယ်။ အဲဒါတွေကို အစ်ကိုက အင်နဲ့အားနဲ့ တစ်ရှိန်ထိုး ထိုးဖောက်ပြီး ပြေးတက်ရမှာဆိုတော့ လွှီ ခံနိုင်ရည်ရှိမှာမဟုတ်ဘူး။ အဲဒါကြောင့် အစ်ကိုတို့ ရိုးရိုးပဲ တက်ကြမယ်လို့ လွှီကို ပြောရတာပေါ့ လွှီ"

လွှီရင်ရင် သဘောပေါက်သွားသည်။

တစ်ချက် တစ်ချက် ငှက်အော်မြည်သံကို ကြားရသော်လည်း ဘာငှက်မှန်းမသိသဖြင့် လွှီရင်ရင် နားစိုက်ထောင်ကြည့်နေမိသည်။

"လွှီ ဘာနားထောင်နေတာလဲ"

"ဘာငှက်လဲ မသိဘူး။ သူ့အော်သံက သိပ်ပြီး နားထောင်လို့ကောင်းတာပဲ"

ထိရိက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး . . .

"လွှီက အဲဒီအသံကို ငှက်သံလို့ထင်နေလို့လား"

"ဟုတ်ကဲ့ ဒီအသံက ငှက်သံမဟုတ်ဘူးလား"

ထိရိ ခေါင်းကို ယမ်းခါလိုက်သည်။

"ငှက်အော်သံမဟုတ်ရင် ဘာသံလဲ အစ်ကို"

"ပလွေသံ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဟုတ်တယ် လွှီ၊ ဒီအသံဟာ လူတစ်ယောက် မှုတ်နေတဲ့ ပလွေသံပဲ"

"ဒီတောင်ပေါ်မှာ ဘယ်သူက ပလွေမှုတ်နေနိုင်မှာလဲ အစ်ကို"

"နဂါးစိမ်းမယ်တော်လို့ ခေါ်တဲ့ နဂါးစိမ်းသခင်မလေး မှုတ်နေတဲ့ ပလွေသံပါ လွှီ။ ဆက်ပြီး နားထောင်ကြည့်ရင် လွှီ စိတ်တွေပြောင်းလဲလာလိမ့်မယ်"

"ရှင်"

လွှီရင်ရင် ကြောက်သွားပုံရသည်။

ထိရိကို အားကိုးတကြီး ပြန်ကြည့်နေလေသည်။

"ဒါပေမဲ့ . . . လွှီ ဘာမှ မကြောက်ပါနဲ့။ လွှီ့စိတ်တွေ ဖောက်ပြန်လာ မလာဆိုတာ အစ်ကို ကြည့်နေပါ့မယ်။ ဖောက်ပြန်တဲ့ စိတ်ရိုင်းတွေဝင်လာတာနဲ့ လွှီ့ကို အစ်ကို သတိပေးမယ်။ လွှီ့ သွေးကြောတစ်ခုကို အစ်ကို ဖမ်းပိတ်ထားပေးမယ်။ လွှီ ဘာမှ မစိုးရိမ်နဲ့ မကြောက်နဲ့"

မစိုးရိမ်နဲ့ မကြောက်နဲ့ဟုဆိုကာမှ လွှီရင်ရင် စိုးရိမ်လာသည်။ ပို၍ ကြောက်လန့်တုန်လှုပ်လာလေသည်။

ပလွေသံမှာ တိုးရာမှ တဖြည်းဖြည်း ကျယ်လောင်လာ



သည်။ လွှီရင်ရင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။ စိတ်ကို ထိန်းထားသော လွှီရင်ရင်မှာ ခုတိုင် ဘာမှမဖြစ်သေးကြောင်း ထင်ရှိ အကဲခတ်မိ၏။

ပလွေသံမှာ တောင်လယ်သို့ ရောက်လာသကဲ့သို့ ထင်ရသည်။ သံစဉ်အပြောင်းအလဲတစ်ခုဖြင့် တဖြည်းဖြည်းချင်း နီးကပ်၍ လာနေချေပြီ။

ပလွေသံမှာ အလွန်သာယာနာပျော်ဖွယ်ကောင်းသော သံစဉ်တစ်ခုဖြင့် လွင်လွင်သာသာလေး မှုတ်နေကြောင်း သိသာ၏။

လွှီရင်ရင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။ ပလွေသံကို ကျေနပ်စွာ ခံစားနေပုံရ၏။

ပြုံးရွှင်ကြည်နူးလာပုံရ၏။

"လွှီ"

"အစ်ကို"

"လွှီ သတိထားနော်"

"သိပ်ပျော်တာပဲ အစ်ကိုရယ်"

လွှီရင်ရင်သည် ပလွေသံစဉ်အလိုက် အသွားအတိုင်း စိတ်တွေဖောက်ပြန်လာ၏။ ကိုယ်မှာ ဝတ်ဆင်ထားသော အပေါ်ခြုံထည်ကို ချွတ်ချလိုက်သည်။

"လွှီ . . . လွှီ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို . . . အစ်ကို။ လှို အရမ်းပဲပျော်တယ် အစ်ကိုရယ်"

လှိုင်ရင်ရင်၏ စိတ်တွေ သိတစ်ချက် မသိတစ်ချက်ဖြစ်နေသည်။ ပလွေသံမှာ ပိုမိုကျယ်လောင်လာ၏။

သံစဉ်မှာ အချစ်စိတ်ကို အလွန်အကဲဖော်ကျူးနေသော သံစဉ်မျိုးဖြစ်နေသည်။

ထိရီမှာ အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်၍ ထိုပလွေသံစဉ်ကို ကြံ့ကြံ့ခိုင်ခိုင်တောင့်ခံနိုင်သော်လည်း အခြေခံသိုင်းပညာမရှိသော လှိုင်ရင်ရင်မှာမူ ကြံ့ခိုင်တောင့်ခံနိုင်စွမ်းမရှိချေ။

"လှို . . . လှို သတိထား"

"အို . . . လှို"

ထိရီ ချက်ချင်း သိလိုက်ပေပြီ။

လှိုင်ရင်ရင် စိတ်ဖောက်ပြန်သွားပြီဖြစ်ကြောင်း သိလိုက်သည်နှင့် ထိရီသည် လှိုင်ရင်ရင်၏ သွေးကြောတစ်ချောင်းကို လှမ်းပိတ်လိုက်သည်။

"အင့်"

လှိုင်ရင်ရင်ထံမှ ညည်းသံတစ်ချက်ပေါ်လာပြီး ငြိမ်သွား



လေ၏။

လှိုင်ရင်ရင် ပလွေသံကို မကြားရတော့ပေ။

ထိရီ နှိပ်လိုက်သော သွေးကြောမှာ သတိကို လစ်မြောစေသော မေ့ကြောငယ်တစ်ချောင်းပင် ဖြစ်လေသည်။

လှိုင်ရင်ရင် သတိမေ့နေစဉ် ပလွေသံလည်း ဆိတ်သွားသည်။ ပလွေသံကို မကြားရတော့ဘဲ နှင်းမှုန်ကြား ပြေးလွှားလျှောက်သံကို ကြားလိုက်ရသောအခါ ထိရီ တိုက်ခိုက်ရန် အသင့်ပြင်ဆင်ထားလိုက်၏။

နှင်းခြေသံများ မိမိထံပြေးလာခြင်းမဟုတ်ဘဲ တောင်ထိပ်ပေါ်သို့ ပြေးထွက်သံဖြစ်၏။ ခြေသံမှာ တဖြည်းဖြည်း ဝေး၍ဝေး၍ သွားလေ၏။

ထိရီ ခေါင်းကိုဆုပ်ကိုင်ထားရာမှ လွှတ်ပြီး လှိုင်ရင်ရင်ကို ကြည့်လိုက်သည်။

လှိုင်ရင်ရင်မှာ သတိမေ့နေဆဲမို့၏။

အဝတ်အစားများ ကျွတ်လွတ်နေသော လှိုင်ရင်ရင်ကို တစ်ချက်ကြည့်ပြီး စိတ်ထဲ သနားသွားသည်။ အဆိပ်တစ်ထောင်ဓားဟန်ချောင်းနှင့်ပတ်သက်ပြီး လှိုင်ရင်ရင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ရသည်ကို သနားသည်။

သူမ၏အထက်ပလာပိုင်းကို ဝတ်စားဆင်ယင်ပေးပြီး

www.burmeseclassic.com

www.burmeseclassic.com



သွေးကြော ပြန်ဖွင့်ပေးသည်။

“အင်း”

ဟု ညည်းညူသံနှင့်အတူ လွှီရင်ရင် ပြန်သတိရလာသည်။ သတိရလျှင် ရချင်း ကိုယ့်ကိုယ်ကို ပြန်ကြည့်၍…

“ဟင်…အစ်ကို ကျွန်မအဝတ်အစားတွေ”

ထိရိက လွှီရင်ရင်ကိုကြည့်ပြီး ဟက်ခနဲ ပြုံးလိုက်၏။

“ညီမ အဝတ်အစားတွေ ဘာဖြစ်လို့လဲဟင်”

လွှီရင်ရင်သတိကို သိလို၍ အကဲစမ်းမေးလိုက်သည်။

“ကျွန်မ အဝတ်အစားတွေ ချွတ်ပစ်လိုက်တယ် ထင်တယ်။ ကျွန်မစိတ်ထဲမှာ ဇဝေဇဝါဖြစ်နေတယ် အစ်ကို”

ထိရိက ပြုံးပြီး…

“ဟုတ်တယ်။ လွှီ စိတ်တွေဖောက်ပြန်ပြေနေလို့ အစ်ကို သွေးကြောပိတ်ပြီး လွှီကို ကာကွယ်ထားတာ”

“ဒါဖြင့် ဒီအဝတ်အစားတွေက ကျွန်မကိုယ်ပေါ် ဘယ်လို လုပ်ပြီး ပြန်ရောက်နေတာလဲဟင် အစ်ကို”

“လွှီ သတိလစ်နေတုန်း အစ်ကို ပြန်ဝတ်ပေးထားတာလေ”

“အို…လွှီ ရှက်လိုက်တာ အစ်ကိုရယ်”

လွှီရင်ရင် မျက်နှာလေး လွှဲထားလိုက်သည်။ ထိရိက



မတောင်ခြေသည့် တောင်ခါးပန်း၊ တောင်လယ်သို့ ရောက်ရှိလာသောအခါ ပလွေသံကို ဆက်ကြားရပြန်သည်။

တောင်လယ်၌ နှင်းများနှင့်ရေခဲများ ဖုံးလွှမ်းထားသဖြင့် ဒိုက်ခိုက်တုန်အောင် ချမ်းသည်။

“လွှီ…သိပ်ချမ်းနေသလား”

“ဟုတ်တယ် အစ်ကို။ ကျွန်မ သိပ်ချမ်းနေပြီ။ ပလွေသံလည်း ကြားနေရတယ်။ လွှီ သိပ်ကြောက်တယ် အစ်ကို”

“မကြောက်နဲ့ မကြောက်နဲ့။ ဒီပလွေသံက နှင်းပြိုသိုင်းသံစဉ်တစ်ခုပဲ။ ဒါကြောင့် နှင်းတွေ ပြိုကျလာပြီး အစ်ကိုတို့ကို တိုက်ခိုက်နေတာ။ အစ်ကို့လက်ကို မြဲမြဲဆုပ်ထား။ အစ်ကို လွှီကိုယ်ထဲ အပူလှိုင်းဆက်သွားပေးမယ်။ လွှီ တစ်ကိုယ်လုံး မကြာခင်မှာ ပူထူသွားလိမ့်မယ်”

ထိရိုက်ကိုယ်တွင်းမှ အပူလှိုင်းများကို လွှီရင်ရင်၏ ကိုယ်တွင်းသို့ ဆက်သွယ်ပို့သွင်းလိုက်သည်။

“အစ်ကို”

“ဘာလဲ လွှီ”

“ကျွန်မ မချမ်းတော့ဘူး။ ပူလာပြီ အစ်ကို”

“ဒါဖြင့် အပူလှိုင်းတွေကို အစ်ကိုပြန်လျှော့လိုက်မယ်”

“မြန်မြန်ပို့ပလား အစ်ကို။ ကျွန်မ ပြန်ချမ်းလာမှာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မချမ်းနိုင်တော့ပါဘူး လွှီ။ အပ္ပလှိုင်းတွေ ဆက်လွှတ်နေရင် လွှီတစ်ကိုယ်လုံး မီးလောင်ပြာကျသွားမှာပေါ့"

ထိရီမှာ၍သို့ပြောလိုက်သောအခါ လွှီရင်ရင်လန့်သွားသည်။

"ဒါဖြင့် အပ္ပလှိုင်းတွေ လျှော့လိုက်တော့ အစ်ကို"

စိုးရိမ်တကြီး လွှီရင်ရင် ပြောသည်။

"အစ်ကို လျှော့ထားလိုက်ပြီ"

တောင်လယ်မှ အောင်ထိပ်နားထိ ရောက်လာကြသော အခါ ပလွေသံက ပိုမိုကျယ်လောင်လာ၏။

ကြောက်စရာကောင်းသော ပလွေသံစဉ်တစ်ခု ဖြစ်သည်။

ထိုပလွေသံကြောင့် ရေခဲတုံးများ ဝုန်းခနဲ ဝုန်းခနဲ ပြိုကျလာသည်။

"အစ်ကို ရေခဲတုံးတွေ ပြိုကျလာပြီ။ ကျွန်မတို့ကို တိုက်ခိုက်တော့မယ်"

"မကြောက်နဲ့ လွှီ"

ထိရီသည် လက်နှစ်ဖက်ကို ကွေးပြီး တအားဆန့်ထုတ်လိုက်ရာ ဝုန်းခနဲ လေခတ်သံတစ်ခုနှင့်အတူ ပြေးဆင်းကျလာသော ရေခဲတုံးများကို လေပြင်းတစ်ခုက ပြေး၍ဆောင့်တိုက်ခိုက်လိုက်လေသည်။

"ဝုန်း"



"ဒုန်း"

ပြိုဆင်းကျလာသော ရေခဲတုံးများသည် လေ၏တွန်းကန်အားကြောင့် အပေါ်သို့ ကွဲစဥ်လွင့်ဟက်သွားကြပြီး တစ်စုံတစ်ခုနှင့် တိုက်ခိုက်လိုက်သလို "ဒုန်း" ဟူသော အသံလှိုင်းတစ်ခုကို ကြားလိုက်ရပေသည်။

"ဒုန်း" ဟူသော အသံကို သဲကွဲစွာကြားလိုက်ရပြီးနောက် အစိမ်းရောင်သဏ္ဌာန်တစ်ခုသည် ထိရီတို့ရှိရာအောက်သို့ ကျလာလေသည်။

ထိုကျလာသော အစိမ်းရောင်သဏ္ဌာန်ကို ထိရီ လေထဲမှ ဖမ်းယူလိုက်လေသည်။

ကျောက်စိမ်းပလွေတစ်ချောင်း ဖြစ်ပေ၏။

"ဟင်…ပလွေတစ်ချောင်းပါလား အစ်ကို"

"ဟုတ်တယ် လွှီ၊ နဂါးစိမ်းသခင်မပုတ်တဲ့ ကျောက်စိမ်းပလွေပဲ"

"ဘယ်လိုလုပ်ပြီး အပေါ်ကနေပြီး အောက်ကို ကျလာတာလဲ အစ်ကို"

လွှီရင်ရင်က မေးလိုက်သည်။

"အစ်ကိုတိုက်ခိုက်လိုက်တဲ့ ရေခဲတုံးမှန်ပြီး ကျလာတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . အစ်ကိုက ကျောက်စိမ်းပလွေရှင် နဂါးစိမ်းသခင်မလေးကို မြင်လို့ တိုက်ခိုက်လိုက်တာလား"

"လူကိုတော့ မမြင်ဘူး။ ပလွေသံကို နားထောင်ပြီး သူရှိလောက်မယ့်နေရာကို မှန်းပြီး တိုက်ခိုက်တာလေ"

လွှီရင်ရှင် ကျောက်စိမ်းပလွေကို လှပ်းယူလိုက်သည်။

"လွှီ . . . ဒီကျောက်စိမ်းပလွေကို ဘာလုပ်မလို့လဲ"

"မှုတ်ကြည့်မလို့"

ထိရီ ဟားက်ခနဲ ရယ်လိုက်သည်။

"အစ်ကို ဘာလို့ရယ်တာလဲ"

"လွှီ . . . မှုတ်ကြည့်မလို့ပါ"

"လွှီ . . . မှုတ်ကြည့်ပေါ့"

လွှီရင်ရှင် ကျောက်စိမ်းပလွေကို မှုတ်ကြည့်သည်။ အသံမထွက်သောကြောင့် တအားမှုတ်ကြည့်ပြန်၏။ တအားမှုတ်ကြည့်သော်လည်း အသံမြည်ခြင်းမရှိသဖြင့် လွှီရင်ရင်အံ့ဩ၍သွားလေသည်။

"မှုတ်ကြည့်တာ မြည်လည်းမမြည်ပါလား အစ်ကို။ အဆန်းပဲ"

ထိရီ ရယ်မောလိုက်ပြန်သည်။ ရယ်မောရင်းမှ . . .

"လွှီ . . . မှုတ်လို့ ဘယ်ရမလဲ။ ဘယ်လောက်မှုတ်မှုတ် အသံထွက်မှာ မဟုတ်ဘူး"



"ဘာဖြစ်လို့လဲ အစ်ကို"

"လွှီက သိုင်းပညာမှ မတတ်တာ။ နောက်ပြီး ဒီပလွေအသံထွက်ဖို့က အတွင်းအားရှိဖို့လည်း လိုတယ်လေ။ လွှီမှာ အတွင်းအား မရှိတာ။ ပေး . . . အစ်ကိုမှုတ်ပြမယ်"

လွှီရင်ရင် လက်ထဲမှ ကျောက်စိမ်းပလွေကို လှမ်းတောင်းယူလိုက်ပြီးလျှင် မှုတ်ပြလိုက်လေသည်။

လွှီရင်ရင်သည် ထိရီ မှုတ်ပြသော ပလွေသံစဉ်ကို နားထောင်ရင်း ပျော်ရွှင်၍သာလေ၏။

ထိရီမှုတ်ပြသော ပလွေသံစဉ်သိုင်းကွက်မှာ နဂါးစိမ်းသခင်မလေး မှုတ်ခဲ့သော အရှက်တကွဲသံစဉ်သိုင်းကွက်ပင် ဖြစ်လေသည်။

ထိရီသည် လွှီရင်ရင်ကို အကဲခတ်ကြည့်နေ၏။ လွှီရင်ရင်မှာ အရှက်တကွဲသံစဉ်သိုင်းကွက်တွင် နှစ်မြောရင်း အပေါ်အင်္ကျီကြယ်သီးများကို ဘယ်ခုချင်း ဖြုတ်၍နေတော့၏။

ထိရီသည် ကျောက်စိမ်းပလွေကို မမှုတ်ဘဲ ရပ်တန့်လိုက်သောအခါ လွှီရင်ရင်က "ဆက်မှုတ်ပေါ့ အစ်ကို" ဟုဆိုသည်။

"ဆက်မှုတ်ရင် ဘယ်ဖြစ်မလဲ"

"အလို . . ."

လွှီရင်ရင် ရှက်ပြီး လက်နှစ်ဖက်ဖြင့် ရင်ကို ယှက်ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကြယ်သီးတွေပြန်တပ်လိုက်ပါ လွီ"

လွီရင်ရင် ထိရိကို ကျောခိုင်းပြီး ကြယ်သီးတွေ ပြန်တပ်လိုက်သည်။

"တွေ့တယ်မှတ်လား...အစ်ကိုသာ အဲဒီကျောက်စိမ်းပလွေကို ဆက်မှုတ်နေရင် လွီ ကလေးဖြစ်သွားမှာ သေချာတယ်"

"သွား...အစ်ကို မကောင်းဘူး"

ထိရိသည် တဟားဟားဖြင့် ရယ်မောလိုက်လေ၏။

x x x

တောင်ပေါ်သို့ ဆက်တက်လာကြရာ မကြာမီ တောင်ထိပ်ပေါ်သို့ ရောက်လာကြတော့၏။

"ဟင်...ရှေ့မှာ လှုပ်လှုပ်ရှားရှားနဲ့ ဘာတွေလဲဟင် အစ်ကို"

တောင်ထိပ်သို့ ရောက်သောအခါ ရှေ့တူရူ၌ ပိတ်ဆို့ကာ ဆီးထားသော အန္တရာယ်များကို မြင်တွေ့လိုက်ရသောကြောင့် လွီရင်ရင်က ထိရိကို မေးလိုက်လေ၏။

"အဲဒါ မြွေတွေပဲ လွီ"

"ဟာ...များလိုက်တာ။ တစ်ကောင်နဲ့တစ်ကောင် ထပ်



နေလိုက်ကြတာ။ တောင်ခေါင်းသေးသေးလေးတစ်လုံးကျနေတာပဲ။ ကျွန်မတို့ ဒီမြွေတွေကို ကျော်ဖြတ်ရဦးမှာလားဟင် အစ်ကို"

"ဟုတ်တယ်...ဒီမြွေတွေကို ကျော်ဖြတ်နိုင်မှ နဂါးစိမ်းသခင်မလေးနဲ့ တွေ့နိုင်မှာ။ ဒါမှ သူ့ဆီက အဆိပ်တစ်ထောင်စားလည်း ရနိုင်မှာ လွီ"

"ကျောက်စိမ်းပလွေရှင် နဂါးစိမ်းသခင်မလေးက ဘယ်မှာနေလို့တုံး"

"အဲဒီမြွေတောင်ကြီးရဲ့ ကျောဘက်မှာနေတယ်လေ"

"ဟင်...သူ့ကို မြွေတွေက မပေါက်ဘူးလား"

"ဟာ...သူ့ကို မြွေတွေက ဘာလို့ပေါက်ရမှာလဲ။ သူက မြွေဘုရင်မပဲ။ မြွေဆိပ်ပြီးနေတဲ့ နဂါးစိမ်းသခင်မလေးပဲဟာ။ မြွေအားလုံးကို သူက နိုင်တယ်လေ"

"ဒီလိုဆိုရင် ကျွန်မတို့ သူ့ကိုတိုက်ခိုက်လို့ဖြစ်ပါ့မလား"

"ဖြစ်လို့ ဒီကိုပဲရောက်လာပြီပဲ လွီရယ်။ ဒီကျောက်စိမ်းပလွေက မြွေကိုနိုင်တဲ့ လက်နက်တစ်ခုပဲ"

"ဟင်...မြွေကိုနိုင်တယ်...ဟုတ်လား"

"ဟုတ်တယ်"

လွီရင်ရင် ရဲတင်းလာသည်။

"မြွေတောင်ကြီးလိုဖြစ်နေတဲ့ မြွေတွေအားလုံးကို ဒီ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းပလွေက နိုင်တယ်လေ။ အစ်ကို အခုမှုတ်ပြမယ်။ ကြည့်နေ…မြွေတွေအားလုံး သူ့အလိုလို သေကုန်ကြလိမ့်မယ်"

ပြောပြောဆိုဆို ကျောက်စိမ်းပလွေကို ထိရီ မှုတ်လိုက်သည်။ ပလွေသံကြားသောအခါ မြွေအားလုံး လူပ်လူပ်ရွရွ ဖြစ်လာကြ၏။

ထို့နောက် မြွေအားလုံးလိုလိုပင် တစ်ကောင်နှင့်တစ်ကောင် ကိုက်ခဲပြီး အားလုံးသေကုန်ကြတော့၏။ မြွေတောင်ကြီး ပြိုကျသွားသောအခါ မြွေတောင်ကြီး၏ကျောဘက်၌ နဂါးစိမ်းသခင်မလေးကို ဘွားခနဲ တွေ့မြင်လိုက်ရပေတော့၏။

"အစ်ကို…ဟိုမှာကြည့်စမ်း။ စိမ်းစိမ်းကြီး။ ဘာကောင်လဲဟင်"

လွှီရင်ရင်က အထိတ်တလန့်ဖြင့် ရှေ့မှာ လှမ်းမြင်လိုက်ရသော အစိမ်းရောင် သဏ္ဌာန်တစ်ခုကို လက်ညှိုးထိုး၍ ထိရီကို ပြောလိုက်သည်။

ထိရီက…

"အဲဒါ နဂါးစိမ်းသခင်မလေးပဲ လွှီ။ သူ့တစ်ကိုယ်လုံး စိမ်းနေတာက နဂါးစက်မြွေစိမ်းတွေ ရစ်ပတ်ထားတာ"

"ဟင်…"

လွှီရင်ရင် လန့်သွားသည်။



"အဲဒီ မြွေစိမ်းတွေက အဆိပ်အရှိန်းပြင်းတာ။ နဂါးစက်မြွေမျိုးတွေလေ"

"ဟုတ်လား"

"ထိပ်ကည့်တည့်က ရွှေရောင်တောက်နေတာရော ဘာလဲဟင် အစ်ကို"

"အဲဒါလည်း မြွေပဲ။ ရွှေရောင်တောက်နေတဲ့ မြွေက မြွေဘုရင် နဂါးမြွေဟောက်ကြီးပဲ လွှီ။ အဲဒီမြွေအပေါက်ခံရရင် မလွယ်ဘူး။ ကုရာနတ္ထိ ဆေးမရှိ ဆိုတဲ့မြွေမျိုးပဲ။ ဒါပေမဲ့ သိပ်လည်း ကြောက်စရာမလိုပါဘူး။ တိုက်ပွဲဆိုတာ အရှုံးအနိုင်ပဲ ရှိတယ်။ သရေဆိုတာ မရှိဘူး"

"ကြည့်ပါဦး…နဂါးစိမ်းသခင်မလေးက အစ်ကို့ကို စိုက်ပြီး ကြည့်နေပါလား။ အစ်ကို့ကို သိပ်ပြီး အခဲမကြေပုံပဲ"

နဂါးစိမ်းသခင်မလေးသည် တည်ငြိမ်အေးဆေးနေရာမှ လှမ်း၍ မေးလိုက်သည်။

"အေး…မောင်လေး။ မင်းမမကို သိနေတယ် မဟုတ်လား"

နဂါးစိမ်းသခင်မလေး၏ အသံမှာ လွန်စွာသာယာနာပျော်ဖွယ် ကောင်းပေ၏။ သူပြောလိုက်သောစကားသံကပင် သီချင်းတစ်ပုဒ်ကို သီဆိုလိုက်သကဲ့သို့ စိတ်၌ထင်ရပေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို သူ့ကို သိလားဟင်"

လှိုင်ရင်က မေးလိုက်သည်။

"သူ့ရုပ်ကိုတော့ မမြင်ဖူးဘူး။ တ[illegible] က အစ်ကိုတို့ ဈေးထဲမှာ ဆုံကြရင်း အစ်ကို့ကို လက်နက်ပုန်းအဆိပ်အပ်နဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့တာ လှိုင် အမှတ်မရဘူးလား"

လှိုင်ရင် စဉ်းစားလိုက်သည်။ ပြီးမှ သတိရဟန်ဖြင့်...

"ဟုတ်ကဲ့...ဟုတ်ကဲ့။ ဝေါယာဉ်စီးလာတဲ့ အမျိုးသမီး မဟုတ်လား အစ်ကို"

"ဟုတ်တယ်...သူပဲ"

"ဒါဖြင့်...သူမှာ တပည့်တပမ်း အများကြီးရှိမှာပေါ့။ မတွေ့ပါလား။ သူ့တပည့်တပမ်းတွေ..."

"မလိုအပ်သေးလို့ သူ့တပည့်တွေကို အကူအညီ မတောင်းတာပေါ့ လှိုင်။ လိုအပ်လာရင်တော့ ဒီပွဲ သိပ်ကြည့်ကောင်းမယ့်ပွဲပဲ"

ထိရီစကားအဆုံး၌ နဂါးစိမ်းသခင်မလေး၏ ဒုတိယ အကြိမ် မေးသံကိုကြားရ၏။

"ဟေး.. မောင်လေး မမပြောနေတာ ကြားလား"

"ကြားပါတယ်။ မမကို ကျွန်တော် မမြင်ဖူးပေမယ့် သိနေပါတယ်။ အဲဒါ ဘာအကြောင်းထူးလို့လဲ မမ"



"ငါ့အကြောင်းကို မင်းသိနေတယ်ဆိုရင် မင်းနဲ့ငါ တိုက်ခိုက်ဖို့ လိုလား၊ မလိုဘူးလားဆိုတာ မောင်လေး စဉ်းစားပါ"

"မမနဲ့ ကျွန်တော် မတိုက်ခိုက်ဘဲ ပြေငြိမ်းမှုရယူကြမယ်ဆိုရင် ဘယ်လိုအကျိုးထူးများ ရှိနိုင်ပါသလဲ"

ထိရီက လှိုင်ရင်လက်ကိုဆုပ်ကိုင်ရင်း လှမ်းမေးလိုက်လေသည်။

"မမက မင်းကို စေတနာနဲ့မေတ္တာထားပြီး ပြောနေတာပါ။ မင်း မမကိုတိုက်ရင် မင်းရော ဝမ်ရင်ရဲ့မိန်းမပါ ပြန်လမ်းမရှိတဲ့ မင်းတို့လိုချင်နေတဲ့ အဆိပ်တစ်ထောင်ဓားကြီးလည်း မျက်ခြည်ပြတ်သွားနိုင်တယ်ဆိုတာ ငါ့မောင် စဉ်းစားမိသလား"

နဂါးစိမ်းသခင်မလေး၏ ထိုစကားကြောင့် ထိရီရော လှိုင်ရင်ပါ တအံ့တဩဖြစ်၍သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ဝမ်ရင့်ကိစ္စနှင့် အဆိပ်တစ်ထောင်ဓားအကြောင်းကို သူမက ကြိုတင်သိရှိနေသောကြောင့် ဖြစ်လေသည်။

ထိရီသည် ခဏမျှစဉ်းစားလိုက်ပြီးနောက်...

"ကျွန်တော် မမကို မတိုက်ရင် ကျွန်တော်တို့လိုချင်တဲ့ အဆိပ်တစ်ထောင်ဓားကြီးကော ရနိုင်မလား"

ဟုမေးလိုက်ရာ ဟက်ခနဲ နဂါးစိမ်းသခင်မလေးက ရယ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။

"ငါပြောတာက ဒီလိုအဓိပ္ပာယ်မျိုး ဟုတ်ဘဲ။ ငါ့မောင် သဘောမပေါက်ဘူးနဲ့ တူတယ်"

"ဟုတ်ကဲ့ ကျွန်တော် သဘောမပေါက်ပါဘူး မမ"

နဂါးစိမ်းသခင်မလေးသည် ဟက်ခနဲ ရယ်မောလိုက်ပြန်၏။ ပြီးမှ . . .

"မင်း ငါ့ကိုမတိုက်လည်း ဓားကတော့ မရနိုင်ဘူး။ မင်းက ငါ့ကို ယှဉ်ပြီးတိုက်ခိုက်ရင်တော့ မင်းတို့နှစ်ယောက်စလုံးကို ငါ့ပညာနဲ့ ခြေမှုန်းတိုက်ခိုက်ရလိမ့်မယ်။ ငါဆိုလိုတဲ့ အဓိပ္ပာယ်က ဒါပဲ။ မင်း စဉ်းစားပါ"

"ဟား . . . ဟား . . . ဟား"

ထိရီသည် သဘောကျစွာ ရယ်မောလိုက်လေ၏။ ပြီးနောက် ရယ်မောရင်းမှ . . .

"သခင်မလေးက အပိုင်ကိုပြောနေတော့တာပါလား။ ကျွန်တော့်ကို မမက သူငယ်နုပ်စားများ မှတ်နေတယ်ထင်တယ်။ ဒီလိုဆိုရင်တော့ မမအထင်တွေ လုံးဝမှားသွားလိမ့်မယ်။ ဟား ဟား . . . ဟား"

"ဩော် . . . မင်းက ငါ့ကိုယှဉ်ရဲတယ်ဆိုတဲ့သဘောနဲ့ ရယ်မောလိုက်တာလား"



"ဟုတ်တယ် . . . ကျွန်တော် သခင်မလေးကို ယှဉ်ရဲလို့ ခုလို ခက်ရာခဲဆစ်နေရာကို အရောက်လာခဲ့တာပေါ့မျာ"

"ဒီလိုဆိုရင်တော့ မမ မင်းကို တိုက်ရလိမ့်မယ်"

"တိုက်ပါ။ တိုက်ပွဲတိုင်းမှာ အနိုင်အရှုံးပဲရှိပါတယ်။ ဘယ်သူ နိုင်မယ်ဆိုတာ ယှဉ်ကြည့်မှသိနိုင်တဲ့ကိစ္စပဲ"

ထိရီသည် ပြောပြီး ရှေ့သို့တစ်လှမ်းခုန်တက်လိုက်ရာ လွီရင်ရှင်ပါ ထိရီနှင့်အတူ ရှေ့သို့ရောက်လာလေ၏။

"ဖျောင်း . . . ဖျောင်း"

နဂါးစိမ်းသခင်မလေးသည် လက်ခုပ်တီး၍ အချက်ပေးလိုက်ရာ ဝတ်မုံနက်များ ဝတ်ဆင်ထားသော သိုင်းသမားဆယ်ယောက်တို့သည် ဘွားခနဲ ဘွားခနဲ နှင်းခဲမှုန်များကြားမှ ပေါ်ထွက်လာကြလေ၏။

"ဟိုင်း"

"ဂုမ် . . . ဂုမ် . . . ဂုမ်"

"ဒလောန်း . . . ဒန် . . . ဒန်"

နှင်းခဲမှုန်များကြားမှ ဘွားခနဲ ပေါ်လာကြသော ဝတ်စုံနက်ဝတ် သိုင်းသမားဆယ်ယောက်တို့သည် လေပြင်းမုန်တိုင်း တိုက်ခိုက်သလို ထိရီအား ရုတ်တရက် ဝင်တိုက်လေ၏။

ထိရီမှာ သေသပ်ပြစ်ဆင်ထားသူမို့ တစ်ဘက်ရန်သူများ

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားလာသည်နှင့် အရိုပ်မဲ့ဓားဖြင့် ငွေယမ်းတိုက်ခိုက်လိုက်လေသည်။

သိုင်းသမားဆယ်ယောက်အနက် ခုနစ်ယောက်မှာ ထိရီ၏အရိပ်မဲ့ဓားချက်မိပြီး ဝုန်းခနဲ လဲကျသေဆုံးကုန်လေ၏။

ကျန်သုံးယောက်ကိုမူ မိုးဖြိုလက်ဝါးသိုင်းကွက်ဖြင့် ရိုက်ခတ်တိုက်ခိုက်လိုက်ရာ ထိုသုံးယောက်မှာလည်း အားခနဲ အော်ဟစ်ကာ လဲကျသေဆုံးကုန်လေ၏။

"ဟား...ဟား...ဟား"

နဂါးစိမ်းသခင်မလေးက ထိရီ၏တိုက်ခိုက်မှုကို ထောင်ပေါ်သလို ရယ်မောလိုက်ပြီး...

"မင်းသိုင်းကွက်တွေက ငါ့တပည့်တွေကိုသာ အနိုင်တိုက်လို့ရမယ်။ ငါ့ကိုတော့ မင်းသိုင်းကွက်တွေက ထိုးဖောက်လို့ရမှာ မဟုတ်ဘူး"

ဟု အော်ပြောလိုက်ရာ ထိရီက...

"လက်တွေ့မပါဘဲ အာကျယ်နေတဲ့စကားတွေဟာ နှင်းမှုန်လိုပဲ နေပူရင်ပျောက်သွားတတ်ပါတယ် သခင်မလေး။ သတ္တိရှိရင် သခင်မလေးကိုယ်တိုင် ကျွန်တော့်ကို ယှဉ်ကြည့်ပါဦးလေ"

"ကိုင်း...လာပြီး အာကျယ်တာလား။ လက်တွေ့လားဆိုတာ မင်း အခုသိရမယ်"



နဂါးစိမ်းသခင်မလေးသည် ရုတ်တရက် လှုပ်ရှားလိုက်လေသည်။

သူမ၏ကိုယ်၌ ရစ်ပတ်နေသော မြွေစိမ်းတစ်ကောင်ကို ဖြုတ်ယူ၍ ထိရီကို ပစ်ခတ်တိုက်ခိုက်လိုက်လေသည်။

"ဗိုး..."

"ဝှစ်...ဝုန်း"

ထိရီသည် အရှိန်ဖြင့် ပြေးဝင်လာသော မြွေစိမ်းကို လက်ဝါးဖြင့် ရိုက်ပစ်လိုက်သည်။

မြွေစိမ်းသည် ထိရီနှင့်တစ်လံအကွာတွင် လေ၌ဟန့်တားမှုဖြင့် တန့်ခနဲ ရပ်ကာ လေမှုမ်းပြီး သေဆုံးသွားလေ၏။

"ကိုင်း...လာပြီ နောက်တစ်ကောင်"

"ဝှစ်"

"ဗိုး...ဝုန်း"

ဒုတိယမြွေစိမ်းကိုလည်း ယခင်အတိုင်း ထိရီက လက်သိုင်းကွက်ဖြင့် နှိမ်နှင်းသတ်ပစ်လိုက်လေ၏။

"ဝှစ်"

"ဗိုး"

"ဖုန်း"

"ဗြိုး...ဝှစ်"

www.burmeseclassic.com

www.burmeseclassic.com



နဂါးစိမ်းသခင်မလေးသည် နဂါးဆက် မြွေစိမ်းများကို တစ်ကောင်ပြီး တစ်ကောင် ပစ်လွှတ်တိုက်ခိုက်ရာ နောက်ဆုံး နဂါးဆက်မြွေစိမ်းများ တစ်ကောင်မျှ မကျန်ဘဲ ခေါင်းထက်ရစ်ခွေနေသော မြွေနီတစ်ကောင်သာ ကျန်တော့၏။

ထိုမြွေနီမှာ နဂါးစိမ်းသခင်မလေး၏ သရဖူသက်စောင့်မြွေတစ်ကောင်ပင် ဖြစ်တော့၏။

ထိရီ၏ ထူးကဲဆန်းပြားသော သိုင်းကွက်နှင့် တိုက်ကွက်များကို လက်တွေ့မြင်လိုက်ရသောကြောင့် နဂါးစိမ်းသခင်မလေးမှာ ထိတ်လန့်ကြောက်ရွံ့၍သွားလေ၏။

"ကဲ…သခင်မလေး…ဘယ့်နှယ်လဲ ပွဲကတော့ မပြီးသေးဘူး။ အခြေအနေကတော့ ကျွန်တော့်ဘက်က အများကြီးသာနေပြီ"

"မောင်လေး…မင်းရဲ့သိုင်းပညာဟာ တကယ်တော့ အင်မတန် အံ့ဩဖွယ်ပါပဲ။ ဒါပေမဲ့ အဆိပ်တစ်ထောင်တားနဲ့ပတ်သက်ပြီး ဝမ်ရင်က မပေးဘူးဆိုရင် မင်း ဘယ့်နှယ်လုပ်မလဲ"

"ဟား…ဟား…ဟား"

ထိရီက ရယ်မောလိုက်သည်။

ရယ်မောရင်းမှ…

"သခင်မလေး…ခင်ဗျား ဘယ်လိုဖြစ်နေတာလဲ။



ကြောက်ကြောက်လန့်လန့်နဲ့ ထင်ရာမြင်ရာတွေ လျှောက်ပြောနေတာလား"

"မမပြောတဲ့စကားကိုလည်း ပြန်ပြီး စဉ်းစားကြည့်ပါဦး။ ။သေသွားတဲ့လူက ပြန်ပြီး ရှင်လာနိုင်ပါ့မလားဗျ။ အဘဝမ်ရင်ဟာ ဂူတန်တောင်ခြေမှာ သေခဲ့လို့ ကျွန်တော်ကိုယ်တိုင်ပဲ မြှုပ်နှံခဲ့တာကြာတောင် ကြာမှပဲ"

"ဒါဆိုရင်တော့ မင်းဟာ အပတ်ခံလိုက်ရပြီနဲ့တူတယ်။ ဝမ်ရင် တကယ် မသေပါဘူး။ မင်းမြှုပ်ခဲ့တယ်ဆိုရင် မင်းကိုယ်တိုင် သွားပြီးကြည့်လိုက်ပါဦး။ မမက ခင်းကို ဘာလို့သာပြောရမှာလဲကွာ"

နဂါးစိမ်းသခင်မလေး၏စကားကြောင့် ထိရီ အနည်းငယ်ဖြုံ၍သွားလေ၏။

အမှန်တော့ နဂါးစိမ်းမယ်တော် (ဝါ) နဂါးစိမ်းသခင်မလေး၏စကားအရ ထိရီကိုယ်တိုင် ဂူဟန်တောင်ခြေသို့ ရောက်ခဲ့ပြီဖြစ်သည်။

အဘဝမ်ရင်၏အလောင်းကောင် ပျောက်ဆုံးသွားသည်မှာလည်း အမှန်ဖြစ်၏။

"သခင်မလေး…ခင်ဗျား ကျုပ်ကို ဘာဖြစ်လို့ အဘဝမ်ရင်ကိစ္စနဲ့ပတ်သက်ပြီး မပြောနေတာလဲ။ သေသွားတဲ့လူအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ပြောနေလို့ ဘာအကြောင်းထူးနိုင်မှာလဲဗျာ"

သံသယဝင်နေသော ထိရိုက သံသယကိုကွယ်၍ အောက်ပြောလိုက်၏။

"အကြောင်းသိပ်ထူးလို့ မမ ပြောနေတာပေါ့ ငါ့မောင်ရယ်။ မင်းတို့ထင်နေတဲ့ သေသွားတဲ့ဝမ်ရင်ဟာ အသက်ပြန်ရှင်ပြီး မမဆီကို ရောက်နေတယ်ဆိုရင် မင်း ဘာပြောမလဲ"

နဂါးစိမ်းသခင်မလေးက ပြောပြီး ထိရိုအခြေအနေကို အကဲခတ်သည်။

ထိရိုမှာ အတန်ကြာ စဉ်းစားလိုက်ပြီးနောက်...

"သခင်မလေး ညာတယ်။ သခင်မလေးပြောတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ထိရိုက အောက်ပြောလိုက်သည်။

"ဟား...ဟား...ဟား...မင်းကို ငါ လက်တွေ့ပြမှ မင်း ယုံနိုင်မယ်ဆိုရင် ပြရသေးတာပေါ့ကွာ"

နဂါးစိမ်းသခင်မလေးသည် လက်ခါးနှစ်ဖက်ကို ဝှေ့ယမ်းပြလိုက်ရာ အရိပ်သဏ္ဍာန်နှစ်ခုသည် လေတိုက်သလို ဝုန်းခနဲ ထိရိုနှင့် နဂါးစိမ်းသခင်မလေးတို့၏ကြား နှင်းပြင်ပေါ်သို့ ကျရောက်၍လာလေ၏။

×××



**ဝမ်ရင်တကယ်သေ,မသေသုံးသပ်ချက်နှင့်နောက်ဆုံးတိုက်ပွဲ**

"အဘဝမ်"

ထိရိုသည် အဘဝမ်ကို မြင်လိုက်ရသည်နှင့် အထိတ်တလန့်ဖြင့် လှမ်းခေါ်လိုက်လေ၏။

"မောင်လေး...မင်း သူ့ကိုခေါ်လို့ မရဘူး။ သူ့ကို မမ အကြောပိတ်ထားလို့ သူ စကားပြောနိုင်မှာ မဟုတ်ဘူး"

နဂါးစိမ်းသခင်မလေးက အောက်ပြောလိုက်သည်။

ဝမ်ရင်ကို ဝတ်စုံနက်ဝတ်ထားသော လူတစ်ယောက်က ချုပ်ကိုင်ထား၏။

"အဘဝမ်ကို ဘာဖြစ်လို့ သွေးကြောပိတ်ထားရတာလဲ"

ထိရိုက လှမ်းမေးလိုက်သည်။

လွီရင်ရင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်နေ၏။ ကြောက်စိတ်ကြောင့် ဝမ်ရင်ကိုယ်လုံး တဆတ်ဆတ်တုန်နေလေသည်။

"အစ်ကိုကြီးဝမ်ကို ဘာဖြစ်လို့ သွေးကြောပိတ်ပြီး ညှဉ်းဆဲထားရတာလဲ"

လွီရင်ရင်ကလည်း မကျေမနပ်ဖြင့် နဂါးစိမ်းသခင်မလေးကို ဒေါသဖြင့် အောက်ပြောလိုက်သေလည်။

ထူးဆန်းသည်မှာ အဘဝမ်ရင်မှာ စကားမပြောနိုင်သော်လည်း ကိုယ်လက်အင်္ဂါ လှုပ်ရှားနိုင်သော အခြေအနေရှိသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လက်ဟန်ခြေဟန်ဖြင့် လွှဲရင်ရင်ကို ညွှန်ပြနေသည်ကို ထိရီ သတိထား မြင်မိပေသည်။

သို့သော် သူ ဘာကိုဆိုလို၍ ဘာကိုပြောနေသည်ကိုမူ ထိရီ မသိနိုင်ပေ။

"ကဲ…မောင်လေး။ ဝမ်ရင်ကို မင်း မြင်ပြီမဟုတ်လား"

ထိရီ ရုတ်တရက် စကားမပြောနိုင်ဘဲ ငြိမ်နေသဖြင့် နဂါးစိမ်းသခင်မလေးက ဆက်ပြောသည်။

"အဲဒီတော့…ငါ့မောင် တစ်ခုစဉ်းစားဖို့က မင်းအနေနဲ့ ဘာလုပ်သင့်တယ်ဆိုတာ အရင်စဉ်းစားဖို့ ကောင်းတယ်။ အကောင်းဆုံးကတော့ မင်းတို့နဲ့မဆိုင်တဲ့ ဓားကို မယူဘဲ ပြန်သွားကြမယ်ဆိုရင် မမအနေနဲ့ ကောင်းကောင်းခွင့်ပြုလိုက်ပါမယ်"

ထိရီ စဉ်းစားနေသည်။

ခဏကြာမှ…

"အမှန်တော့ သခင်မလေးပြောသလိုပဲ ကျွန်တော်တို့ ပြန်ဖို့ သင့်ပါပြီ။ ကျွန်တော်တို့ပြန်ရင် အဘဝမ်ကို ခေါ်သွားမှ ဖြစ်မယ်။ အဲဒါတော့ မမအနေနဲ့ ခွင့်ပြုသင့်တယ်လို့ ကျွန်တော် ထင်တယ်။ ဓားဟာလည်း အဘဝမ်ဓားမို့လို့ အဘဝမ်ပဲ ပိုင်ဆိုင်သင့်ပါတယ် မမ။ အဘဝမ်ရဲ့ သွေးကြောကို ပြန်ဖွင့်ပေးပါ မမ"

"ဝမ်းနည်းပါတယ် ငါ့မောင်။ ဝမ်ရင်ရဲ့သွေးကြောကို



ဘယ်နည်းနဲ့မှ ပြန်ဖွင့်ပေးလို့ မရတော့ဘူး။ မမပိတ်ထားတဲ့ သွေးကြောဟာ အန္တိမသွေးကြောမို့ ဘယ်သိုင်းပညာရှင်မှ ဖွင့်ပေးလို့ ရမယ် မထင်ဘူး"

"ဒါဖြင့် ကျွန်တော် တစ်ခုပြောပါရစေ"

"ပြောပါ ငါ့မောင်။ ဘာပြောချင်လို့လဲ"

"ကျွန်တော် မပြန်တော့ဘူး မမ။ ဒီမှာပဲရမှပဲကျွန်တော် ပြန်နိုင်တော့မယ်"

"ဘာ…မင်း ဘာပြောတယ်"

ထိရီ ခေါင်းကို ယမ်းခါလိုက်ပြီး အားပါးတရ ရယ်မောလိုက်လေသတည်း။

×××

"ဟား…ဟား…ဟား"

ထိရီ၏ ကျယ်လောင်စူးရှသော ရယ်မောသံကြီးသည် ရိစမ်းတောင်တစ်တောင်လုံးကို ပဲ့တင်ညံ၍ သွားစေသည်။

"မင်း ဘာရယ်တာလဲ။ ဝမ်ရင်ကို သစ္စာဖောက်ပြီး သူ့ မိန်းမနဲ့ သူပိုင်ဆိုင်တဲ့ အဆိပ်တစ်ထောင်ဓားကြီးကို အချောင် လိုချင်လို့လား"

"မမ ခင်ဗျား သိပ်လျှင်လှပြီလို့ ထင်နေသလား။ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့ဝမ်ရှင်က ကျွန်တော်နဲ့ရင်းနှီးတဲ့ ဝမ်ရှင်အစစ်မှ မဟုတ်ဘဲ ဗျာ။ ဟား···ဟား···ဟား···"

ထိရီ၏စကားကြောင့် လှိုရှင်ရှင်ရော နဂါးစိမ်းသခင်မ လေးပါ တအံ့တသြဖြစ်၍သွားလေသည်။

"ဘာ···ဝမ်ရှင် မဟုတ်ဘူး။ ဟုတ်လား"

"ဟုတ်တယ်။ ခင်ဗျားယုံဘဲပြတဲ့လူက ဝမ်ရှင် မဟုတ် ဘူး။ ဝမ်ရှင်အတုကြီးဗျ။ ဝမ်ရှင်အတုကြီး။ ဟား···ဟား···ဟား"

ထိရီသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပေ၏။

"မင်း ဘာဖြစ်လို့ သူ့ကို ဝမ်ရှင်အတုလို့ ပြောနိုင်ရတာလဲ။ ဘယ်လိုအထောက်အထားမျိုးနဲ့ ဝမ်ရှင်အတုလို့ပြောနိုင်ရတာလဲ"

"ဒီကိစ္စဟာ အင်မတန်ပိရိတဲ့ကိစ္စမို့ အဘဝမ်ရဲ့ဇနီး လှို ရှင်ရှင်တောင် သိမှာမဟုတ်ပါဘူး။ မယုံရင် လှိုရှင်ရှင်ကို သခင်မ မေးကြည့်ပါ"

ထိရီ၏စကားကြောင့် လှိုရှင်ရှင်ပါ အူကြောင်ကြောင် ဖြစ်၍သွားလေသည်။

"အစ်ကို သူက အစ်ကိုကြီးဝမ် မဟုတ်ဘူးလား"

လှိုရှင်ရှင်က ဝမ်ရှင်အတုဟု စွပ်စွဲခံရသောပုဂ္ဂိုလ်ကို လက်ညှိုးထိုး၍ ထိရီကို မေးလိုက်သည်။

"ဟုတ်တယ် လှို။ သူဟာ အဘဝမ်မဟုတ်ဘူး"



"အစ်ကို ဘယ်လိုလုပ်ပြီး ပြောနိုင်တာလဲ"

ထိရီသည် ဟက်ခနဲပြုံးလိုက်ပြီး···

"အဘဝမ်အစစ်ဆိုရင် အဘဝမ်ရဲ့လည်ပင်းမှာ လက်သန်း လောက်ရှိတဲ့ အသွင်းအားတစ်ကြော ရှိနေမှာပေါ့ လှို။ အခု မြင် တွေ့နေရတဲ့ ဝမ်ရှင်က မိန်းမတစ်ယောက်လို အကြောမှမရှိတာ။ ဝမ်ရှင်အစစ်နဲ့အတုဟာ ဒီမှာတင် အများကြီးခြားနားသွားပြီ လှို"

ထိရီက ပြောပြောဆိုဆိုဖြင့် ဝမ်ရှင်အတု၏ အပိတ်ခံ ထားရသော သွေးကြောအား ချိန်ရွယ်၍ ရုတ်တရက် နှင်းခဲတစ်ခဲ ကို ကောက်ယူပြီး အတွင်းအားထည့်ကာ ပစ်လွှတ်လိုက်လေ၏။

"ဝုတ်···"

"ဒုတ်"

"အား"

ထိရီ ပစ်ခတ်လိုက်သော နှင်းခဲသည် အပိတ်ခံထားသော သွေးကြောကိုထိမှန်ပြီး ကိုလူသည်အကြောပြန်ပွင့်၍သွားလေသည်။

"ညီလေး···ညီလေး ငါ ဝမ်ရှင်မဟုတ်ဘူး။ ငါ ဝမ်ရှင် မဟုတ်ဘူး"

အကြော ပြန်ပွင့်သွားသောပုဂ္ဂိုလ်က အော်ပြောလိုက် သည်။ ပြီးနောက် ချက်ချင်းဆိုသလိုပင် မျက်နှာပြင်ပေါ်မှ ရုပ်တု သားရေပြားကို ခွာချလိုက်ရာ ဝမ်ရှင်ရုပ်နှင့် လုံးဝခြားနားသည့်ပြား၍

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သွားတော့၏။

"ဟာ…ခင်ဗျား…ခင်ဗျား ဖန်ရှင်မဟုတ်လား။ လင်းဆွဲညီနောင်သုံးကောင်ထဲက အဖွဲ့ဝင်တစ်ယောက် မဟုတ်လား"

"ဟုတ်ပါတယ်…ဟုတ်ပါတယ်။ ကျုပ်အဖွဲ့နှစ်ယောက်ကိုလည်း နဂါးစိမ်းသခင်မလေး သတ်လို့ သေသွားပါပြီ။ ဝမ်ရှင်အဆောင်းကိုဖော်ပြီး မီးရှို့ဖျက်ဆီးခဲ့တာ သူပဲ။ ကျွန်တော့်ကို ဒီခေါ်လာပြီး အယောင်ဆောင်ခိုင်းတာလည်း သူပဲ။ တကယ်တော့ နဂါးစိမ်းသခင်မလေးဟာ အင်မတန်ယုတ်မာတဲ့ မိန်းမတစ်ယောက်ပဲ။ သူ့ကို အား‥"

အလင်းတန်းတစ်ခုသည် ရုတ်တရက် ဖန်ရှင်၏ကိုယ်ပေါ်သို့ ကျရောက်သွားရာ ဖန်ရှင်သည် "အား" ဟု တစ်ချက်အော်ပြီး လဲကျသေဆုံးသွားလေ၏။

နဂါးစိမ်းသခင်မလေး၏ အဆိပ်တစ်ထောင်စားချက် မိသွားခြင်းပင် ဖြစ်လေသည်။

ထိရီသည် နဂါးစိမ်းသခင်မလေး၏လက်ထဲမှ အဆိပ်တစ်ထောင်စားကြီးကို မြင်တွေ့လိုက်ရသောအခါ ရုတ်တရက် နောက်သို့ ခုန်ဆုတ်သွားလေသည်။

×××



"ဟား…ဟား…ဟား…ဟား"

နဂါးစိမ်းသခင်မလေးသည် သဘောကျစွာ ရယ်မောလိုက်သည်။

"ဘယ့်နှယ်လဲ ငါ့မောင်။ အဆိပ်တစ်ထောင်စားကြီးကို မြင်သွားလို့ တော်တော်လန့်သွားပြီနဲ့ တူတယ်"

"ဟုပ် ဟုတ်"

နဂါးစိမ်းသခင်မလေးသည် စားနှစ်ချက်ကို ဝှေ့ယမ်းပြီး ရှေ့သို့ ခုန်တက်လာလေ၏။

"ဟဲ့…သတိထား"

ထိရီသည် လွှဲရင်ရင်ကို တွန်းဖယ်ပစ်လိုက်ပြီး…

နဂါးစိမ်းသခင်မလေးကို ရင်ဆိုင်လိုက်သည်။

ထိရီသည် စားကို လေထဲ ဝှေ့ယမ်းလိုက်ပြီး နဂါးစိမ်းသခင်မလေးကို ရင်ဆိုင်တိုက်ခိုက်လိုက်သည်။

"ဒန်း…"

"ဒလန်း…လန်"

စားချင်းခတ်သံကြောင့် မီးများ ပွင့်ထွက်သွားသည်။

လွှဲရင်ရင်မှာ စားချက်မထိအောင် ရှောင်တိမ်းနေရသည်။

တစ်ချက်တစ်ချက် နဂါးစိမ်းသခင်မလေး၏ စားချက်များက လွှဲရင်ရင်ထံ ရောက်သွားတတ်လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လွှီရင်ရင်၏ကိုယ်ပေါ်သို့ ဝဲကျလာသော ဓားချက်များကို ထိရီက ကာကွယ်ပေးသည်။

"ဒန်း"

ပြင်းထန်သော ဓားခတ်သံများကြောင့် နှစ်ယောက်စလုံး အနောက်သို့ ဆုတ်ခွာလွင့်သွားကြသည်။

အဆိပ်တစ်ထောင်ဓားမှာ အလွန်ကောင်းသော ဓားတစ်လက်ဖြစ်သောကြောင့် ထိရီမှာ အထူးသတိထား၍ ခုခံနေရသည်။

"ဒန်း..."

"ဒလွှမ်း"

နှစ်ယောက်သား ရင်ဆိုင်ပြေးခုတ်လိုက်ကြပြန်၏။

ဓားချက် ဓားခတ်သံများကြားမှ မီးပန်း၊ မီးပွင့်များ ကြောက်ခမန်းလိလိ ထွက်ပေါ်သွားလေ၏။

နဂါးစိမ်းမယ်တော်မှာ ဓားရေးကောင်းသော်လည်း အတွင်းအား ညံ့သူဖြစ်သည်။

ထိရီ၏ဓားချက်မှာ ပြင်းထန်သောကြောင့် တောင့်မခံနိုင်ဘဲ ဖင်ထိုင်လျက် ကျသွား၏။

ဟန်ချက်ပျက်သွားသည်နှင့် ထိရီသည် နဂါးစိမ်းသခင်မလေးကို ဖိ၍ တိုက်ခိုက်လေသည်။

"ဟိုင်း"



"ဒန်း"

ဓားချက်တစ်ချက်သည် နဂါးစိမ်းသခင်မလေး၏ဓားပေါ်သို့ ပြင်းထန်စွာ ကျရောက်သွားရာ သခင်မလေး၏ ဓားမှာ လက်မှ လွတ်ကျသွားလေ၏။

"သခင်မလေးကို ကျွန်တော်ခွင့်လွှတ်ချင်ပါတယ်။ ဒါပေမဲ့ သခင်မလေးရဲ့ ကိုယ်ခံအတွင်းအားတွေဟာ ခုလေးတင်ပဲ ပျက်စီးသွားပြီးဖြစ်တဲ့အတွက် မမကို ကျွန်တော် ဘယ်လိုမှ မကယ်တင်နိုင်တော့ဘူး။ အဲဒီအတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ မမရယ်"

"ဟုတ်တယ် မောင်လေး...မမရင်ထဲမှ အောင့်တက်လာပြီ"

နဂါးစိမ်းသခင်မလေးသည် ပြောပြောဆိုဆိုဖြင့် ဝေါ့ခနဲ အန်လိုက်ရာ သွေးများ မြင်မကောင်းအောင် ပါးစပ်တွင်းမှ ထွက်ကျလာ၏။

"ကျွန်တော် မမကို ကယ်ချင်တယ်။ ဒါပေမဲ့...ကျွန်တော် လက်လွန်သွားပြီ မမ။ ကျွန်တော့်အတွင်းအားကို မမ ခုခံ တောင့်ခံခဲ့လို့ မမရဲ့ကိုယ်တွင်းက အတွင်းအားတွေပျက်စီးသွားပြီ"

"ဝေါ့..."

နဂါးစိမ်းသခင်မလေး၏ ဒုတိယအကြိမ်အန်ချက်၌ ပါးစပ်နှင့် နှာခေါင်းအတွင်းမှ သွေးများ ယိုစိမ့်ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

"ဝေါ့..."

တတိယအကြိမ် အန်ပြီးတော့ နဂါးစိမ်းသခင်မလေး၏ ပါးစပ် နှာခေါင်းနှင့် နားနှစ်ဖက်တို့မှ သွေးများ ... ကာ ကိုယ်ပါ ဝုန်းခနဲ နှင်းပြင်ပေါ်သို့ ထိုးကျသွားလေ၏။

"အစ်ကို...အစ်ကို"

"သူ...သူ...သွေးတွေ...သွေးတွေ"

လှိုင်ရှင်ရှင် အထိတ်တလန့် အော်လိုက်သည်။

"ဟုတ်တယ်...လှိုင်။ အစ်ကို သူ့ကိုမကယ်နိုင်တော့ဘူး"

"မောင်...မောင်လေး။ မင်း...မင်း ငါ့ကို အနိုင်ရသွားပြီ။ တကယ်တော့ မင်းဟာ သိုင်းကျောင်းဘွဲ့ခံ သူ့ရဲကောင်း ထိန်မှန်း မမ သိပါတယ်ကွယ်။ ဒါ...ဒါပေမဲ့...ဘဝဆက်တိုင်း ဆက်တိုင်း မင်းနဲ့ ငါ ပြန်ဆုံချင်ပါသေးတယ် မောင်လေးရယ်"

နောက်ဆုံးစကားအဆုံး၌ နဂါးစိမ်းမယ်တော် (ဝါ) နဂါးစိမ်း သခင်မလေး၏ခန္ဓာကိုယ်သည် လုံးဝငြိမ်သက်၍သွားပေတော့၏။

အဆိပ်တစ်ထောင်ဓားကို ထိရိုကောက်ယူလိုက်ပြီး လှိုင်ရှင်ရှင်ကို လှမ်းပေးလိုက်သောအခါ နဂါးစိမ်း တောင်ထိပ်ပေါ်တွင် နေပွင့်များ လင်းလက်လာကြ၏။

နှင်းကြွေသံနှင့်အတူ လှိုင်ရှင်ရှင်၏ အပြုံးတစ်စကိုလည်း ထိရို မြင်တွေ့လိုက်ရပေသတည်း။

ပြီးပါပြီ

BURMESE CLASSIC .com
www.burmeseclassic.com